
www.myanmarcupid.net

ဦးဘိုးရွှေ (ခ) ဦးဇော်လင်း (ထီလာဇော်လင်း)
တမာမြိုင်စာစဉ်၊ (၀၈၈၁ မြဲ ) ၊ ၂၁ ၊ ချင်းချောင်းခြံ၊ ၃– လမ်း၊ ကြည့်မြင်တိုင် ၊ ရန်ကုန် ကထုတ်ဝေ၍
ဦးနီ(၀၁၄၄၁–မြဲ)၊ အောင်ချမ်းသာပုံနှိပ်တိုက်၊ ၆၃၊ ၉၃ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်က ရိုက်နှိပ်သည်။

တန်ဘိုး ၃ ကျပ်

သင့် စာပေဖြန့်ချီရေး
အမှတ် ၆၃၊ ၉၃လမ်း၊ ရန်ကုန်မြို့။
(ကန်တော်ကလေးစာတိုက်)

ပထမအကြိမ် ၁၉၄၁၊ (နဂါးနီစာအုပ်တိုက်)
ဒုတိယအကြိမ် ၁၉၄၇၊
တတိယအကြိမ် ၁၉၆၃၊
စတုတ္ထအကြိမ် ၁၉၇၃၊
ပဉ္စမအကြိမ် ၁၉၉၈၊ (အသိုင်းအဝိုင်းစာပေ)
ဆဋ္ဌမအကြိမ် ၂၀၀၂၊ (သီဟရတနာစာပေ)

အုပ်ရေ ၂၀၀၀

ပန်းချီ ဦးဘရင်ကလေး

ဘလောက် လွင်

မျက်နှာဖုံးရိုက် ချင်းတွင်း

စာအုပ်ချုပ် ညွှန့်ညွှန့် နှင့် မောင်များ

**abya** မှ မြန်မာကျူးပစ်ဖိုရမ်ပေါ်တွင် ရိုက်ကူးတင်ပြသည်။
**pdf** တည်းဖြတ်သူ **sideeffect**
**MMCP pdf Creator Group** မှတင်ဆက်သည်။
မြန်မာအီးဘွတ်အဖြစ်
ပထမအကြိမ်
ဇန်နဝါရီလ၊ ၂၀၀၉

**MMCP** မှ စာဖတ်သူသို့ . . . . .

ယခု စာဖတ်သူဖတ်မည့် 'မေ' စာအုပ်ကလေးကို 'ဦးအဗျား' မှ မြန်မာ့မျှားနတ်မောင်ဖိုရမ်းပေါ်တွင် ရိုက်တင်ပေးခဲ့ပါသည်။

'ဦးအဗျား' ရိုက်တင်ခဲ့သောစာအုပ်မှာ ၁၉၇၃ ခုနှစ်က ထုတ်ဝေခဲ့သော စတုတ္ထအကြိမ်ထုတ်စာအုပ်မှ ကူယူတင်ပြခဲ့ခြင်းပင်။ ထို့ကြောင့် ယခုပြုလုပ်သော ပီဒီအက်ဖမှာ စတုတ္ထအကြိမ်ထုတ်စာအုပ်ကို မှီးထားသော ပီဒီအက်ဖ ဖြစ်ပါသည်။

ကျွန်တော် ယခုလို ဘယ်နှစ်ကြိမ်မြောက် ထုတ်ဝေသော စာအုပ်မှဟု အကျယ်တဝင့်ဖော်ပြရခြင်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံ၏ ပြောင်းလဲနေသော ပေါ်လစီများအောက်တွင် ပြန်လည်ထုတ်ဝေခဲ့သော စာအုပ်များမှာလဲ အဆင့်ဆင့် တည်းဖြတ်ခြင်း ခံရတတ်သောကြောင့်ပင်။

ယခု ကျွန်တော်တို့ တင်ဆက်မည့် 'ဆရာဒဂုန်တာရာ' ၏ 'မေ' စာအုပ်မှာလဲ ယခုဆိုလျှင် ကျွန်တော်သိသမျှ ဆဋ္ဌမအကြိမ်အထိ ရှိခဲ့ပေပြီ။ ထိုသို့ အဆင့်ဆင့် ထုတ်ဝေခဲ့သော စာအုပ်များ ဘာကွာလဲ မကွာလဲ ကျွန်တော် မသိပါ။ ထို့ကြောင့် ကျွန်တော်တို့ ပြုလုပ်သော ပီဒီအက်ဖ သည် စတုတ္ထအကြိမ်ထုတ် စာအုပ်ကို မှီးထားခြင်း ဖြစ်ကြောင်း ပထမဦးစွာ စာဖတ်သူများအား သိစေလိုပါသည်။

နောက်တချက်မှာ ကျွန်တော်တို့ဆီတွင် ယခု 'မေ' စာအုပ်ကိုပင် ဆဋ္ဌမအကြိမ်မြောက် ထုတ်ဝေထားသော စာအုပ်လဲရှိနေခြင်းပင်။ ထိုစာအုပ်တွင် နဂါးနီစာအုပ်တိုက်မှ အမှာ နှင့် ဆရာ ဒဂုန်တာရာတို့၏ အမှာများကို သီဟရတနာ စာအုပ်တိုက်မှ ပြန်လည်ရှာဖွေပြီး တင်ပြထားပါသည်။ ယခု ကျွန်တော်တို့ ပြုလုပ်သည့် ပီဒီအက်ဖ တွင်လည်း ထိုအမှာများကို စာဖတ်သူများ ဖတ်ရှု့ရစိမ့်ခြင်းငှာ ပြန်လည်ဖော်ပြပါမည်။ ထို့အတူ အခန်းယူပုံ စာ အထားအသိုများကိုလဲ သီဟရတနာ စာအုပ်တိုက်မှ ထုတ်ဝေသော စာအုပ်ပုံစံကို မှီးထားပါသည်။

စတုတ္ထအကြိမ်ထုတ် စာအုပ်နှင့် ဆဋ္ဌမအကြိမ်ထုတ်စာအုပ် ဘာကွာသလဲဆိုလျှင်တော့ ပြောင်လဲခဲ့သော ခေတ်အလိုက် စာလုံးအသုံးအနှုန်းများ ကွာခြားခဲ့လေပြီ။ ထို့အတူ။ ဆဋ္ဌမအကြိမ်ထုတ် စာအုပ်စာမျက်နှာ ၅၅၊ ၇၈၊ ၈၁၊ ၉၃၊ ၁၀၉၊ ၁၁၂ တို့တွင် စာကြောင်းတိုတကြောင်းစီ ကျန်ရစ်ခဲ့သည်။ သို့ပါသော်လည်း မူရင်းစာအုပ်၏အရသာကိုမူ ထိခိုက်ခြင်းမရှိဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော်တို့ ယခုလို ပြောမနေဘဲ ပီဒီအက်ဖ အဖြစ် စာစီပြီး ထုတ်လိုက်လျှင်လဲ ဖြစ်ပါသည်။ သို့ပါသော် လည်း ကျွန်တော်တို့အနေဖြင့် ကိုယ်တင်ဆက်သော စာအုပ်သည် ဘယ်လိုမှဘယ်လို ဘယ်နည်းဘယ်ပုံ ဖြစ်လာ ရသည်ကို စာဖတ်သူအနေဖြင့် သိစေလိုပါသည်။

နောင်တချိန်မှ ပထမအကြိမ်ထုတ်လား ပြန်ထုတ်လား ဘယ်နှစ်ကြိမ်မြောက်လဲ ဘယ် စာအုပ်ကို ကိုးကားတာလဲ ဆိုတာမျိုး မဖြစ်စေလိုပါ။ သေချာတာ တခုကတော့ ယခု 'မေ' ပီဒီအက်ဖသည် ပထအကြိမ် ထုတ်ဝေသော ပီဒီအက်ဖ ဖြစ်ခြင်းပင် ဖြစ်ပါသည်။

**MMCP pdf Creator Group**
ကိုယ်စား
**sideeffect** (ဘေးထွက်)

Myanmar Cupid
Myanmar e-Books Library
Commercial use of this book will be at your OWN RISK

## ‘မေ’

စီစဉ်သူမှ စာဖတ်သူသို့ . . . . .

ကမ္ဘာ့စာပေမှာ နာမည်ဆိုးနှင့် ကျော်ကြားသည့် ဇာတ်လိုက်မ အင်နာကရင်နီနာ၊ မဒ်မိုဘာရီ စသည်တို့ကဲ့သို့ မြန်မာဝတ္ထုထဲက ဇာတ်လိုက်မ ‘မေ’ သည်လည်း နာမည်ဆိုးနှင့် ကျော်ကြား သည်ဟု ဆိုရမည်လား မသိပေ။ သို့သော် အင်နာကရင်နီနာကို ရေးသူ တော်လစတွိုင်းကား အင်နာကရင်နီနာဘက်က နေသည်။ ဆရာဒဂုန်တာရာလည်း မေဝတ္ထုကို ရေးရာ ဇာတ်လိုက်မ ‘မေ’ ဘက်က လိုက်သည်ဟု ဆိုရပေမည်။

ဘာ့ကြောင့် သူတို့ဘက်က လိုက်သလဲ။ စာရေးဆရာသည် ဤဇာတ်ကောင် အမျိုးသမီးတို့ အပေါ် လူသားတဦးအဖြစ် ဂရုဏာသက်ခြင်းကြောင့်ပင် ဖြစ်ပေလိမ့်မည်။ လူသည် ပတ်ဝန်း ကျင်၏ ပြုပြင်ဖန်တီးမှုကို ခံရသည့် သားကောင်ပင် မဟုတ်လား။ မှီးသောဝတ္ထုဟု ၈–၈–၁၉၄၁ နဂါးနီစာအုပ်တိုက် လီမိတက်မှ ထုတ်ဝေခဲ့သော ပထမမူအတိုင်း ထုတ်ဝေပါသည်။ ဆိုသော် လည်း မြန်မာ့လူ့အဖွဲ့အစည်းထဲက မြန်မာ့ဇာတ်ကောင် တဦးအဖြစ် အသက်သွင်းလိုက်ခြင်း ဖြစ်သည်။ ‘မေ’ သည် ထိုခေတ် ထိုအခါက လူ့အဖွဲ့အစည်း၊ လူ့ပတ်ဝန်းကျင် တခု၏ ရိုက်ပုတ်မှုဒဏ်ကို အကြီးအကျယ် ခံခဲ့ရသော စားကောင်တဦးသာဖြစ်သည်။ ထို့ကြောင့် စာရေးဆရာက ဂရုဏာသက်ကာ သူ့ဘက်က နေခဲ့သည် ဖြစ်မည်။

ဥရောပ အလယ်ခေတ်ကနေ အသိဉာဏ်ပွင့်လင်းသော ရီနေဆန်ခေတ်သို့ ရောက်လာသော အခါ ဥရောပသားတို့သည် ရှေးလက်တင်နှင့် ဂရိ စာပေများကို လိုက်လံရှာဖွေ စူစမ်း ဖတ်ရှု လာကြသည်ဟု ဆိုသည်။ မြန်မာစာပေ ပြန်လည်ဆန်းသစ်လာရန်လည်း ယခင်ကစာပေများကို ပြန်လည်ဖတ်ရှု လေ့လာဖို့ လိုအပ်ပါသည်။ ယနေ့လူငယ်များသည် ကိုယ့်အရင်က လူကြီးများက ဘာတွေပြောခဲ့ကြ၊ ဘာတွေလုပ်ခဲ့ကြ၊ ဘာတွေ ရေးထားခဲ့ကြသလဲ ဆိုသည်ကို ပြန်လည် လေ့လာ စူးစမ်းခဲ့ကြသည့်အခါ စာအုပ်ရှားပါးမှု အခက်အခဲတခုကို တွေ့ရသည်။ စာအုပ်စာတမ်း ရှားပါးမှုသည်လည်း အတိတ်နှင့် ပစ္စုပ္ပန်စာပေ ဆက်စပ်နိုင်မှုတွင် ကြီးမားသော အဟန့်အတား တခုဖြစ်ပါသည်။ ထို့ကြောင့် ထိုအဟန့်အတားကို တတ်နိုင်သည့်ဘက်က ဖြေရှင်းပေးလိုသည့် ဆန္ဒနှင့် ဤစာအုပ်ကို ထုတ်ဝေရခြင်း ဖြစ်ပါသည်။ တခြား စာအုပ်ကောင်းများကိုလည်း ဆက်လက်ထုတ်ဝေရန် စီစဉ် ကြိုးစားရပါဦးမည်။

ကျော်ကြားခဲ့သော သခင်ဗဟိန်း၏ အမှာစာနှင့်အတူ ဆရာဒဂုန်တာရာ၏ ‘မေ’ ဝတ္ထုကို ပြန်လည်ထုတ်ဝေလိုက်သည့်အတွက် ယနေ့ လူကြီးလူငယ်များ ပြန်လည်ဖတ်ရှု သုံးသပ်ဆင်ခြင် နိုင်ကြလျှင်၊ ‘မေ’ ကိုဖတ်၍ တစုံတရာ အကျိုးရှိသည်ဟု ယူဆလျှင်တော့ ထုတ်ဝေသူ အနေနှင့် အလွန် ပီတိဖြစ်ရပါမည်ဟု။

(၈.၈.၁၉၄၁ နဂါးနီစာအုပ်တိုက်၏ အမှာကို ပြန်လည်ဖော်ပြပါသည်။)

**သီဟရတနာစာပေ**

ဒဂုံ တာရာ၏'မေ'

ပထမနိုပ်ခြင်း

သခင်ဗဟိန်း၏ အမှာ

မေဝတ္ထုကို ဖတ်ရသည်မှာ ရှမ်ပိန်အရက်ကို သောက်ရသည်နှင့် တူလေသည်။ အဘယ့်ကြောင့်ဆိုသော် သူ့အရသာမှာ အခြား အစာအဟာရများလို ဒါချည်း . . . ဒါချည်း မဟုတ်ဖဲ ထူးထူးကဲကဲ ရှိန်းကနဲ ဖိန်းကနဲ ဖြစ်သွားသောကြောင့် ဖြစ်သည်။

သူ့ကို ရှာပေါ် တင်လိုက်ကတည်းက ဆန်းသစ်သော ဝေဒနာကို တွေ့ရသည်။ ခါတိုင်း စားနေကျ အရာများထက် ထူးသည်ကိုတော့ သိလိုက်သည်။ ဝမ်းထဲသို့ ချောချော မွေ့မွေ့ ဝင်မသွား၊ ပထမတော့ ပူတူတူ ရှိန်းတိန်းတိန်နှင့်ပင် မျိုချလိုက်ရသည်။ သူ့ကိုဖတ်နေစဉ်ပင် အသစ်အဆန်းကလေးများကို မတွေ့ဝံ့ဝံ့ တွေ့ဝံ့ဝံ့ ဖြစ်နေရသည်။ သို့ရာတွင် ဘာဘဲဖြစ်ဖြစ် သူ့ကိုတွေ့ရ၍ ခံစားရမည့် ဝေဒနာကို ရင်ဆိုင်ရမည်။ သူ့အယုအယကို ခံယူရာ၌ သူ့ကို ပို အရေလည်ဘို့လိုသည်။ သူ၏ ယုယမှု့မှာ အရေလည်ရေးပေါ်တွင် တည်လေသည်။ အရေလည် လာလေ ဖတ်၍ အင်မတန် အရသာရှိလေဖြစ်သည်။ သူ့စိတ်ကူးကို ဖေါ်ကျူးသော အရေး အသားမှာ အနုစိပ်သည်။ သူအနုစိပ်သလောက်ကို ကြည့်သူကမြင်မှ ဟန်ကျမည်။ သူ၏ ရောင်ခြည်များသည် ရှေ့ဝယ် လုပစ္စာ ထင်လာလေသည်။ ထိုရောင်ခြည်များသည် ပဋ္ဋလက် နည်းဖြင့် ပေါ်လာသော ရောင်ခြည်ဖြစ်၍ ထိုဟာသာ သူ၏ **Art** အနုပညာ ဖြစ်လေသည်။ ဒီဟာများသာ အရက်ကို မူးရသော အရသာ ဖြစ်လေသည်။

မေသည် မည်သူ့အအုပ်အထိန်းကိုမျှ မခံသော ကောလိပ်ကျောင်းသူကလေး ဖြစ်လေသည်။ သူ့သဘောအတိုင်း ဘာမဆို လုပ်နိုင်သည်။ မေသည် ကျောင်းက ထွက်လျှင်ထွက်ချင်း လူကုံထံ တွေနှင့် တွေ့ရသည်။ ပထမတော့ လူကုံထံကို နားမလည်။ လူကုံထံကို အကဲမခပ်တတ်။ နောက်ဆုံး မေသည် လူကုံထံကို နားလည်လေသည်။ နားလည်လျှင် လူကုံထံ၏ ဒဏ်ကြောင့်ပင် သူတို့ကို စွန့်ခွာ၍ သွားရလေသည်။ နောက် မေသည် သူ့ကိုယ်သူ လူကုံထံဖြစ်အောင် က လေသည်။ ဒီအခန်းအထိ ဝတ္ထုရေးဆရာက လူကုံထံတွေကို ပြောင်လှောင်လေသည်။ ဝတ္ထုရေး ဆရာသည် မေ့ဘက်ကနေ၍ လူကုံထုံကို သရော်သည်။ နှုတ်ခမ်းမဲ့သည်။ ကျန်အခန်းများတွင် ဝတ္ထုရေးဆရာသည် မေ့ဘက်ကလည်း မနေပေ၊ ဘယ်ဘက်ကမှ မနေပေ။ မေ့ဘဝကိုသာ ဝတ္ထုရေးဆရာသည် ပန်းချီဆရာလို ပုံတူရေးပြသည်။ မေ့ပုံကားကို ရေးရာ၌ တလုံးတပါဒါမျှ မကွန့်၊ ဆေးရောင်နှင့်လည်း မမှုန်းသေး။ မေ့ကို စက္ခုဖြင့်မြင်ရသည့် အတိုင်းသာ ရေးဆွဲလေ သည်။ တခုတော့ရှိသည်။ ပုံကားကိုဆွဲရာတွင် ဆေးသား အင်မတန်ညီသည်။ အချယ် အလှယ် လှပသည်။ လက်ရာ ယဉ်ကျေးသည်။ ပုံကားပြီးလျှင် ဝတ္ထုရေးဆရာသည် အသာ ထောင်ထား လိုက်လေသည်။ ဘယ်နေရာက အမှောင်၊ ဘယ်နေရာက အလင်း စသည်တို့ကိုမူ ဝတ္ထုရေး

ဆရာက မညွန်ပြ။ ကြည့်သူကသာ အလင်းနှင့်အမှောင်ကို ခွဲခြားရမည် ဖြစ်လေသည်။ခွဲခြား၍ စိတ်ကူးဉာဏ် ထုတ်ရခြင်းမှာ အရသာတမျိုး ဖြစ်လေသည်။

မေ ဝတ္ထုကို ရေးသားသော ကိုဌေးမြိုင် (ဒဂုန်တာရာ) မှာ ကျောင်းသား ဖြစ်လေသည်။ သူသည် တက္ကသိုလ် သမဂ္ဂအသင်းတွင် အမှုဆောင်တဦးဖြစ်၍ သူသည် မနှစ်က ဝါဒ ပြန့်ပွားရေးမှူး ဖြစ်လေသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအသင်းမှ ထုတ်ဝေသော မျိုးညွန့် မဂ္ဂဇင်းနှင့် တက္ကသိုလ်သမဂ္ဂမှ ထုတ်ဝေသော အိုးဝေမဂ္ဂဇင်းတို့တွင် အယ်ဒီတာဖြစ်ခဲ့လေသည်။ သူသည် သမဂ္ဂအစည်းအရုံး စင်မြင့်မှလာသော စာရေးဆရာ ဖြစ်လေသည်။ သူရေးသော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာများကို ဒဂုန်မဂ္ဂဇင်း၊ ဂန္ထလောက၊ ယူနီဗာစီတီ ကောလိပ်မဂ္ဂဇင်း များတွင် ဖတ်ရသည်။ သူသည် စာပေကို ရေးစက ကဗျာများကိုရေးသည်။ ယခုမူ သူသည် ဝတ္ထုရေးဆရာ ဖြစ်လေပြီ။ သူ့တွင် ကဗျာစိတ်ကူး ရှိလေသည်။ ထို့ကြောင့် သူရေးသားရာ၌ စာလုံးကလေးများမှာ ကဗျာဆံသည်။ အင်မတန် လှပသည်။ သူသည် ဝတ္ထုကို ရေးသားရာ၌ စာလုံးကလေးများကို ပန်းသီသလို သီသည်။ နောက်တခုမှာ သူသည် စကားလုံးထုဆရာ ဖြစ်သည်။ သူသည် စကားလုံး အသစ်ကလေးများကို ထုလုပ်သည်။ အသစ်အဆန်းများ ပေါင်းဖွဲ့၍ အရေးအသား ဖြစ်လာရသည်။ သူသည် သီကုံးရေးသားရာ၌ **Rhytmic** ညီညွတ်၍ ပြေပြစ်သည်။

သူသည် တော်လှန်ရေးသမားလည်း ဖြစ်လေသည်။ ရေးနေကျ၊ စိတ်ကူးနေကျများကို တော်လှန်၍ အသစ်ထွင်သည်။ လေပြေလေညှင်းဟုမသုံး။ လေနုအေးဟု ရေးသည်။ ကစားသည် ဟု မရေး။ နော့သည်ဟု ရေးသည်။ ဒီလိုသူသည် ဘယ်သူနှင့်မှ မတူ၊ ဘယ်ဟာနှင့်မှ မတူသော အရသာ ရှန်ပိန် အရက်ကိုသောက်၍ မူးနေသော အရသာဖြစ်လေသည်။ မေ၏ပုံကားသည် ရှေ့တွင် အခိုးအငွေ့များသဖွယ် လိပ်၍ လိပ်၍ သဏ္ဍာန် ဝတ္ထုတခု ဖြစ်ပေါ်နေလိမ့်မည်။ ထိုသဏ္ဍာန်သည် မေ ဝတ္ထုဖြစ်၍ အရက်လိုမူး၍လာရန်မှာ အမှာကိုကျော်၍ ရှေ့ဆက် ဝတ္ထုကို ဖတ်ဖို့ပင် ဖြစ်လေသည်။

၈.၈.၄၁

သခင်ဗဟိန်း

ရန်ကုန် တက္ကသိုလ်သမဂ္ဂနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ

ကျောင်းသားများ သမဂ္ဂအသင်း ဥက္ကဋ္ဌဟောင်း

စတုတ္ထပုံနှိပ်ခြင်းအတွက်
ဒဂုန်တာရာ၏ အမှာ

(၁)

ကျွန်တော် မေဝတ္ထုကိုရေးစဉ်က အသက် ၂၀ အရွယ် ကျောင်းသားဘဝကဖြစ်သည်။ စာစမ်း၍ ရေးခါစ။ တကယ်တော့လည်း မေ ဝတ္ထုသည် ဘာမှမဟုတ်။ ထိုအခါက ကျွန်တော်တို့သည် ကုံကော်ရိပ်၌ ငွေလရောင်ပြက်သော အင်းလျားကန်စပ်ထိုင်ကာ အလှရစ်ပြ ရီဝေနေသည့် အခါနေ၊ သမဂ္ဂ အစည်းအဝေးခန်းမ၌ ရောက်သည့်အခါရောက်။

ကိုအောင်ဆန်း၊ ကိုဗဟိန်း၊ ကိုဘဆွေတို့က ကျွန်တော့်ကို 'အတွေးသမား၊ အငေးသမား' ဟု ခေါ်ကြသည်။ ကျွန်တော်က ဘာမျှပြန်မပြော။ ပြုံး၍သာ နေခဲ့၏။ ကြေညာချက် ရေးစရာရှိလျှင်၊ မဂ္ဂဇင်း၊ စာစောင် စသော ပြန်ကြားရေး၊ လှုံ့ဆော်ရေး၊ ဝါဒဖြန့်ချိရေး လုပ်စရာများ ပေါ်လာလေလျှင် ကျွန်တော့်ထံ ရောက်လာကြ၏။

"လုပ်ပါအုံးဗျ၊ ရေးပေးပါအုံးဗျ" ဟု ဆိုတတ်ကြ၏။ ကျွန်တော်ကလည်း ကျွန်တော်ယုံတာ ဆိုလျှင် လုပ်ပေးလိုက်၏။ ရေးပေးလိုက်၏။ သို့သော် အခါခပ်သိမ်း သူတို့နှင့် ထပ်တူထပ်မျှ တူကြသည်မဟုတ်။ ခံစားမှုချင်း တူကြသည်မဟုတ်။ သို့သော် အရေးကြုံလျှင် ကျွန်တော်က နေ၍မရ။ အစည်းအဝေးခန်းသို့ ရောက်သွား၏။ နယ်ထွက်၍ တရားဟော လိုက်ရ၏။ ဖြန့်ချီရေး စာတွေ ရေးပေးရ၏။

ဂျပန်ခေတ်ရောက်သောအခါ ဘီအိုင်အေ စစ်ရုံးချုပ်မှာ လုပ်ပေးရ၏။ မြင်းခြံမြို့ပိုင်၊ နိုင်ငံခြားရေးအရာရှိ၊ ဗမာ့တပ်မတော် ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး စသည်ဖြင့် သူတို့က အစိုးရနေရာများ ပေးကြ၏။ သို့သော် ကျွန်တော်က လက်မခံခဲ့။ စာပေမိတ်ဆွေ သူငယ်ချင်းများအကြား ရောက်သွားသောအခါ တက္ကသိုလ်ကျောင်းသားသမဂ္ဂမှ လူများနှင့် တွဲနေသည့်အတွက် သူတို့က ကျွန်တော့်ကို "သမဂ္ဂ နိုင်ငံရေးသမား" ဟု နားလည်နေကြ၏။ ကျွန်တော့်ကျောင်းဆောင်အခန်း စာပွဲပေါ်ရှိ ပိုးအုပ်ဆောင်း ပန်းပွားနှင့် မီးအိမ်ဘေးတွင် နတ်ရှင်နောင်၊ ရှယ်လီ၏ ကဗျာများနှင့်အတူ မတ်ဝါဒ၊ လီနင်ဝါဒ စာအုပ်များလည်း တွေ့ရသဖြင့် သူတို့က "လက်ဝဲသမား" ဟု မှတ်ယူထားလိုက်ကြ၏။ ကျွန်တော်က ဘာမျှပြန်မပြော၊ ပြုံး၍သာ နေခဲ့ပေသည်။ ထိုအတွင်း ကျွန်တော်ကလည်း ကဗျာတွေ စကားပြေတွေ ရေးဖွဲ့လျက် ရှိနေ၏။

ထိုအခါက ကိုယ့်ကိုယ်ကို ဘာမှန်းမသိသေး။ စန္ဒယားခလုပ်ကို စမ်းကြည့်နေဆဲ။ ပန်းချီစုတ်တံကို တို့နေဆဲ။ ဝါသနာပါသော ဘာသာရပ်များ စုံနေသဖြင့် ဘယ်ဟာကိုမျှ မပိုင်ခဲ့။ မတောက်တခေါက်ချည့်သာ ဖြစ်နေဆဲ။

ယင်းသို့လျှင်ကျောင်းသားဘဝက မိမိသည် စာပေနှင့် နိုင်ငံရေး၊ အနုပညာနှင့် နိုင်ငံရေး၊ ဘယ်ဘက်သန်သည်ကို မစဉ်းစားမိဘဲရှိနေစဉ်၊ ကိုယ့်ကိုယ်ကို ဘာမှန်းမသိဘဲ ချစ်သူနှစ်ယောက် ကြား၌ ဗျာများနေစဉ် 'မေ' ဝတ္ထုကို ရေးထုတ်လိုက်ခြင်းဖြစ်သည်။

၁၉၄၁။

(၂)

စာပေက ကျွန်တော့်ကို တုံ့ပြန်လိုက်သည်။ စာပေအနုပညာက ကျွန်တော့်ကို ကြိုက်သွားပြီဟု ခံစားလိုက်မိသည်။ ထို့ကြောင့် သူ့ကို ကျွန်တော်က ကြင်နာရပေမည်။ "မေ" ဝတ္ထု ထုတ်မည်ရှိသောအခါ နိုင်ငံရေးမိတ်ဆွေများကလည်း အားပေးကြသည်။ ကိုဘဆွေ၊ နဂါးနီမှ ဆရာ ကိုထွန်းရွှေတို့က မေ ဝတ္ထု မြန်မြန်ထုတ်ဖြစ်အောင် ကူညီကြသည်။ သို့နှင့် မေ ဝတ္ထု သည် ၁၉၄၁ က နဂါးနီစာအုပ်တိုက်မှ အထူးထုတ်အဖြစ်ထွက်ပေါ် လာပေသည်။

မေ ဝတ္ထု ထွက်လာသောအခါ သူရိယမဂ္ဂဇင်း စာအုပ်အခန်း၌ ဝေဘန်ချက်ပါလာသည်။ သိပ်နှစ်သက်ပုံ မပေါ်။ ကျွန်တော်တို့ထက် ဆယ်စုနှစ်တခေတ်လောက် စောသော ဝတ္ထု ရေးဆရာကြီး တယောက်ကမူ "မေ ဝတ္ထုက ကျောင်းသား စာစီစာကုံး ရေးသလိုဘဲ" ဟု ဆိုလိုက်သည်။ သူကလည်း ကျွန်တော်၏ စကားပြေကို သိပ်နှစ်သက်ပုံမရ။ နုသေးသည်ဟု ထင်မြင်ခြင်းဖြစ်သည်။

ကျွန်တော်၏ စကားပြေမှာ ထိုခေတ်အခါက ဝတ္ထုရေးဆရာများ ရေးနေသော စကားပြေ ဟန်နှင့်ကား မတူ။ သူတို့အမြင်၌ ကျွန်တော်၏ စကားပြေသည် ရင့်ကျက်ခြင်းမရှိ၊ ခန့်ညားခြင်းမရှိ။ သို့သော် ကျွန်တော်နှင့် ကျောင်းနေဘက် သူငယ်ချင်းများ၊ နဂါးနီ စာဖတ် ပရိသတ်နှင့် အထူးသဖြင့် ကျွန်တော်နှင့် ဆယ်စုနှစ် သက်တမ်း တခေတ်လောက်ငယ်သော လူငယ်များက အားပေးကြသည်ဟု ခံစားမိသည်။

ထိုအခါက ကျွန်တော်သည် ကိုယ့်ကိုယ်ကို မယုံလှသေး။ ကျွန်တော်၏မြို့ရှိ ပါဠိ၊ ပေါရာဏ၊ ပျို့ကဗျာများ၌ ကျွမ်းကျင်သော လူပျိုတော် မြန်မာစာပြဆရာက "ဒီကောင်တော့ ပျက်ပါပြီ" ဟု ပြောကြောင်း ကြားရသည်။ ဆရာက ကျွန်တော်၏ ဒဂုန်မဂ္ဂဇင်း ရှေ့မျက်နှာစာ၌ ပါသော ရတုပုဒ်စုံများကိုသာ ချီးမွမ်းခဲ့ရာ ယခု မေ ဝတ္ထုမှာ သူ့အဖို့ နှစ်သက်စရာမဟုတ်။ မေ ဝတ္ထု ထွက်ပြီး မကြာခင်ပင် မြန်မာနိုင်ငံသို့ အာရှ စစ်မီးကြီး ကူးစက်လာတော့သည်။ လေကြောင်းအချက်ပြ ဥသြ၊ ဗုံးခိုကျင်း၊ အမှောင်ချထားသော ညများ၊ ဂျပန်ဗုံး၊ ဗမာ့ လွတ်လပ်ရေး တပ်မတော်၊ မီးကျည်အမြောက်သံ၊ စက်သေနတ်သံ၊ မတ်လတော်လှန်ရေး။ စစ်ကြီးပြီးသောအခါ ကျွန်တော်သည် ကြိုက်သူနှစ်ယောက်ကြား ဗျာများမနေတော့ဘဲ အတွင်း စိတ်က ရွေးချယ်ပေးလိုက်သောလမ်းကို ရွေးလိုက်ပါတော့သည်။

၁၉၄၆ ခု၌ တာရာမဂ္ဂဇင်းကို ညှိထွန်းလိုက်တော့သည်။

ကျွန်တော်သည် မေ ဝတ္တု ပရိသတ်ကို ယုံကြည်ခဲ့ပေပြီ။ ကျွန်တော်သည် သူ့ကို ကြင်နာရပေမည်။

ကျွန်တော်သည် မူလက ကဗျာသမားသာဖြစ်သည်။ မေ ဝတ္တု ရေးပြီးသောအခါ စကားပြေကိုလည်း ယုံကြည်စပြုလာတော့သည်။ မေ ဝတ္တု ရေးသားမှု အတွေ့အကြုံက ကျွန်တော့်ကို စကားပြေ အနုပညာသဘောတရား သင်ကြားပေးလိုက်ခြင်း ဖြစ်ပေသည်။ မေ ဝတ္တု ရေးခဲ့သည်မှာ အနှစ် သုံးဆယ်ကျော်ပေပြီ။ ဆယ်စုနှစ် နှစ်ခေတ် သုံးခေတ် ဖြတ်သန်းကျော်လွန်ခဲ့ပေပြီ။

ခေတ်ပေါ် မြန်မာစာပေသည် ကဗျာကဏ္ဍ၊ စကားပြေကဏ္ဍများ၌ ပြောင်းလဲလာခဲ့ပေပြီ။ စစ်နှင့် တော်လှန်ရေးများကို ဖြတ်သန်းလာခဲ့ပေပြီ။ ယနေ့ လူငယ်စာဖတ်ပရိသတ်သည် ဆယ်နှစ်ခေတ်များနှင့် အဆက်မပြတ် ရှိရပေမည်။ တခါတရံ ကျွန်တော်တို့က အရွယ်ရောက်စ လူငယ်များအား "ဒို့ငယ်ငယ်တုံးက ခေါက်ဆွဲတခွက် တမူးကွ" ဟုပြောလျှင် သူတို့သည် အံ့အားသင့်နေကြသည်။ ချည်လုံချည်တထည် ခြောက်မူးဆိုသောအခါ ယုံတမ်းစကားဟု အောက်မေ့နေကြသည်။

မေ ဝတ္တုကို စတင်ဖွင့်သည့် ဆရာဖြစ်သင်ကောလိပ်မှာ ဂျပန်ခေတ်က ဗုံးကြဲခံရ၍ ပြားပြားဝပ်သွားခဲ့၏။ မေ ဝတ္တု အဖွင့်၌ အမျိုးသမီးဆောင်အရှေ့မှ ပန်းပွင့်များကား ကြွရွ မွှေးမြ နေခဲ့ကြ၏။ မေ ဝတ္တု စရေးသောအခါ ယင်းပန်းပွင့်များကြောင့် ရင်ခုန်နေမိသည်ကို သတိရမိသေးသည်။ သို့သော် ယခုကား ဆရာဖြစ်သင်ကောလိပ်မှာ အသစ်ဆောက်ထားသော ပညာရေးတက္ကသိုလ် ဖြစ်နေသည်မှာ ယုံတမ်းစကားမဟုတ်။

ဆယ်စုနှစ်ခေတ်များသည် သည်လောက် ကွာဟနေ၍မဖြစ်။ တက္ကသိုလ် စာကြည့်တိုက် သွားကာ လွန်ခဲ့သော အနှစ် ၃၀–၄၀ က သတင်းစာဟောင်းများကို ပြန်လည်ဖတ်ရှုကြကာ ဆယ်နှစ်ခေတ်များ၏ အရိပ်များကို လေ့လာ သုံးသပ်နိုင်ကြပေမည်။

ယခုလည်း လွန်ခဲ့သော အနှစ် သုံးဆယ်ကျော်က ကံ့ကော်ရိပ်၌ လှုပ်ရှားဘူးသော 'မေ' ဆိုသော အမျိုးသမီးချောကလေးကို ဆယ်စုနှစ်ခေတ်များ ဖြတ်သန်းတိုးဝင်၍ ချောင်းကြည့်စေလိုပေသည်။

မေ ၏ရုပ်လွှာကို ဖွဲ့သော စကားပြေသည် သင်၏ရင်ကို ခုန်နိုင်ပါသေးသလား။

၂၁–၁၀–၇၃
ဒဂုန်တာရာ

ဦးအဗျားမှ ကူးယူဖော်ပြသည်။

## ဒဂုန်တာရာ၏ အမှာ

(က)

ထုတ်ဝေသူက မေ ပဥ္စမအကြိမ် ထုတ်ဝေခြင်းအတွက် အမှာစာရေးရန် ပြောလာသည်။ မေကို ၁၉၄၁ ခု၊ ဩဂုတ်လက နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေ ဖြန့်ချိခဲ့သည်။ ၅၆ နှစ်ကဖြစ်သည်။ ယင်း ၅၆ နှစ်အတွင်း (၄) ကြိမ် ရိုက်နှိပ်ခဲ့သည်။ စန္ဒာ မဂ္ဂဇင်း၊ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းများတွင် အပတ်စဉ် ထည့်ခဲ့သည်။

စာဖတ်ပရိတ်သတ်က မျိုးဆက်နှစ်ဆက်အတွင်း၊ ဖတ်ရှုကြသည်ဟု သတ်မှတ်နိုင်သည်။ မေ ဝတ္ထုကို ကျောင်းသားဘဝက ရေးခဲ့ခြင်းဖြစ်သည်။ စာဖတ်ပရိတ်သတ်များကို ကျွန်တော် ဖြတ်သန်းခဲ့ပြီးပြီ။ မေဝတ္ထုကို ဘာကြောင့် စာဖတ်ပရိတ်သတ်က ဖတ်ရှုသည်ကို သိရန် ခက်လှသည်။

စာရေးသူသည် စာဖတ်ပရိတ်သတ်အကြိုက်ကို သိရန် ခက်လှသည်ဟု ကျွန်တော် ယူဆသည်။ ကျွန်တော့်အတွက်သာ ပြောခြင်းဖြစ်သည်။ ကျွန်တော်သည် ဝတ္ထု၊ ကဗျာများကိုလည်း ရေးခဲ့ပြီးပြီ။ ကြိုက်သူလည်းရှိမည်။ မကြိုက်သူတို့က မဖတ်ဘဲ နေနိုင်သည်။ သို့သော် ဘာကြောင့် စာဖတ်ပရိသတ်က ကြိုက်ရသလဲ ဆိုသည်မှာ ကျွန်တော့်အတွက် ပုစ္ဆာဖြစ်သည်။ ကြိုက်သည်ဆိုလျှင် ကျေနပ်ရသည်။

(ခ)

ကျွန်တော် ကျောင်းသားဘဝ စာရေးဖွဲ့စဉ်ကတော့ စာဖတ်ပရိသတ် ဆိုသည်ကို သိပ်မသိ။ စဉ်းလည်း မစဉ်းစားမိ။ ကျွန်တော်က မဂ္ဂဇင်းများတွင်သာ ရေးခဲ့သည်။ ဒဂုန် မဂ္ဂဇင်း၊ ဂန္ထလောက မဂ္ဂဇင်း၊ တက္ကသိုလ်နှစ်ပတ်လည် မဂ္ဂဇင်း။ မဂ္ဂဇင်းဆိုသည်က ကျွန်တော် တစ်ယောက်တည်း ရေးဖွဲ့သည်မဟုတ်။ အများပါသည်။ သည်တော့ မဂ္ဂဇင်းဝယ်ယူ ဖတ်ရှုသူတို့သည် စာမျိုးစုံထဲမှ ကျွန်တော်၏ စာတစ်ပုဒ်ကို သိရှိလာသည်။ ကျွန်တော့် ပရိသတ်ဟု ပြောရန်ခက်သည်။

မေဝတ္ထုကတော့ လုံးချင်းဝတ္ထု။ ကျွန်တော့် စာဖတ်ပရိသတ်ကသာလျှင် ဖတ်ရှုပေလိမ့်မည်။ စာရေးဆရာတစ်ဦး၏ စာဖတ်ပရိသတ်အကဲကို စမ်းခြင်းလည်း ဖြစ်နိုင်သည်။ မေဝတ္ထုထွက်ပြီးနောက် (၄) လအကြာတွင် အရှုစစ်ကြီး ဖြစ်သွားသည်။ မေဝတ္ထု ကုန်သွားသည်ကိုတော့ နဂါးနီစာအုပ်တိုက်မှ သိရှိလိုက်ရသည်။

မင်းသုဝဏ်၊ ဦးသိန်းဖေမြင့်၊ ကိုတက်တိုး၊ ဒဂုန်ခင်ခင်လေး စသော မိတ်ဆွေ စာရေးဆရာများထံမှ ထင်မြင်ချက်များ တောင်းယူ၍ နဂါးနီဂျာနယ်တွင်ပင် ထင်မြင်ချက်များ ပါလာခဲ့

ဖူးသည်။ စာဖတ်ပရိသတ်၏ အသံကိုတော့ ကျွန်တော် ကောင်းစွာ မသိခဲ့ပေ။ သို့သော် စစ်ပြီးသောအခါ အချို့သော စာဖတ်ပရိတ်သတ်နှင့် တွေ့သည်။

စာဖတ်ပရိသတ်မှာလည်း ကျွန်တော်တို့ မျိုးဆက်ချင်း လူငယ်များ ဖြစ်သည်ကို တွေ့ရသည်။ ၁၉၄၇ ခုတွင် မေဝတ္ထု ဒုတိယအကြိမ် ထွက်လာသည်။ သည်တော့ နည်းနည်းပါးပါး စာဖတ်ပရိသတ်ထံမှ လက်လှမ်းမီသလောက် သိရသည်။ ၁၉၆၀ ခုက တတိယအကြိမ်၊ စတုတ္ထအကြိမ်ကတော့ ၁၉၇၀ ခုကျော်စ ဖြစ်မည်။ စန္ဒာမဂ္ဂဇင်းတွင်လည်း လစဉ်ပါဖူးသည်။ ယခု ပဥ္စမအကြိမ် ထုတ်ဝေရသည်။ စာဖတ်ပရိသတ်က မည်သို့ သဘောထားမည်လဲ။ ကျွန်တော် စိတ်ဝင်စားသည်။

မေဝတ္ထု ထွက်စကတော့ ကျွန်တော်၏စာဖတ်ပရိသတ်မှာ ပထမမျိုးဆက် ခေတ်လူငယ်များ ဖြစ်မည်ကိုတော့ မှန်းဆမိပြီးသား ဖြစ်သည်။

လွန်ခဲ့သော ၁၀ နှစ်ခန့်ကဖြစ်မည်။ ကျွန်တော်တို့နှင့် ကျောင်းနေဖက် စာပေမိတ်ဆွေ၏ ဇနီးက မေဝတ္ထုနှင့်ပတ်သတ်၍ စကားစပြောပြီး "ကိုဒွေးမြိုင်ရယ်၊ ခုခေတ်ရေးတာတွေ ကျွန်မတော့ ဖတ်မရဘူး။ ကိုဒွေးမြိုင်တို့ခေတ်က စာတွေပဲ ဖတ်ရတယ်" ဟု ပြောလိုက်သည်။ သူမကတော့ ကျွန်တော်တို့နှင့် မျိုးဆက်တစ်ဆက်တည်း။ နောက်ဆက်လက် ကြီးလာသောအခါ ဝတ္ထုများကို ဖတ်သည်။ မည်သည့်စာပေကို ဖတ်သည်ကိုတော့ မသိ။ ကျွန်တော်လည်း မစူးစမ်း။ သို့သော် သူမကြိုက်သည်မှာ အနည်းဆုံးကတော့ ကျွန်တော့် စကားပြေ အရေးအဖွဲ့ ဝတ္ထု ဖြစ်နိုင်သည်ဟု ရင်ထဲက တွေးကြည့်လိုက်သည်။ စစ်ပြီးသောအခါ ကျွန်တော်တို့နှင့် မျိုးဆက်ချင်း တစ်ဆက်တည်း မိတ်ဆွေများနှင့် သိပ်မတွေ့။ တစ်ခါတစ်ရံမျှသာ တွေ့ရသည်။

နောက်တွင် ဒုတိယမျိုးဆက်၊ တတိယမျိုးဆက်များနှင့် ကျွန်တော် အထိအတွေ့ များလာသည်။ တချို့ ကျွန်တော်၏ မေဝတ္ထုကို ဖတ်ဖူးပုံမရ။ သိပ်မပြော။ သူတို့က ကဗျာအကြောင်း အပြောများသည်။ နိုင်ငံရေးရာ သဘောတရားများ ပြောကြသည်။ ခေတ်ပြိုင်ခံစားမှု အကြောင်း ပြောကြသည်။ ကျွန်တော်သည် ပထမ မျိုးဆက်၊ ဒုတိယမျိုးဆက်၊ တတိယစာပေမျိုးဆက် ခေတ်များကို ဖြတ်သန်းခဲ့ရာ တစ်ခေတ်နှင့် တစ်ခေတ် စာပေဆန်းသစ်မှုသည် မတူကြ။

မတူတာက အရေးမကြီး။ မတူသည်မှာလည်း သဘာဝကျသည်ဟု ကျွန်တော်က ယူဆသည်။

တကယ်ကတော့ ကျွန်တော်သည် ဝတ္ထုများများ ရေးသူမဟုတ်။ ဝတ္ထုတိုများတော့ အတော်လေးရေးဖူးသည်။ လွန်ခဲ့သော ၄–၅ နှစ်ကတော့ ကျွန်တော့်ဝတ္ထု အတော်လေး ထွက်လာသည်။ အသစ်လည်းပါ၊ အဟောင်းလည်းပါ၊ ထုတ်ဝေသူတို့က ကျွန်တော်၏ ဝတ္ထုကို ထုတ်ဝေခြင်းကိုထောက်၍ ကျွန်တော့်တွင် ဝတ္ထုပရိသတ် ရှိသည်ဟု ခန့်မှန်းရသည်။

(၈)

ကျောင်းသားဘဝ စာရေးဖွဲ့စကတော့ မိမိကိုယ်ကို မိမိမသိ။ မိမိသည် ကဗျာသမားလား၊ ဝတ္ထုသမားလား၊ စကားပြေသမားလား ဆိုသည်ကိုပင် ကောင်းစွာမသိ။ ယခု စာရေးသက် ၆၀ ကျော်ပြီဆိုတော့ ကျွန်တော်၏ ရုပ်ပုံလွှာသည် ပီသ၍ လာရပေမည်။ ယခု မေဝတ္ထု ထုတ်ဝေသူ

ကို ကျေးဇူးတင်ရပေမည်။ သူသည် ကျွန်တော်၏ ဝတ္ထုပရိသတ်ကို ရည်မှန်း၍ ထုတ်ဝေရန် ဆုံးဖြတ်ခြင်း ဖြစ်မည်။

စာဖတ်ပရိသတ် ဆိုသည်ကလည်း သမိုင်းခေတ်နှင့်အတူပင် စီးဆင်းလျက် ရှိတတ်သည်။ ကျွန်တော် ကျောင်းသာဘဝက မေဝတ္ထု ပရိသတ်သည် ယနေ့ ကျွန်တော့် စာပေပရိသတ်အဖြစ် ဆက်လက်တည်ရှိနေသေးသလား မသိ။ ထို့နောက် ကျွန်တော်သည် ဒုတိယမျိုးဆက်ခေတ်သို့ ရောက်လာသည်။ ဒုတိယမျိုးဆက်ခေတ်တွင် စာဖတ်ပရိသတ် အသစ်တိုးလာမည်။ ယခု တတိယ မျိုးဆက်ခေတ် တွင်လည်း အသစ်များ တိုးလာမည်။ ယင်းသို့ စီးဆင်းလျက်ရှိသော အသစ်၊ အသစ် စာပေပရိသတ်များကို ကျွန်တော် ဖြတ်သန်းလျက် ရှိနေသည်ကား၊ အမှန်ပင်။

ဒုတိယနှင့် တတိယ မျိုးဆက်ခေတ်များတွင် ဝတ္ထုများကို ရေးဖြစ်သည်။ သို့သော် သိပ်မများ။ ဝတ္ထုတိုကတော့ များသည်။

၁၉၄၈ ခုက မြိုင်ဝတ္ထု။ ၁၉၅၃ ခု ကြာပန်းရေစင်။ ၁၉၇၃ ခုက ဒို့ခေတ်ကို ရောက်ရမည် မလွဲပါ။ ၁၉၈၇ ခုက သုနာပရန္တ။ ထို့နောက် ၁၉၈၇ ခုတွင် စိမ်းမြဇရာ။ ၁၉၉၄ ခုတွင် စန္ဒရားဆရာ စသော ဝတ္ထုလတ်များ ရေးလာခဲ့သည်။ ပရိသတ်ကတော့ တစ်ခေတ်နှင့် တစ်ခေတ် တူမည်မထင်။

၁၉၉၇ ခုတွင် လွန်ခဲ့သော အနှစ် ၅၆ ခုနှစ်က ရေးခဲ့သော မေဝတ္ထုကို ပြန်လည် ထုတ်ဝေ လိုက်သည်။ ယနေ့ ဝတ္ထုဖတ်ပရိသတ်က မည်သို့ တုံ့ပြန်မည်လဲ။ ဝတ္ထုဆိုသည်ကတော့ လူအကြောင်း ရေးဖွဲ့ထားသော ရသစာပေ ဖြစ်သည်။ လူအကြောင်းရေးသော ရသစာပေကို လူက ဖတ်ကြသည်။ ယင်းလူဆိုသည်ကလည်း သမိုင်းခေတ်များ ပြောင်းလဲစီးဆင်းလာသည့် အလျောက် တစ်ခေတ်နှင့်တစ်ခေတ် ခံစားမှုခြင်းကတော့ ယေဘုယျအားဖြင့်တော့ မတူကြ။ ခံစားမှုဆိုသည်က လူတို့၏ မွေးရာပါ ပိုင်ဆိုင်ထားသော အရည်အချင်းတစ်ခု။

အနုပညာ ခံစားမှုသည်လည်း မွေးရာပါ အရည်အချင်းတစ်ခု။ ယနေ့ မေဝတ္ထု၏ ခံစားမှု အဖွဲ့အနွဲ့ အနုပညာကို ယနေ့ စာပေပရိသတ်က မည်သို့ တုန့်ပြန်မည်လဲ။ ကျွန်တော်မသိ။ သို့သော် ဝတ္ထုထွက်လာသောအခါတွင်ကား သိရပေမည်။

ရသခံစားမှု၊ အနုပညာခံစားမှုသည် တသမတ်တည်း ရှိနေသည်မဟုတ်။ သမိုင်းခေတ်များ ပြောင်းလဲသည့်အလျောက် မျိုးဆက်များတွင်းလည်း ခံစားမှု ပြောင်းလည်းတတ်သလောဟု တွေး မိသည်။

အနုပညာဆိုသည်မှာလည်း အခြားမဟုတ်။ စာပေတွင် ဖြစ်စေ၊ ဂီတတွင် ဖြစ်စေ၊ သဘင် ပြဇာတ် ရုပ်ရှင်တွင်ဖြစ်စေ၊ ပြောင်းလဲတတ်သည် မဟုတ်ပါလား။ မျိုးဆက် တစ်ခေတ်က တင်တင်မြ၏ ခံစားမှုတေးသံကို နှစ်သက်စွဲလမ်းသော်လည်း ယနေ့လူငယ် ပေါက်စများသည် ဇော်ဝင်းထွဋ်၏ တေးသံကို နှစ်သက်စွဲလမ်းကြသည်။ သူတို့သည် တင်တင်မြခေတ်ကို မီချင်မှ မီမည်။ ကျွန်တော်ကတော့ မျိုးဆက်ခေတ်များကို ဖြတ်သန်းခဲ့သူဖြစ်၍ အားလုံးကို သတိထားမိ သည်။

အနုပညာဆိုသည်က မိမိ၏ ခံစားမှုကို ဖွင့်ဟဖော်ပြသော အနုပညာ ပုံသဏ္ဍာန်၊ ခံစားမှု ပုံသဏ္ဍာန်။ သည်တော့ ခံစားမှုဖော်ပြသည်ကို ပရိသတ်က ခံစားကြသည်။ တင်တင်မြကသူမ၏ ခံစားမှုကို ဖြေလျော့ချသည်။ ဇော်ဝင်းထွဋ်က ပေါက်ကွဲမှု့ဖြင့် ဖော်ပြသည်။

ယနေ့တွင် မင်းမင်းလတ်ခေတ်မှစ၍ ပေါက်ကွဲမှုတေးသံကို နှစ်သက် စွဲလမ်းကြသော ဆယ်ကျော်သက် လူငယ်များ အများအပြားကို တွေ့နိုင်သည်။ ထို့ကြောင့်ပင်လျှင် တိတ်ခွေများ သိန်းနှင့်ချီ၍ ပြန့်ပွားနေသည်ကို ထင်ရှားစွာ တွေ့နိုင်သည်။

"ဖြေလျော့ချ ခံစားမှုနှင့် ပေါက်ကွဲမှုဟန်"

ဒါကတော့ သဘာဝကျသည်ဟု ဆိုနိုင်သည်။ အနုပညာဆိုသည်ကလည်း ပြောင်းလဲသည့် သဘော။ ကျွန်တော်ကတော့ အားလုံးကို ခံစားရသည်။ ဖြေလျော့ချကိုလည်း ခံစား၊ ပေါက်ကွဲမှုကိုလည်း ခံစား။ ကျွန်တော်က ပန်းတိုင်းပွင့်စေသမား။

စာပေလည်း ထို့အတူပင်။ ထို့ကြောင့် ကျွန်တော်တို့သည် မိမိ၏ စာပေ ပရိသတ်ကို သိအောင် ကြိုးစားရသည်။ လွယ်တော့သိပ်မလွယ်။ ပရိသတ်က သူတို့၏ တုံ့ပြန်မှုကို ပြောပြ သည်မဟုတ်။ ဝေဖန်ရေးဆရာတို့ကသာ ဖော်ပြတတ်သည်။ လွန်ခဲ့သော ၅၆ နှစ်က ရေးဖွဲ့ ခဲ့သော ဝတ္ထုကို ယနေ့ စာဖတ်ပရိသတ်က မည်သို့ တုံ့ပြန်မည်လဲ။

**ဒဂုန်တာရာ**
၂၇-၇-၉၇
ကလော

ပဥ္စမအကြိမ်အမှာကို ပြန်လည်ဖော်ပြပါသည်။
သီဟရတနာစာပေ

(၁)

လေနုအေးသည်၊ တနွဲ့နွဲ့ နော့နေဆဲကို . . . ။

ဆရာဖြစ်သင် ကောလိပ်ကျောင်းဝင်းအတွင်းရှိ မြင့်မားလှသော မန်ကျည်းပင်၊ ပိတောက်ပင်၊ မရမ်းပင်များသည် လေအယဉ်တွင် တသွင်သွင် လှုပ်ရှားလျက် ရှိလေသည်။ အမြင့်ဝယ် သစ်ရွက်သစ်ကိုင်းများအကြား ကိုဖေ့၍ လေခတ်သဖြင့် တရှိရှိ မြည်နေလေသည်။ စောစောက နှင်းတွေ တမှုန်မှုန် ကျထားသဖြင့် ဂွမ်းဆိုင်များလို အဆုပ်လိုက်အခဲလိုက် အိနေသော နှင်းပွင့်များမှာ သစ်ကိုင်းအခက်အလက်ဝယ် တွဲလဲခိုကာ နောက်ဖက် အင်းလျားလမ်းဆီမှ ထိုးလာသော နေရောင်ခြည်ဦးဝယ် ငွေသွေးအလှကို ရွှေရေးပြနေကြလေသည်။ အမှန်မှာ နှင်းများသည် နွေဦးမယ်ကိုကြိုဆို၍ ဆောင်းကို နှုတ်ဆက်ကန်တော့သော နှင်းကြွင်းများ ဖြစ်ကြလေသည်။

ထုကြီးထယ်ကြီးနှင့် ခန့်ခန့်ရန့်ရန့်ရှိနေသော ကျောင်းအဆောက်အဦးများမှာ ကောင်းကင်အပြာကို နောက်ကျောခံလျက် ‘ဝင်ဒါမီယာ’ ဘက် စိမ်းစိမ်းညိုသော တောရိပ်တောင်ရိပ်မှ အထင်းသား အကွင်းသား ပေါ်နေလေသည်။ ပြည်လမ်းမကြီးပေါ်မှ လော်ရီများ၊ ကားများ၊ ဘတ်စ်များ စသော ရထားယာဉ်တို့ ဝေါကနဲ ဝေါကနဲ တရိပ်ရိပ် ဖြတ်သွားကြသော်လည်း ဆရာဖြစ်သင် ကောလိပ်ကျောင်းကြီးမှုကား နေမြဲ နေမြဲ တည်ရှိလျက် ပကတိ တည်ငြိမ်သော ဣန္ဒြေသမတ်ဝင်ကာ ရံဖန်ရံခါမျှသာ ပြောင်းလဲမှု၏ ပွဲတင်သံ ဝေ့လာလေသည်။

နှင်းနုနုဝယ် အားလုံးသော သစ်ပင်ဟူသမျှသည် ကြော့ကြော့ဝင်းနေသည်။ ပိုးသားလို တလွင့်လွင့် အိနေသည်။ မြဆေးချယ်ထားသလို စိမ်းစိမ်းစိုနေသည်။ သို့ရာတွင် ကြော့ရာ လွင့်ရာ စိမ်းရာ မဟုတ်သော နွေဦးပေါက်လာသဖြင့် နွေဦးပေါက် ရှေ့တော်ပြေး နတ်သမီးများ မှာလည်း ကျ၍နေကြလေသည်။ သစ်ရွက်ခြောက်များသည် လေရူး၏ စည်းဝါးချက်အတိုင်း အကိုင်း အလက် တို့မှ ဝေ့လည် ဝေ့လည်နှင့် ကြွေကျကာ မြေပေါ်တွင် နှစ်ပတ်သုံးပတ် လိမ့်၍ သွားကြလေသည်။ ကျောင်းအတွင်းရှိ လမ်းငယ်ပေါ်တွင် သစ်ရွက်ခြောက်များ၊ ပန်းပွင့်အခြောက်များ ပြန့်ကျဲလျက်ရှိလေသည်။ သစ်ရွက်ခြောက်များ အပင်မှ ထွက်ခွာလာကြသော အခြင်းအရာမှာ ကျောင်းသား ကျောင်းသူများအတွက် အတိတ်နိမိတ် ဖြစ်လေသည်။ အကြောင်းမှာ တနှစ်ကုန်ပြန်၍ နွေကျောင်းပိတ်ရက်အတွက် နေရပ်သို့ပြန်ရန် သိပ္ပံကျောင်းကြီးမှ

ထွက်ခွာကြသည့်အခါ ဖြစ်သောကြောင့်တည်း။ သစ်ပင်ကြီးငယ်များပေါ်မှ ကျေးငှက်အပေါင်းတို့မှာ တကိုင်းမှ တကိုင်းသို့ ကူးကာ နှုတ်ဆက် တေးလင်္ကာကို သီဆိုလျက်ရှိကြသည်။

အထူးသဖြင့် မိန်းကလေးကျောင်းဆောင် အရှေ့မျက်နှာစာရှိ ပန်းရုံတွင်းမှ ပန်းများသည် သူတို့၏ ရိုးညွှာတံကို အောက်သို့ ကိုင်းညွတ်ကာ ဝတ်ရည် အစအနကလေးများ စိုစုစေလျက် နေရပ်သို့ ပြန်သွားကြမည့် ကျောင်းသူများအား အောက်မေ့ကြဟန် ရှိလေသည်။ အချို့ပန်းများသည် သူတို့၏ ချပ်လွှာကို ကော့ရရော့ ဖြစ်စေလျက် ဝန်စည်စလည်များကို ကားနှင့်တင်ကာ တဦးပြီးတဦး ကျောင်းဆောင်မှ ထွက်ခွာသွားကြသော စာသင်သူများအား ငေးကြည့်နေသည့်အသွင်ကို ဆောင်နေကြလေသည်။ အချို့ အားငယ်သော ပန်းများသည် စာသင်သူများနှင့် ခွဲခွာရမည်ကို အောက်မေ့လွန်းလှသဖြင့် မကြည့်ရက် မမြင်ရက်ဘိအလား ပွင့်ချပ်ကားကားကြီးများနှင့်ကွယ်ကာ ပုန်း၍ မျက်စိလွှဲထားကြလေသည်။ မာနကြီးသော ပန်းပွင့်များမှာ သူတို့နှင့်အလှချင်းပြိုင်ကြသော ကျောင်းသူများ သွားကြတော့မည်ကို ကြိတ်၍ ဝမ်းသာကာ ဝတ်မှုန်လှလှကလေးများကို တော့ကစားကာ ပျော်၍ နေကြလေသည်။

အမှန်မှာ ပန်းပွင့်ကလေးများသည် ကျောင်းဆောင်အတွင်းရှိ ကျောင်းသူများ၏ အရိပ်ဖြစ်လေသည်။ ပန်ပွင့်ကလေးများ အလှရူပါရုံကို မက်သလို သူတို့လည်း အလှရူပါရုံကို မက်ကြသည်။ ပန်းပွင့်ကလေးများ အလှကြိုက်သလို သူတို့လည်း အလှကြိုက်ကြသည်။ ပန်းပွင့်ကလေးများ လှဂုဏ်ကိုးသလို သူတို့လည်း လှဂုဏ်ကိုးကြသည်။ ပန်းပွင့်ကလေးများ မာနကြီးသလို သူတို့လည်း မာနကြီးကြသည်။ ပန်းပွင့်ကလေးများ ချစ်ဖွယ်ကောင်းကြသလို သူတို့လည်း ချစ်ဖွယ်ကောင်းကြသည်။ ပန်းပွင့်ကလေးများ အယုအယခံချင်သလို သူတို့လည်း အယုအယခံချင်ကြသည်။ ပန်းပွင့်ကလေးများ အားငယ်၍ အလဟဿ စိတ်များသလို သူတို့လည်း အားငယ်၍ အလဟဿစိတ် များကြလေသည်။ ကျောင်းသူ ပန်း၊ ပန်း ကျောင်းသူ၊ ခြားနားခြင်းမှာ သက်ရှိနှင့် သက်မဲ့သာ ဖြစ်လေသည်။

ပန်းပွင့်ကလေး တပွင့်သည် မိန်းကလေးကျောင်းဆောင် အထက်ထပ် ဝင်ဒါမီယာဘက်သို့ မျက်နှာမူပြုနေသော အခန်းတခန်းတွင်းရှိ မှန်တင်ခုံရှေ့၌ ရပ်ကာ အလှပြင်လျက် ရှိလေသည်။ ထိုပန်းပွင့်ကလေးမှာ မခင်စီဟုခေါ်သော သက်ရှိ ပန်းပွင့်ကလေး ဖြစ်လေသည်။ ခါတိုင်းကဲ့သို့ အောက်ထပ် ဧည့်ခန်းဆောင်မှ စန္ဒယားသံလဲ မကြားရ။ ခါတိုင်းကဲ့သို့ ခါတ်စက်သီချင်းဖွင့်သံ ရေဒီယိုသံတို့မှာလည်း အပေါ်မှ သဲ့သဲ့မျှ ပျံ့လွင့်၍မလာ။ ခါတိုင်းကဲ့သို့ ကျောင်းသူတွေ ကစားနေကြသော ချောက်ချောက်ချက်ချက် အသံတွေကိုလဲ နားမစွင့်မိ။ သူ့နားထဲတွင် သူငယ်ချင်းတတွေ ပြန်လှန် နှုတ်ဆက်ကြသော အသံပလံတွေကိုသာ ကြားနေရလေသည်။ သူသည် အလှပြင်ပြီးလျှင် စာပွဲပေါ်ရှိ စာအုပ် တအုပ်နှစ်အုပ်ကို သိမ်းဆည်းကာ ထင်းရှူးသေတ္တာထဲသို့ ထည့်လေသည်။ နောက် အပြီးမသတ်တတ်သေးသော နှုတ်ခမ်းဆိုးဆေးနှင့် နှုတ်ခမ်းကို ချယ်လှယ်နေပြန်သည်။ သူ၏စိတ်သည် အတည်တကျမရှိ။ လုပ်သမျှတို့တွင်လည်း တခုပြီးတခု အစီအစဉ်နှင့်မလုပ်။ တဖန် သူသည် ပြတင်းပေါက်မှ ကျော်ကာ အပြင်သို့ ငေးနေပြန်သည်။ 'ဥသြ၊ ဥသြ' ဟု ဥသြသည် နွေဦးက နွေဦးကို ကြိုလေသည်။

အခန်း၀ ဓာခန်းဆီး လိမ်မော်ရောင်ကြားမှ မိန်းမပျိုတဦး၏ သဏ္ဌာန် ပေါ်လာလေသည်။

Commercial use of this book will be at your own RISK !

"ဝင်ခဲ့လေ"

မိန်းမပျိုတဦး ဝင်လာလေသည်။ မခင်စီသည် သူ့ဆီ ပြေးလာလေသည်။

"အော် မေပါလား။ နှုတ်ဆက်မလို့ လာတာလား"

မေသည် ခေါင်းကိုညိတ်လေသည်။ မေသည် မခင်စီကို မကြည့်။ ပြတင်းပေါက်ဖက်သို့သာ ငေးနေလေသည်။ အပြင်ဘက် ကောင်းကင်အပြာတွင် တိမ်တိုက်အဖြူများ လွင့်ပါးနေသည်ကို မေ မြင်ရလေသည်။

"ဟုတ်တယ်။ စီ ကို နှုတ်ဆက်မလို့ လာတာ"

မေ သည် ခုတင်ပေါ်တွင် ဝင်ထိုင်လိုက်လေသည်။ မခင်စီသည် သူ့ဘက်သို့လှည့်၍ "ဘယ်တော့သွားမလဲ" ဟုမေး၏။

"အို မေတော့ သိပ်ကြောက်တာဘဲ။ ခုလေးဘဲ သွားရမှာ"

မေသည်ကြမ်းပြင်ကိုကြည့်ကာ "ခုလေးဘဲနေရမှာ။ တော်တော်ကြာ မေ တယောက်ထဲ ရှိတော့မှာဘဲ" ဟု ဆက်ပြောလေသည်။

မခင်စီမှာ ဝမ်းနည်း၍သွားကာ "မေရယ် ဒီလိုမပြောပါနဲ့ကွယ်"။ ဘာမှအားငယ်စရာ မဟုတ်ပါဘူး။ မေ ဟာလဲ တယောက်ထဲ အဖေါ်မဲ့မှာ မဟုတ်ဖူး။ တော်တော်ကြာ မေ့ကို ခင်လာကြမှာပါ။ စီ မေ့သဘောကို သိပါတယ်။ မေ အခုသွားပြီး ဆရာမလုပ်ရမယ့်အိမ်က အိမ်သူအိမ်သားတွေ အကြောင်းကိုတော့ မေ ဘာမှ မသိဘူးပေါ့။ ဒါပေမဲ့သူတို့ဟာ စိတ်ကောင်း ရှိကြမှာပါဘဲ။ မေ ကလဲ ဖေါ်ဖေါ်ရွေရွေဆိုတော့ သူတို့နဲ့ခင်မင်ပြီး ပျော်နေမှာပါ။ စီသိပါတယ်"

မေ၏ မျက်လုံးများသည် အရောင်လက်၍လာ၏။ " မေ အဖေါ် အပေါင်းတွေနဲ့ ခင်မင်ပြီး ပျော်နေမယ်၊ ဟုတ်လား။ မေ့အပေါ်ကို တကယ်ကောင်းတာ စီဘဲရှိတယ်။ စီ တယောက်ဘဲ မေ့ကို တကယ်ကြင်နာတယ်"

"မဟုတ်သေးဘူး မေ။ မေဟာ ဘသူ့ကိုမှ မုန်းတတ်တာမဟုတ်ဘူး။ မေ က အင်မတန် ချစ်တတ် ခင်တတ်တာ။ မေက စီ့လိုမဟုတ်ဖူး"

"ဟုတ်ပါတယ်၊ မေ သိပါတယ်။ ဒါပေမဲ့ မေနဲ့စီနဲ့ဟာ မတူဘူး။ စီ့မှာဆိုရင် ကြင်နာတဲ့ အဖေတို့၊ ယုယတဲ့ အမေတို့၊ အလိုလိုက်တဲ့ အကိုတို့နဲ့ သိပ်နေရာကျတယ်။ မေ့မှာဆို ဘာမှ မရှိဘူး။ လောကမှာ မေ တယောက်ထဲရယ်။ နောက်ပြီး ပိုက်ဆံအတွက်ဆိုရင်ကော"

မေ သည် လက်နှစ်ဘက်ကို ပတ္တာဆက်သလို ဆက်နေ၏။

"အခုဆိုရင် လက်ထဲမှာ ငွေနှစ်ဆယ်ဘဲရှိတယ်။ ဒါနဲ့ဘဲ လောကကြီးမှာ နေရမှာ"

မခင်စီမှာ မျက်ရည်ကလေး လယ်နေရှာလေသည်။ မခင်စီနှင့် မေမှာ အတော်ချစ်ကြသည်။ သူတို့သည် အတော်ကြာ ငြိမ်သက်၍ နေကြ၏။

"မေ့လိပ်စာ ပေးပါအုံး။ မေ အခုသွားပြီး ဆရာမလုပ်ရမဲ့ အိမ်လိပ်စာ ပေးရမှာပေါ့နော်" ဟု မေ့ကိုမကြည့်ဘဲ မခင်စီက မေး၏။

"ဦးဖေမောင်၊ မြေပိုင်ရှင်နှင့် သမာဓိမြို့ဝန်၊ လိပ်ပြာကန်၊ ပဲခူးမြို့ ကတဆင့် မေ ဆိုရင် ရောက်မှာပေါ့"

မခင်စီသည် လိပ်စာကို ကူးယူရင်း "နားထောင်လို့ အကောင်းသား" ဟုပြော၏။

Commercial use of this book will be at your OWN RISK!

"အို မေတော့ ပျော်မှာမဟုတ်ပါဘူး။ အရှင်လတ်လတ် မြေမြှုပ်ခံရသလို နေမှာဘဲ" ဟုပြောပြီး မေ့မျက်လုံးများသည် တောက်ပြောင်၍ လာပြန်လေသည်။

"မေ ကလဲကွာ၊ ဒါချည်း ထပ်ထပ် ပြောနေတာဘဲ။ အဆောင်မှူး ဒေါ်သက်တင်ကို ပဲခူးမှာ ဆရာမလုပ်မဲ့အကြောင်း ပြောသေးလား" ဟု မခင်စီက အိပ်ရာလိပ်ကို လက်နှင့်ပုတ်ခါ ဖုံခါရင်း မေး၏။

"ပြောတယ်။ ဒေါ် သက်တင်နဲ့ ဦးဖေမောင်တင်ဇနီးနဲ့ သိကြတယ်တဲ့။ မေက တမျိုး စီရဲ့။ မိန်းမတွေကို အားကြီးမုန်းတယ်။ ရွံ့တယ်။ စီနဲ့မေနဲ့ မေတ္တာနှောင်ကြိုးတော့ ဘယ်တော့မှ မပြတ်ဖူး"

မေ၏ မျက်နှာပုံပန်းမှာ မကြည်လင်သောအသွင် ဆောင်နေ၏။ သူတို့သည် ခွဲရမှာ ဝမ်းနည်းနေကြ၏။

"စီကော မြို့ထဲဘယ်တော့ ပြောင်းမလဲ" ဟု မေ ကမေး၏။ မခင်စီမှာ ရန်ကုန်မြို့ထဲ ကန်တော်ကြီးအနီး ပတ်လမ်းတွင်နေ၏။ သို့ရာတွင် ကျောင်းဆောင်မှ ကျောင်းတက်၏။

"ညနေ အိမ်က ကားလာခေါ်မယ်"

သူတို့သည် စကားရပ်သွားကြပြန်သည်။ အတော်ကြာမှ ခွဲရန်တော်ပြီဟု အောက်မေ့သဖြင့် မေသည် မခင်စီ၏လက်ကို ဆုပ်ကာ "ကဲ မေ သွားတော့မယ်နော်၊ နှုတ်ဆက်တာဘဲ" ဟု မျက်ရည်စနှင့် ပြုံး၍ဆိုလေသည်။

မခင်စီ သည် မေ့အနားသို့ ကပ်လာကာ ခေါင်းကို အသာညိတ်လေသည်။ နောက် သူတို့သည် တယောက်ကို တယောက်ဖက်ကာ နမ်းကြလေသည်။

"စီ မေ့ကို ဘယ်တော့မှ မမေ့ဘူး" ဟူ၍သာ မခင်စီ က ပြန်ပြောနိုင်အားသည်။ စကားဆုံးလျှင် မေသည် သူ့အားပြန်မကြည့်ဘဲ တခါတည်း အခန်းထဲမှ ထွက်သွားလေသည်။ မခင်စီမှာ တံခါးပေါက်ကိုမှီရင်း ကော်ရစ်ဒါအချိုးတွင် ကွယ်သွားသော မေ့ကို ငေးကြည့်ကာ တချက်ရှိုက်လိုက်သည်။ သူ၏ရှိုက်သံမှာ မေတ္တာစောင်းကြိုး တီးခတ်မိသောအသံ ဖြစ်လေသည်။ မေမှာ တကောင်ကြွက် ဖြစ်လေသည်။ ငယ်စဉ်ကတည်းက သူ့အမေဆုံး၍ အဖေ့လက်ထဲတွင် ကြီးပြင်းလာရသည်။ သူ့အမေမှာ ကချေသည်ဖြစ်၍ အဖေမှာ စန္ဒယားဆရာ ဖြစ်လေသည်။ သူ့အဖေသည် ဂုဏ်သရေရှိ သားသမီးများကို စန္ဒယားအတီးသင်ပေးရသော အခငွေဖြင့် သမီးကို စောင့်ရှောက်လေသည်။

ထိုအခါက ဂုဏ်သရေရှိ သားသမီးများမှာ စန္ဒယားတီးတတ်မှ ဂုဏ်ရှိသည် ထင်မှတ်သော ကာလဖြစ်လေရာ ဝင်ငွေ အတော်ဟန်ကျသဖြင့် သမီးကို ရန်ကုန် ဒိုင်အို မိန်းကလေးကျောင်း တွင် ကျောင်းအိပ်ကျောင်းစား ထားနိုင်လေသည်။ သူ့အဖေ၏ သဘောမှာ သူ့သမီးကို အမေလို လည်း အက မကောင်းစေချင်။ သူလိုလည်း စန္ဒယားအတီး မတော်စေချင်။ လောကအလယ်တွင် တင့်တယ်စွာသာ နေစေချင်သည်။

သို့ရာတွင် မေမှာ စန္ဒယား ကောင်းကောင်း တီးတတ်လေသည်။ ၁၀– တန်း အောင်သော အခါ သူ့အဖေက ဆရာဖြစ်သင် ကောလိပ်ကျောင်းတွင် နေစေလေသည်။ ဆရာဖြစ် လက်မှတ်ရလျှင် ဆရာမလုပ်၍ သူ့ဘဝကို ခရီးသွားရန်ဖြစ်လေသည်။ သို့ရာတွင် သူ့အဖေမှာ

Commercial use of this book will be at your OWN RISK!

မေ ကောလိပ်ရောက်သည့် ပထမနှစ်ကပင် ဆုံးသွားလေရာ မေ မှာ လောကကြီးအလယ်တွင် တယောက်ထီးတည်း ကျန်ရစ်ခဲ့လေသည်။

သူ့အဖေထားခဲ့သော ငွေမှာ ဒုတိယနှစ် စာသင်ချိန်နှစ် အပြီးအထိသာ ခံလေသည်။ စာမေးပွဲတွေပြီး၍ ကျောင်းပိတ်သည့်အခါ မေ့လက်ထဲတွင် ငွေနှစ်ဆယ်ကျော်ကျော်သာ ကျန်ရစ်လေသည်။ ကံအားလျော်စွာ ပဲခူးမြို့ မြေပိုင်ရှင် ဦးဖေမောင်၏ သမီးနှစ်ယောက်ကို အင်္ဂလိပ်စာသင်ပေးရန်နှင့် စန္ဒယားသင်ပေးရန် ဆရာမအလုပ် ရလေရာ ယခု ကျောင်းပိတ်ပိတ်ချင်း ပဲခူးသို့ အလုပ်ဝင်ရမည်။

မေသည် သူ့အခန်းထဲ ရောက်လျှင်ရောက်ချင်း အိပ်ရာလိပ်၊ သေတ္တာစသည်ကို အပြီးအစီး တုပ်နှောင်နေလေသည်။ သားရေသေတ္တာကိုမူ မပိတ်သေးဘဲ စာပွဲပေါ်တချို့၊အံဆွဲပေါ်တချို့ ကျန်နေသော ပစ္စည်းကလေးများကို သိမ်းဆည်းနေ၏။ အံဆွဲထဲမှ ဖဲပွင့် အစိမ်းနုကလေး လည်ပင်းစည်း၍ သက္ကလပ်နှင့်လုပ်ထားသော ကြောင်နက်ရုပ်ကလေးကိုယူကာ သေတ္တာထဲသို့ ထည့်လေသည်။ သူသည် ကြောင်များကို အလွန်ချစ်၏။ ကြောင်များသည် သူ့ကို ဘယ်တော့မှမကုတ်ကြ။ သူ့ပေါင်ပေါ်တွင် လာထိုင်ကာ ချစ်ဖွယ် ဂီတသံ ငြိမ့်ငြိမ့်ကလေးနှင့် ချွဲနွဲ့နေတတ်ကြ၏။ နောက်ဆုံးတွင် မေ သည် သူ့ကိုပိုးနေသော ပန်းချီဆရာတဦး ပုံတူရေးဆွဲပေးသော ပုံကားကို စာပွဲမှယူကာ ကြည့်နေလေသည်။

ပန်းချီဆရာပျိုမှာ မေ့အား မြတ်နိုးသမျှ ချစ်သမျှအရာကို ပန်းချီဆေးပေါ်တွင် အနုပညာဖြင့် မှုံးသထားဟန် တူလေသည်။ မေ သည် ပုံကားကိုကြည့်၍ ပြီးကာ သေတ္တာထဲသို့ ထဲ့လိုက်လေသည်။ သိမ်းဆည်း၍ ပြီးလေပြီ။ အိပ်ရာလိပ်၊ စာအုပ်သေတ္တာ၊ သားရေသေတ္တာတို့ကို စီ၍ ထားပြီးလေပြီ။

မေသည် အဆောင်မှူး ဆရာမကြီး ဒေါ်သက်တင်ကို နှုတ်ဆက်ရန် အောက်ထပ်သို့ ဆင်းသွားလေသည်။ ဆရာမကြီးမှာ သူ့ရုံးခန်းတွင် စာရင်းတခုကို ကြည့်လျက်ရှိလေသည်။

"အော် မေ ပါကလား"

"ကျမ ဆရာမကြီးကို နှုတ်ဆက်ဖို့ လာပါတယ်" ဟု မေ က ဖြေ၏။

"အေး အေး တခါထဲ ပဲခူးသွားရမှာဘဲ မဟုတ်လား"

"ဟုတ်ကဲ့"

"အေး၊ ဂေဇက်ကိုတော့ ဟိုကဘဲ သတင်းစာထဲမှာ ကြည့်ပေါ့။ အောင်ပါလိမ့်မယ်ကွယ်။ အောင်ပါတယ်"

မေ သည်နောက်ထပ်ပြောရန် မရှိသဖြင့် အခန်းထဲမှ ထွက်သွားရန် ခြေလှမ်းလေသည်။

"ဟေး၊ ခဏ လာပါအုံးကွယ်" ဟု ဆရာမကြီးက ထပ်ခေါ်သဖြင့် မေသည် ပြန်လာရ ပြန်လေသည်။

"ဒီစာကို ဦးဖေမောင်ဇနီး ဒေါ်ငြိမ်းခင်ကို ပေးတာပေါ့။ မင်းအတွက် ထောက်ခံစာဘဲ။အေး အေး၊ နောင်ကို ကြီးပွားဘို့ ဆရာမကြီး ဆုတောင်းပါတယ်" ဟု ပြောကာ မေ့လက်ထဲသို့ စာအိတ်တခုကို ထည့်လေသည်။

Commercial use of this book will be at your OWN RISK!

ဆရာမကြီးသည် ပြောရန်ပြီး၍ မေ့ဘက်သို့ ကျောပေးနေစဉ် မေလည်း ထွက်လာခဲ့လေသည်။

မေသည် သူ့အခန်းထဲသို့ ရောက်လျှင်ရောက်ချင်း ပထမပြုလုပ်သောအရာမှာ ဆရာမကြီး၏ စာကို အသာ ခဲတံနှင့် နေရာမပျက်အောင် ဖွင့်ဖေါက်၍ ဖတ်ခြင်း ဖြစ်လေသည်။

ဆရာဖြစ်သင် ကောလိပ်ကျောင်း
ပြည်လမ်း – ရန်ကုန်။

ချစ်စွာသော မငြိမ်းခင် . . .

မေအား မငြိမ်းခင်တို့အိမ်အတွက် ဆရာမလုပ်ရန်ကို ကျမက မိတ်ဆက်ပေးသည့် ကိစ္စမှာ ကျမအပေါ်မှာ တာဝန်ရှိသလောက်တော့ ရှိသည်ကို ကျမသိပါသည်။ သို့ရာတွင် ကျမ ထောက်ခံချင်တာကတော့ မေ ဟာ မငြိမ်းခင်တို့ ဆန္ဒအတိုင်းသာ မဖြစ်ဘူးလို့ထင်ရင်အခုလို မေ့အတွက် စာရေးပေးမှာ မဟုတ်ဘူးဘဲ။

ကျောင်းဆောင်မှာ ကျမ အနေနဲ့ အခန့်မသင့်တာ တွေ့ရပေမဲ့၊ သူ့သဘော သကာယမှာ ကြီးလေးတဲ့ အပြစ်တော့ မမြင်မိဘူး။ နောက်ပြီး ကျမ ဝန်ခံရမှာက မေဟာ ဉာဏ်ပါးတဲ့ ကျောင်းသူတဦးဘဲ။ ပညာဘက်မှာ တော်ပါတယ်။ သူ အင်္ဂလိပ်စကားကို နားထောင်ကောင်းအောင် ပြောတတ်တယ်။ ဒိုင်အိုဆီစင် ကျောင်းထွက်ဆိုတော့ သွက်လက်တာပေါ့။ မေ ဆိုတဲ့ နာမည်ဟာလဲ ဗမာနာမည်မှမဟုတ်ဖဲ။ အင်္ဂလိပ်နာမည် **MAY** ဘဲ။ ပညာအရည်အချင်းနဲ့ ပတ်သက်လို့တော့ ဆိုစရာ တကွက်မရှိပါဘူး။

စန္ဒယား အလွန်အတီးကောင်းတယ်။ မြန်မာသီချင်းကြီး သီချင်းခန့်ကို ကျကျနန ကျွမ်းကျင်တယ်။ အထူးသဖြင့် ပတ်ပျိုးကိုနိုင်တယ်။ အင်္ဂလိပ်သီချင်းလဲ အသင့်အတင့် တတ်တယ်။ ဂီတဘက်မှာ အရွယ်နဲ့မလိုက်အောင် တော်ပါတယ်။

ပထမ သူ့ကို တွေ့ခါစတော့ ဘော်ကျော့ မိန်းခလေးလို့ ထင်မလား မပြောတတ်ဘူး။ ဒါပေမဲ့ အရေလည်လာတဲ့အခါမှာ ဒီလောက်မဆိုးဘူးဆိုတာ တွေ့ရပါလိမ့်မယ်။

မငြိမ်းခင်တို့ အိမ်သားအားလုံး သမီးနှစ်ယောက်ပါ ကျန်းကျန်းမာမာ ရှိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဆုလဲ တောင်းနေပါတယ်။

အော် တခု မေ့နေတယ်။ မေ ဟာ ကြောင်တွေကို အင်မတန် ချစ်တတ်တယ်။ ချစ်တာမှ လွန်လွန်ကဲကဲ ကို ချစ်တယ်။

ခင်သက်တင်။

Commercial use of this book will be at your OWN RISK

မေ သည် စာကိုအပြန်အလှန် ဖတ်ပြီးလျှင် လက်ပေါ်တွင် မေးတင်လျက် အတန်ကြာ ငေးနေလေသည်။ နောက် သူ သည် တချက်ရယ်ကာ စာကို အစုတ်စုတ် အမွှာမွှာ ဖြစ်အောင် ဆုပ်ဖြဲကာ အောက်သို့ လွှင့်ပစ်လိုက်၏။ စက္ကူအပိုင်းအစများသည် ဈာဉ်ယာဉ်သက်ကာ မြေပေါ်တွင် သစ်ရွက်ခြောက်များနှင့်အတူ ရောလျက်ရှိလေသည်။

× × × × × × ×

(၂)

ထိုညနေ၌ ဦးဖေမောင်သည် ပျံ့ပျူးသော လမ်းကလေးပေါ်တွင် အညောင်းပြေ လမ်းလျှောက်၍ နေလေသည်။

သူသည် ဘုရားလူကြီးတဦး ဖြစ်လေသည်။ အနောက်ဖက် သစ်ပင်ရိပ်အကြားမှ ဖြာ၍ လာသော နေရောင်ခြည်သည် သူ၏စိမ်းသော ကတုံးကို ပြောင်စေလေသည်။ နွေအခါဖြစ်လေရာ အပူရှိန်ငွေ့သည် နေစောင်းသည့်တိုင်အောင် ပျံ့လွင့်လျက်ရှိသဖြင့် အိုက်စေရာ သူသည် အိတ်ထဲမှ ပုဝါဖြူကိုထုတ်ကာ မျက်နှာမှ ချွေးများကို သုတ်၏။ လက်ကိုင်ပုဝါ နှိုက်ရာ၌ အိတ်ထဲတွင် ဆေးပြင်းလိပ်ကိုပါ စမ်းမိသဖြင့် ဆေးလိပ်သောက်ချင်သောစိတ်ပါ ပေါ်လာ၏။ သူသည် ဆေးလိပ်ကို မီးခြစ်နှင့်အတူ ထုတ်ဆဲ တူရူမှ သူ့ဆီသို့လာနေသော ဆိုင်ပိုင်ရှင် တရုပ်၏မိန်းမ မကျင်မယ်ကို မြင်ရလေသည်။ သူသည် မမြင်ဟန်ပြုကာ ဆေးလိပ်ကို အိတ်ထဲသို့ ပြန်ထည့်လျက် လမ်းဘေးရှိ စကားဝါပန်းရုံဘက်ကို စိတ်ဝင်စား၍ နေလေသည်။ စကားဝါပွင့်များကား ဖုံထူသော လမ်းဘေးဝယ် ရွှေအိုရောင် တောက်နေကြ၏။

မကျင်မယ်သည် သူ့အနားသို့ရောက်လျှင် "အော်၊ ဦးဖေမောင် လမ်းလျှောက်မှတ်တယ်" ဟု သူ့ကို နှုတ်ဆက်လေသည်။ သူသည် စကားဝါရုံမှခွာကာ သူမဘက်သို့လှည့်၍

"မကျင်မယ်ပါကလား" ပြန်၍ နှုတ်ဆက်လေသည်။ သူနှင့် လမ်းလျှောက်တိုင်း ဆုံတတ်သည်။

"ညနေက သိပ်လှတာဘဲ၊ တော်တော်လှတာဘဲ" သူသည် ပြောပြီးလျှင် စကားရပ်သွား၏။ နောက်ထပ်ဆက်ရန် စာလုံးရှာမတွေ့။

"ဟုတ်တယ်မဟုတ်လား မကျင်မယ်"

Commercial use of this book will be at your OWN RISK !

"ဟုတ်ကဲ့ရှင့်၊ လှပါတယ်။ မနက်ခင်းမှာလဲ ညနေလိုလှတာပါဘဲ" စကားပြတ်သွားကြ၏။ ဦးဖေမောင်သည် အိတ်ထဲမှ ဆေးလိပ်ကိုထုတ်ကာ မီးညှိလေသည်။ သူ့သဘောမှာ မကျင်မယ်ပြန်စေချင်၏ သို့ရာတွင် ရပ်မြဲ ရပ်နေလေသည်။

"မကျင်မယ်တို့ဆိုင်ကော အတော်ရောင်းကောင်းတယ် မှတ်တယ်" သူသည် တုတ်ကောက်ကိုဖွေ့ရင်း မေးလိုက်၏။

"ကောင်းလှတယ်လို့ မဟုတ်ပါဘူးရှင်။ ဘီယာကတော့ ရောင်းကောင်းပါရဲ့။ နေ့တိုင်းလိုတော့ တွင်ပါတယ်။ ဦးဖေမောင်တို့လို သူဌေးက အားပေးမှပေါ့ရှင်"

"ဟာ ကျုပ် မသောက်တတ်ပါကလား"

"ဟုတ်တယ်လေ။ ဘီယာတော့ ဘယ်သောက်မလဲ။ ဘရန်ဒီကြိုက်တယ် မဟုတ်လား" ဟု မကျင်မယ်က ပြုံးကာမေးလေသည်။ ဦးဖေမောင်သည် ဘရန်ဒီကို သူ့ယောက်ျား တရုပ်ထံမှ ဝယ်သည်ကို သူသိလေသည်။ ဦးဖေမောင်မှာလည်း မသောက်ဟု ငြင်းမည်မဟုတ်ပေ။

"ဘရန်ဒီဆိုလို့ဗျာ၊ အိမ်မှာတောင် အခုကုန်နေပြီ။ ဒါဇင်ဝက်လောက်တော့ လိုချင်တယ်" ဟု နောက်ဆုံး ဦးဖေမောင်က ဆို၏။

"ဟုတ်ကဲ့ရှင့်။ မနက်ဖန်တော့ အိမ်ကို အပို့လွှတ်လိုက်ပါ့မယ်" ဟု မကျင်မယ်က ကိုယ်ကို အနည်းငယ်ကြို့၍ ယဉ်ကျေးစွာ ပြောလေသည်။

"ဟုတ်တယ်ဗျ။ နေမကောင်းရင် ဘရန်ဒီက အင်မတန် နေရာကျတယ်။ တလောကလေးကလဲ မငြိမ်းခင် မမာလို့ ဒီဘရန်ဒီဘဲ တိုက်ရတာဘဲ။ တကယ်ဆိုတော့ ဘရန်ဒီဟာ အားဆေးတမျိုးဘဲ။ လူကိုအားပြည့်ပြီး ရွှင်လန်းစေတယ်။ အထူးသဖြင့် ငှက်ဖျား အင်မတန်ကောင်းတယ်။ ကျုပ်ကလဲ ငှက်ဖျားသမားဆိုတော့ ဘရန်ဒီနဲ့ တဲ့တာပေါ့"

"ဟုတ်တယ်၊ ငှက်ဖျားတော့ ကောင်းတယ်" ဟု မကျင်မယ်က ထောက်ခံ၏။

"ဒါပေမဲ့ဗျာ၊ အခုလို လှပသာယာတဲ့ ညနေခင်းများမှာ ဘယ် ဖျားချင်လို့ ဖျားပါ့မလဲ။ ပန်းတွေနဲ့ဆိုရင်"

သူသည် စကားဝါပွင့်များရှိရာသို့ လက်ကို ညွှန်ပြလေသည်။ စကားဝါပန်းများမှာ လန်းလန်းကြီး ပွင့်နေကြသည်။ သူပြောသည်ကို မကျင်မယ်လည်း သဘောတူသည်။

"မလှလားဗျာ၊ ပန်းတွေ"

မှန်ပါသည်။ ပန်းအလှတွေကို မြင်ပါသည်။

"မမွှေးလားဗျာ၊ ပန်းရနံ့တွေက"

မှန်ပါသည်။ ရနံ့မွှေးတွေ ကြိုင်နေပါသည်။

"ဒီတော့ မသာယာဘူးလားဗျာ"

မကျင်မယ်သည် စကားဝါပန်း၏ အလှအပတွေကို သူတတ်နိုင်သလောက် မြင်အောင်ကြည့်လေသည်။

"ဒီတော့ ဒီလို သာယာမှုတွေ ပေးနေတဲ့ အလှတန်ဆာဆင်နေဆဲ အရာတွေကို ကျေးဇူးတင်ရမှာပေါ့။ ဒီစကားဝါပန်းရုံ၊ ဟောဟိုဘက်က လယ်ကွင်းကြီး၊ ဟိုဘက်က တောရိပ်တောင်ရိပ်ကလေး"

Commercial use of this book will be at your OWN RISK !

သူ၏မျက်စိသည် လမ်းပေါ် ရောက်သွားလေသည်။

"နောက်ပြီး၊ ဟောဒီ ဖြူးနေတဲ့ လမ်းမကြီးကိုကောပေါ့။ လမ်းကိုလဲ ကျုပ်တို့ ကျေးဇူးတင်ရမှာပေါ့"

မကျင်မယ်သည် ဒီညအဖို့ လမ်းကို ကျေးဇူးတင်ပြီးလျှင် ဦးဖေမောင်ကိုနှုတ်ဆက်ပြီးလျှင် ဆက်လက် ထွက်သွားလေသည်။ သူတို့ကျေးဇူးတင်ကြသော လမ်းမှာ ပုံ့ပျူး၍ ချိုင့်ကွက် အဖုအထစ်မရှိ၊ ညီညာဖြူဖွေးသော လမ်းကလေးဖြစ်ပါသည်။

ဦးဖေမောင်အဖို့ကား ဆိုင်သွား၍ မမှာကြားရဘဲ ဘရန်ဒီပုလင်းများ နက်ဖန် ရောက်လာမည်ဖြစ်၍ ကျေနပ်ကာ သူ့အိမ်ဘက်သို့ ဆက်လက် လမ်းလျှောက်သွားလေသည်။ အလင်းရောင်မှာ အားနဲစပြုလေပြီ။ ငှက်တော် ပဇင်းတို့လည်း 'ကျီ ကျီ ကျီ' အော်ကာ အမှောင်လွှမ်းနေသော လယ်ကွင်းဘက်ဆီသို့ ပြန်သွားကြလေသည်။ လေမှာ အနည်းငယ်နွေးလျက် ပန်းပေါင်းစုံရနံ့ဖြင့် မွှေးလှိုင်နေလေသည်။ ခပ်လှမ်းလှမ်း လယ်ကွင်းဆီမှ ရိုးပြတ်တို့အနံ့မှာလည်း သင်း၏။

သူသည် အခုမှ သတိရကာ စောစောက အိတ်ထဲထည့်ထားသော ဆေးပြင်းလိပ်ကို ထုတ်ကာ မီးညှိ၍ ဖွာနေလေသည်။ သူသည် မီးခြစ်ပြီး၍ မီးခြစ်တံကို လွှင့်ပြစ်လိုက်စဉ် အဝေးမှ သူ့အိမ်ဆီသို့ လာနေသော ကားတစင်းကို သူမြင်လေသည်။

ကားမှာ အငှားမော်တော်ကားဖြစ်၍ အတွင်း၌ မိန်းမပျိုတယောက် ပါသွားလေသည်။ ဆရာမ အသစ်ကလေး မေပင် ဖြစ်ဟန်တူသည်။ သူသည် ကားကို စိတ်ဝင်စားစွာ ကြည့်လေသည်။ ကားကိုရပ်၍ မေကို နှုတ်ဆက်ရလျှင် နေရာကျမည်။ မေ့ကို ညနေခင်း အလှအပ အကြောင်း ညွှန်ပြလိုက်နိုင်မည်။ သို့မဟုတ် အိမ်ကျမှပင် အေးအေးဆေးဆေး တွေ့ရမည်လား။ သူသည် နောက်ဆုံးအကြံကို ပို၍ နှစ်သက်လေသည်။ သူသည် သူ့အပါးမှ ကားဖြတ်မောင်းသွားသည်ကို အလျှင်းဂရုမစိုက်ဖဲ ဆက်၍ လမ်းလျှောက်သွား၏။ သို့ရာတွင် ညနေခင်း ဝင်ဆဲနေရောင်ခြည်ထက်ပင် ဝင်းလက်ရွှန်းတင့်သော မေ၏ ဆံပင်များကို သတိထားမိလေသည်။

သူ အိမ်တွင်းသို့ ရောက်သည့်အခါ အတော်မှောင်နေပြီဖြစ်၍ မီးထွန်းထားပြီ ဖြစ်လေသည်။ ဆင်ဝင်ဝ ဧည့်ခန်းတွင် သူ့ဇနီး ဒေါ်ငြိမ်းခင်ကို တွေ့ရ၏။ ဇနီးသည်မှာ မျက်နှာထားတင်း၍ အစစအရာရာ ဩဇာပေးတတ်၏။ တွင်တွင်ကျယ်ကျယ် စီမံအုပ်ချုပ်တတ်၏။ လင်သည် ပျော့၍ ချိုသလောက် ဇနီးသည်မှာ မာ၍ တည်လေသည်။

ဦးဖေမောင်သည် အိပ်ရာလိပ်၊ သားရေသေတ္တာတို့ကို တွေ့၍ "ဟေး မငြိမ်း၊ ဒါ ဘယ်သူ့ပစ္စည်းတွေလဲ" ဟု အံ့အားသင့်သလိုမေး၏။

"မေ အခုဘဲရောက်တယ်" ဟု ဒေါ်ငြိမ်းခင်က အေးဆေးစွာ ဖြေ၏။

"မေ၊ မေ " သူသည် နာမည်ကို စဉ်းစားနေလေသည်။

"ဒီကခေါ် ထားတဲ့ ဆရာမကလေးလေ။ အခုဘဲ ရန်ကုန်က ရောက်လာတာ။ ကိုမောင်နဲ့ ရှေ့ဆင့်နောက်ဆင့်ဘဲ။ လမ်းမှာ သူ့ကားနဲ့ မတွေ့ဘူးလား"

"ဟုတ်လား၊ မသိပါဘူးကွယ်။ ညနေခင်းက သိပ်သာယာနေတော့ ဘယ်ဟာမှ သတိမရပါဘူး" ဟုပြောကာ သူ့နှာခေါင်းထဲတွင် စကားဝါ ပန်းရနံ့တွေ မွှေးလာသည်ဟု မှတ်ထင်လေသည်။

Commercial use of this book will be at your OWN RISK

“ဟုတ်တယ်။ ညနေခင်းက သိပ်သာယာတာ။ နှင်းတောင် လမ်းလျှောက်ထွက်မလို့ဟာ၊ နောက်တော့ ဆရာမလေးရောက်မှာ မသိမှာစိုးတာနဲ့”

“ဆရာမလေးက ဘယ်နဲ့လဲ”

“သဘောကောင်းပုံ ရပါတယ်။ ခလေးမက ရုပ်ရည် သနားကမား၊ မျက်လုံးပြာကလေးနဲ့ ချစ်စရာ”

“ကောင်းတယ်၊ကောင်းတယ်” ဟု ပြောပြီး ဦးဖေမောင်သည် သူ့အခန်းသို့ သွားလေသည်။

အပေါ်ထပ်တွင်ကား ရုပ်ရေ သနားကမား မျက်လုံးပြာကလေးနှင့် ချစ်စရာ ဆရာမသည် ပတ်ဝန်းကျင်ကို အကဲခတ်နေလေသည်။ သူ့အဖို့မှာ မြေပြောင်းလေပြောင်း ဖြစ်၍ ဆန်းသစ်နေ၏။ ဦးဖေမောင်တို့အိမ်မှာ ဝင်းနှင့်ခြံမြေနှင့် မြို့အစွန်တွင် ဆောက်ထားလေရာ ခပ်လှမ်းလှမ်း လယ်ကွင်းမှ ရိုးပြတ်များ၏ ရနံ့သင်းသင်းနှင့် နွေဦးပေါက် ပန်းများ၏ ရနံ့မွှေးများကို သူရှူရှိုက်မိလေသည်။ ဘူတာရုံမှ အိမ်သို့ အလာလမ်း ကားပေါ်တွင် သူလုပ်ရမည့် ဆရာမအလုပ်ကို စဉ်းစားကြည့်၏။ သူသည် ပိပိရိရိ အပြစ်ကင်းအောင် နေရမည်။ အကယ်၍ ဤဒေသ ဤအရပ်တွင် သူ့အား ချစ်မည့် ကြိုက်မည့် ယောကျ်ားတဦးဦးတွေ့လျှင် ချစ်မိကြိုက်မိမည်ဖြစ်သည်။ သို့ရာတွင် မေသည် လက်ထပ်ယူရန် ရည်ရွယ်ချက် မရှိပေ။ လင်ယူမည့်ကိစ္စကိုလည်း သူ တွေး၏။ သူ့အဖို့မှာ တိုင်ပင်စရာ အမေလည်းမရှိ။ အဖေလည်း မရှိ။ တကယ့်အရေးကျလျှင် သူ့ ဦးနှောက်နှင့်သာ တိုင်ပင်ရမည်၊ အဖော်ပြုရမည် ဖြစ်လေသည်။ သူ့ကိုယ်ကိုသာ သူ အားကိုးရမည်ဖြစ်၏။

ဒေါ်ငြိမ်းခင်အတွက်မှာလည်း “ငါ ဒီမိန်းမကိုတော့ ဘာမှ ကြောက်စရာမရှိဘူး” ဟု သူ့ကိုသူ ပြောမိလေသည်။ မေ့အဖို့မှာလည်း သူ့သမီးနှစ်ယောက် အကြိုက်လိုက်၍ မြှောက်ပင့်နေလိုက်လျှင် ဟန်ကျမည်ဖြစ်၏။ ဆယ့်လေးနှစ်နှင့် ဆယ့်ငါးနှစ် သမီးနှစ်ယောက်မှာ ဖြူဖြူ ကျစ်ကျစ်ကလေးများ ဖြစ်ကြ၏။ ပထမ မေ့ကို သူတို့ ရှက်နေကြလေသည်။ နောက် မေက သူတို့၏ ဗိုလ်ခွေးကလေးနှစ်ကောင်ကို ချစ်သည့်ဟန် ပြလိုက်သဖြင့် သဘောကျသွားကြလေသည်။ ဘော်ဘီနှင့် တော်မီသည် တွေ့စက မေ့ကို ဟောင်ကြ၏။ အမှန်မှာ မေသည် ခွေးများကို မချစ်ချေ။ မေသည် ကြောင်များကိုသာ ချစ်လေသည်။

မေသည် အခန်းနေအထားကို ကြည့်ကာ ပြုံးလေသည်။ နံရံများမှာ ဆေးဖြူသုတ်ထား၍ ပြတင်းပေါက်မှာ လယ်ကွင်းဘက်သို့ မျက်နှာပြု၏။ အခန်းဒေါင့်ရှိ သူ့အိပ်ဖို့ ကုတင်မှာ ကျွန်းသားဖြင့် ပြုလုပ်၏။ အဝတ်ထည့်သည့် ဘီဒိုတခုမှာ ခုတင်နှင့် မျက်နှာချင်းဆိုင်နံရံတွင် မှန်တင်ခုံနှင့်အတူ ကပ်ထား၏။ အခန်းမှာ အတော်ကလေးကျယ်၏။

ပြီးလျှင် မေသည် အောက်ထပ်သို့ ဆင်းလာလေသည်။ ဧည့်ခန်းသို့ ဝင်လိုက်လျှင် ပက်လက်ကုလားထိုင်တွင် ထိုင်နေသော ဦးဖေမောင်ကို တွေ့ရလေသည်။ သူ့ကိုမြင်၍ မေသည် တုံ့ သွား၏။

“လာပါ လာပါ၊ ကိစ္စမရှိပါဘူး” ဟု သူ့ကို ဖိတ်ခေါ် လေသည်။

မေသည် ကုလားထိုင်တခုပေါ်တွင် ဝင်ထိုင်လိုက်ရလေသည်။ မေသည် မျက်လွှာကို အောက်သို့ချလျက်နေ၏။

Commercial use of this book will be at your OWN RISK...

"မေ ဆိုတာ ထင်ပါရဲ့"

"မှန်ပါတယ်" မေ သည် သူ့ကိုမကြည့်ဘဲ ဖြေလေသည်။

"ဘယ်တုံးက ရောက်သလဲ"

"ခုန ကလေးတင်ပါဘဲ။ လမ်းမှာတောင် ဦးကိုတွေ့မိတယ် မှတ်ပါတယ်"

"အော် ဟုတ်လား။ မသိပါဘူးကွယ်။ သတိမထားမိလိုက်ဘူး"

မေသည် ဦးဖေမောင် အမှန်မပြောသည်ကို သိလေသည်။ ကားသူ့အနား ဖြတ်လာသော အခါ သူ့ကို သေသေချာချာ ကြည့်သည်ကို မေ ကောင်းစွာ သတိထားမိသည်။

"သမီးနှစ်ယောက်နဲ့ကော တွေ့ပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့၊ တွေ့ပြီးပါပြီရှင်"

မေသည် ယဉ်ကျေးစွာ ဖြေကြား၏။

"ကောင်းတယ်၊ ကောင်းတယ်။ တော်ကြာ သူတို့နဲ့ ခင်မင်သွားပြီး မေလဲ ပျော်လာမှာဘဲ။ နှစ်ယောက်စလုံးကို အစိုးရကျောင်းက ခြောက်တန်းနဲ့ နှုတ်ထားရတာကိုး။ ကောင်မလေးတွေက ချစ်တတ် ခင်တတ်ပါတယ်။ စာကိုလဲ အင်မတန် သင်ချင်ကြတာ။ တိရစ္ဆာန်ဆိုလဲ ချစ်တတ်ကြ ရဲ့။ ခွေးကလေးတွေ"

ဘော်ဘီနှင့်တော်မီကို မေ မြင်ပြီးဖြစ်လေသည်။

"နောက်ပြီး ကြောင်ကလေးတွေ"

ထိုအခိုက် ကြောင်နက်ကလေးတကောင် အခန်းထဲသို့ ဝင်လာလေသည်။ ဦးဖေမောင်မှာ သူပြောသည်မှာ မှန်ကန်ကြောင်း ထောက်ခံသည့်အလား ကြောင်နက်ကလေးကို လက်ညှိုးညွှန်ပြ လေသည်။

"လာ လာ၊ ပူစီ ပူစီ" ဟု သူသည် လက်ကိုလှုပ်၍ ခေါ်လေသည်။ သို့ရာတွင် ကြောင်ကလေးမှာ သူ့ဆီကိုမလာဘဲ မေရှိရာသို့ အမြီးကလေး တချက်ကော့ကာ သွားလေသည်။ မေသည် အသာတယာ ကြောင်ကလေးကို ပွေ့ယူလိုက်ဆဲ ဒေါ်ငြိမ်းခင်နှင့်အတူ သမီးနှစ်ယောက် အခန်းထဲ ဝင်လာကြလေသည်။ သူတို့၏ အမည်များမှာ အငယ်က ဝင်း၊ အကြီးက နှင်း ဟု မေ သိပြီးဖြစ်လေသည်။ မေသည် ကြောင်ကလေးကို ပွေ့ထားရာမှ ကြမ်းပြင်ပေါ်သို့ အသာ ချလိုက် လေသည်။

ဒေါ်ငြိမ်းခင်သည် မေ့အား 'အတော်ယဉ်ကျေးတဲ့ မိန်းကလေး' ဟု အောက်မေ့မိလေသည်။

"အော်၊ ကိုမောင်နဲ့မေ တွေ့ကြပြီကိုး"

မေသည် ဝန်ခံလေသည်။

"ကဲကဲ မေ လာ။ ထမင်းစားကြရအောင်။ နှင်းနဲ့ဝင်းက ဆရာမကို လက်တွဲပြီး ထမင်းစားခန်း ခေါ်ခဲ့ကြ"

မေ သည် နှင်းတို့ ဝင်းတို့ တဖက်တချက် ခြံရံလျက် ထမင်းစာခန်းထဲသို့ ရောက်လာလေ သည်။ မေက ဦးဖေမောင်နှင့် ဆက်ဆံရာ၌ လွယ်ကူမည်ဟု တွေးထင်လေသည်။ ထမင်းစားခန်းမှာ အတော်ကလေးကျယ်၍ သပ်သပ်ရပ်ရပ်ရှိ၏။ စာပွဲထိပ်၌ ဦးဖေမောင် ထိုင်

Commercial use of this book will be at your OWN RISK !

သည်။ “မေ ဘာမှ အားမနာနဲ့၊ ကိုယ့်အိမ်လို သဘောထားစား။ နောက်လဲ ဒီအိမ်သား ဖြစ်မှာပါဘဲ” ဟု ဒေါ် ငြိမ်းခင်က အားမနာရအောင် ပြောလေသည်။

“ဆိတ်သားဟင်းက နဲနဲ မငန်ဘူးလား” ဟု ဦးဖေမောင်ကဟင်းကိုနယ်ရင်း ပြော၏။

“ကျုပ်တော့ ပေါ့တောင် ပေါ့သေးတယ်ထင်တယ်” ဟု ဒေါ်ငြိမ်းခင်က သဘောမတူသော အချက်ကို ဖေါ်ပြလေသည်။

“မေ ကောဘယ့်နှယ့်လဲ” ဟု ဦးဖေမောင်က မေ့ဘက်သို့လှည့်၍ မေး၏။ မေကား မည်သူ့ဘက် လိုက်ပြောရမည်ကို မတွေးတတ်။ ဝင်း၏သဘောမှာ ငန်သည်ဟု သဘောရသည်။ နှင်းကမူ မေ၏ အဝတ်အစားကို ငေးကြည့်နေ၏။ မေမှာ သူပေးရမည့်အဖြေ အရေးကြီးကြောင်း သူသိ၏။

“မေ မသိဘူး။ မေတော့ စားလို့ရတာဘဲ။ နောက်ပြီး ကျောင်းမှာဆို ဆိတ်သား တယ်စားရ တာမဟုတ်ဖူး”

မေသည် မုသားသုံးလိုက်လေသည်။ ကျောင်းမှာ ဆိတ်သား မကြာခနပင် စားရသည်။ ဒေါ်ငြိမ်းခင်မှာ မေ၏အဖြေကို များစွာကျေနပ်လေသည်။ ဦးဖေမောင်မှာမူ ဟင်းသည် ငံသည်ကို အရေးမထား။ မေ၏ ငွေဆွဲလည်းသံလို ချိုနွဲ့သော အသံကိုသာ နားစွင့်နေ၏။ “ဝအောင်စား မေ ဝအောင်စား” ဟု ဒေါ်ငြိမ်းခင်က မေ မရှက်ရအောင် စကားပြောရလေသည်။ သူတို့သည် စကားပြောပြီးလျှင် အိမ်မှာဖျော်သော သံပုရာအဖျော်ရည်ကို သောက်ရင်း ဟိုအကြောင်း ဒီအကြောင်း စကားပြောကြလေသည်။ မေက သူတို့မေးသမျှကို ဖြေကြားလေသည်။

“မေ ဒီလာတော့ မေ့မိဘများ ဘယ်မှာနေရစ်ကြသလဲ”

“မေ့မှာ အဖေ အမေ မရှိပါဘူး။ မေ့မှာ ဆွေမျိုးလဲ မရှိပါဘူး”

သူတို့သည် မေ့ကို သနားသွားကြ၏။ ဦးဖေမောင်မှာ ငေး၍ နားထောင်နေ၏။ ဝင်းမှာ သူ့ဆရာမကို သနား၍ မျက်ရည်လယ်မလာအောင် စိတ်ကို ထိန်းနေ၏။ နောက် သူတို့သည် ဆရာဖြစ်သင် ကောလိပ်ကျောင်း အကြောင်းကို မေးသဖြင့် မေက စိတ်ရှည်လက်ရှည် ပြောပြ လေသည်။ မေ မျှော်လင့်သည်ထက်ပင် ဟန်ကျလေသည်။

“စာကို တနေ့ ဘယ်အချိန်လောက် သင်ကြမလဲ”

“တနေ့ ငါးနာရီလောက်ဆိုရင် တော်လောက်ပြီထင်တယ်” ဟု ဦးဖေမောင်က အကြံပေးလေ သည်။ အားလုံး သဘောတူကြ၏။

“အင်္ဂလိပ်စာ နှစ်နာရီ၊ ရာဇဝင် တနာရီ၊ ဂဏန်းသင်္ချာ တနာရီ၊ စန္ဒားယားအတီးသင်တာ တနာရီ” ဟု ဒေါ် ငြိမ်းခင်က အချိန်ကို တွက်ပြ၏။

“ဟုတ်တယ်၊ ဒါ ကောင်းတယ်” ဟု ဦးဖေမောင်က သဘောတူ၏။ နှင်း နှင့် ဝင်းမှာ လူကြီးများ ပြောသမျှကိုသာ နားထောင်နေကြ၏။

“အချိန်ရသလောက်တော့ မေ ကြိုးစားပြီး သင်ပေးပါ့မယ်” ဟု မေ ကဖြည့်စွက်လေသည်။

“စာသင်ချိန်ရော အားလပ်ချိန်ရော မျှတလုပ်ပေါ့။ စာချည်းသင်နေလို့လဲ အညောင်းမိနေကြ ပါ့မယ်။ ကိုယ်လက်လှုပ်ရှား ကစားဘို့လဲ အရေးကြီးပါတယ်။ နှင်း နဲ့ ဝင်း ကတော့ လမ်းလျှောက် အတော်ဝါသနာ ပါကြသားဘဲ”

Commercial use of this book will be at your OWN RISK.

"ဟုတ်ကဲ့။ ကိုယ်လက်လှုပ်ရှား ကစားတာ အင်မတန်အရေးကြီးတယ်။ မေတို့ ကျောင်းကတော့ ကစားတာကို အထူးဘဲလေ့လာရတယ်" ဟု မေ က ပြောပြလေသည်။ နှင်း နှင့် ဝင်းတို့မှာ ကျန်းမာရေးကစားနည်းများ မေ့ ထံမှတောင်းယူကြမည်ဟု ကြံနေကြ၏။ ဦးဖေမောင်မှာမူ မေ၏ တောင့်တင်းသော ကိုယ်လုံးကိုယ်ပေါက်ကိုသာ တွေးနေလေသည်။

"စန္ဒယားသင်ရင် ဘာက စသင်မလဲ။ သီချင်းကြီးလား ကာလပေါ်လား" ဟု ဝင်း က မရဲတရဲနှင့် မေ့ကို မေးလေသည်။

မေ က ပြုံးကာ" သီချင်းကြီးရော ကာလပေါ် ရောပေါ့" ဟုဖြေလေသည်။

"အရင် ကျမတို့ကို သင်ပေးတဲ့ ဆရာကတော့ ကာလပေါ်က အလကားဆိုပြီး သင်မပေးဘူး" ဟု နှင်းက ဝင်ပြောပြန်၏။

"ဟုတ်တယ်။ တချို့က အယူသီးကြတယ်။ အမှန်ကတော့ နားဝင်ချိုစေတဲ့ အသံဟာ ဂီတပေါ့"

"စန္ဒယားဆိုလို့ အိမ်ကစန္ဒယားကြီး တီးကြည့်ကြပါလား" ဟု ဒေါ်ငြိမ်းခင်က အကြံပေး၏။

သူတို့သည် စန္ဒယားထားရာ အလယ်ခန်းသို့ သွားကြလေသည်။ မေသည် စန္ဒယားကို စမ်းကာ သီချင်းတပုဒ် ကောက်တီးလေသည်။ နှင်းမှာ ကျက်သရေရှိစွာ လှုပ်ရှားသော လက်ချောင်းကလေးများကို ကြည့်ကာ အံ့သြနေလေသည်။ ဝင်းမှာ မဟာဂီတကို လှန်၍ သီချင်းကို တိုးတိုး ဆိုကြည့်၏။ ဦးဖေမောင်သည် ဆေးပြင်းလိပ်ကို ပါးစောင်တွင်ခဲကာ ပက်လက်ကုလားထိုင်မှ ဖိမ်နှင့် စန္ဒယားသံကို နားထောင်လေသည်။

ပြီးလျှင် မေသည် ခရီးပန်းသည်ဟု အကြောင်းပြကာ အိပ်ခန်းသို့ ဝင်သွားလေသည်။

"ဆရာမလေးက တော်သားဘဲ။ စန္ဒယားလဲ အတီးကောင်းတယ်၊ ပညာလဲ ကောင်းပုံရတယ်။ ဘယ့်နဲ့သဘောရလဲ ကိုမောင်"

"အေးကွယ်၊ ဒို့တော့ ဒီလိုဆရာမကလေးရတာ ကံကောင်းတာဘဲ" ဟု ဦးဖေမောင်က ပြောလေသည်။

မေ အစောကြီး အိပ်ရာဝင်သွားခြင်းမှာ အိပ်ခန်းထဲတွင် လွတ်လွတ်လပ်လပ် တွေးရ တောရအောင် ဖြစ်လေသည်။ မေသည် သူ့ကိုယ်သူ များစွာကျေနပ်၍ နေလေသည်။ ဦးဖေမောင်နှင့် ဇနီး ဒေါ်ငြိမ်းခင်ကလည်း သူ့ကို ယုံကြည်နေပြီ။ နှင်းနှင့် ဝင်းတို့ကလည်း သူ့ကို ချစ်ခင်နေပြီ။ အမှန်မှာ သူသည် နှင်းနှင့် ဝင်းတို့ကို တကယ် မချစ်ပေ။ မည်သို့ပင်ဖြစ်စေ သူသည် ရှေ့အဖို့ ဟန်ကျတော့မည်။ ပဲခူးမှာဘဲဖြစ်ဖြစ် လေဘက်ကြီးမှာဘဲဖြစ်ဖြစ်။

သူသည် ပြတင်းပေါက်အနီးတွင် ရပ်လျှက်ရှိ၏။ သူ့အိပ်ခန်းထဲသို့ ဝင်မိကတည်းက ဒေါ်ငြိမ်းခင်တို့ အိမ်သားတွေအကြောင်းကို မေ့ပစ်လိုက်ပြီဖြစ်၏။ သူတွေးနေသော အိပ်မက်များ၏ အလင်းရောင် အမှောင်တို့ကိုသာ သူမြင်၏။ သူသည် ဆရာဖြစ်သင် ကောလိပ်ကျောင်းတွင် နေရသည်များကို တွေးမိ၏။ အားလပ်သည်ဆိုလျှင် ဧည့်ခန်းဆောင်တွင် မခင်စီနှင့်အတူ စန္ဒယားတီးကြ၏။ တနင်္ဂနွေနေ့ဆိုလျှင် မြို့ထဲထွက်၍ ရုပ်ရှင်ကြည့်ကြ၏။ ညနေအေးတွင် အညောင်းပြေ လမ်းလျှောက်ရင်း အင်းလျားလမ်းအနီး (ဂရင်းဘင့်) ဘူးသီးကြော်ဆိုင်သို့ သွားကြ၏။ တဖန် သူ့အတိတ်သည် အဝေးသို့ လွင့်သွားပြန်၏။ သူသည် ဒိုင်အိုဆီစင်

Commercial use of this book will be at your OWN RISK.

မိန်းကလေးကျောင်းတွင် နေစဉ်က အပူအပင် အကြောင့်အကြမရှိ။ ကပွဲတွေ မိတ်ဆက်ပွဲ သဘင်တွေ တက်၏။ ထိုအခါက မေသည် အတော် အကကောင်း၏။ ကပြားတွေ သူနှင့် တွဲကကြ၏။ ယခုမူ လယ်ကွင်းတွေဘေး သာယာ အေးမြသော ပဲခူးတွင် ရောက်နေလေပြီ။ တောခလေ့ကို တွေ့ရလေပြီ။

ထိုနွေဦးပေါက်ညတွင် မေသည် ပျော်၏။ လွတ်လပ်၏။ ပြတင်းပေါက်မှ ညှင်းညှင်းညံ့ညံ့ ကလေး ဝင်လာသောလေကို ရှူရှိုက်၏။ သူ့ဟဒယတွင် ပီတိဟုန်ကြွနေ၏။ အောက်ပန်းခြံမှ ပန်းရနံ့များသည် လှိုင်နေလေသည်။ အဝေး ပဲခူး–ရန်ကုန် လမ်းမကြီးပေါ်မှ ဝေါကနဲ ဝေါကနဲ ဖြတ်သွားကြသော မော်တော် လော်ရီများ၏ အသံသည် တခါတရံ သဲ့သဲ့မျှ ထွက်ပေါ်လာ၏။ သူသည် ပြတင်းပေါက်မှ အခန်းဆီးကို အသာ လက်ဖြင့် ဖယ်လိုက်လေသည်။

မေသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ ပပဝင်းနေသော လမင်း ကိုနှုတ်ဆက်၏။ ကောင်းကင် တိမ်တိုက်တွေကြား၌ကား လနတ်သမီးသည် ငွေရောင်ခြည်၊ မြရောင်ခြည် တန်ဆာကို ဝတ်ဆင်ကာ က၍ နေလေသည်။ လနတ်သမီးသည် လက်ချောင်းများကို ကြာဖူး သဏ္ဌာန်ယှက်ကာ သက်လှယ်လမင်းကို ကန်တော့၏။ လနတ်သမီးမှာ မေပင်ဖြစ်နေလေသည်။ ပြိုးပြိုးပြက်ပြက်နှင့် လနတ်သမီးမှ ဖြာထွက်သော အရောင်များမှာ သူ၏ စိတ်တန်ခိုးများ ဖြစ်လေသည်။

ဤကဲ့သို့သော အလှအပသည် ပဉ္စလက်နည်းဖြင့် သူ့ကိုယ်တွင်းသို့ ဝင်လာမည်ဆိုလျှင် သူကိုယ်တိုင် သည်အလှအပကို ကမ္ဘာကြီးအား ဖြန့်ဝေရာ လက်နက် ဖြစ်နေမည်လောဟု မေသည် မှုန်မှိုင်းစွာ တွေးထင်လျက် ရှိလေသည်။ သူ့အသံကို လူအများ နားထောင်လိုက်ရ၍ သူ့စိတ်တို့သည် တပ်မက်ခြင်း စည်းဝါးချက်အတိုင်း ကျူးသီသောတေးများ တီးခတ်ရာ စောင်းတူရိယာပင် ဖြစ်နေတော့မည်။ အလှအပကို သူကောင်းကောင်းမြင်၍ အလှအပ သူ့တွင် ရှိရမည်။ အဘယ့်ကြောင့်ဆိုသော် လူတို့သည် အလှအပ၏ ဆွဲဆောင်ရာသို့သာ လိုက်ကြသော ကြောင့် ဖြစ်လေသည်။

သို့ရာတွင် သူသည် ပန်းချီဆရာလို ချစ်ဖွယ် နှစ်သက်ဖွယ်သော အာရုံတွင် မည်မျှ ထက်သန်လျက်ရှိသော်လည်း တဒင်္ဂမျှပင် စိတ်သည် ပျက်ပျယ် ရော့ရဲသွားခြင်းမရှိ။ ပုလဲရောင် နှင့် ငွေရောင် တွဲစပ်ထားသော နောက်ခံကားတွင် သူသည် အကောင်းချည်း၊ အလှချည်း မြင်နေ လေသည်။ တကယ်ဆိုလျှင် သူ့ဘဝမှာ မေတ္တာနှင့် အောင်မြင်မှုတို့ဖြင့် ပြည့်စုံတော့မည်ဟု တွေး၍ သူ့နှုတ်ခမ်းပေါ်တွင် အပြုံးလေး ပေါ်လာလေသည်။ လှပကြည်ဝင်းသော လရောင်နှင့် အရိပ်များသာဖြစ်၍ ဘယ်တော့မှ နေ့ခင်း၏ တောက်ပခြင်း မဖြစ်နိုင်ပေ။

× × × × × × ×

Commercial use of this book will be at your own risk !

(၃)

ပဲခူးမြို့။
မတ်လ ၂၉ ရက်။ ၁၉ . . . ခု

အချစ်ဆုံး စီရေ။

ဒီကနေ့မနက် စိမ်းစိမ်းဝါနေတဲ့ လယ်တောဘက်ဆီက နေကလေး ထွက်ပြူစ သိပ်သာယာနေတုံးပေါ့။ မေ့တပည့်မနှစ်ယောက် အပြင် လမ်းရောက်ထွက်နေတုံး သူတို့လဲ တော်တော်ကြာမှာမို့ အားတဲ့အချိန်ကလေးမှာ စီ့ဆီကို စာရေးလိုက်ရတာဘဲ။ မနက်စာ ထမင်းစားပြီးတယ်ဆိုရင် စာသင်ရမှာနဲ့ အားတော့မှာ မဟုတ်ဘူး။ စီ့အခန်းလာပြီး မေ နှုတ်ဆက်လာတုံးက ကြာကြာမနေဘဲ တခါထဲ ထွက်သွားတာ သိလား။ စီက သိပ်ဝမ်းနည်းတတ်တာ။ စီ ငိုမှာကိုသိလို့ မေ ခပ်မြန်မြန် ထွက်သွားလိုက်ရတာ။ စီငိုတာမြင်ရင် မေလဲငိုပြီး သိပ်စိတ်မကောင်း ဖြစ်မိမှာ။

မေ အခု ပဲခူးမှာ အသားကျနေပြီ ဆိုပါတော့။ မေ အစက ကြောက်သလိုတော့ မဟုတ်ပါဘူး။ မဆိုးလှပါဘူး။ ဦးဖေမောင် ဇနီး ဒေါ်ငြိမ်းခင်ဆိုတာကလဲ သဘောကောင်းပါတယ်။ သနားကြင်နာတတ်တယ်။ နဲနဲတော့ သြဇာပေးတတ်တယ်။ မေနဲ့တော့ လေပေးဖြောင့်ပါတယ်။ လေပေးမဖြောင့်စရာလဲ အကြောင်းမရှိပေဘူး။ မိန်းမကြီးက ခပ်ဝဝ၊ ဖြူဖြူ ခန့်ခန့်ကြီး၊ သူ့ငွေကတော်ကိုက် ပေါက်တယ်။ ခါးကြားမှာ သော့တွဲကြီး အမြဲချိတ်ထားတယ်။ ခါးက ချတယ်မရှိဘူး။

သူ့ယောက်ျား ဦးဖေမောင် ဆိုတာကတော့ ပိန်ပိန်ရှုံ့ရှုံ့၊ အသက် (၄၅) နှစ်လောက်ရှိပြီ။ သူ့ဂုဏ် ဝိသေသနကတော့ မြေပိုင်ရှင်၊ သမာဓိမြို့ဝန်၊ ဘုရားလူကြီးဆိုပါတော့။ သမာဓိရှိတယ်မရှိဘူး၊ ဘာသာတရား ကြည်ညိုတယ် မကြည်ညိုဘူးကိုတော့ မေ မသိဘူး။ ဒါပေမဲ့ မြို့ပေါ်မှာတော့ ဂုဏ်သရေရှိ လူကြီးတဦးဘဲ။ သူတို့က အတော်လေး ချမ်းသာတယ်။ လယ်တွေ မြေတွေလဲ ရှိတယ်။

သူတို့အိမ်မှာ ဟင်းကောင်း ကျွေးကောင်းတော့ အမြဲချက်တယ်။ မေ့အဖို့မှာတော့ ကျောင်းကနေပြီး အိမ်ရောက်သွားတယ် ဆိုတော့ စားလို့သောက်လို့တော့ အင်မတန်ကောင်းတယ်။ မေလဲ အစားကြီးလာပြီကွယ့်။ စီလဲ အိမ်ရောက်တော့ နင်းကြိတ်မှာပေါ့။ ဟုတ်လား။ ဦးဖေမောင်က ဟင်းကောင်း အင်မတန်ကြိုက်တယ်။ ထမင်းစားပြီးလဲ ဖျော်ရည်တခု အမြဲသောက်ရမှ။

မေနေတဲ့ အခန်းကလေးက အပေါ်ထပ်။ လယ်ကွင်းဘက်ကို မျက်နှာပြုနေတယ်။ ပြတင်းပေါက်ဖွင့်ပြီး မျှော်ကြည့်မယ်ဆိုရင် တောရဲ့ ကျက်သရေအလှကို ကောင်းကောင်း တွေ့ရတာဘဲ။ လေကလည်း အင်မတန်မွှေးတယ်။ လသာတဲ့ညများဆို စီရယ်၊ အို သိပ်ပြီးကောင်းတာဘဲ။

Commercial use of this book will be at your own RISK!

မေအခု စာသင်ရတဲ့ နှင်းနဲ့ ဝင်းဆိုတဲ့ ကောင်မလေးနှစ်ယောက်က သင်လို့ တယ် မတတ်လွယ်ကြဘူး။ နဲနဲ ဥာဏ်ထိုင်းတယ် ဆိုရမှာပေ့ါ။ အင်္ဂလိပ်စာကို (၆) တန်းအထိ သင်ဘူးတာကိုး။ အဲဒါ တချို့အသံထွက်တွေက မှားနေလို့ ခနခန ပြင်ဆိုခိုင်းရတာဘဲ။ တခုရှိသေးတယ် စီရဲ့။ စန္ဒယားသင်ချိန်မှာ ဆိုရင်လေ ဒေါ်ငြိမ်းခင်က အမြဲလိုလိုလိုလာပြီး နားထောင်လေ့ရှိတယ်။ တချို့နေရာများမှာ သူကိုယ်တိုင် ဝင်တဲ့ပြီး "ဟဲ့ ဝင်း၊ သေသေချာချာ ဒရန့်ကို ပီအောင်တီး၊ ဒရန့်ဟာ အင်မတန်အရေးကြီးတယ်။ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်ကို စုံ အသံ ၃ မျိုး ထွက်အောင် စန္ဒယား ခလုတ်ကို ခတ်လိုက်ရတယ်" အဲဒီလိုပြောပြီး တီးပြတတ်တယ်။ နောက် 'ဆရာမ ဆက်သင်ပေးပါ။ ကျုပ် ငယ်ငယ်တုန်းကတော့ အတော်တီးတတ်တယ်။ အခုတော့ မရတော့ပါဘူး။ မေ့ကုန်ပါပြီ' တဲ့။ အမှန်ကတော့ ရှေးကသင်လက် ထင်ပါရဲ့။ နားထောင်လို့ မကောင်းပါဘူး။ မဟာဂီတကတော့ အမျိုးစုံရှိတယ်။ သားရေဖုံးပြီး 'မငြိမ်းခင်' လို့ ရွှေစာလုံး ထိုးထားတယ်။ ငယ်ငယ်က ဂီတ အတော်ဝါသနာပါဟန် တူပါရဲ့။ စန္ဒယားကြီးက ဂျာမဏီလုပ် 'ဘလုသ်နာ' ဆိုတဲ့ အမျိုးပေ့ါ။ အသံ အတော်ကောင်းတယ်။ ဗမာသီချင်းရော အင်္ဂလိပ်သီချင်းရော တီးလို့ကောင်းတယ်။ ခလုတ်တွေက တို့ရုံနဲ့ အသံမြည်တယ်။

ဒီလိုဆိုတော့ စီက မေဟာ သိပ်ပျော်နေတယ်၊ ကျေနပ်နေတယ် အောက်မေ့မှာဘဲ။ ဒါပေမဲ့ စီရယ်၊ မေဟာ အခုထက် ထိုက်တန်သင့်တယ်လို့ မေ ထင်တယ်။ စီ လဲသိတဲ့အတိုင်း မေဟာ အရောင်အသွေးတွေ၊ ဂီတသံတွေ၊ တောက်တောက်ပြောင်ပြောင်တွေ၊ ပြုံးပြုံးရီရီတွေကို အင်မတန် မြှော်လင့်တာ။ မေက ဒီဟာတွေနဲ့ ကြော့နေချင်တာ။ ဒါတွေကို မေ ဘယ်တော့မှ မရတော့ဘူး။ နောက်ပြီး မေ့မှာ အဖေါ်လဲ မရှိဘူး။ မေ့မှာ ချစ်မိတ်ဆွေဆိုရင် စီကလွဲလို့ တယောက်မှ မရှိဘူး။ ဒိပြင် မိန်းခလေးတွေလို သူများဂရုစိုက်ခံရတာ မဟုတ်ဖူး။ ဒါတွေများ တွေးမိရင်လေ မေတော့ ရူးချင်လာတာဘဲ။ စီနဲ့မေတို့ ခဏခဏဆိုကြတဲ့ ဟောဒီ ကဗျာကို သွားသတိရတယ်။

လဲ့ကြည်လဲ့ကြည်၊
ငွေချည်လိုင်းသား၊ ငွေကွပ်နားနှင့်
အိလျား ပိုးလွှာ၊ မိုးအပြာလျှင်
ပွေ့ကာပိုက်ထွေး၊ ရင်ဝယ်မွေးသည်
လ ကွေးတိမ်ဝယ်၊ ပြုံးပြုံး တကား။

ဖူးငုံ ဖူးငုံ၊
ဝတ်မှုံတင့်ထူး၊ ပွင့်တော်ဦးရှင့်
ရွှေဖူး တံဆိပ်၊ စိမ်းရွက်ပိတ်၍
ချစ်မိတ် တုံ့လှယ်၊ ကြင်မည်ရွယ်သည်
ရွက်ဝယ်ပန်းပွင့်၊ ဖုံးဖုံး တကား။

Commercial use of this book will be at your own RISK!

တင့်ဟန် တင့်ဟန်၊
ပြာလျှံ တိမ်တိုက်၊ လကိုပိုက်၍
ဖူးကိုက် စိမ်းရွက်၊ ပွင့်ကိုဖက်၍
ချစ်လျက်ကြစေ၊ ကံမွဲ မေ မူ
ကြင်သက်ဝေက၊ မုန်းမုန်း တကား။

အဲဒီ ကဗျာရှင်နဲ့ မေနဲ့ အဖြစ်ချင်းတူနေပြီ။ စီ ဘယ်တော့ ပဲခူးကို လာလည်မလဲ။ စီ လာလည်ချင်တယ်ဆိုတာ မေ သိပါတယ်။ စီတို့ကတော့ အကိုနဲ့ သိပ်ဟန်ကျတာဘဲ။ သူ့ကိုပါ စီ ခေါ်လာနိုင်တာဘဲ။ စီ့လို သူသဘောကောင်းရင် ဟန်ကျမှာပေါ့။ ဒါပေမဲ့ စီ သူ့ကို ခေါ်လာရင်တော့ မေ ရှက်နေမှာဘဲ။ တော်အုံးမယ်နော်။ ကျန်းမာကြပါစေ။

စီ့ချစ်စွာသော
မေ

မခင်စီသည် မေ့စာကို ဖတ်ပြီးလျှင် မျက်ရည်ကလေး လယ်နေ၏။ မေကလည်း စီဖတ်လျှင် မျက်ရည်လယ်မည်ဟု ထင်လေသည်။ မခင်စီသည် မေ့စာကို သူ့အကို ကိုကျော်မြင့်အား ပြလေသည်။

"စီ့ သူငယ်ချင်းက သနားစရာဘဲ။ သူ့ခမျာ သိပ်ပြီး တယောက်ထဲ ဖြစ်နေတယ်ထင်တယ်" ဟု ကိုကျော်မြင့်က ပြောလေသည်။

မခင်စီက ခေါင်းညိတ်လေသည်။ "မေက အင်မတန် ဖော်ရွေတာ။ တော်တော်ကြာ ချစ်တဲ့ ခင်တဲ့လူ ပေါ်လာမှာပါ"

"မေက ချောသလား"

"သိပ်ချောလှတယ် မဟုတ်ဖူး ကိုကိုရဲ့။ ဒါပေမဲ့ ကြည့်လို့ကောင်းတယ်။ ဆံပင်က အတွန့်အရွန့်ကလေးတွေနဲ့ သိပ်ဗိုလ်ဆံတယ်။ မျက်လုံးပြာကလေး။ အသားကလဲ ဝင်းဝင်း။ တခုက သူ့မှာ အဝတ်အစားကောင်းကောင်း မရှိဘူး"

"ဒါဖြင့် စီက လက်ဆောင်ဝယ်ပေးပါလား"

ကိုကျော်မြင့်ကား ဆရာမလေး မေ၏ ပုံပန်းကို စိတ်ကူးဖြင့် မှန်းကြည့်လေသည်။ သူ့စိတ်ပုံကားထဲ၌ မေသည် အရုပ်မြင့်မြင့် ဗိုလ်ဆံဆံ အပျိုမကလေးဖြစ်သည်။ မခင်စီကား သူ့အကိုပြောမှပင် လက်ဆောင်ပေးရမည်ကို သတိရလေသည်။

"စီ စဉ်းစားနေတာက မေ့ဆီ လက်ဆောင်ပို့ရင် ကြိုက်မှကြိုက်ပါ့မလား မသိဘူး။ မေ က နဲနဲ မာနကြီးတယ်ထင်တယ်။ သူများက ပေးတာ ကမ်းတာလို့ထင်ပြီး ဝမ်းနဲချင် ဝမ်းနဲမှာ" ဟု မခင်စီက တွေ၍ပြော၏။

ကိုကျော်မြင့်က ရယ်လေသည်။ "ဘာဆိုင်လဲ စီရဲ့။ မေနဲ့စီ ဟာ သိပ်ချစ်တဲ့ သူငယ်ချင်းဘဲ။ ဘယ့်နဲ့ သူမကြိုက်ဖဲ ရှိပ့ါမလဲ"

Commercial use of this book will be at your OWN RISK.

“လက်ခံရင်တော့ သိပ်ကောင်းမှာဘဲ ကိုကို”

“ပြောနေကြတယ် စီ။ ဒီကနေ့ဘဲ သွားဝယ်ရအောင်။ ကိုကိုလဲ မြို့ထဲ သွားစရာရှိတယ်”

မောင်နှမ နှစ်ယောက်ကား အဝတ်အစားလဲကာ မြို့ထဲ ထွက်သွားကြလေသည်။ သူတို့ နှစ်ယောက်မှာ သူငယ်ချင်းများလို ရောရောဝင်ဝင် ချစ်ကြသည်။ ဗမာအကိုလို နှမလို ဣန္ဒြေကြီး တွေနှင့် မဟုတ်ကြ။ တယောက်အရေး တယောက် ဖွင့်ပြောတတ်ကြသည်။

သူတို့သည် စကော့ဈေးရှိ ပိုးတိုက်များတွင် ဝင်ကာ မေ့ဘို့ အဆင်ရွေးကြလေသည်။ ကိုကျော်မြင့်က အပြာရင့်ရောင် များများပါသော အကွက်အသွေးကိုရွေးသည်။

သူ့အကြောင်းပြချက်မှာ မေသည် ဗိုလ်ဆံဆံချောသည်ဟု ဖြစ်လေသည်။ မီးခိုးရောင် သက္ကလပ် ကွတ်အင်္ကျီတထည်လည်း ချုပ်ကြသည်။

“ကိုကို၊ စီတို့ တနေ့ ပဲခူးသွားလယ်ကြရအောင်နော်။ မေ သိပ်ပျင်းနေရှာမယ်။ စီ့ကိုလဲ သူတွေ့ချင်မှာဘဲ”

“ဟုတ်တယ်။ သွားလည်ဘို့ကောင်းတယ်။ ဒရိုင်ဗာမခေါ်ဘဲ ကိုကို မောင်းပို့နိုင်တာဘဲ” ဤသို့ဖြင့် သူတို့သည် ပဲခူးမြို့ရှိ ဆရာမကလေးထံသို့ အလယ်သွားကြရန် ဆုံးဖြတ်ကြလေ သည်။

× × × × × × ×

လက်ဆောင်ပစ္စည်းများမှာ မေ့ထံသို့ အချိန်တန်လျှင် ရောက်သွားကြလေသည်။ မေသည် သူ့အိပ်ခန်းသို့ အထုပ်ကို ယူသွားကာ ခုတင်ပေါ်တွင်ထိုင်ရင်း ဖြေကြည့်လေသည်။ မေသည် သူ့ဘို့ ကွတ် အင်္ကျီ၊ မန္တလေး ပိုးအဆင်ဆန်းဆန်း ချိတ်ထမီများကို ရင်ခွင်တွင်ပိုက်ကာ နှစ်သိမ့် ကျေနပ်နေလေသည်။ နောက် သူသည် အခေါက်ကိုဖြန့်ကာ မှန်ရှေ့သွားလျက် သူ့အသားနှင့် ကပ်ကြည့်၏။ ကွတ် အင်္ကျီကိုလည်း ဝတ်ကြည့်၏။ သူသည် ပြုံးကာ လက်ဆောင်များကို တရိုတသေ သူ့အဝတ်သေတ္တာထဲသို့ ထည့်လေသည်။ လက်ဆောင်ပေးရာ၌ မခင်စီ၏အကို ပယောဂလည်း ပါမည်ဟု သူတွေးလေသည်။ နောက်တခုမှာ မခင်စီတို့မောင်နှမ လာလည် မည့်ကိစ္စပင် ဖြစ်လေသည်။ တဖြည်းဖြည်း ရက်များလည်းကြာသွားကာ မေမှာ ပဲခူးတွင် အတော်ပင် ဟန်ကျနေလေပြီ။ ဦးဖေမောင်တို့အိမ်သို့ လာလည်ကြသော သူများမှာ “မငြိမ်း တို့တော့ ရတနာ ပိုက်မိတာဘဲ” ဟု ပြောကြလေသည်။

ပဲခူးတွင် မျက်နှာကြီးထဲကဖြစ်သော မင်းတိုင်ပင် အမတ်ဟောင်းကတော် ဒေါ်အေးရှင်ကပင် မေ့ကိုသဘောကျကာ နောင် အလုပ်သစ်လျှောက်လိုလျှင် ထောက်ခံစာ ရေးပေးမည် ဖြစ်ကြောင်း ပြောလေသည်။ ပဲခူးတွင် မင်းပွဲ စိုးပွဲများတွင် သူအမြဲပါရာ သတင်းစာထဲတွင် သူ့နာမည် ခဏခဏပါ၍ သူ့ကိုယ်သူ နာမည်ကြီးဟု ထင်မှတ်လေသည်။ မေက ကျေးဇူးတင်ကာ နောက်ကို ပြောပါမည်ဟု ကတိပေးလေသည်။ ဒေါ်အေးရှင်သည် မေ့ အကြောင်းကို သူ့တူ အလုပ်လက်မဲ့ မောင်ချစ်မောင်ကို ပြောပြလေသည်။

Commercial use of this book will be at your OWN RISK !

"ဒေါ် လေးပြောသလိုဖြင့် ဦးဖေမောင်တို့အိမ်က ဆရာမလေးက အတော် တော်တာပေါ့" ဟု မောင်ချစ်မောင်က အကြားနှင့်တဆင့် ချီးမွမ်းလေသည်။

မုဆိုးမ ဝန်ထောက်ကတော် ဒေါ်မြင့်မြင့်မှာ ကွန်ဘင့် မယ်သီလရင်ကျောင်းထွက်ဖြစ်ရာ မေတို့ဆီလာတိုင်း မေနှင့် အင်္ဂလိပ်စာပေအကြောင်း ပြောကာ သူဖတ်ဖူးသော လင်္ကာများကို ဆွေးနွေးတတ်လေသည်။ ဒေါ်မြင့်မြင့်က မေ့ကို "မေ ဟာ အင်္ဂလိပ်စာ အတော် ဖတ်တာဘဲ" ဟု ချီးမွမ်းကာ "စန္ဒယားအတီးမှာတော့ တကယ်ရှားပါတယ်။ လက်ကျ လက်နကလဲ ပိ၊ အခု အဖက်တွေကလဲ ကောင်း၊ ဟန်တို့ မှင်တို့ကလဲရှိ၊ အတော့်ကို တော်ပါတယ်။ ကျုပ်တို့တော့ ဝန်ထောက်ကြီးဆုံးသွားကထဲက ပီယာနိုမတီးတာ အခုထက်တိုင်ဘဲ။ တီးချင်စိတ်လဲ မရှိတော့ပါ ဘူး" ဟု ဆိုလေသည်။ ဤအချက်သို့ရောက်လျှင် ဒေါ်မြင့်မြင့်မှာ သွားလေသူ ဝန်ထောက်ကြီး အား သတိရသည့်ဟန်ဖြင့် မျက်ရည် လယ်လာတတ်သည်။

ဦးဖေမောင်မှာ မေ့ကို အတိအလင်း ချီးမွမ်းလေသည်။ ထို့ကြောင့်ပင် ဒေါ်ငြိမ်းခင်က "အိမ်က ကိုမောင်ကတော့ ဆရာမကလေးကို အတော် သဘောကျတာဘဲ" ဟု ဒေါ်မြင့်မြင့်ကို ပြောလေသည်။

နှင်းနှင့် ဝင်းတို့ကို စာသင်နေသည့် အခါများ၌ ဦးဖေမောင်သည် အနားသို့ လာရပ်ကာ မေနှင့် စကားစမြည်း ပြောတတ်၏။ မနက် ထမင်းစားပြီးသည့် အခါတွင်လည်း "မေ စားလို့ မြိန်ရဲ့လား" ဟု မေးတတ်၏။ ရက်များသည် တဖြည်းဖြည်း ကြာသွားကာ မေမှာ အိမ်သား တယောက်အဖြစ် ရင်းနှီးလာလေသည်။ မေသည် ညနေ၌ နှင်း၊ ဝင်းတို့နှင့်အတူ လမ်းလျှောက် တတ်လေရာ ဦးဖေမောင်လည်း မေ့ဘေးက လိုက်ပါလာလေသည်။ သမီးနှစ်ယောက်ကို အရှေ့တွင် ကျော်သွားစေ၍ အနောက်မှ သူနှင့်မေမှာ စကားပြောရင်း လာလေသည်။ မေ မှာ သူပြောသမျှကို မျက်လွှာချကာ နားထောင်လေသည်။ မေ့အဖို့မှာ အတော် အရေးကြီးသည်။ ဦးဖေမောင်ကို အရောဝင်၍ မဖြစ်။ ဒေါ်ငြိမ်းခင်နှင့်လည်း သင့်မြတ်ရမည်။ ဒေါ်ငြိမ်းခင် ကများ သူ့ယောက်ျားနှင့် မသင်္ကာလျှင် သူ အလုပ်ပြုတ်မည်ဖြစ်၏။ မေမှာ ခြေလှမ်းမမှားရအောင် နေရ လေသည်။

လယ်ကွင်းထဲမှ ဖြတ်လာသောလေမှာ တန့်နွဲ့နွဲ့ တိုက်နေလေ၏။ တောလေကို ရသဖြင့် မေ့ မျက်နှာမှာ ကြည်ရွှန်းလာ၏။ သူ၏ တွန့်ရှုရှုန့် ကော့ရနေ့ ဆံပင်များမှာလည်း လှုပလာ၏။ ယခင် ဒိုင်အိုတုန်းက ယောက်ျားများ ကြိုက်ကြ၊ ပိုးကြသော ရုပ်ကို ပြန်ရလာ၏။ မေ စန္ဒယား တီးနေသောအခါတွင် လမ်းပေါ်မှ ဖြတ်သွားသော လူများသည် ပြတင်းပေါက်မှ ပြန့်လွင့်ထွက် လာသော သီချင်းသံကို ကြားကာ "ဘယ်က စန္ဒယားဝိဇ္ဇာများ လာတီးနေပါလိမ့်" ဟု အောက်မေ့ ကြလေသည်။ မေသည် သူတယောက်တည်း စန္ဒယားတီးလျှင် ပြတင်းပေါက်ကို ဖွင့်ထားတတ် လေသည်။ သူသည် စန္ဒယားသံနှင့်အတူ ရောထွက်လာသော ကျေးငှက်ကလေးများ အော်မြည်သံ ကို သူ အလွန်ချစ်လေသည်။ ပန်းခြံမှ စပယ်၊ နှင်းပန်း၊ တတိုင်းမွှေးတို့၏ ရနံ့များသည် အပေါ် သို့ လိုက်ကာ လေအယဉ်တွင် ပျံ့လွင့်နေသော ဂီတသံနှင့် ပေါင်းစုကြလေသည်။ ဉဩငှက် ကလေး၏ "ဉဩ-ဉဩ" ဟု ရင့်သီးလိုက်သော တေးသံနှင့် ချိုးကလေးများ၏ ကူခွဲသံများသည်

Commercial use of this book will be at your OWN RISK

သူ့ဂီတ မှတ်ဉာဏ်တွင်းသို့ ဝင်ရောက်ကာ မှတ်ဉာဏ်မှ လှုံ့ဆော်သော စန္ဒယားလက်သံမှာ နူးညံ့သော ငွေသံကို ဖြစ်စေ၏။

မေမှာ ပဲခူး လူကုံထံပိုင်းတွင် တနေ့တခြား အသိအကျွမ်း များလာလေသည်။ အိမ်သူ အိမ်သားများကလည်း သူ့ကို ချစ်ခင်လျက် ရှိကြသည်။ ဆရာမကလေး ရောက်လာသည့် အတွက်လည်း သူတို့အိမ်မှာ စန်းပွင့်လျက်ရှိသည်။ ထိုအခိုက် ပဲခူးသို့ ဝန်ထောက်အသစ်နှင့် ဆရာဝန်ကြီးအသစ် ပြောင်းလာကြသည်။ အရာရှိများ အသစ်ရောက်လာကြလျှင် မိတ်ဆွေဖွဲ့ရန် ဦးဘို့ အရေးကြီးလေသည်။ ဒေါ်ငြိမ်းခင်က သူတို့အိမ်တွင် ဥယျာဉ်ပွဲကျင်းပဘို့ အချိန်တော်ပြီဟု တွက်လေသည်။ ဥယျာဉ်ပွဲတွင် ဝန်ထောက်အသစ်နှင့် ဆရာဝန်ကြီးအသစ်ကို ဖိတ်ကြား၍ မိတ်ဖွဲ့ရမည် ဖြစ်လေသည်။ ဥယျာဉ်ပွဲ ဆိုသော်လည်း ဥယျာဉ်ပွဲ သက်သက်မဟုတ်။ ဘုရားကိုးဆူကပ်ပွဲနှင့် တွဲ၍ ပြုလုပ်ဖို့ ဖြစ်လေသည်။ အိမ်ရှေ့ပန်းခြံ မြက်ခင်းမှာလည်း ပန်းတွေ အတော်စုံလင်စွာ ရှိနေရာ ဥယျာဉ်ပွဲပြုလုပ်ဖို့ အကောင်းဆုံး ဖြစ်လေသည်။ နောက်ဆုံး၌ ဒေါ်ငြိမ်းခင်က ဘုရားကိုးဆူ ကပ်မည့်ပွဲနေ့ကို ရက်ကန့်သတ်လိုက်လေသည်။ အများအားဖြင့် လူကုံထံပိုင်းမှာ ပကာသနရောင်တို့ မျက်စိကျိန်းလောက်အောင် တောက်ပြောင်၍ နေမြဲဖြစ်လေသည်။ အိမ်နီးချင်း ကတော်များကလည်း ဥယျာဉ်ပွဲအတွက် အားတက်သရော ကူညီကြသည်။

ထိုနေ့တွင် သူတို့သည် အလုပ်များလျက် ရှိကြသည်။ အပေါ်ထပ်တွင်လည်း ဘုရားစင်ကို ပုတီးစေ့ကြိုးများ၊ စက္ကူ တံခွန်ကုက္ကားတို့ဖြင့် မြိုင်နေအောင် ပြင်ဆင်ကြ၏။ မီးလုံး အစိမ်း အနီများလည်း တပ်ဆင်ထား၏။ ငွေပန်းစိုက် အိုးများတွင်လည်း ပန်းများကို ဝေနေအောင် ထိုးထားကြ၏။ အိမ်ရှေ့ မြက်ခင်းပေါ်မှာ ကုလားထိုင်၊ စားပွဲများ အစီအရီ ခင်းထား၏။ ပန်းရုံဘေးတွင် စန္ဒယားကြီး ချထား၏။

အားလုံးတွင် အေးအေးဆေးဆေး အနိုင်ဆုံးမှာ မေပင်ဖြစ်လေသည်။ သူ့အခန်းထဲ၌ အဝတ်လဲလျက်ရှိစဉ် ညနေတွင် တွေ့ရမည့်ပွဲကို စဉ်းစားကာ ပြုံးမိလေသည်။ ဒေါ်ငြိမ်းခင်မှာ အိမ်ကို ပြင်ဆင်ရာ၌ ဆရာမကလေး အကူအညီကို နှာယူလေသည်။ ဆရာမကလေး သဘောကျမှ သူသဘောကျသည်။ ဟိုနေရာမှာလည်း ဆရာမကလေး၊ ဒီနေရာမှာလည်း ဆရာမ ကလေး နေရာတကာတွင် ဆရာမကလေးပါမှ။

မှိုင်းမှုန်ပြာဝေ × × တိမ်ညိုတိမ်ပန်း သန်းတဲ့အခြေ × × နံ့သာလှိုင်ဝေ × × စိမ့်ကြီးမြိုင်ကြီး လန်းဆန်းပေ × × စန်းငွေယုန်သာဆန်းလှတဲ့ချေ × × တိမ်ကြိုကြားမှာ သွားကာ ပျော်ရွှင်ပေ။ တိမ်ကြိုကြားမှာ သွားကာမှိန်လင်းချေ × × ခင့်ကိုလေ အတွေးရ ခက်အောင် × × ပြောင်လို့ လျှောင်လို့ × × တမင်နေပေသလား × × ယုန်ငွေ။

မေသည် တိုးတိုးကလေး သီချင်းဆိုကာ မှန်တင်ခုံရှေ့တွင် ရပ်လျက် အလှပြင်၍ နေလေ သည်။ နေရောင်ခြည်သည် လင်းနေသည်။ မြေသည် ဝင်းနေသည်။ ငှက်ကလေးများလည်း တေးသီနေကြသည်။ တလောကလုံး ပျော်ရွှင်နေသည်။ မေသည် ပေါင်ဒါရိုက်ပြီးလျှင် အကျီ

Commercial use of this book will be at your OWN RISK!

အဝတ်အစား လဲလေသည်။ ပိတ်အင်္ကျီအဖြူတွင် ငွေကြယ်သီးကလေးကို တပ်၏။ အညွန့်အတက် အတွန့်အခက်ကလေး ကော့နေသော ဆံပင်ကြားတွင် ပန်းရောင်နှင်းဆီ ဖဲပွင့်တပွင့် စိုက်၏။ ရင်ပတ်တွင် ခေါင်းနှင့်ဆင်တူ နှင်းဆီပွင့်တပွင့် ထိုး၏။ ထဘီမှာ မခင်စီတို့ ပေးသော အပြာရောင်ချိတ် ဖြစ်လေသည်။ ထဘီပြာမှာ မေနှင့် အလွန်လိုက်သည်။ လက်ပတ်နာရီကြိုးမှာလည်း ထဘီနှင့်ဆင်တူ အပြာနုရောင် ဖဲကြိုးကလေးဖြစ်သည်။ မေသည် ပြီးလျှင် ကိုယ်ကို စန့်လိုက်ကာ မှန်တွင် ဘယ်ပြန်ညာပြန် လှည့်၍ ကြည့်နေလေသည်။ နောက် အပြာနုရောင် ကတ္တီပါ မန္တလေးဖိနပ်ကိုစီးကာ အောက်ထပ်သို့ ဆင်းသွားလေသည်။ ဧည့်ခန်းတွင် ဦးဖေမောင်နှင့် တွေ့လေသည်။

"ဟာ ဆရာမပါကလား" ဟု မေ့ကို မျက်တောင်မခတ် စိုက်ကြည့်ရင်း နှုတ်ဆက်လေသည်။ နောက်မှ "ဆရာမက အတော်ကြည့်ကောင်းတာဘဲ" ဟု နှုတ်ဆက်လေသည်။

မေမှာ ဘာမှပြန်မပြောဘဲ ပြုံး၍သာ သူ့ကိုကြည့်နေလေသည်။

"ဆရာမဟာက ရိုးရိုးကလေးနဲ့ ယဉ်တာ၊ ညနေဘက် ကောင်းကင်အပြာနဲ့ ထဘီချိတ်အပြာနဲ့ဟာ အသွေးချင်း ဟပ်နေတာပေါ့။ ဘယ်လောက် အဆင်ပြေလဲလို့။ ခေါင်းက ပန်းရောင်နှင်းဆီပွင့်ကလေးကဆိုလဲ ဝင်တော့မဲ့ ဆဲဆဲ နေလို"

ဦးဖေမောင်၏ ဟိမဝန္တာ ချီးမွမ်းခန်းပြော၍ စာပိုဒ်အဆုံးလောက်တွင် ဧည့်ခန်းထဲသို့ ဒေါ်ငြိမ်းခင် ဝင်လာလေသည်။ ဒေါ်ငြိမ်းခင်မှာ နောက်ဆုံး စကားလုံးကိုသာ သဲ့သဲ့ကြားလိုက်ရ၍ "ဟုတ်တယ်။ တော်တော်ကြာ နေဝင်တော့မယ်။ လာ လာ ဆရာမ၊ မြက်ခင်းပေါ်သွားပြီး ပြင်တန်တာ ပြင်ရအောင်။ ဆရာမကို လိုက်ရှာနေတာ။ ခုနကဘဲ အပေါ် ကိုရောက်ခဲ့တယ်။" ဟု ဆိုကာ မေနှင့်အတူ ဉယျာဉ်ပွဲပြုလုပ်မည့် မြက်ခင်းနေရာသို့ သွားကြလေသည်။

မြက်ခင်းမှာ ကပ်ကျေးဖြင့် ဖြတ်ထားသဖြင့် ညီညာပြန့်ပြူးနေလေသည်။ ကွန်တီနင်တယ်မှ ကုလားများမှာလည်း အိုက်စကရင်၊ လက်ဖက်ရည်၊ ကိတ်၊ ဆင်းဒဝစ်စသည်တို့ကို ပန်းကန်များနှင့် ပြင်ဆင်လျှက်ရှိကြသည်။ ပန်းရုံများအကြားမှ ထိုးလာသော အရိပ်များမှာ ရှည်လျားသည်ထက် ရှည်လျားလာကာ ဉယျာဉ်ပွဲနေရာကို အေးမြသာယာအောင် ပြုလုပ်ပေးလေသည်။

ဧည့်သည်များ ရောက်လာကြလေပြီ။ ဒေါ်ငြိမ်းခင်နှင့် ဦးဖေမောင်တို့မှာ ဝင်းဝဘက်မှ လာသူများကို ကြိုဆိုနှုတ်ဆက်ကာ နေရာထိုင်ခင်း ညွှန်ပြနေကြလေသည်။ မေမှာ သူသိသော ဧည့်သည်များကို ဧည့်ခံ စကားပြောနေလေသည်။ နှင်းနှင့် ဝင်းတို့မှာ မိန်းမသူငယ်ချင်းများနှင့် ဆူညံဆူညံ စကားကောင်းနေကြ၏။

မကြာမြင့်မီပင် ပန်းခြံမြေရာကွက်တွင် ပဲခူးမြို့လူကုံထံများဖြင့် ပြည်နှက်ကာ ပိုးရောင်စိန်ရောင်တို့ဖြင့် ပြိုးပြိုးပြက်၍ လာလေသည်။ လာရောက်သူများမှာ အစိုးရအရာရှိများနှင့် ပိုက်ဆံရှိသူများ ဖြစ်ကြလေသည်။ ခပ်လှမ်းလှမ်းမှ နေကြည့်လျှင် ပန်းခြံတွင် လိပ်ပြာများ အုံနေသည်ဟု မှတ်ထင်ရလေသည်။ မိန်းမပိုင်းမှ ဓါတုဗေဒလား၊ အစစ်လားဟု ခွဲခြား၍မရသော စိန်ရောင်များ တဝင်းဝင်း လက်နေ၏။ မြို့ပေါ်ရှိ အပျိုများမှာလည်း အလုပြ နေကြလေသည်။ အချိန်ကျလျှင် သူတို့ ငမ်းငမ်းတက် သိချင် ခင်မင်ချင်ကြသော ဝန်ထောက်နှင့် ဆရာဝန်ကြီး

Commercial use of this book will be at your own RISK

ရောက်လာကြလေသည်။ ဦးဖေမောင်နှင့် ဒေါ်ငြိမ်းခင်တို့က ခေါင်းဆောင်၍ အားလုံးကို မိတ်ဆက်ပေးလေသည်။

မေမှာ ပန်းခက်ကလေးများကို ပြင်ဆင်လျက်ရှိစဉ် ဒေါ်အေးရှင်နှင့် အသက် ၃၀ ကျော်ခန့် လူကြီးတို့ ရောက်လာလေသည်။

"မေ တော်တော်များ ပန်းနေပြီလား"

"မပန်းပါဘူး အန်တီ" ဟု မေ က ပြုံး၍ ပြန်ပြောလေသည်။

"ဟော မိတ်ဆက်ပေးရအုံးမယ်။ ဒါက နောက်ပြောင်းလာတဲ့ ဝန်ထောက် ဦးစိန်တင်။ အိုင်စီအက်။ ဒါက မေ "

ဝန်ထောက်နှင့် မေတို့မှာ ယဉ်ကျေးစွာ ခေါင်းညိတ်ကာ အပြန်အလှန် နှုတ်ဆက်ကြလေသည်။ ဝန်ထောက်မှာ အင်္ဂလန်မှပြန်လာသော အိုင်စီအက်ဖြစ်ရာ ဗိုလ်ဆံသော မေကို အင်္ဂလိပ်လို စကားပြောလေသည်။ မေသည် ဗီးလပ်သူပမာ အင်္ဂလိပ်စကားကို သွက်လက်စွာ ပြောနိုင်ရာ ဝန်ထောက်နှင့် စကားကောင်းနေကြလေသည်။ ဝန်ထောက်မှာ မေ၏ နားထောင်ကောင်းသော စကားလုံးများကို အံ့သြနေလေသည်။ သူတို့သည် ဂီတအကြောင်း ပန်းအကြောင်းများကို ပြောကြလေသည်။ ပရိသတ်မှာလည်း မေ့ကို ချီးမွမ်းကာ အံ့သြနေကြလေသည်။ သူတို့မှာ ရေပက်မဝင်အောင် ပြောနေကြသဖြင့် ဒေါ်အေးရှင်ပင် "စကားပြောရစ်ကြအုံး" ဟု ပြောကာ အခြားဘက်သို့ ထွက်သွားလေသည်။ ဒေါ်မြင့်မြင့်က ဒေါ်ငြိမ်းခင်ကို လက်ကုပ်ကာ "စကားပြော တော်တော်ကောင်းတဲ့ ကောင်မလေး" ဟု မှတ်ချက်ချလေသည်။

အလင်းရောင်ပျောက်ကာ အမှောင်သန်းလာပြီဖြစ်၍ မီးများပင် လင်းလာလေပြီ။ လက်ဖက်ရည်ပွဲကိုလည်း စလေပြီ။ မေ၏ လက်ျာဘက်မှာ ဝန်ထောက်ထိုင်၍ လက်ဝဲဘက်မှာ တရားသူကြီး ဦးသက်ဝင်း၏သား မောင်သိန်းဟန် ထိုင်လေသည်။ မေသည် ကြယ်တာရာများ အလယ်တွင် လမင်းပမာ ဖြစ်နေသည်။ မေ၏ အရောင်မှာ အခြားမိန်းမပျိုများ၏ အရောင်ကို လွှမ်းမိုးတောက်ပြောင်လေသည်။ စားသောက်ဖွယ်များ သုံးဆောင်လျက်ရှိကြစဉ် ဒေါ်ငြိမ်းခင်က မေ့ကို စန္ဒယားတီးရန် ပြောလေသည်။

"ဘာ သီချင်းတီးရမလဲ မပြောတတ်ဘူး" ဟု မေက ဝန်ထောက်နှင့် မောင်သိန်းဟန် ဘက်ကိုလှည့်ကာ ပြောလေသည်။

"ကျုပ်တော့ 'ရွှန်းရွှန်းမြ' ဆိုတဲ့ သီချင်းကို သဘောကျတယ်"

မေသည် ဆောင်တော်ကူးပန်းရုံဘေးရှိ စန္ဒယားရှိရာသို့ ထသွားလေသည်။ လူအများသည် မေ၏ အမူအရာကိုသာ ကြည့်ချင် မြင်ချင် နေကြလေသည်။ မေသည် စန္ဒယားခုံတွင် ထိုင်လိုက်သောအခါ စန္ဒယား၏ ညိုမှောင်သောအရောင်ဝယ် မေ၏ လှပသော သဏ္ဌာန်မှာ ထင်ရှားစွာ ပေါ်နေလေသည်။ မေသည် စန္ဒယားကို စမ်းကာ ဘွဲ့ခံလေသည်။

"ဟောကြည့်၊ မေ့လက် တုန်နေတယ်" ဟု ဒေါ်အေးခင်က ဒေါ်ငြိမ်းခင်ဘက်သို့ လှည့်၍ မေးငေါ့၏။ သို့ရာတွင် မေသည် လက်ဘယ်တော့မှ မတုန်ပေ။ ဒိုင်အိုကျောင်းမှာ၊ ဆရာဖြစ်သင် ကောလိပ်ကျောင်းမှာ နေစဉ်ကတည်းက ပွဲတိုးခဲ့ဘူးလေသည်။ မေမှာ ဆိုတီးရသူလည်း ဖြစ်လေသည်။ ဤမျှပရိသတ်ကို မေက အပျော့သာ ထင်လေသည်။

Commercial use of this book will be at your own RISK.

ဘွဲ့ခံဆုံးသွားလျှင် မေ၏ ပိရိအေးညက်သော စန္ဒယားသံနှင့်အတူ နူးညံ့ငြိမ့်ဆန်းသော သီချင်းသံမှာ မြိုင်မြိုင်ကြီး ထွက်ပေါ်လာလေသည်။ ဂီတနားလည်သော သူများကလည်း မေ့ကို တီးတိုးချီးမွမ်းကြလေသည်။ သီချင်းကြီးနှင့် ကြိုးဆုံးလျှင် မေသည် ပတ်ပျိုးတပုဒ် ကောက်တီးလေသည်။ ပတ်ပျိုးမှာ ချစ်သမျှကို သစ္စာတိုင် ပတ်ပျိုးဖြစ်ရာ သီချင်းသားကလည်း အသားပါ၊ အသံကလည်းချိုရာ မေ၏အသံမှာ လူတိုင်းနားဝယ် တသွင်သွင် သာနေလေသည်။ ချစ်သမျှကို ဆုံးသွားလျှင် ကာလပေါ်တပုဒ်တီးရန် ပွဲတောင်းကြပြန်လေသည်။ ဒီညအဖို့ ပရိသတ်များ၏ စိတ်တွင် မေသည် မိုးကျနတ်မယ်ကလေး ဖြစ်လေသည်။ သူတို့စိတ်တွင် မေသည် ပြာသော တိမ်တိုက်အကြားမှ နတ်စောင်းကို တီးခတ်နေသည်ဟု ထင်ကြလေသည်။ သူတို့ပတ်ဝန်းကျင်တွင် အရာအားလုံးတို့သည် နုသမျှနု၊ ယဉ်သမျှယဉ်၊ လှသမျှလှနေသည်ဟု ထင်လေသည်။ အတီးကောင်း အဆိုကောင်း အလှမယ် မေသည် ကာလပေါ် သီချင်းတပုဒ်ကို တီးရပြန်သည်။

"လှေကလေးကို လှော်မည်၊ ဘေးမသန်းဘဲ အေးချမ်းတော့သည်၊ မြစ်ကမ်းခြေနဒီ၊ စိမ်းလဲ့လဲ့ကြည်"

မေ၏ သီချင်းသံမှတပါး အားလုံး ငြိမ်သက်နေကြ၏။ ဂီတ ဝါသနာ မပါသူများပင် နားစိုက်၍ ထောင်ကြ၏။ ပရိသတ်၏ အာရုံမှာ ထဘီအပြာ ချိတ်ကလေးနှင့် ပန်းရောင်နှင်းဆီပွင့်ကလေးနှင့် နားထောင်၍ မငြီးသော ကြည့်၍မငြီးသော နတ်သမီးပျိုကလေး၏ အာရုံတခုတည်းသာ ဖြစ်လေသည်။ မေ့အဖို့မှာ ရွှေဦးအလှကိုမြင်၍ ဘဝင်ကြည် ကြည်နူးသော ရွှေချိုးမယ်၊ ဥဩမယ်ကလေး ဖြစ်မှန်းမသိ ဖြစ်လေသည်။ သူနှင့် ရွယ်တူ မိန်းမပျို အအိုများပင် သီချင်းက သာလွန်းချိုလွန်းလှ၍ မေ့ကို မနာလိုရမှာကို မေ့ကာ စိုက်၍ နားထောင်မိကြလေသည်။

နောက်ထပ် ပွဲတောင်းမှာ ကြောက်သဖြင့် မေသည် သီချင်းဆုံးလျှင် စန္ဒယားခုံမှထကာ ပရိသတ်ထဲ ရောက်နေလေသည်။ မေမှာ ချီးမွမ်းသူများ ခြံရံလျက်ရှိလေသည်။ မေ့အဖို့မှာ အောင်ပွဲမင်္ဂလာကြီး ဖြစ်လေသည်။ အားလုံးသော ပါးစပ်ဖျားမှာ မေ၏အမည်သာ ခေတ်စားလျက် သူတို့အား တည်ခင်းကျွေးမွေးသော အိမ်ရှင် ဦးဖေမောင်နှင့် ဇနီး ဒေါ်ငြိမ်းခင်ကိုပင် ခေတ္တ မေ့နေသလားဟု အောက်မေ့ရလေသည်။ မည်သူမျှ နှင်းကို စန္ဒယားတီးရန် မတောင်းပန်ကြ။ မည်သူမျှ ဝင်းကို သီးချင်းဆိုရန် ပွဲမတောင်းကြ။ အကြောင်းမှာ ကျေးငှက်ပေါင်း အလယ်မှာ မေသည် ဒေါင်းမကလေး ဖြစ်နေ၍ ဒေါင်းမကလေး အကကိုသာ မြင်ချင်ကြသည်။ ဒေါင်းမကလေး အိုးဝေတွန်သံကို ကြားချင်ကြသည်။ ဘုန်းရှိရောက်က၊ ဘုန်းမဲ့ ပျောက်ရတော့သည်။

ဒေါ်ငြိမ်းခင်မှာ မေ၏ နေရောင်ဝယ် သူ့သမီးချောနှစ်ယောက်၏ ကြယ်ရောင်လရောင်များ မလွှမ်းမိုးနိုင်သည်ကို ခံပြင်းနေလေသည်။ မေ့ကြောင့် သူ့သမီးများ အရောင်မထွက်ကြတော့။ မေ့ကြောင့် ပရိသတ်အားလုံးက သူတို့ကို ဂရုမစိုက်နိုင်ကြ။ သို့ဖြစ်လေရာ ဒေါ်ငြိမ်းခင်သည် စန်းအပွင့်ကြီး ပွင့်လျှက်ရှိသော မေ့ကို မနာလိုကြီး မနာလိုလျှက် ရှိလေသည်။ စန္ဒယား တီးပြီး

Commercial use of this book will be at your OWN RISK!

ကြလျှင် အပေါ်ထပ်မှ ကြေးစည်သံ ထွက်ပေါ်လာသည်။ တဖြည်းဖြည်း ညဥ့်နက်လာကာ ပရိသတ်လည်း စဲ၍သွားလေသည်။

မေသည် လူတွေဧည့်ခံရလွန်း၍ ငြီးစီစီနေသည်ဟု အကြောင်းပြကာ အိမ်ဘေး ပန်းခြံထဲတွင် ထိုင်နေလေသည်။ လမှာလည်း ပဝင်းလျှက်ရှိ၏။ သစ်ရွက် အခက်အလက်များမှာ လရောင်တွင် ငွေရည်လူးထားသလို မှတ်ထင်ရလေသည်။ သူသည် ညနေက ဥယျာဉ်ပွဲကို တွေးနေလေသည်။ ဒေါ်ငြိမ်းခင်က သူ့ကို မကျေနပ်ဖြစ်သည်ကို သူသိလေသည်။ သီချင်းဆိုရာတွင်လည်း မေ့ကို စိန်ကြောင်နီလာ ပတ်ပျိုးကို ဆိုရန်ပြော၏။ မေကမူ အဓိပ္ပာယ်ပါသော 'ချစ်သမျှကို' ကိုသာ ဆိုလေသည်။ ဩဇာပေးတတ်သူမှာ မိမိဩဇာ မတည်သဖြင့် မကျေနပ်ပေ။ ညစာထမင်းစားရာတွင် ဒေါ်ငြိမ်းခင်၏မျက်နှာမှာ သူ့ကို သဘောမကျသည့်ပုံ ပေါ်နေလေသည်။ မေသည် သူ့အား မနာလိုကြပြီကို သူသိလေသည်။ သူသည် ဟိုတွေးဒီတွေး တွေးနေရာမှ မခင်စီတို့ဆီ ရောက်သွားလေသည်။ မခင်စီမှတဆင့် ကိုကျော်မြင့်။

သူ့နောက်မှ ခြေသံကြားသဖြင့် မေသည် အတွေးကိုရပ်ကာ လှည့်ကြည့်လေသည်။ ဦးဖေမောင် ဖြစ်လေသည်။

"မေ တယောက်ထဲလား"

"ဟုတ်ကဲ့။ လေညှင်းခံနေပါတယ်။ နဲနဲလဲ ပန်းတာနဲ့"

မေသည် နောက်ထပ် စကားရှာမတွေ့သဖြင့် ဆက်မပြောဘဲ နေလေသည်။ အမှန်မှာ သူကလည်း စကားရှည်ရှည် မပြောချင်ပေ။ သို့ရာတွင် ဦးဖေမောင်မှာ တော်တော်နှင့် ပြန်အုံးမည်မဟုတ်။

"ဟုတ်တယ်။ လ ကလေးကလဲသာ၊ လေညှင်းကလေးက တဖြူးဖြူး နေရာကျတာပေါ့။ ခုလို ညက သိပ်သာယာနေတော့ အေးအေးဆေးဆေး အရသာခံလို့ ကောင်းတာပေါ့။ ကြည့်ပါလား။ ပန်းတွေတောင် ညအလှကို ကြည်နူးနေကြတယ်"

သူပြောသလိုပင် ပန်းရုံများမှ အပွင့်အရွက် အခက်အလက်များသည် လေညှင်းဝယ် ဆော့နေကြလေသည်။ ဦးဖေမောင်သည် သူ့အနားသို့ တိုးကပ်လာလေသည်။ မေသည် အိမ်ပေါ်သို့ တက်ရန် အချိန်တော်ပြီဟု အောက်မေ့သဖြင့် နေရာမှ ထလိုက်လေသည်။

"မေ အိမ်ပေါ် တက်တော့မယ်" ဟု မေ က ခြေလှမ်းပြင်ရင်း ပြော၏။

"ညနေက မေ ပီယာနိုတီးတာ သိပ်ကောင်းပါလား။ ပဲခူးကလူတွေကတော့ မေ့ကို သိပ်သဘောကျတာဘဲ။ သဘောလဲ ကျလောက်ပါတယ်။ မေက သိပ်တော်တာကိုး"

မေမှာ မပြန်သေးဘဲ သူ့စကားကို နားထောင်နေရသည်။

"နောက်ပြီး မေက လှတော့ လူတွေကို ငေးနေကြတာဘဲ"

စကားဆုံးလျှင် သူသည် မေ၏ပခုံးကိုကိုင်ကာ ကုန်း၍ နမ်းလိုက်လေသည်။ မေသည် မျက်နှာကို နှိမ့်လိုက်၏။ ဦးဖေမောင်၏ နှာခေါင်းမှာ မေ၏နဖူးကိုခတ်၍ ဆံထုံးမှဘီးနှင့် ပွတ်ထွက်သွားလေသည်။ ဘုရားလူကြီး ဦးဖေမောင် နောက်ထပ် နမ်းရန် အချိန်မရမီ မေသည် အပြေးကလေး အိမ်ပေါ်သို့ တက်သွားလေသည်။

Commercial use of this book will be at your OWN RISK !

မေမှာ အပေါ် သူ့အိပ်ခန်းသို့ရောက်လျှင် ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါး ရွှင်ရွှင်လန်းလန်းပင် ရှိလေသည်။ ဆင်ဝင်ခန်းဆီးကြားမှ ချောင်းကြည့်နေသော ဒေါ်ငြိမ်းခင်မှာ သူတို့၏ အဖြစ်အပျက်ကို အစအဆုံး မြင်လေသည်။ မေကို ဤအိမ်မှ အမြန်ဆုံး ထွက်သွားရမည်ဟု သူသည် ဆုံးဖြတ်လိုက်လေသည်။ မေက သိသည်မှာ ဦးဖေမောင် သူ့ကိုကြိုက်နေပြီ ဆိုတာသာ ဖြစ်လေသည်။ ဤကိစ္စမှာ ဦးဖေမောင်ကို ရှောင်လွှဲ၍ မျက်နှာမဆိုင်ဘဲနေလျှင် ပြီးမည်ဟု သူတွေးလေသည်။ မေသည် ဖွင့်ထားသော ပြတင်းပေါက်မှ ကောင်းကင်သို့ မော့်ကြည့်လိုက်လေသည်။ ငွေနားကွပ်ထားသော တိမ်တိုက် အဖြူများသည် မိုးရိပ်မိုးသား ကင်းစင်သော ကောင်းကင်ဝယ် လွင့်ပါးနေကြသည်။

× × × × × × ×

(၄)

မေသည် လက်ထဲမှစာအုပ်ကို ဖြတ်ကနဲ စာပွဲပေါ်သို့ ပစ်တင်လိုက်လေသည်။ တော်သလင်းနေမှာ အတော်ပူရာ စာဖတ်၍ မရလောက်အောင်ပင် ရှိသဖြင့် စာအုပ်ကို ချထားလိုက်ရလေသည်။

စာအုပ်မှာ ဟာဒီရေး ‘စိမ်းသောသစ်ပင်အောက်မှာ’ ဝတ္ထု ဖြစ်လေသည်။ နေ့ခင်း အားလျှင် စာဖတ်ခြင်းမှာ သူ့အကျင့်ဖြစ်၏။ နေ့မှာလင်း၏။ ကောင်းကင်မှာ ကြေးမုံပြင်ကဲ့သို့ မြူတိမ်တို့မှ ကင်းရှင်း၏။ သစ်ပင်များမှာ သူတို့၏ အရွက်အလက် အကိုင်းအခက်များကို နေပူရှိန်မှ မခံနိုင်ကြသောကြောင့် အောက်သို့စိုက်၍ နေကြကုန်၏။ ပန်းပွင့်များမှာလည်း သူတို့၏ ရိုးတံ ပွင့်ချပ်တို့ကို ခေါင်းငိုက်၍ထား၏။ အဝေး လယ်တောကြီးမှာ စပါးပင်များနှင့် စိမ်းစိမ်းစိုနေလျက် ကျောက်စိမ်းရောင် ပင်လယ်ပြင်ကြီးနှင့် တူနေလေ၏။ ငှက်တော်ကလေးများ အော်မြည်သံကို သဲ့သဲ့မျှကြားရ၏။

မနက်က မခင်စီထံမှ သူ့အကိုနှင့် ပဲခူးသို့ လာလည်မည့်အကြောင်း စာရလေသည်။ လာမည့် တနင်္ဂနွေနေ့ဖြစ်၍ နှစ်ရက်သာ လိုတော့၏။ မေသည် မခင်စီတို့ လာလည်မည့် ကိစ္စကို စဉ်းစားလေသည်။ ယခင်က မေမှာ ယခုမေနှင့် မတူတော့ပြီ။ ဒေါ်ငြိမ်းခင်က သူ့ကို ‘တယ်တော်တဲ့ ဆရာမကလေး’ ဟု မထင်မှတ်တော့။ လင်ဖမ်းနေသော အပျိုဟူ၍သာ အထင်ရှိလေသည်။ ခါတိုင်း စာသင်ချိန်တွင် ဒေါ်ငြိမ်းခင်သည် အပါးသို့လာကာ နားထောင်နေတတ်လေသည်။ ယခုမူ အိမ်ကိစ္စတွင် အလုပ်များကာ အစေခံတွေကို ကြိမ်းမောင်းနေတတ်လေသည်။ နှင်းနှင့်ဝင်းမှာ သူ့အမေက အရင်လိုမဟုတ်ဟုမှတ်ကာ ဝမ်းနည်းနေကြ၏။ မေ့အဖို့မှာ မည်သို့မျှ

Commercial use of this book will be at your OWN RISK !



မြန်မာ့မျှားနတ်မောင် ကွန်မြူနတီ

မပြောင်းလဲဘဲ ယခင်ကကဲ့သို့ပင် သူတို့ကို ယုယမြဲ ယုယကာ ဆရာမပီပီ ကြင်နာစွာ သဘောထားသဖြင့် သမီးနှစ်ယောက်မှာ သူတို့ဆရာမကို ချစ်ခင်လျက်ပင်ရှိလေသည်။

ဥယျာဉ်ပွဲ ပြီးကထဲက မေ့ကို မိုးကျနတ်မယ်ကလေးဟု မထင်ကြတော့။ ဒေါ်ငြိမ်းခင်က အစပြု၍ ဒေါ်မြင့်မြင့်၊ ဒေါ်အေးရှင်၊ အငြိမ်းစား စစ်ကဲကတော် ဒေါ်ချစ်တို့က မေ့ကို 'ပုံလွှားမ' ဟု အောက်မေ့လျက် ရှိကြသည်။ ရွယ်တူ အပျိုကလေးများကလည်း မေ့ကို 'ပုံတဲ့ ကောင်မ' ဟု သဘောထားကြသည်။ လူကုံထံပိုင်းမှာ ကိုယ့်ထက်သာလျှင် မနာလိုကြသည်။ အကြောင်းမှာ သူတို့သည် မေ့လောက် သူတို့ စန္ဒယားအတီးမကောင်းကြ၊ အင်္ဂလိပ်စကားကို ကျင်လည်စွာ မပြောတတ်ကြ၊ အဝတ်အစား ခေတ်ဆံအောင် မဝတ်တတ်ကြသောကြောင့် ဖြစ်လေသည်။

နောက်တနေ့ ဈေးထဲတွင် မေနှင့် ဝန်ထောက် ဦးစိန်တင်တို့ တွေ့ကြသေးသည်။ ဦးစိန်တင်မှာ ကားနှင့်ဖြစ်၍ ကားထဲတွင် ဒေါ်မြင့်မြင့်တို့လည်း ပါလေသည်။ မေနှင့် ဦးစိန်တင်တို့မှာ ရေပက်မဝင်အောင် အင်္ဂလိပ်လို စကားပြောလျက်ရှိကြရာ ဘေးက မေ့လိုမပြောတတ်သော ဒေါ်မြင့်မြင့်တို့ လူကုံထံတသိုက်မှာ ပါးစပ် အဟောင်းသားနှင့်သာ နေကြရသည်။ ထိုအခါကစ၍ နောက် မေနှင့်သူတို့ တွေ့ကြလျှင် မေ့ကို အရင်ကလို ပျူငှာစွာ နှုတ်မဆက်ကြတော့။ ဤသို့လျှင် အစက ယဉ်ကျေးသော မေမှာ ယောက်ျားတွေနှင့် ပရောပရီလုပ်သော၊ ပုံသောမေအဖြစ်သို့ ပဲခူး လူကုံထံပိုင်းက ကဲ့ရဲ့ သင်္ကြိုဟ်လျှက် ရှိလေသည်။

ထိုအခါမျိုးတွင် မေမှာ မခင်စီတို့ကို အထူးသတိရလေသည်။ မခင်စီကလည်း မေ့ကို သူတို့ဆီလာနေရန် ခေါ်ဘူးသည်။ မေလို သွက်လက်ပုံမျိုးမှာ ပဲခူးလို တောနှင့်မတန်ပေ။ မြို့ကြီးပြကြီးနှင့်သာ တော်သည်။ စနေနေ့တွင် မေသည် မခင်စီတို့လာလျှင် ကျွေးရန် ကိတ်မုန့် တပေါင် ဈေးထဲသို့ သွားဝယ်လေသည်။ အပြန်တွင် လန်ချားနှင့် လာလေသည်။ မွန်းတည့် ကျော်ကျော် ဖြစ်၍ ခြောက်သွေ့သောလမ်းမှာ ဖုံထ၍နေ၏။ ဦးဖေမောင်တို့အိမ်မှာ အဝေးကနေကြည့်လျှင် အတန်ငယ်လှ၏။ ချုံများသည် လေးတွဲ့စွာ ကူကြ၏။ လယ်ကွင်းဘက် ဆီမှ ကျွဲများ၏ အော်သံကိုလည်း တခါတရံ ကြားရ၏။ ဤနေရာမျိုးမှာ ယာခင်း လယ်ခင်းများ အကြောင်းသာ အိပ်မက် မက်နေဘို့ ကောင်းတော့သည်။

မနက်စာ ထမင်းစားပြီးကထဲက မေမှာ မခင်စီတို့ကို မျှော်နေလေသည်။ မေသည် ဆင်ဝင်ဘက် ပြတင်းပေါက်ကို မေးထောက်ကာ ပဲခူး–ရန်ကုန် လမ်းမကြီးဘက်ကို ကြည့်နေလေသည်။ အောက်ထပ်မှ သူတက်ပေးသော သီချင်းတပိုဒ်ကို နှင်းသည် တတောင်တောင် တီးနေလေသည်။ ဝင်းမှာ သီချင်းအဆို ကျင့်လျက်ရှိ၏။ မေသည် ကြာကြာမစောင့်ရ။ ခပ်ဝေးဝေးမှ ကားအနက်ကလေး အိမ်ဆီသို့ လာနေသည်ကို မြင်ကတည်းက ဒီကားဘဲဟု သူထင်လေသည်။ ကားထဲတွင် ယောက်ျားပျိုတဦးနှင့် အပျိုမတဦး ပါလာလေသည်။ ကားသည် ဝင်းထဲသို့ ကွေ့ဝင် လာ၏။ မေသည် အောက်ထပ်သို့ အပြေးဆင်းလာကာ ဆင်ဝင်အောက် ဆိုက်ထားသော ကားထဲမှ မခင်စီတို့ကို ပြာပြာသလဲ ကြိုဆိုလေသည်။ သူငယ်ချင်းနှစ်ယောက်သည် ဝမ်းသာ လွန်း၍ တယောက်လက်ကို တယောက် ဆုတ်ကိုင်ထားကြ၏။

"မေ၊ မေ့ တွေ့ရတာ သိပ်ဝမ်းသာတာဘဲ"

"စီ တွေ့ရတာလောက် ဝမ်းသာစရာ မကောင်းသေးပါဘူး"

Commercial use of this book will be at your own RISK !

"မေက သိပ်ကြည့်ကောင်းနေတာဘဲ။ ကျောင်းမှာတုံးကနဲ့တောင် မတူဘူး ကိုကို"

သူ့အကို ကိုကျော်မြင့်မှာ စက်ကိုရပ်လျက်ရှိရာ ဘရိတ်တွေ ဘာတွေ အကုန်နင်းပြီးမှ သူတို့ဆီသို့ လာနိုင်၏။

"ဒါက စီကိုကိုလေ၊ ကိုကျော်မြင့်တဲ့။ မေ့ အကြောင်းကိုတော့ ကိုကို့ ကို ခဏခဏပြောလို့ သိနေပါပြီ" ဟု မခင်စီက သူ့အကိုနှင့် မေကို မိတ်ဖွဲ့ပေးလေသည်။ သူတို့သည် ခေါင်းညိတ်ကာ အသိအမှတ် ပြုကြလေသည်။ ကိုကျော်မြင့်မှာ သူ့နှမရှေ့တွင်ဖြစ်၍ ရှက်နေ၏။

ချက်ချင်းပင် မေတွင် ကိုကျော်မြင့် ဘယ်လိုလူစားဆိုတာကို နားလည်လေသည်။ သူ့ကို အလိုက်အထိုက်ပြော၊ မခင်စီကလည်း သဘောကျမည်။ နောက် သနားလာအောင်လုပ်၊ နောက် သူ့ကို အားကိုးလိုသော အမူအရာကိုပြ၊ နောက် သူ့ကို စွဲလာအောင် မာယာဖြင့်နှွဲ့။ မေသည် စိတ်တွက်ဖြင့် အစီအစဉ်ကို ဂဏန်းချပြီး ဖြစ်လေသည်။

မေသည် မခင်စီတို့ကို ဧည့်ခန်းထဲသို့ ခေါ်သွားလေသည်။ မေနှင့် မခင်စီတို့မှာ နှစ်ယောက်ထိုင် ကုလားထိုင်တွင် ယှဉ်တွဲ၍ထိုင်၏။ ကိုကျော်မြင့်မှာ သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်၏။ ကိုကျော်မြင့်မှာ သူငယ်ချင်းနှစ်ဦး ပြောချင်တာ ပြောပါစေတော့ဟု စားပွဲပေါ်မှ မဂ္ဂဇင်းတစောင်ကို ဖတ်နေလေသည်။ သူ့နားထဲတွင်မူ မေ၏ ငွေဆွဲလဲသံကိုသာ ကြားနေရ၏။ ဝမ်းသာနေကြသော မေနှင့်မခင်စီတို့မှာ စကားပြော၍ အားမရအောင်ပင် ရှိကြ၏။ ထိုအချိန်တွင် ဦးဖေမောင်မှာ အိမ်ဦးခန်း သူ့စာဖတ်ခန်းကလေးတွင် သတင်းစာဖတ်ပြီး အိပ်လျက်ရှိ၏။ ဒေါ်ငြိမ်းခင်မှာ ဈေးသွားနေခိုက်ဖြစ်၏။ နှင်းနှင့် ဝင်းတို့မှာ စန္ဒယားတီးနေတုန်း၊ သီချင်းကျက်နေတုန်း။

"မေ့အခန်းက ဘယ်မှာလဲ။ မေ့ စာထဲအတိုင်းဆို သိပ်ကောင်းမှာဘဲ"

"အပေါ် မှာစီရဲ့။ လိုက်ကြည့်ပါလား"

သူတို့သည် ကုလားထိုင်မှ ထကြလေသည်။

"နေအုံးနော် ကိုကို"

"ဧည့်သည်ကို တယောက်ထဲ ထားခဲ့ရမှာ အားနာစရာကြီး" မေက အားနာကြောင်းပြော၏။

"ကိစ္စမရှိပါဘူး၊ သွားမှာသာ သွားကြပါ" ဟု ကိုကျော်မြင့်က ပြုံး၍ ပြောလေသည်။

မေနှင့် မခင်စီတို့သည် အပေါ်သို့ တက်သွားကြလေသည်။ သူတို့သည် မေ၏ အိပ်ရာပေါ်တွင် ထိုင်ကြ၏။ မခင်စီသည် အခန်းအခြေအနေကို လှည့်ပတ်၍ ကြည့်၏။ သူသည် ပြတင်းပေါက်သို့ သွားရပ်ပြန်၏။

"ဒီကနေ မြင်ရတဲ့ ရှုမျှော်ခင်းကတော့ သိပ်လှတာဘဲ။ လယ်ကွင်းကြီးကလဲ စပါးပင်တွေနဲ့ စိမ်းလို့။ အိမ်ဘေးမှာ ပန်းခြံ။ ဒါပေမဲ့ မေ့ကို စီ တခုမေးချင်တယ်"

"မေးပါ။ နိဒါန်းဆင်နေလိုက်တာ"

"မေ ဒီမှာနေရတာ ပျော်ရဲ့လား"

မေသည် ချက်ချင်းမဖြေသေးဘဲ "မေ တကယ် ဝမ်းထဲကရှိတာကို ပြောရမလား" ဟု သူ့ကို ကြည့်၍ ပြော၏။

"ဒါပေါ့" မခင်စီသည် မေ့ အိပ်ရာပေါ်တွင် ပြန်ထိုင်ရင်း ဖြေ၏။

Commercial use of this book will be at your OWN RISK.

"မေ တကယ်ပြောရမယ်ဆိုရင်တော့ ဒီမှာ မိနစ်တိုင်းကို သိပ်မုန်းတာဘဲ"

မေသည် ခေါင်းအုံးစွပ်များကို လက်နှင့်ပွတ်၍ နေ၏။ မခင်စီမှာ သူ့ကို ယုယဘို့ စကားများကို စဉ်းစားနေ၏။

"ဒီနေရာမှာ မေမှားတယ်ဆိုတာ မေသိပါတယ်။ တကယ်ဆိုတော့ မေဟာ ပျော်ဘို့ကောင်းတာပေါ့၊ ဘာမှ ပူစရာ ပင်စရာ မရှိဘူး။ စန္ဒယားကလေးတီး၊ စာဖတ်။ ဒါပေမဲ့ မေကိုက ဒီလိုအသိုင်းအဝိုင်းမျိုးနဲ့ မပျော်တာတော့ မေလဲ မတတ်နိုင်ဘူး။ တောကျတယ်ဆိုပြီး မပျော်တာ မဟုတ်ဖူး။ တောကျလို့ သာယာစရာ၊ စိတ်ကြည်လင်စရာဘဲ ရှိတာ။ မေမုန်းတာက သဘာဝ ဝတ္ထုတွေကို မဟုတ်ဖူး။ လူတွေကို"

မေသည် ဤနေရာရောက်လျှင် ရပ်လိုက်၏။ မခင်စီ၏ မျက်လုံး စိမ်းပြာပြာတွင် မင်းလွင်တို့ သန်းနေသည်ကို မေမြင်၏။

"မေ၊ စီတော့ သိပ်စိတ်မကောင်းတာဘဲ။ မေ တကယ်ဘဲ မပျော်ဘူးလား။ စီထင်တာက မေ ဒီမှာ ခင်ကြမင်ကြသူတွေပေါပြီး ဟန်ကျနေတယ်လို့ ထင်တာ"

"ခင်ကြမင်ကြလွန်းလို့ ခက်တာပေါ့ စီ။ ဟန်လဲ ဟန်ကျပါတယ် စီ။ ဟန်ကျတာဟာ ဒီပတ်ဝန်းကျင်နဲ့ မကိုက်ဘူး။ တလောလေးက ဒီအိမ်မှာ ဥယျာဉ်ပွဲတခု လုပ်တယ်"

"ပြောစမ်းပါအုံး မေ" မခင်စီမှာ မေ ပြောမှာကို ကြားချင်နေလေသည်။

"အဲဒီဥယျာဉ်ပွဲမှာ မေက စန္ဒယားတီးပြီး ဆိုရတယ်။ ညနေချမ်းလေးဆိုတော့ သိပ်တီးလို့ ကောင်းတာဘဲ။ မေလဲ တီးကောင်းကောင်းရှိတာနဲ့ သိပ်ကို တီးလိုက် ဆိုလိုက်တာ"

မခင်စီသည် မေ၏ လက်မောင်းကိုကိုင်ကာ "စီ ယုံပါတယ်။ မေက အဆိုကောင်း အတီးကောင်း။ သူတို့ မေ့ကို သိပ်သဘောကျကြမှာ"

"စီက အကုန်မှမသိဘဲ ဒီလိုပြောတာပေါ့။ စိမ်းနေတဲ့ လယ်ကွင်းကြီးတွေ၊ ကောက်ရိုးပုံတွေ၊ ပုလွေသံတွေ၊ ကျွဲတွေ တောပန်းတွေ၊ ဘာတွေနဲ့ တကယ့်တောရွာဆိုရင်တော့ စီထင်သလို ဟုတ်မှာပါဘဲ။ ပဲခူးဟာ တောရွာမဟုတ်ဘူး လယ်ယာကိုင်းကျွန်းလုပ်နေတဲ့ တောသား လယ်သမားတွေ နေတာမဟုတ်ဘူး။ လူကုံထံတွေ နေတဲ့အရပ် စီရဲ့။ လူကုံထံဆိုတာ ပိုက်ဆံရှိတဲ့ လူနဲ့ အစိုးရ အရာရှိကို ဆိုလိုတာ။ ဂုဏ်နဲ့ ပကာသနကို ဖက်သေကြမဲ့ လူကုံထံတွေ အမတ်ကတော် ဒေါ်အေးရှင်တို့၊ မှဆိုးမဝန်ထောက်ကတော် ဒေါ်ချစ်တို့၊ သမာဓိမြို့ဝန်နဲ့ မြေပိုင်ရှင်ကတော် ဒေါ်ငြိမ်းခင်တို့ ဟား ဟား"

မေ သည် မဲ့ရီကလေး ရီလေသည်။ သူသည် လူကုံထံပိုင်းကို ရယ်မောမိလေသည်။

"သူတို့ အစတုံးကတော့ မေ့ကို အင်မတန် သဘောကျကြတာပေါ့။ မေက ပီယာနိုလဲ အတီးကောင်းတာကိုး။ လူကုံထံ သားသမီးဆိုရင် စန္ဒယားတီးတတ်တာဟာ မတတ်မဖြစ်တဲ့ ပညာမျိုးကို စီရဲ့။ စန္ဒယားကို ဝါသနာပါလို့ စိတ်ထဲက ကိုက ဂီတဘက်ကို လွှတ်နေလို့ မဟုတ်ဘူး။ ဘယ်မင်းပွဲစိုးပွဲမှာ ဘယ်သူ့သမီး စန္ဒယားတီးတယ် ဆိုတာသာ လိုချင်တာ။ လူကုံထံအိမ်ရဲ့ ဧည့်ခန်းမှာ စန္ဒယားရှိမှ ဂုဏ်ရှိတယ်လို့ ယူဆကြတာလား စီ။ ဥယျာဉ်ပွဲမှာ မေက သီချင်းကြီး ရော ကာလပေါ်ရော ဟန်ကျပန်ကျ တီးပြဆိုပြလိုက်တော့ သူတို့အားလုံး မေ့ကို ဝိုင်းမနာလိုကြ တာပေါ့။ နောက်ပြီး ဝန်ထောက်နဲ့ တရားသူကြီးသားက မေ့ကို ဂရုစိုက်ကြတာလဲ အပျိုပေါက်

Commercial use of this book will be at your OWN RISK !

ကလေးတွေ အပျိုကြီးတွေက မကျေနပ်ကြဘူးပေါ့။ သူတို့ဆီမှာ ပိုက်ဆံရှိတဲ့လူတို့၊ အစိုးရအရာရှိတို့ဆိုရင် သိပ် ပါးရက်နားရက် လုပ်ကြတာ။ မေ အင်္ဂလိပ်စကား ပြောတာကိုလဲ သူတို့က သဘောမကျကြဘူး။ မေဟာ အရင်ကလို ရတနာလေး မဟုတ်ဖူး။ ကွယ်ရာမှာ မေးငေါ့ကြတာပေါ့။ မေတို့လို အညတရ ဆရာမလေးဟာ သူတို့ကိုးကွယ်တဲ့ လူကုန်ထံပိုင်းမှာ ချွန်နေတာ မကြည့်ရက်နိုင်ဘူးပေါ့"

"ဒီမိန်းမကြီးတွေ သိပ်မုန်းစရာကောင်းတာဘဲ" ဟု မခင်စီက မှတ်ချက်ချ၍ မခင်စီမှာ မေ အပြောနှင့် လူကုံထံပိုင်းကို စိတ်ချဉ်လျက်ရှိ၏။

"နောက်ပြီး တခုရှိသေးတယ်။ စန္ဒယားတီးကြတုံးက ဒေါ်ငြိမ်းခင်က မေ့ကို စိန်ကြောင်နီလာကို တီးဘို့ပြောတယ်။ စိန်ကြောင်နီလာက ချစ်သမျှကိုလောက် စာသားမှာ အဓိပ္ပာယ်ပါတာ မဟုတ်ဖူး။ မေက သူ့သြဇာကိုလွန်ပြီး ချစ်သမျှကိုတီးတော့ သူက သူ့သြဇာဆန့်ကျင်ဘက် လုပ်ရမလားဆိုပြီး မေ့ကို မျက်တာပေါ့။ သြဇာပေးတတ်တဲ့လူဟာ သြဇာမတည်ရင် ဘယ်ကျေနပ်မလဲ။ မေ သူ့အကြိုက် လိုက်လိုက်ရင်ကောင်းမှာ"

မေသည် ပြတင်းပေါက်မှ တွယ်၍ပေါက်နေသော ပန်းပွင့်ကလေး တပွင့်ကို ခူးလိုက်လေသည်။ မခင်စီမှာ မေ ပြောသမျှကို နားထောင်နေ၏။

"မေဟာ သီချင်းလဲမဆို စန္ဒယားလဲမတီးဘဲ သူ့သမီးနှစ်ယောက်ကို အမြဲချီးမွမ်းပြီး သူ့သြဇာကို တသွေမတိမ်း နာခံနေရင်တော့ မေ့ကို သိပ်ခင်မင်မှာ။ သဘောကျမှာဘဲ။ ဒီတော့ မေ့အဖို့မှာ အောက်ကျခံပြီး သူ့အကြိုက် မြှောက်ပင့်နေမလား၊ ဒါမှမဟုတ် ဒီအိမ်မှာ မနေတော့ဘို့ဘဲ။"

သူသည် လယ်ကွင်းကြီးဘက်သို့ ငေးမျှော်ကြည့်နေပြန်၏။

"မေ ဘယ်ထွက်သွားရမလဲ မသိပါဘူး"

"မေ၊ မေ ဒီလောက် မမိုက်စမ်းပါနဲ့ကွယ်" မခင်စီသည် ရင်ကလေး ကော့လာ၏။

"မိုက်တယ်"

"ဟုတ်တယ်၊ မိုက်တာပေါ့။ မေ ဒီစကားမျိုး မပြောသင့်ဘူး။ မေ အခုပြောနေတာက မေ့မှာ လောကမှာ မိတ်ဆွေတယောက်မှ မရှိသလိုဘဲ။ မေ့ကို စီ ခဏခဏ ပြောတယ်မဟုတ်လား။ စီနဲ့အတူ လာနေလှည့်ပါလို့။ မေ လာနေရင် စီ သိပ်ပျော်မှာ"

မေသည် သူ့ သူငယ်ချင်း မခင်စီကို ချစ်လွန်းသဖြင့် ဖက်ထားလေသည်။

"တကယ်ဆိုတော့ ဘယ်ဖြစ်မလဲ စီရယ်"

"ဘာပြုလို့လဲ"

"စီ တယောက်ထဲ စီ့ တဦးသဘောနဲ့ ရတာမဟုတ်ဘူး။ စီ့ အဖေတွေ အမေတွေက ရှိနေသေးတယ်။ သူတို့က မေ့ကို ဘယ်လိုထင်ကြမလဲ။ အိမ်ခြေယာခြေမတည် လေလွင့်နေတဲ့ မိန်းကလေးလို့ ထင်ကြမှာပေါ့"

"ဖေဖေတို့ မေမေတို့က သဘောကောင်းကြပါတယ်။ စီ့ကို အင်မတန် အလိုလိုက်ကြတာ။ စီ ချစ်ရင် သူတို့လဲ ချစ်ကြမှာပေါ့"

မေသည် ပြုံး၏။

Commercial use of this book will be at your OWN RISK.

“နောက်ပြီး စို့ အကို ကိုကျော်မြင့်ကဆိုရင် မေ့ကို ဘယ်လိုထင်မလဲ”

မခင်စီသည် မေ့ကို ရှုပ်ခနဲ တချက်နမ်းကာ “ယောင်းမကလဲကွယ်၊ ပူစရာမရှိ ပူနေလိုက်တာ။ ကိုကိုကလဲ မေ့ကို ချစ်နေတာပါ” ဟု စလိုက်လေသည်။

မခင်စီက မေ့ကို သူ့အကိုနှင့် စလိုက်သည်မှာ မေ တွေးသလောက်အထိ သူက ဆိုလိုရင်း မဟုတ်ပေ။ မေမှာ ဒီတခါတွင် ရှက်သွားကာ မျက်နှာကလေးပင် နီလာလေသည်။ သူတို့သည် အောက်ထပ်သို့ ဆင်းလာကြ၏။ မေသည် မခင်စီတို့ မောင်နှမနှစ်ယောက်နှင့် စကားစမြည် ပြောပြီးနောက် “မေ လက်ဖက်ရည် ဖျော်လိုက်အုံးမယ်” ဟု အကြောင်းပြကာ ဧည့်သည်နှစ်ဦးကို ဧည့်ခန်းတွင် ထားပြစ်ခဲ့၍ အတွင်းဘက်သို့ ဝင်သွားလေသည်။

သူနှင့် မခင်စီတို့ ပြောကြသည့် စကားကို မခင်စီသည် ကိုကျော်မြင့်အား ပြန်ပြောမည်ကို မေ အတတ်သိလေသည်။ မေ ထင်သည့်အတိုင်းပင် မခင်စီသည် မေ ထသွားလျှင် သူ့အကိုအား တလုံးမကျန် ပြန်ပြောလေသည်။ ကိုကျော်မြင့်မှာ သူ့နှမကဲ့သို့ သနားကြင်နာတတ်သည်။ အမှန်မှာ သူသည် မခင်စီ သဘောသကာယနှင့် ယောကျ်ားကိုယ်သာ ဖြစ်လေသည်။ သူသည် မေ့ကို တွေးကာ သနားလျက်ရှိလေသည်။ သူတို့အိမ်သို့ မေလာမည်ကို သူဝမ်းသာမိသည်။ သူသည် ကုလားထိုင်နောက်မှီကို ခေါင်းတင်ကာ ပန်းခြံထဲမှ စပယ်ပန်းရနံ့ မွှေးများကို ရှူလျက်ရှိ၏။ ထိုနေရာကလေးမှာ မေရွေးပေးသော နေရာဖြစ်၏။

အတန်ကြာလျှင် မေသည် စိန်ကတ္တီပါလို အမွှေးနုကြောင်နက်ကလေးကို ရင်တွင်ပိုက်ကာ သူတို့ဆီသို့ ပြန်ရောက်လာလေသည်။

“ဒီပူစီကလေးကမှ မေ့ကို တကယ်ချစ်တာ” ဟု ကြောင်ကလေး၏ ဝမ်းပိုက်နှင့် ပါးအပ်ကာ မေက ပြောပြရာ အားလုံး ဝိုင်းရယ်ကြလေသည်။ နောက် မေသည် ဧည့်သည်နှစ်ဦးကို လက်ဖက်ရည်၊ ကိတ်မုန့်ဖြင့် နေ့ခင်းစာ တည်ခင်းကျွေးမွေးလျက်ရှိလေသည်။ လက်ဖက်ရည် သောက်ပြီး၍ စကားပြောနေဆဲတွင် ဒေါ်ငြိမ်းခင်၊ ဦးဖေမောင်နှင့် သမီးနှစ်ယောက်တို့ ဧည့်ခန်းသို့ ဝင်လာကြ၏။ မေသည် အိမ်သူအိမ်သား အားလုံးကို မခင်စီ၊ ကိုကျော်မြင့်တို့နှင့် မိတ်ဖွဲ့ပေး၏။ ဦးဖေမောင်မှတပါး အခြားသူများသည် ဧည့်ဝတ်ကျေရုံသာ စကားပြောကြ၏။

“နောက်လဲ လာလည်တာပေါ့။ ဒီက ဆရာမလေး မိတ်ဆွေဆိုလဲ ကျုပ်တို့မိတ်ဆွေနဲ့ အတူတူပါဘဲ” ဟု ဦးဖေမောင်က ပျော့ပျောင်းစွာ ပြော၏။ မခင်စီမှာ နှင်းတို့ ဝင်းတို့နှင့် စကားပြောနေ၏။ ဦးဖေမောင်က ကိုကျော်မြင့်ကို သူ့မိဘများအကြောင်း မေးသဖြင့် ပြောပြနေလေသည်။ ဦးဖေမောင် တယောက်သာ သူတို့နှင့် ရယ်ရယ်မောမော စကားပြောလေသည်။

“ရောက်တဲ့အခါ မြို့ထဲ ရှောက်ကြည့်ကြပါအုံးလား။ ရွှေမော်ဓောတို့ ဘာတို့ သွားနိုင်တာဘဲ” ဟု ဦးဖေမောင်က ပဲခူးမြို့ လယ်စရာပတ်စရာကို ပြောပြ၏။

“ဟုတ်သားဘဲ မေ။ စီတို့ကို လိုက်ပြအုံးမှပေါ့”

မေမှာ ဝမ်းသာနေသဖြင့် ရွှေမော်ဓောသို့ လိုက်ပို့ရမှာကိုပင် မေ့လျက်ရှိလေသည်။

“ဒါဖြင့် အခုသွားကြတာပေါ့။ မေ အပေါ်တက်ပြီး အဝတ်လဲလိုက်အုံးမယ်”

“စီလဲ လိုက်ခဲ့မယ်။ ကိုကို နေရစ်ခဲ့အုံးနော်” ဟု စီက မေ၏ လက်မောင်းကို ကိုင်ကာ နှစ်ယောက်သား မေ့အခန်းကို သွားကြလေသည်။ မေသည် မခင်စီတို့ လက်ဆောင်ပေးသော

ရွှေရောင်ချိတ်ကို ဝတ်၏။ မေ အလှပြင်၍ ပြီးခါနီးတွင် မခင်စီ အောက်သို့ ဆင်းသွားလေ၏။ မေသည် လွတ်လပ်စွာ ပေါင်ဒါတို့၍နေ၏။ တကိုယ်လုံး ကြိုင်နေအောင် ရေမွှေးဆွတ်၏။ မေသည် သူ့ကိုယ်သူ လှသည်ထက် လှအောင် မွှေးသည်ထက် မွှေးအောင်ပြုပြင်၏။ ပြီးလျှင် အောက်သို့ ဆင်းလာ၏။

ရွှေရောင်ချိတ်နှင့် ရင်ပတ်တွင်ထိုးထားသော ရွှေရောင်ဖဲပွင့်ကလေးမှာ အလွန် လိုက်လျောနေသဖြင့် မခင်စီသည် မေလက်ကို ဆုတ်ကာ "မေနဲ့ လုံချည်နဲ့ လွတ်လိုက်တာဘဲ" ဟု ပြုံး၍ ချီးမွမ်းလေသည်။

"စီတို့ လက်ဆောင်ပေးတာကိုတောင် ကျေးဇူးတင်စကား မပြောရသေးဘူး" ဟု မေက ကားပေါ်တက်ရင်း ပြော၏။

"မေ အခုလို လှအောင်ဝတ်လာတာဟာ ကျေးဇူးတင်စကားပြောတာနဲ့ အတူတူဘဲ" ဟု ကိုကျော်မြင့်က စက်နှိုးရင်း ပြောလေသည်။ ကားလည်း ရွှေမော်ဓောဘက်သို့ မောင်းထွက်သွားလေသည်။ နောက်မှ မေ၏ ရေမွှေးနံ့ ပေါင်ဒါနံ့များသည် အရှေ့တွင် ကားစတီယာတိုင် ကိုင်နေသော ကိုကျော်မြင့်၏ နှာခေါင်းကို ချူကြကုန်၏။ သူတို့သည် ညနေစောင်းအထိ ရွှေမော်ဓောဘုရား စသည်တို့ကို လည်ပတ်ကြည့်ရှုကြလေသည်။ သူတို့သည် အပြင်တွင် အိမ်ထဲမှာထက် လွတ်လပ်ချမ်းသာစွာ စကားပြောနိုင်ကြလေသည်။ ကိုကျော်မြင့်နှင့် မေတို့မှာ အတော် ခင်မင် ရင်းနှီးလာကြ၏။ မခင်စီမှာ သူ့အကိုနှင့် မေတို့ ခင်မင်သည်ကို ဝမ်းသာလျက်ရှိ၏။ ရွှေမော်ဓောမှ ပြန်လာလျှင် သူတို့သည် ညနေစာစားကြ၏။ ထိုနေ့မှာ လပြည့်နေ့ဖြစ်ရာ ဧည့်သည်များသည် ၉ နာရီလောက်မှ လသာသာ အေးအေးလူလူ ကားမောင်း၍ ပြန်ကြမည် ဖြစ်၏။ ဦးဖေမောင်တို့အိမ်မှာ ညနေအေးလာလျှင် လေပြေလေညင်း တသင်းသင်းနှင့် နေခင်း ထိုင်ခင်း အလွန်သာယာ၏။ နေဝင်လျှင် လထွက်လာလေသည်။

ဦးဖေမောင်နှင့် ကိုကျော်မြင့်တို့မှာ အိမ်ရှေ့ဧည့်ခန်းတွင် စကားပြောလျက် ရှိကြ၍ မခင်စီမှာ မေနှင့်အတူ အလယ်ခန်းတွင် စကားကောင်းလျက် ရှိကြလေသည်။ လယ်ကွင်းဘက်ဆီမှ ငှက်တော်တို့ ပုဇင်းထိုးတို့ အော်မြည်ကြ၏။ ပန်းခြံထဲမှ ရွှေချိုးဖြူများ ကူနေကြ၏။ စာကလေးများလည်း တကျိကျိ မာဂဓသံ ကျူးရင့်နေကြ၏။ ထိုအခိုက် အလယ်ခန်းဆီမှ ငှက်တကာတို့၏ မာဂဓသံထက် သာယာချိုမြသော ကြိုးကြာမယ်ကလေး၏ တေးသံသည် တလွင်လွင် ပေါ်ထွက်လာလေသည်။ ကိုကျော်မြင့်သည် ခေါင်းထောင်၍ နားစွင့်၏။ သီချင်းသံမှာ မေ၏အသံ ဖြစ်လေသည်။ စန္ဒယားသံမှာ အဆိုနှင့်အတူ ငြိမ့်ငြောင်းလှလေသည်။

"ချစ်မေတ္တာသာ နှင်းဆီပွင့်ကလေးဖြစ်လျှင်
ပျိုမေခင်သာ သစ်ရွက်ကလေးဖြစ်လျှင်
အစဉ် နွဲ့လို့ တွဲနေမှာဘဲရှင်၊
အေးလျှင်အေး ပူလျှင်ပူ
ကွင်းပြင်မှာ ပန်းခြံမှာပင်၊
မေတ္တာပန်း ပွင့်လန်းမှာရှင်"

Commercial use of this book without your own risk

ကိုကျော်မြင့်သည် သီချင်းဆုံးလျှင် မခင်စီတို့ဆီသို့ သွားကာ စန္ဒယားဘေးတွင် ရပ်လျက် "မေက အဆိုရော အတီးရောကို သိပ်ကောင်းတာဘဲ" ဟု ချီးမွမ်းလေသည်။

မေသည် ပြုံး၍သာ နေလေသည်။ မခင်စီသည် မည်သို့မျှမပြော။ သူသည် အချစ်တေးတွင် စိတ်ကူးယဉ်၍နေသည်။

"ကိုမောင်ကော" ဟု ဒေါ်ငြိမ်းခင်က ဧည့်သည်နှင့် စကားမပြောသော သူ့ယောက်ျား အတွက် မေး၏။

"လကသာသာ လေက အေးအေးဆိုတော့ ကြိမ်ကုလားထိုင်ကြီးပေါ်မှာ အိပ်ပျော်နေ ထင်ပါရဲ့" ဟု ကိုကျော်မြင့်က ပြုံး၍ဖြေ၏။

နောက် နှင်းနှင့် ဝင်းတို့ပါ ဝင်လာကြ၏။ ဒေါ်ငြိမ်းခင်မှာ သူ့ယောက်ျားရှိရာသို့ သွားလေသည်။ နှင်းနှင့် ဝင်းတို့မှာ မခင်စီကို ရန်ကုန်သူတွေအကြောင်း မေးနေလေသည်။

"စီ တို့ကို မေက ပန်းတွေ လက်ဆောင်ပေးလိုက်ရမယ်။ ခြံထဲမှာ ပန်းတွေ သိပ်ပေါတာ"

နှင်းနှင့် ဝင်းတို့မှာ မေ့အကြံကို သဘောတူကြလေသည်။

"ဟုတ်တယ် ဆရာမ။ လက သိပ်သာတာ။ လင်းလို့၊ ဝင်းလို့၊ ပန်းခြံထဲမှာ ပန်းခူးလို့ သိပ်ကောင်းမှာဘဲ"

မခင်စီမှာ သူတို့နှင့် စကားကောင်းနေခိုက် မေနှင့် ကိုကျော်မြင့်တို့မှာ ပန်းခြံထဲသို့ သွားကြလေသည်။ မခင်စီကလည်း "ကိုကို မေနဲ့ အဖော် လိုက်သွားပါလား" ဟု ပြော၍ နေရစ်လေသည်။

"ဒေါ် ငြိမ်းခင်ကြီးတော့ မဲ့နေမှာဘဲ"

"အို သူတို့ကို ဂရုစိုက်စရာ မရှိပါဘူး"

ဦးဖေမောင်မှာ ပန်းစိုက် အထူးဝါသနာပါရာ သူတို့၏ပန်းခြံမှာ အတော်ကျယ်ဝန်း၍ ပန်းမျိုး အလွန်စုံ၏။ သစ်သီးဝလံပင်များလည်း ဖွံ့ဖြိုးစွာ ပေါက်နေကြ၏။ သူတို့သည် ပုဏ္ဏရိပ်ရွက်တန်းများအလယ် ကြားလမ်းမှ ဖြတ်သွားကြ၏။ လသည် တခြံလုံးလင်းနေအောင် တရွန်းရွန်း တောက်ပ၍နေ၏။ ပန်းရွက် ပန်းခက်များတွင် ငွေရောင်လက်နေသလောက် မြေအပြင်မှာ အရိပ်များဖြင့် အကွက်အကွက် ဖြစ်နေလေသည်။ ဒေစီပန်း၊ အင်္ဂလိပ် ဂန္ဓမာပန်း၊ ဒေလီယာပန်း၊ ဇော်မွှားပန်းရုံများမှ အပွင့်ချပ်တို့မှာ လေနုအေး၏ ကကြိုးဆွဲတိုင်း ဘယ်ယိမ်း ညာနွဲ့ ကနေကြ၏။ သစ်သီးအနံ့များ မွှေးကြိုင်နေကြ၏။ ပန်းခြံမှာ သူတို့ရှေ့ဝယ် ငွေသွေး အဖူးကို အလှဂုဏ်ကျူးကာ သူတို့ကို "လာလှည့်စမ်းပါ" ဟု မာယာနွဲ့၍ ဖိတ်ခေါ်ကြ၏။ လေအသွေးတွင် ပန်းအခိုင်ခိုင်တို့သည် ကိုင်းညွှတ်ကာ ခူးဆွတ်အသင့် စောင့်စားနေကြ၏။ သူတို့သည် ပန်းအလှတို့၏ မာယာကျော့ကွင်းတွင် မိ၍နေကြလေသည်။ အကြောင်းမှာ သူတို့သည် ပန်းခြံအတွင်းသို့ ရောက်နေကြသောကြောင့် ဖြစ်လေသည်။

"လာ လာ၊ ဒီဘက်လာ။ ဒီရုံက ပန်းတွေပေါတယ်" မေသည် ရှေ့သို့ သွားလေသည်။

ကိုကျော်မြင့်၏ နားထဲတွင်ကား မေ ဆိုသော "ချစ်မေတ္တာသာ နှင်းဆီပွင့်ကလေးဖြစ်လျှင်" ဟူသော သီချင်းသံသည် ပဲ့ထင်နေလေသည်။ မေကလည်း ထိုသီချင်းကို စိတ်ထဲက ရွတ်ဆို၍

Commercial use of this book will be at your OWN RISK

နေလေသည်။ ဒီညအဖို့မှာ မေ လှုပ်ရှားလိုက်သော အမူအရာတိုင်းသည် ကျက်သရေရှိရမည်။ မေ ပြောလိုက်သော အသံတိုင်းသည် ကဗျာဆံရမည်။

"ကိုကျော်မြင့်တို့တော့ တော်ကြာရန်ကုန်ပြန်ရတော့မှာ"

ကိုကျော်မြင့်သည် တိတ်ဆိတ်ခြင်းကို ဖြိုဖျက်လေသည်။ မေသည် ပန်းခူးနေရာမှ သူ့ကို ကြင်နာသည့်ဟန်ဖြင့် ကြည့်၏။ သူ့စိတ်ထဲတွင်ကား ညနတ်သမီးငယ်ကလေးကို ပွေ့ချင် ပိုက်ချင် ယုယချင်နေလေသည်။

"မခင်စီတို့ပြန်ကြရင် မေတော့ သိပ်အောက်မေ့ နေရစ်မှာဘဲ"

မခင်စီတို့ဟု ဗဟုဝုစ်နှင့် သုံးသဖြင့် မေ အောက်မေ့သည့်အထဲတွင် သူလည်း ပါသည်ကို သူသိလေသည်။ မေ သည်သက်ပြင်းချ၏။

"မေက ပန်းပင်တွေ၊ ငှက်ကလေးတွေနဲ့ တောသာယာခင်းကို အင်မတန်ချစ်တတ်တယ် ထင်တယ်၊ ဟုတ်လား" ဟု ကိုကျော်မြင့်က မေးသေးသည်။

"မေဟာ တောခလေ့ တောအလှကို အင်မတန်ချစ်ပါတယ်။ ဒါပေမဲ့ ကိုကျော်မြင့်ရယ်၊ ဘယ်လောက် တောဟာ နေချင်စရာကောင်းပေမဲ့ ချစ်တဲ့ ခင်တဲ့ လူတွေကြားမှာမှ စိတ်ချမ်းသာ မှာ၊ ပျော်မှာပေါ့"

မေ ပြောသည်မှာ ဟုတ်သည်ဟု သူတွေးလေသည်။ မေကလည်း သူ့ကိုသာ စဉ်းစား နေလေသည်။ သူ့ချစ်သူ သက်လှယ်ဖြစ်လျှင် မည်သို့ နေလိမ့်မည်နည်း၊ သူ့ရင်အုပ် လက်မောင်း သားများသည် မည်မျှ တင်းမာနေလိမ့်မည်နည်း၊ သူ့နှုတ်ခမ်းမှာ အချစ်ဇောရမက်ကြောင့် မည်မျှ ပူနွေးနေလိမ့်မည်နည်း။

သို့ရာတွင် မေသည် သူ့ကို လင်ယောကျ်ားအဖြစ် ရောက်အောင် မမှန်းပေ။ တကယ်လည်း မေသည် လင်မလိုချင်သေး။ တပ်မက်ခြင်းစိတ် ပြင်းထန်လာရုံနှင့် လင်ယူကာ အိမ်ထောင်သည် အဖြစ် မနေချင်ပေ။ သူသည် နှစ်ဆယ်ကျော်ကျော်သာ ရှိသေးသည်။ အပျိုလုပ်၍ ကောင်းတုံး အရွယ် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တော်ကြာ ကိုကျော်မြင့်တို့ ရန်ကုန်ပြန်သွားကြလျှင် မေ သည် အောက်မေ့ လွမ်းဆွတ်နေမည်မှာမူ အမှန်ပင် ဖြစ်လေသည်။

"မေ ဘာစဉ်းစားနေတာလဲ" ကိုကျော်မြင့်သည် ညင်သာစွာ မေးလေသည်။

မေသည် သက်ပြင်းချကာ လယ်ကွင်းဘက်သို့ မျှော်ကြည့်နေလေသည်။ သူတို့သည် လဲကျ နေသော ရှောက်ပင်ကိုင်းပေါ်တွင် ထိုင်လျက် ရှိကြ၏။ မေမှာ ခူးပြီးသော ပန်းအခိုင်များကို ရင်ခွင်တွင်ပိုက်ကာ ငေး၍နေ၏။ ဆောင်တော်ကူးပန်းရုံမှ ရနံ့များသည် မွှေးကြိုင်လှိုင်၍ နေကြ၏။ သူတို့ရှေ့ရှိ မာလကာပင် အကိုင်းအခက်တို့သည် လရောင်အောက် မြေအပြင်ဝယ် အရိပ်များ ထိုးကျသော ဝက်ပါကွက် ရာဇမတ်ကွက်များသဏ္ဍာန် ဖြစ်ပေါ်နေလေသည်။

" မေ စဉ်းစားနေတာက ဆောင်းတွင်းကျရင် ဘယ်ရောက်နေမလဲဆိုတာ"

မေ၏ စိတ်အာရုံတွင် အိပ်မက် မက်နေ၏။ သူ့အိပ်မက်ထဲတွင် သူသည် အစိမ်းရောင် အဝတ်တန်ဆာကို ဆင်ယင်ကာ ရွှေဖြင့် အတိပြီးသော အခန်းဆောင်တခုတွင် ရောက်နေ၏။ သူ့လည်ပင်းတွင် ပုလဲကုံးစွပ်ထား၏။ သူ့မှာ တယောက်တည်းဖြစ်၏။ အပြင်မှ ဆူညံသော

Commercial use of this book will be at your OWN RISK!

အသံတွေ ကြားရကာနောက် တိတ်ဆိတ်သွားကြ၏။ သူ့ အိပ်မက် ကွယ်ပျောက်သွားလျှင် သူသည် နေရာမှ ထလိုက်လေသည်။

“ကဲ ပြန်ကြရအောင်လေ”

ကိုကျော်မြင့်လည်း ထလိုက်ရလေသည်။

“ခဏနေပါအုံးလား မေရယ်”

“မေတို့ ဒီမှာ အတော်ကြာသွားပြီ ကိုကျော်မြင့်ရဲ့”

မေသည် ပန်းခိုင်ကိုပိုက်ကာ ပြန်ရန် ခြေလှမ်းပြင်လေသည်။ ကိုကျော်မြင့်သည် မေ့အနောက်မှ လိုက်ပါလာလေသည်။ လသည် တိမ်တိုက်တတိုက်ကွယ်နေသဖြင့် မှောင်နေ၏။ အတန်ကြာလျှင် မခင်စီတို့မောင်နှမသည် ဦးဖေမောင်တို့ အိမ်သားများနှင့် မေ့ကို နှုတ်ဆက်ကာ ပဲခူးမှ ထွက်ခွာသွားကြလေသည်။ သွားခါနီး ကားပေါ်မှ “သွားအုံးမည်နော် မေ” ဟု နှုတ်ဆက်သော ကိုကျော်မြင့်၏အသံမှာ အနည်းငယ် တုန်သည်ကို မေ ကောင်းစွာ သတိထားမိလေသည်။ ကိုကျော်မြင့်ဘေးတွင် ထိုင်နေသော မခင်စီမှာ မငိုမိအောင် မနည်း စိတ်ကို တင်းထားရ၍ သူ့အကို အသံတုန်သည် မတုန်သည်ကို ဂရုမစိုက်အားပေ။ မေသည် သူတို့ ကားကလေး လမ်းချိုးတွင် ကွယ်သွားသည့်တိုင်အောင် ဝင်းတံခါးဝတွင် ငေးကျန်ရစ်ခဲ့လေသည်။

ထိုညဌ မေသည် အပြာရောင် ပန်းပွင့်ကလေး သစ်ရွက်အကြားမှ ဖူးနေသည်ကို မြင်ရသည်ဟု အိပ်မက် မက်လေသည်။ သစ်ရွက်ကလေးမှာ ပန်းပွင့်အပြာကလေးကို ပွေ့ဖက်၍ ထားလေသည်။

× × × × × × ×

(၅)

ပန်းခြံထဲမှာတုံးက မေသည် ကိုကျော်မြင့်နှင့် ခွဲခွာ၍ အိမ်ထဲသို့ဝင်ရန် အချိန်တွက်သည်မှာ အတွက်ကောင်း ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် ကိုကျော်မြင့်သည် ရန်ကုန်ပြန်ရောက်ကတည်းက မေ့ကို စွဲလန်းလျက်ရှိလေသည်။ ကိုကျော်မြင့်က ချစ်စကားပြောရန် ကြံနေဆဲ မေက သူ့ကို ပြန်တော့မယ်ဟု ပြော၍ ပန်းခြံမှ အိမ်တွင်းသို့ ဝင်သွားသဖြင့် သူ့မှာ ရန်ကုန်ရောက်သည့်တိုင်အောင် မဆုံ့တင့် ဖြစ်နေလေသည်။ မဆုံ့တင့်ဖြစ်ခြင်းမှာ မေ့ကို ပို၍ စွဲလန်းစေ၏။ သူသည် စိတ်တည်ငြိမ်အောင် စာကိုဖတ်လေသည်။ စာလုံးများမှာ မေ၏ မျက်လုံးပြာကလေးများသာ ဖြစ်နေလေသည်။ သူသည် မနေတတ် မထိုင်တတ်အောင်ပင် မေ့ကို စွဲလျက်ရှိ၏။ သူတို့အိမ်မှာ ကန်တော်ကြီးဘေး ပတ်လမ်းတွင်ဖြစ်ရာ နေ့ခင်းဆိုလျှင် တိတ်ဆိတ်အေးချမ်းသဖြင့် ပို၍



Commercial use of this book will be at your OWN RISK

စိတ်ပြန့်လွင့်၏။ သူသည် စိတ်ပြေလက်ပျောက် မြို့ထဲသို့ ထွက်သွားလေသည်။ မြို့ထဲတွင် စိတ်ပြေလက်ပျောက် ရုပ်ရှင်ကြည့်ရန်ဖြစ်၏။ အပြင်တွင်ကား ဓာတ်ရထားသံ၊ မော်တော်ကားသံ၊ လူသံသူသံများဖြင့် ဆူညံနေ၏။ ယခုလက်ငင်းမူ သူသည် ဘာမျှမလုပ်တတ် မကိုင်တတ်။ စာရေးရ ကောင်းမလားဟု ကြံမိသည်။ အကယ်၍ စာရေးလျှင် "ကိုကိုမြင့်တော့ မေ့ကို စွဲနေပြီ" ဟု ရေးမည်ဖြစ်၏။ နောက် သူသည် မေ့ထံသို့ လက်ဆောင် တခုခုပို့ရန် ဆုံးဖြတ်၏။ လက်ဆောင်ပေးခြင်းမှာ စာလုံးပေါင်း ရာထောင်ထက်မက အရာရောက်သည်ဟု သူထင်၏။ မေ့ထံသို့ လက်ဆောင်များ ပို့လိုက်လျှင် မေသည် အထုပ်ကြိုးများကို ဖြေကာ အတွင်းရှိအရာကို မျက်လုံးပြာကလေးဖြင့် ကြည့်လိမ့်မည်။ မေသည် လက်ဆောင်ကို ရင်ခွင်ပိုက်ကာ ပြုံးနေလိမ့်မည်။ သို့ရာတွင် ဘယ်လိုလက်ဆောင်မျိုး ပေးမည်နည်း။ သူသည်တွေး၏။

ဖဲပွင့် အခိုင်နှင့်ပန်း၊ ကြာကြာခံမည် မဟုတ်။ ထို့ထက်မှာ မေသည် ပန်းတွေပေါသော အရပ်တွင် နေသူဖြစ်၏။ မေကိုယ်တိုင်မှာ ပန်းပွင့်ကလေးဖြစ်၍ သူတွေ့သမျှ ပန်းထဲတွင် အမွှေးဆုံး အလှဆုံး ဖြစ်လေသည်။ ချောကလက်ဆိုလျှင်ကော။ သူ့အသိဉာဏ်ထဲတွင် ရုတ်ခြည်း ပေါ်လာ၏။ ချောကလက်မှာ ပျံ့တံတံ မိန်းကလေးများကိုသာ ဆိုလို၍ မေလို တော်ဝင်သူနှင့် လားလားမျှ မတော်ပေ။ ချောကလက်ပို့လိုက်လျှင် မေကလည်း စိတ်ဆိုးချင် ဆိုးလိမ့်မည်။ အဝတ်အစား ဆိုလျှင်ကော။ ကောင်းသည်။ အဝတ်အစားကို သူသဘောကျသည်။ သို့ရာတွင် သူသည် မဝယ်တတ်။ အတိုင်းအထွာကိုလည်း နားမလည်။ မခင်စီကို ဝယ်ခိုင်းရမှာကလည်း မခင်စီကို ဤကိစ္စတွင် လုံးလုံး အသိမပေးချင်။ အချစ်ကဗျာ လင်္ကာစာအုပ်တအုပ်ပေးရန် နောက်ဆုံး အကြံရ၏။ သို့ရာတွင် စာအုပ်မှာလည်း ချက်ချင်းလက်ငင်း ထိထိရောက်ရောက် အကျိုးဖြစ်မည် မဟုတ်ပေ။

သူသည် လမ်းလျှောက်ကာ လက်ဆောင်အကြောင်းကို စဉ်းစားရင်း ကံအားလျော်စွာ ပီအောတိုက်ရှေ့သို့ ရောက်သွားလေသည်။ သူသည် မှန်တံခါးတွင်းသို့ ကြည့်မိလေသည်။ မှန်အဆင့်များပေါ်၌ကား လက်ပတ်နာရီကြိုး၊ ကြယ်သီး၊ လည်ဆွဲ၊ ပုလဲကုံး၊ ငွေစီးကရက်ဘူး စသော အသုံးအဆောင်များကို ဘန်းပြထား၏။ စိန်ရောင် မြရောင် နီလာရောင်များသည် ပြိုးပြက်၍ နေကြ၏။ သူသည် ရပ်ကာ အတွင်းရှိ ပစ္စည်း အသုံးအဆောင်များကို ကြည့်နေဆဲ သူ့မျက်စိသည် အလှပြထားသော အရာကလေးတခုပေါ်သို့ ရောက်သွားလေသည်။

ထိုအရာမှာ ရွှေကြိုး၊ ရွှေချိတ်ဖြင့် မွမ်းမံထားသော နီလာရင်ထိုးကလေး ဖြစ်လေသည်။ သူသည် ထိုနီလာရင်ထိုးကို တွေ့လျှင်တွေ့ချင်း သူလိုချင်သောအရာဟု ချက်ချင်းသိလေသည်။

သူသည် ဆိုင်အတွင်းသို့ အပြေးကလေး ဝင်သွား၏။ တံခါးစောင့် ကုလားပင် သူ့တတောင်ကို တိုက်သွားသဖြင့် ဒေါကျန်ရစ်၏။ သပ်သပ်ရပ်ရပ် ဝတ်စားထားသော ယောကျ်ားပျို တဦးသည် သူ့အနားသို့ကပ်ကာ "ဘာအလိုရှိပါသလဲခင်ဗျာ" ဟု ယဉ်ကျေးစွာ ခေါင်းကို အနည်းငယ် ညွတ်၍ မေးလေသည်။

"ကျွန်တော် ဟိုမှန်သေတ္တာထဲက ရင်ထိုးကလေး၊ နီလာနဲ့လုပ်ထားတဲ့ ရင်ထိုးကလေး လိုချင်တယ်။ တဆိတ်ပြစမ်းပါ" ဟု ဝမ်းသာနေသော ကိုကျော်မြင့်က ပြောလေသည်။

"ဟုတ်ကဲ့"

Commercial use of this book will be at your OWN RISK!

ယောက်ျားပျိုသည် မှန်သေတ္တာကို သွား၍ဖွင့်ကာ အတွင်းမှ ဈေးဝယ်သူ ညွှန်ပြသော ရင်ထိုးကို သူ့ဆီသို့ ယူလာလေသည်။ ရင်ထိုးကလေးကို ဖဲကြိုးဖြင့် ချည်ထားရာမှ ဖြုတ်ကာ ကတ္တီပါအနက်ပေါ်တွင် တင်ပြလေသည်။ ကိုကျော်မြင့်သည် နီလာရင်ထိုးကလေးကို ကိုင်ကြည့်လေသည်။

သူ့မျက်စိထဲတွင် အပြာရောင်ရွှန်းနေသည့် နီလာလုံးကလေးများကို မမြင်။ မေ၏ တဖိတ်ဖိတ် တောက်နေသော မျက်လုံးပြာများကိုသာ မြင်လေသည်။

သူသည် သက်ပျင်းချ၏။ စာပွဲနောက်မှ ရပ်နေသောသူသည် အပွန်းဟု ချောင်းဆိုး၏ "အထည်က အင်မတန် ဗိုလ်ဆံပါတယ်။ ယဉ်လဲ ယဉ်ပါတယ်။ ရွှေပေါ်မှာ နီလာကို သွင်းစီထားတာ သိပ်သပ်ရပ်ပါတယ်"

ကိုကျော်မြင့်သည် ဈေးသည်က သူ့ပစ္စည်းကို ဂုဏ်တင်နေသည့် စကားကို ခေါင်းညိတ်၍ နေ၏။

"တော်တော် ဈေးကြီးမှာဘဲနော်"

အမျိုးအစား လက်ရာကိုလဲ ကြည့်သေးတာပေါ့။ နီလာရည်ကလဲ ပြာလဲ့လဲ့ အသွေးဟာ ဖြာထွက်ပြီး ရွှေအနားတွန့်ကလေးတွေနဲ့ အလွန်ပနံရပါတယ်။ လက်ဆောင်ပေးဘို့တော့ သိပ်ကောင်းပေါ့ဗျာ" ယောက်ျားပျိုသည် ဒုတိယမ္ပိ သူ့ပစ္စည်းကို သိဒ္ဓိတင်ပြန်လေသည်။

ဈေးဝယ်သူသည် ငေးနေ၏။

"သေသေချာချာ အနားကပ်ကြည့်ပါ။ မိတ်ဆွေ၊ သိပ်ကြိုက်လိမ့်မယ်" ဟုပြောကာ မှန်ဘီလူးဝိုင်းကလေးကို ယူလာလေသည်။

သူသည် ခေါင်းခါ၍ "နေပါစေ။ ဒီလောက်လဲ မြင်ရပါတယ်။ ရင်ထိုးကလေးက တော်တော့ယဉ်တာဘဲ။ အဖိုး ဘယ်လောက်လဲ ဆိုတာသာ ပြောပါ"

"ငါးဆယ့်သုံးကျပ် ခင်ဗျာ့"

သူသည် နှုတ်ခမ်းကိုကိုက်၍ နေ၏။ အဖိုးတန် ပစ္စည်းကလေးဖြစ်၏။ မေ့ဘို့ လက်ဆောင်ပေးဘို့ကား အလွန်သင့်လျော်၏။ သူသည် ဘာဘဲဖြစ်ဖြစ် ဝယ်မည်ဟု သန္နိဋ္ဌာန် ချလိုက်၏။ မသကာ ဒီလ ချွေချွေတာတာ သုံးလိုက်လျှင် ဟန်ကျမည်။

ကိုကျော်မြင့်သည် မဆစ်တော့ဘဲ ကျသမျှငွေကို ထုတ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ" ဈေးရောင်းသူသည် ခေါင်းကိုညွှတ်ကာ ငွေကို လှမ်းယူလေသည်။

"ကျွန်တော် ယူမသွားပါဘူး။ ဟောဒီ လိပ်စာအတိုင်းသာ ပို့ပေးပါ"

သူသည် မေ့လိပ်စာကို စက္ကူတစ်ရွက်ပေါ်တွင် ရေးပေးလေသည်။

ဈေးရောင်းသူသည် နီလာရင်ထိုးကလေးကို ဖဲကြိုးဖြင့် ရစ်ပတ်နေဆဲ "မိတ်ဆွေရဲ့ နာမယ်ကောခင်ဗျာ။ တွဲပြီး ရေးပို့ရအောင်"

ကိုကျော်မြင့်သည် ရှက်ပြုံးပြုံးကာ "ကိစ္စမရှိပါဘူး။ မလိုပါဘူး။ ဟိုက ကျွန်တော်ပို့မှန်း သိပါတယ်" ဟု ပြောလိုက်လေသည်။

Commercial use of this book will be at your OWN RISK!

သူသည် ပြုံး၍ လှမ်းပေးသော ယောက်ျားပျိုထံမှ ဘောက်ချာစာရွက်ကိုယူကာ ဆိုင်ထဲမှ ထွက်လာလေသည်။ သူသည် တနေ့လုံး ပျော်နေ၏။ တလမ်းလုံးလည်း တွေ့သမျှ မိတ်ဆွေတွေကို ပြုံး၍သာ နှုတ်ဆက်၏။ ညနေစောင်း သူအိမ်ပြန်သောအခါ သူသည် 'ချစ်မေတ္တာသာ နှင်းဆီပွင့်ကလေ ဖြစ်လျှင်' ဟူသော သီချင်းကို တိုးတိုးသီဆိုရင်း လှေကားထစ်ကို နင်းတက်လျက် ရှိလေသည်။

× × × × × × ×

မေမှာ သူတို့ ပြန်သွားပြီးကထဲက နာကျင်သော စိတ်ဝေဒနာ ခံစားနေရလေသည်။ မခင်စီတို့ ကိုကျော်မြင့်တို့ အကြောင်းကို စဥ်စားမှသာ စိတ်ပျော်မိလေသည်။ ဒေါ်ငြိမ်းခင်က သူ့ကို ဘယ်လောက်အထိ မသင်္ကာဖြစ်နေပြီကို သူ အသေအချာမသိ။ သို့ရာတွင် ဒေါ်ငြိမ်းခင် အပြုအမူကို ထောက်ထား၍ကား အတော်တော့ သူ့ကို မသင်္ကာ ဖြစ်နေပြီဆိုတာ မလွဲအောင် သေချာလေသည်။ ခါတိုင်းလို ဒေါ်ငြိမ်းခင်နှင့် ရယ်စရာပြောသည့်အခါမရှိ။ ခါတိုင်းလို စာသင်ချိန်တွင် အနားလာရပ်၍ နားမထောင်တော့။ မေ့အဖို့မှာ ဒီအိမ်မှ ထွက်သွားမည့် အချိန်ကိုသာ တွက်၍နေလေသည်။ သင့်တော်မည့် အကြံအစည်ကို သူစဥ်းစား၍ နေလေသည်။ သူ့အကြံမှာ ဦးဖေမောင်ထံမှ တခုခု ရရန်ပင်ဖြစ်လေသည်။

ဗုဒ္ဓဟူးနေ့တွင် သူ့ထံသို့ ရေစစ္စရီ ပါဆယ်ထုပ် ရောက်လာ၏။ မေသည် ကိုကျော်မြင့် ဆီကဘဲဟု အတတ်တွေး၏။ ပထမ သူ့ဆီ ကိုကျော်မြင့် စာရေးသည်ကို အံ့သြ၏။ သို့ရာတွင် သူသည် ဒီလောက်ရဲတင်းမည် မဟုတ်။ သို့ဖြစ်၍ လက်ဆောင် ဖြစ်ရမည်ဟု တွေး၏။ ယခု လက်ဆောင် ရောက်လာပြီ။ မေသည် ရစ်ပတ်ထားသော ကြိုးကိုဖြေ၏။ အိမ်သူ အိမ်သားအားလုံးကား အထုပ်ပေါ်တွင်သာ မျက်စိရောက်နေကြ၏။ စက္ကူများ ပြေသွားလျှင် ကတ္တီပါသေတ္တာကလေး ပေါ်လာ၏။ ဘာများထွက်လာမည်နည်း။ အို လှလိုက်တာ။ ပန်းရောင် ဖဲပြားပေါ်တွင် အရောင်တလက်လက် ထွက်နေသော ရွှေချိတ်နှင့် နီလာရင်ထိုးကလေး။

သူ့မျက်လုံးတွင် မျက်ရည်ဖြင့် ပြည့်လာကာ ချက်ချင်း ကိုကျော်မြင့် အပေါ်ကို ချစ်ခင်မြတ်နိုးသောစိတ် ပေါ်လာ၏။

"သိပ်လှတဲ့ ပစ္စည်းကလေးပါလား မေ" ဟု ဒေါ် ငြိမ်းခင် ပါးစပ်မှ ထွက်လာ၏။

"မေမေ့ ဆီက" ဟူ၍သာ မေပြောနိုင်၏။

"မေမေ"

"ဟုတ်တယ်။ မေမေ မသေခင်က ပေးထားခဲ့တာ" မေသည် ရင်ထိုးကို ကြည့်ရင်း လက်ကိုင်ပုဝါနှင့် မျက်ရည်စများကို သုတ်နေ၏။ မေသည် ရင်ထိုးကို ကိုင်ကြည့်နေဆဲ တိတ်ဆိတ်၏။ နှင်းနှင့် ဝင်းတို့မှာ စိတ်ထဲက ငြူစူနေကြ၏။ ဦးဖေမောင်မှာ ထုသိပသံသ ဖြစ်နေသည့် အသွင်ဖြစ်ရှိနေ၏။ သို့ရာတွင် ဒေါ်ငြိမ်းခင်မှာ မေပြောသည်ကို မယုံကြည်။

Commercial use of this book will be at your OWN RISK.

"မေ့ အမေရဲ့ ရင်ထိုးက ဘယ့်နှယ်လုပ်ပြီး ပီအောတိုက် ရောက်နေပါလိမ့်" ပါဆယ်တွင် ပီအောတံဆိပ် ပါလေသည်။

"ပီအောမှာ ကျောက်တလုံးပြုတ်နေလို့ ပြင်ဘို့ပေးထားတာ" ဟု မေက ဒေါသသံဖြင့် ဖြေလိုက်သည်။

"ပီအောမှာဆို သိပ်ဈေးကြီးမှာပေါ့ မေ။ ပဲခူးက ပန်းထိမ်တွေဆီမှာ ပြင်နိုင်တာဘဲ။ သူတို့လဲ တော်သားတဲ့"

မေသည် ပြုံးကာ "မေမေ ပေးခဲ့တဲ့ ရင်ထိုးဆိုတော့ တရိုတသေ ထားရမှာပေါ့ ဒေါ်ဒေါ်။ ဈေးကြီးပေမဲ့လဲ ဘယ်တတ်နိုင်ပါ့မလဲ" ဟု ပြောလေသည်။ မေသည် ကတ္တီပါသေတ္တာကိုယူကာ အပေါ်သို့ တက်သွားလေသည်။

သူ့ အခန်းသို့ရောက်လျှင် မှန်ရှေ့တွင်ရပ်ကာ နီလာရင်ထိုးကို ရင်ပတ်တွင် ထိုးကြည့်၏။ သူနှင့် လိုက်သည်ဟု သူထင်၏။ ရင်ထိုးမှာ သူ့အဘို့ အတော် အဖိုးတန်သည်။ အနည်းဆုံး ငွေ အသုံးလိုလျှင် အသုံးချက ဟန်ကျမည်။

နောက်တနေ့တွင် သူတို့အိမ်သို့ ဒေါ်အေးရှင်တို့လူသိုက် ဆွမ်းကြီးလောင်းပွဲတော် တခု အတွက် အလှူလာခံကြ၏။ မေ့ကို မနာလိုကြသော မိန်းမတွေ အကုန်ပါ၏။ မေမှာ သူတို့ဆီသို့လာ ဧည့်ခံစကား ပြောလေသည်။ မေမှာ သူတို့နှင့် နောက်ဆုံး တွေ့ရခြင်းဟု အောက်မေ့၏။ ရင်ပတ်မှ နီလာရင်ထိုးကလေးကို မည်သူမျှ မချီးမွမ်းကြ။ ဝတ်လုံကတော် ဒေါ်သန်းရင်ကသာ "မေ့ ရင်ထိုးကလေး သိပ်လှတာဘဲ" ဟု ပြောလေသည်။ သူတို့တတွေမှာ အပါယံ မည်မျှချိုသော်လည်း အတွင်း၌ကား မေ့ကို ပျံ့လွှားမဟု ကဲ့ရဲ့နေကြ၏။

× × × × × × ×

တိုင်ကပ်နာရီကြီးမှ ဒင် ဒင် ဟု ကိုးချက် ထိုးလေသည်။ မေမှာ ညနေစာ ပြီးသွားသဖြင့် ကျေးဇူးတင်လျက်ရှိ၏။ ထမင်းသိပ်မဝင်သဖြင့် ဟန်လုပ်၍သာ စားနေရ၏။ ဒေါ်ငြိမ်းခင်တို့ အိမ်သူအိမ်သားများနှင့် နောက်ဆုံးစားရခြင်းဟု မေ့စိတ်က အောက်မေ့၏။

မေသည် သူ့အကြံ အတိုင်း လုပ်တော့မည်။

ဦးဖေမောင်သည် စာကြည့်ခန်းထဲ၌ ရွှေမော်ဓောဘုရားမှ စာရင်းအင်းများကို ကြည့်ရှု၍နေ၏။ ဒေါ်ငြိမ်းခင်သည် အပေါ်ထပ်၌ အနင်းခံ၍နေ၏။ အနှိပ်သည်မှာ စကားပေါသူဖြစ်ရာ အနည်းဆုံး တနာရီခွဲလောက် ကြာအုံးမည်။ သူ့သမီးနှစ်ယောက်မှာ စာဖတ်လျက် ရှိကြ၏။ တအိမ်လုံးမှာ တိတ်ဆိတ်၍ နေလေသည်။

မေသည် အစေခံများနေသော နောက်ဖေးဆောင်ကလေးသို့ သွားလေသည်။ နောက်ဖေး ဆောင်မှာ ပန်အိုးကွဲ၊ ကုလာထိုင် ဟောင်း၊ ထင်း စသော အိမ်မှာရှုပ်ပွစေသော အဟောင်း အမြင်းပစ္စည်းများ ထားရာဖြစ်၍ အစေခံများလည်း ဒီမှာအိပ်ကြသည်။ သူတို့သည်

Commercial use of this book will be at your OWN RISK

အိပ်တော့မည်ဖြစ်၍ တံခါးပိတ်ထားရာ မေ တံခါးခေါက်လိုက်မှ "ဘယ်သူလဲ" ဆို၍ တံခါးဖွင့်ကြည့်လေသည်။ အတွင်းမှ အေးတင် အမည် ရှိသော ခိုင်းသည့် အသက် ၂၀ ခန့် အစေခံမ ထွက်လာကာ တခါမျှ မလာဘူးသော ဆရာမ ကလေးကို အံ့သြစွာ ကြည့်လေသည်။ မေနှင့် အေးတင်မှာ ခင်မင်သည်။ မေမှာ လိုလိုမယ်မယ် ဆို၍ အေးတင်နှင့် ခင်အောင် အသိဖွဲ့ထား၏။

"ဘာကိစ္စရှိလို့လဲ မမ"

"အေးတင်၊ နင် အခု ဘာမှ လုပ်မနေဘူး မဟုတ်လား" ဟု မေ သည် ပြုံး၍မေး၏။

"ဘာမှ မလုပ်ပါဘူး။ အားပါတယ် မမ။ ဘာခိုင်းချင်လို့လဲ၊ ခိုင်းပါ"

"လာ လာ၊ ငါ စကားပြောစရာရှိတယ်"

မေသည် အေးတင်ကို အိမ်နှင့်လှမ်းလှမ်း မာလကာပင်အောက် မှောင်ရိပ်သို့ ခေါ်သွား၏။ ရောက်သောအခါ "အေးတင်၊ နင် ငွေသုံးဆယ် မလိုချင်ဘူးလား" ဟု မေက မေးလေသည်။ အေးတင် ခေါင်းညိတ်၏။ သုံးဆယ်ဆိုသော ငွေမှာ မနဲ။

"သက်သက်သာသာနဲ့ ရမှာ"

မေသည် သူ့အကြံကို အေးတင်အား ပြောပြလေသည်။ ဘုရားလူကြီး ဦးဖေမောင်မှာ တဏှာရူးကြီးဖြစ်၏ မေ့ကို သူ ကြံစည်လျက်ရှိ၏။ မေ့ကို သူ အလစ်စောင့်နေ၏။ အကယ်၍ ဒေါ်ငြိမ်းခင် သိသွားလျှင်လည်း အားလုံးမကောင်း။ သို့ဖြစ်၍ မေ ရည်ရွယ်ချက်မှာ နောက် မလုပ်ရဲအောင် ဒဏ်ပေးဘို့ဖြစ်၏။

အေးတင်မှာ ပထမတော့ ကြောက်၍နေသည်။ မေက သဘောပေါက်လာအောင် ပြောပြ၏။ "ဒီလိုဆိုရင် ဘယ်ကောင်းမလဲ မမရယ်။ ဘုရားလူကြီး၊ သမာဓိမြို့ဝန်ဆိုပြီးတော့ ဒီလို ညစ်ညစ်ပတ်ပတ်လုပ်တာ ပါးစပ်က ဘုရား ဘုရား၊ လက်က ကားယားကားယား ဆိုတာ ဒါမျိုးပေါ့" အေးတင်သည် ဆရာမကလေးအတွက် မခံချင် ဖြစ်နေလေသည်။

"တိုးတိုး အေ့၊ တိုးတိုးပြောပါ။ နောက်ပြီး နင်တို့တောင် စိတ်ချရမှာ မဟုတ်ဖူး။ ဒီတော့ မှတ်လောက်သားလောက်မှ ဟန်ကျမယ်"

အေးတင်မှာ မေပြောသမျှကို အကုန်ယုံကြည်လေသည်။ ဦးဖေမောင်ကိုလည်း မုန်းလာကာ သနားစရာကောင်းသော ဆရာမကလေးကို မိန်းမအချင်းချင်းဖြစ်၍ ကူညီမည်ဟု ဆုံးဖြတ်လေသည်။

"အဲဒါ ကျမ ဘယ်လိုလုပ်စေချင်သလဲ"

"ညီး သတ္တိကောင်းတယ် မဟုတ်လား"

"ဦးဖေမောင်လို အပိန်လေးတော့ တချက်မွေ့ရှိတယ်"

အေးတင်သည် လက်မောင်းကိုပင့်ကာ ထဘီကိုလည်း တိုတိုဝတ်လေသည်။ သူ့အထင်က ဦးဖေမောင်ကို ဖက်သတ်ရမည်ဟု အောက်မေ့သည်။ မေမှာ အေးတင် အမူအရာကို သဘောကျနေ၏။

"နင့်ကိုငါ ယုံလဲယုံ၊ အားလည်းကိုးပါတယ်။ လုပ်ရမှာက ဒီလို အေ့၊ ဒီလို"

မေ သည် အေးတင်ကို သူ့အကြံ ပြောပြလေသည်။ ဒီကိစ္စမှာ ဒေါ်ငြိမ်းခင် သိ၍ဖြစ်သော ကိစ္စမဟုတ်။ အေးတင်မှာ သက်သေအဖြစ် ပါဝင်ရန်ဖြစ်၏။ မေသည် ဦးဖေမောင် စာကြည့်နေ

Commercial use of this book will be at your OWN RISK.

သော အခန်းထဲသို့ ကိစ္စတခုကို ရမယ်ရှာ၍ သွားရမည်ဖြစ်၏။ ဦးဖေမောင်မှာ အချက်ကောင်း ရ၍ မေ့ကို အချစ်ဒမြတိုက်လိမ့်မည်။ ထိုအခါ အေးတင်မှာ ပြတင်းပေါက် ခန်းဆီးအကြားမှ ပုန်းကွယ်နေရမည်။ ပြတင်းပေါက်နားကို အပြင်ကကွေ့၍ လာနိုင်သည်။ မေသိအောင် ပြတင်းပေါက်နား ရောက်ပြီဆိုလျှင် ခန်းဆီးကို လှုပ်ပြရမည်။ အေးတင်မှာ သူတို့အရိပ်အခြည်ကို ကြည့်နေ၍ အချက်ကျလျှင် ပြတင်းတံခါးဝမှ ပေါ်လာရမည်ဖြစ်၏။ နောက်အခန်းများမှာ မေ့အတွက်ဖြစ်၏။ အေးတင်မှာ ဤအချက်ရောက်လျှင် သူ့တာဝန် ကုန်ပြီဖြစ်လေသည်။

အေးတင်သည် မေ၏ အကြံအစည်ကို သဘောကျလေသည်။ မေက ပေးမည်ဖြစ်သော ငွေသုံးဆယ်ကိုလည်း သွားရည်ယိုလျက် ရှိလေသည်။

"ဘာသံမှ မကြားစေနဲ့နော်။ အေးတင်။ အသာကလေး ပြတင်းတံခါးနား လာကပ်။ သိလား။ အချိန်မကျခင် ဦးဖေမောင်သိသွားရင် အားလုံး ငွကျကုန်မှာ" ဟု မေက မှာကြား၏။

"ဟုတ်ကဲ့ မမ။ ကျမနားလည်ပါတယ်"

"အေး အေး။ ငါ့အရင် နင်က ရောက်နေပစေ။ ငါ အခုဘဲ လာခဲ့မယ်"

အေးတင်သည် မေ အိမ်ပေါ်တက်သွားလျှင် ဖိနပ်ချွတ်ကာ ဦးဖေမောင် စာကြည့်ခန်း ပြတင်းပေါက် ခန်ဆီးအကွယ်သို့ သွားကာ ပုန်းနေ၏။ မေပြောသည့် အတိုင်းပင် ဦးဖေမောင်သည် သူ့အခန်းထဲ၌ စာဖတ်လျှက်ရှိ၏။ အေးတင်သည် နားရွက်မခတ်ဘဲ အသာစောင့်လေသည်။ ပြတင်းပေါက်မှာ သံတိုင်စိုက်၍ မထားဘဲရှိလေရာ အတွင်းသို့ ဝင်ရန်လည်း လွယ်ကူ၏။

မေသည် နောက်ဖေးဆောင်မှ အိမ်တွင်းသို့ ဝင်ပြီးလျှင် ခြေဖျားထောက်ကာ အပေါ်ထပ် သူ့အခန်းသို့ တက်သွားလေသည်။ သူသည် မှန်ရှေ့တွင်ရပ်ကာ သူ့ကိုယ်သူကြည့်၏။ သူ့အဘို့ မက်လုံးပြဘို့ အရေးကြီး၏။ ဦးဖေမောင်ကို သူ့ရုပ်ရည်ဖြင့် ဆွဲငင်နိုင်မှ သူ့အကြံအစည် အောင်မြင်မည်ဖြစ်၏။ ထို့ကြောင့် မေသည် မျက်နှာတွင် ပေါင်ဒါတို့၏။ ပိုးတွန့်လုံချည် တထပ်ထဲဝတ်၏။ ဆိုးဆေးဖြင့် နှုတ်ခမ်းကိုဆိုး၏။ သူ့ကိုယ်သူ ယောက်ျားတို့ မက်လောက်အောင် ပြုပြင်ပြီးမှ အောက်ထပ်သို့ ဆင်းသွားလေသည်။

မေသည် စာကြည့်ခန်းတံခါးကို တွန်းလိုက်သဖြင့် ကျွိကနဲ အသံမြည်သွား၏။ ဦးဖေမောင်သည် စာကြည့်ရာမှ မေ တံခါးဝတွင် ရပ်နေသည်ကို မြင်သဖြင့် ကုလားထိုင်မှ ကြွလိုက်၏။

"ဝင်ခဲ့လေ၊ ဆရာမ"

ဦးဖေမောင်သည် မေ ရှိရာသို့ လာလေသည်။

"အလုပ်များ များနေသလား။ မေ့ကို စိတ်မဆိုးပါနဲ့နော်" မေသည် မျက်နှာကို ချိုနိုင်သမျှ ချိုအောင်ထားကာ ပြောလေသည်။

မေ၏ မျက်လုံးကလေးများသည် တောက်ပ၍ နေကြ၏။

"ကိစ္စမရှိပါဘူး၊ ကိစ္စမရှိပါဘူး"

"မေ မအိပ်ခင် ဖတ်ဖို့ စာအုပ်တအုပ်လောက် ငှားချင်လို့"

ဦးဖေမောင်သည် တံခါးကို အသာပိတ်လိုက်၏။ မေသည် တံခါးပိတ်လိုက်သည်ကို သိသော်လည်း အလျှင်းမသိသလို စာအုပ်ဘီဒိုကိုသာ ကြည့်နေ၏။

Commercial use of this book will be at your own RISK.

"ရတာပေါ့ဗျာ၊ ရတာပေါ့။ စာအုပ်ဘီဒိုထဲမှာ စာအုပ်တွေ အပုံပါဘဲ။ မကြိုက်ရာ ရွေးယူတာပေါ့"

ဦးဖေမောင်သည် စာအုပ်ဘီဒိုရှိရာသို့ သွားလေသည်။ မေလည်း သူ့နောက်မှ လိုက်လာ၏။

"မေ ဘာစာအုပ် ဖတ်မလဲ" ပါးစပ်ကသာ မေ့ကို မေးနေသော်လည်း သူ၏မျက်စိမှာ မေ၏ ရင်ပတ်ကိုသာ ရောက်နေလေသည်။

"ဇိနတ္ထပကာသနီကို ဖတ်ချင်တာဘဲ"

ပြတင်းပေါက်မှ ခန်ဆီးလှုပ်နေသည်ကို မေမြင်ရလေသည်။ ခန်ဆီးအထည်းကား ဖေါင်းလိုက် ပိန်လိုက် ဖြစ်နေလေ၏။

"ဒီနေ့ည လေအားကြီးတိုက်တယ် မေရဲ့၊ နဲနဲတော့ အေးတာပေါ့။ ပြတင်းပေါက် ပိတ်လိုက်မှဘဲ"

"နေပါစေ၊ မေ မအေးပါဘူး" မေသည် ပြတင်းပေါက်နား ဦးဖေမောင်သွားမှာ စိုးရိမ်၏။

"ထိုင်ပါအုံးလား မေ၊ ကျုပ် စာအုပ်ရှာလိုက်အုံးမယ်"

မေသည် ဦးဖေမောင် ညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်လေသည်။ မေထိုင်နေသော နေရာမှာ စာအုပ်ဘီဒိုနှင့် ဘေးတိုက်ကျ၏။ မေနှင့် ဦးဖေမောင်မှာလည်း တကိုက်ခွဲလောက်သာ ကွာလှမ်း၏ သူသည် စာအုပ်ရှင်းရင်း မေ့ ဆီသို့သာ မျက်လုံးကစားနေလေသည်။ သူသည် သက်ပြင်း ခဏခဏချ၏။

မေ၏ရင်သည် တဒိတ်ဒိတ်ခုန်၏။ သူတို့ အကြံမှ အထမြောက်ပါ့မလား။ သို့ရာတွင် အောင်ရမည်။ သူသည် စိတ်တင်းထား၏။ အားလုံး အေးတင်ပေါ် အမှီပြုနေသည်။ အချက်ကောင်း အကွက်ကောင်းမှ အေးတင် ပေါ်လာရမည်ဖြစ်၏။ ဦးဖေမောင်ကို မိပြီးလျှင် အေးတင်သည် ထွက်သွားရမည်ဖြစ်၏။ အဘယ့်ကြောင့် ဆိုသော် မေ၏ ရည်ရွယ်ချက်မှာ ဦးဖေမောင်ထံမှ ငွေညှစ်ရမည် ဖြစ်လေသည်။ သူသည် ငေးနေ၏။

"ရော့၊ မေ"

မေသည် သူ့ကို မော့်ကြည့်ကာ စာအုပ်ကို လှမ်းယူလေသည်။

"ဒုက္ခပေးတယ်လို့လဲ မအောက်မေ့ပါနဲ့နော်။ အားလဲ အားနာပါတယ်"

ဦးဖေမောင်သည် မေထိုင်နေသော ကုလားထိုင် လက်တန်းကို လက်ထောက်လိုက်၏။

"အားနာစရာ မရှိပါဘူး မေ။ စာအုပ်ကို သေသေချာချာ လှန်လှောကြည့်ပါအုံး။ ဝယ်ထားတာက ကြာတော့ တချို့စာရွက်တွေက ပြုတ်နေကြတယ်" သူသည် ပြောပြောဆိုဆို မေ့ဘေးသို့ ဝင်ထိုင်လေသည်။ နောက် သူသည် လက်တဖက်နှင့် စာရွက်များကို လှန်ပေးလေသည်။ လက်တဖက်ကား မေ၏ ကျောအထက် ကုလားထိုင် လက်တန်းပေါ် တင်ထား၏။ မေသည် မမြင်ချင်ယောင်ဆောင်၍ စာရွက်များကိုသာ လှန်လေသည်။

"ဒီစာအုပ်ဟာ အင်မတန်ကောင်းတဲ့ စာအုပ် မေ။ စာသားဟာ သိပ်လှတယ်။ ဗမာစာရေးကောင်းချင်ရင် ဒါကိုဖတ်ဘဲ"

ဦးဖေမောင်၏ မျက်နှာနှင့် မေ၏ မျက်နှာမှာ တပေကျော်ကျော်လောက်သာ ဝေး၏။ မေ၏ ကိုယ်မှ ပေါင်ဒါနံ့များသည် မွှေးကြိုင်နေကြ၏။ သူ၏ မျက်လုံးများသည် မေ၏ တင်၊ ရင်၊

Commercial use of this book will be at your OWN RISK

ပါးတို့ကိုသာ ရောက်နေကြ၏။ သူ၏ မျက်နှာသည် ပြောင်၍လာ၏။ သူသည် သက်ပြင်းချလိုက်၏။ သူသည် မောလာ၏။

သူသည် မေ၏ ပခုံးနှစ်ဖက်ကို သူ၏လက်များဖြင့် ဖက်ကာ မေ့မျက်နှာပေါ်သို့ သူ့မျက်နှာအပ်လိုက်၏။ မေကား သူ့ရင်အုပ်အောက်တွင် ကော့နေ၏။ သူသည် မေ့ကိုနမ်း၏။ မေ ကားရှန်းသဖြင့် သူ့နှာခေါင်းသည် ပါးပေါ်ရော နဖူးပေါ်ရော ရောက်နေ၏။ သူသည် မေ့ကိုမလှုပ်နိုင်အောင်ဖက်ကာ တရှုပ်ရှုပ် နမ်း၏။ အေးတင်၊ အေးတင်၊ ဘာလုပ်နေပါလိမ့်။ မေသည် ရှန်းပြန်၏။

"မေ၊ မေ၊ မေဟာ သိပ်ချစ်စရာကောင်းတာဘဲ။ ကိုကို့ ကို နမ်းစမ်းပါအုံး။ မေ၊ မေ၊ အို မေ၊ ချစ်လွန်းလို့ပါ မေရယ်"

မေသည် အတင်းခေါင်းကို ငုံ့ထားသဖြင့် နဖူးကိုသာ နမ်းမိလေသည်။ သူသည် ကာမရမက် ငမ်းငမ်းတက်လျက် ရှိလေသည်။

နောက်မှ အသံကြားရ၏။

သူသည် လန့်၍ မေ့ကို လွှတ်လိုက်၏။ သို့ရာတွင် မေသည် သူ့အရင် ကုလားထိုင်မှ ထပြီးဖြစ်လေသည်။ မေသည် သူ့ပါးကို လက်ဝါးဖြင့် ပွတ်လေသည်။ နောက် မေသည် ပြေး၍ တံခါးကို မင်းတုန်းထိုး၏။

ပြတင်းပေါက်တွင်ကား အေးတင်သည် ရပ်၍နေ၏။ အေးတင်၏ မျက်နှာမှာ ဒေါသကြောင့် နီမြန်းလျက်ရှိ၏။ သူမ၏ ရင်အုံသည် နိမ့်ခြည် မြင့်ခြည် ဖြစ်နေ၏။ သူမသည် ပါးစပ်က ဘာမျှ မပြောနိုင်အားဘဲ လက်ညှိုးဖြင့်သာ ဦးဖေမောင်ကို တငေါက်ငေါက် ထိုးလျက်ရှိလေသည်။ ဦးဖေမောင်မှာ လူမိသော ကြက်ကဲ့သို့ မျက်နှာပျက်လျက်ရှိ၏။

"ရှင်၊ ရှင်ဟာ ဘာကောင်းသလဲ ဟင်။ လူကြီးလူကောင်းဆိုပြီး" အေးတင်သည် သူ့အနားသို့ တိုးလာ၏။

မေသည် ငြိမ်သက်စွာ ရပ်နေ၏။

ဦးဖေမောင်၏ မျက်လုံးများသည် မီးလျှံကဲ့သို့ ရဲဝင်း၏။

"မေ အပေါ် တက်ချေပါတော့"

"စောစောက ဒီစကားမျိုး ပြောဘို့ကောင်းတယ်" သူသည် ပါးစပ်ဟကာ မေ့ကိုကြည့်လျက်ရှိလေသည်။ မေသည် လက်ပိုက်ကာ စစ်ပွဲနိုင်သော စစ်သူကြီးဟန် ဆောင်နေ၏။

ဦးဖေမောင်သည် ဒေါသကို သိမ်းကာ အေးတင်ဘက်သို့ လှည့်လိုက်၏။ သူဘာမျှ မပြောနိုင်မီ အေးတင်က သူ့ကို လက်ညှိုးဖြင့်ထိုးပြန်၏။

"ရှင် လူယုတ်မာကြီး။ ရှင့်သမီးအရွယ်ကို ဒီလို မတော်မတရား ကြံရသလား။ ရှင့်ကိုယ်ရှင် ဘုရားလူကြီးဆို။ ဟင်။"

မေသည် အေးတင်ထွက်သွားရန် အချိန်တော်ပြီဟု အောက်မေ့လေသည်။ မေသည် အေးတင်ထံသို့ကပ်ကာ တိုးတိုးတစုံတရာပြော၏။ အေးတင်သည် ပြတင်းပေါက်ဆီသို့ သွားလေသည်။

"အေးတင်" မေသည် သူ့ကိုခေါ်၏။

Commercial use of this book will be at your OWN RISK !

"ဟုတ်ကဲ့ မမ"

"အကုန် ကြားတယ် မြင်တယ်နော် အေးတင်"

"မြင်ပါတယ်။ ဒီလူယုတ်မာကြီးလုပ်တာ" အေးတင်သည် အကုန်ဖေါ်တော့မည် ဟူသော အမူအရာကိုပြ၏။ နောက် မေသည် ထွက်သွားရန် လက်ပြလိုက်၏။ အေးတင်သည် ညမှောင်ထုတွင် ကွယ်သွားလေသည်။

မေသည် အေးတင်၏ခြေသံ ပျောက်ကွယ်သွားသည်နှင့် ဦးဖေမောင်ဘက်သို့ လှည့်လိုက်လေသည်။ သူသည် ဒေါသအဟုန်၊ ကာမအဟုန် ပြေသွားကာ သူ့စာပွဲတွင် ထိုင်လျက်ရှိ၏။

"ကဲ ကဲ" သူသည် တိတ်ဆိတ်ခြင်းကို ဖျက်ဆီး၏။

မေသည် တံတွေးကို မျိုလျက်ရှိ၏။ အေးတင်မရှိတော့သဖြင့် အနည်းငယ်ကြောက်၏။

"မင်း ဘယ်လောက် လိုချင်သလဲ"

ဦးဖေမောင်သည် မေတို့ကြံစည်ထားသော ငွေညှစ်သည့်သဘောကို နားလည်လေပြီ။ အပိုင်ဖမ်းသဖြင့် ကျော့ကွင်းတွင် တင်းတင်းကြီး မိနေလေပြီ။ မေသည် သူ့ကို ကျောပေးကာ စဉ်းစားနေ၏။

"ကျမ ငွေသုံးရာ လိုချင်တယ်"

ဦးဖေမောင်သည် မျက်မှောင် ကုတ်လိုက်လေသည်။

"မင်းနမ်းရတာ တယ်ဈေးကြီးပါလားကွယ့်"

မေ သည် တိတ်နေ၏။

"အင်း ငွေညှစ်တယ်ဆိုတာလဲ ဈေးကြီးရမှာပေါ့လေ"

မေသည် တခွန်းတပါဒမျှ စကားပြန်မပြော။ ဦးဖေမောင်သည် နှုတ်ခမ်းကို ကိုက်ထား၏။ သူ့စိတ်ထဲက "ငါ့ကို တပတ်ရိုက်သွားတဲ့ ဖာမကလေး" ဟု အောက်မေ့လျက် ရှိလေသည်။

"ဒါပေမဲ့လို့လေ တန်ပါတယ်။ အများကြီး တန်ပါတယ်"

သူသည် ဘာမျှရှည်လျားမနေတော့ဘဲ အံဆွဲထဲမှ ငွေသုံးရာ ထုတ်လေသည်။ သူသည် သူဌေးဖြစ်၍ ဒီမျှငွေကို မမှု။

မေ၏ နှလုံးသွေး ဒိတ် ဒိတ် ဒိတ်နှင့် အတိုးမြန်၏။ ယခု သူ့အလို ပြည့်လေပြီ။ ငွေသုံးရာနှင့် လွပ်လပ်ရေး ဘယ်လောက် လွယ်ကူသလဲ။

ဦးဖေမောင်သည် စာပွဲမှထကာ မေ့ထံသို့ ထလာ၏။ မေသည် နောက်သို့ တွန့်သွား၏။ သူသည် မေ့လက်ထဲသို့ ငွေသုံးရာ ထည့်လေသည်။ မေသည် တုန်ရီသောလက်ဖြင့် လှမ်းယူပြီး ပြန်တော့မည်ပြု၏။

"နေပါအုံးကွယ့်၊ ငွေရကြောင်း အသိအမှတ် မပြုတော့ဘူးလား" မေသည် သူဘာဆိုလို သည်ကို နားမလည်သဖြင့် မျက်လုံးကလေးလှန်ကာ သူ့ကို မော့်ကြည့်၏။

"ကျမ နားမလည်ဘူး"

သူသည် ရယ်မောကာ မေ့လက်မောင်းကို ဗယ်လက်ဖြင့် ဆုပ်လိုက်၏။ မေသည် လန့်သွား၏။ မေ့အထင်မှာ သူ့ကို နမ်းလိမ့်အုံးမည်ဟု ထင်၏။

မေသည် အနောက်သို့ ရုန်း၏။

Commercial use of this book will be at your OWN RISK !

ဦးဖေမောင်သည် ပြုံးကာ ညာလက်ကို မြှောက်လိုက်၏။ မေက ဘာလုပ်အုံးမည်လဲ မစဉ်းစားနိုင်မီ သူသည် မေ့ပါးကို လက်ဝါးဖြင့် ဖြန်းကနဲ ရိုက်လိုက်လေသည်။ ထိုပါးမှာ သူ့ တဏှာဟုန် ကြီးစွာဖြင့် နမ်းခဲ့သော ပါးနုနုကလေး ဖြစ်လေသည်။

ဟုတ်သည်။ သူပြောသည့်အတိုင်းပင် သူသည် မေ့ထံမှ ငွေရကြောင်း အသိအမှတ်ကို ရလိုက်လေသည်။

× × × × × × ×

(၆)

လမ်းမမှ မော်တော်ကား၊ လော်ရီ၊ လန်ချား များသည် ဖြတ်သွားကြလေသည်။ မုံ့သည်များ အော်သံ ကလေးများ သီချင်းဆိုသံတို့ကို ကြားရလေသည်။ အခြားဘက် ခန်းများမှလည်း ရယ်သံ၊ မောသံ၊ စကားပြောသံတို့သည် လျှံထွက်လာလေသည်။ ဒါလဟိုဇီလမ်းမှ တဝူးဝူးနှင့် အာရ်အာရ်တီ လေ့တံဆိပ် ကားသံကိုလည်း ကြားရလေသည်။ ဤအသံများမှာ ရန်ကုန်မြို့ လယ်ခေါင် အသံများ ဖြစ်လေသည်။ မေမှာ ပြတင်းပေါက်မှ ကိုယ်တပိုင်းထွက်၍ အောက်လမ်းမပေါ်သို့ ငုံ့ကြည့်နေသော်လည်း ဘာသံမှ သူမကြား။ သူသည် စဉ်းစားနေလေသည်။

ဦးဖေမောင်အခန်းမှ ငွေယူ၍ ထွက်လာကာ သူ့အခန်းသို့ ရောက်သောအခါ ခုတင်ပေါ် ထိုင်ရင်း ပါးစပ်မှကျလာသော သွေးများကို လက်ကိုင်ပုဝါနှင့် သုတ်နေရသည်ကို မေသည် မှုန်မှိုင်းစွာ စဉ်းစားမိလေ၏။ ပါးမှာ ယခုတိုင် အနည်းငယ် နာနေသေးသည်။ ဟိုတုံးက သူ့ပါးကိုပွတ်ရင်း စိတ်နာလာကာ ငွေစက္ကူများကိုပင် ဆုတ်လွှင့်ပစ်ချင်သောစိတ် ပေါ်ပေါက်လာလေသည်။ ညက သူအစော်ကားခံရသည်ကို ငိုရှိုက်ရင်း သူသည် အထုပ်အပိုးပြင်လျက် ရှိ၏။ နောက်တနေ့ ပဲခူးမှ ထွက်လာခဲ့၏။ ဒေါ်ငြိမ်းခင်မှာ မည်မျှဝမ်းသာမည်နည်း။ ဦးဖေမောင်မှာ ခေါင်းကိုက်သည်ဆို၍ အိပ်နေ၏။ နှင်းနှင့် ဝင်းတို့မှာ သူတို့ဆရာမကို တကယ်လွမ်းဆွတ်ကြ၍ ဝမ်းနည်းကြလေသည်။ သူတို့သည် မေ့ကို ဝင်းဝထိလိုက်ပို့၏။ အိမ်မှ ဘူတာရုံသို့ သွားသောလမ်းကိုလည်း သူမမေ့။ လယ်ကွင်းထဲမှ စပါးနံ့များ၏ အနံ့သည် သင်း၍နေကြ၏။ ပန်းများသည်လည်း မွှေးကြိုင်နေကြ၏။ သူသည် အတွေးကို ရပ်လိုက်လေသည်။

မနေ့ကပင် ပဲခူးမှာ။ ယခု ရန်ကုန်ရောက်နေလေပြီ။ ဘယ်ကိုသွားရမည်လဲဟု မေသည် ပဲခူးမှ ရန်ကုန် တလမ်းလုံး တရိပ်ရိပ် နောက်တွင်ကျန်ခဲ့သော လယ်ကွင်းများကို ငေးရင်း စဉ်းစားကြည့်၏။ သူသည် ရန်ကုန်မှာ တရက်နှစ်ရက် လယ်လိုက်ချင်သေးသည်။ လယ်၍ အားရမှ မခင်စိတို့ထံသွားကာ ဟိုကမှတဆင့် ဆရာမအလုပ် လျှောက်မည်ဟု သူစဉ်းစားရ၏။


မြန်မာ့မျှားနတ်မောင် ကွန်မြူနတီ
Commercial use of this book will be at your OWN RISK.

သူသည် မနက်ကပင် မခင်စီတို့ထံသို့ သူလာမည့်အကြောင်း စာထည့်လိုက်သည်။ သူသည် ဝိုင်ဒဗလူ စီ အေ ဟိုလ်တယ်တွင် တယ်းခိုလျက်ရှိ၏။ သူ့အဖို့မှာ အုပ်ထိန်းသူမရှိ၊ တကိုယ်တည်းဖြစ်လေရာ သူလုပ်ချင်ရာ လုပ်နိုင်လေသည်။ သူ့ကို ပိတ်ပင်မည့်သူမရှိ။ သူ ပဲခူးမှ ထွက်သွားလျှင် ပဲခူးကလူတွေ မည်သို့ ဖြစ်ကျန်ခဲ့ကြမည်နည်း။ ဒါကို သူမှန်းကြည့်၏။ ပဲခူး လူကုံထံမိန်းမပိုင်းကမူ အမှန်ဝမ်းသာကြမည်။

ယခုမူ မေသည် လွတ်လပ်ရေးကိုရလေပြီ။ နောက် သူလုပ်ရမည့် ကိစ္စမှာ မခင်စီတို့ဆီကိုသွား၍ သူ့အကို ကိုကျော်မြင့်ကို အရဖမ်းရန်ဖြစ်၏။ ကိုကျော်မြင့်မှာ သူ့အဖွားထံမှ တနှစ်ထောင့်ရှစ်ရာရသည်ကို သူသိသည်။

ထို တထောင့်ရှစ်ရာမှာ သူ့အဖွား မသေခင်ကတည်းက သူ့မြေးသုံးဘို့ ပေးခဲ့သောလယ်မှ စပါးခဖြစ်လေသည်။ ကိုကျော်မြင့်ကို သူရလျှင် ရန်ကုန်တွင် ဟန်ကျပန်ကျ နေနိုင်မည်။

သို့ရာတွင် မေသည် ပခုံးကို တုံ့မိလေသည်။ နောက်တရက်၊ နှစ်ရက်ကြာလျှင် မေသည် မခင်စီတို့ အိမ်သူအိမ်သားများ အလယ်တွင် ရောက်နေမည်ဖြစ်၏။ မေသည် မခင်စီ တို့ဆီ မသွားခင် လယ်လိုက်၊ ပတ်လိုက်အုံးမည်။ သူ ကြိုက်သော မြို့မှာ ရန်ကုန်ပင် ဖြစ်လေသည်။ ပြတင်းပေါက်မှ မျှော်ကြည့်လိုက်လျှင် ရန်ကုန်ကို မြင်ရသည်။ တိုက်ကြီး တာကြီးတွေ၊ မော်တော်ကား၊ ဓာတ်ရထား၊ ရုပ်ရှင်ရုံ၊ ပန်းခြံတို့ဖြင့် စည်ကားလှသော ရန်ကုန်၊ သူချစ်သော အရောင်အသွေး၊ ဂီတ၊ ရမက်၊ မေတ္တာတို့ ရန်ကုန်မှာ တွေ့နိုင်သည်။ မေ၏စိတ်သည် လေလျက်ရှိသည်။

မေသည် လက်ပတ်နာရီကို ကြည့်မိ၏။ ၆ နာရီထိုးရန် ငါးမိနစ် လိုတော့၏။ မေသည် အပြင်ထွက်လယ်ရန် ဆုံးဖြတ်လိုက်၏။ သူသည် မှန်ရှေ့တွင်ရပ်ကာ အလှပြင်၏။ ပေါင်ဒါရေမွှေးကို ကြိုင်နေအောင်တို့၏။ နှုတ်ခမ်းကို ဆိုး၏။ ရှေ့က ဆံယဉ် ဆံညွှန့် တွန့်ရစ္စန့်ကလေးကို ခေါင်းလိမ်းဆီမွှေးဖြင့် ပွတ်၏။ မေသည် မခင်စီတို့ လက်ဆောင်ပေးသောကွတ်အင်္ကျီ မီးခိုးရောင်ကို အပေါ်မှတင်၏။ ကြိုးပတ်ဖိနပ်စီး၏။ သူသည် အောက်သို့ဆင်းကာ လန်ချားတစီးကို ခေါ်လိုက်လေသည်။ လမ်းမတွင် လူတွေကို တွေ့ရသည်။ မေကား သွားကြလာကြသော မိန်းမတွေကို အားကျ၏။ လန်ချား၊ မော်တော်ကား စီးလာကြသော လင်မယားစုံတွဲတွေကိုလည်း ဖြတ်လာရ၏။ မေစီးသော လန်ချားသည် စပတ်လမ်းဘက်သို့ ချိုးကာ တဖန်မောင်ဂိုမာရီမှ အနောက်ဖက်သို့ ကွေ့လိုက်လေသည်။ ရုပ်ရှင်ပြီးချိန်ဖြစ်သဖြင့် ယာဉ်ရထား၊ လူသူတို့ဖြင့် ရှုပ်ရှက်ခတ်၏။ ဓာတ်မီးတွေမှာလည်း ထိန်ထိန်လင်းလျက်ရှိ၏။ ဘုတာရုံနားသို့ ရောက်လာ၏။ စတားရုံ၊ အော်လင်ပီယာရုံတွင် လူတွေ ကြိတ်ကြိတ်တိုးလျက် ရှိကြ၏။ နောက်ဆူးလေဘုရားလမ်းနှင့် မောင်ဂိုမာရီ လမ်းထောင့်သို့ ရောက်၏။ မေသည် ကွန်တီနင်တယ်တိုက်ရှေ့တွင် လန်ချားကိုရပ်လေသည်။ တန်တား ဂုံးကြီးပေါ်မှာကား ကျားတံဆိပ် ဘိလပ်ရည်၊ ပိုလိုစီးကရက်၊ ဘီယာအရက် ကြော်ငြာသော မီးနီ မီးစိမ်း များသည် မှိတ်တုံ့ လင်းတုံ့ နှင့်အရောင်စုံ လက်နေကြ၏။

မေသည် ပလက်ဖေါင်းပေါ်တွင်ရပ်ကာ လမ်းသွား လမ်းလာများကို ငေးကြည့်လေသည်။ ဂလုပ်၊ ပလာဒီယံ၊ အိုဒီအုံး စသော အင်္ဂလိပ်ရုပ်ရှင်ရုံများရှေ့တွင် လူတွေရုတ်ရက်ခတ်နေကြ၏။

Commercial use of this book will be at your OWN RISK!

မော်တော်ကား၊ မြင်းရထား၊ လန်ချားတွေမှာလည်း များလွန်းသဖြင့် ဂေါ်ရာပုလိပ်များက စောင့်ကြပ် ရှင်းလင်းပေးနေရ၏။ သူသည် ဒိုင်အို ဆရာဖြစ်သင် ကောလိပ်မှာ နေစဉ်တုံးက ဤနေရာတဝိုက်ကို ခဏခဏရောက်၏။ ရုပ်ရှင်ကြည့်လျှင်လည်း ဒီနေရာက ဖြတ်သွား၏။ ဈေးဝယ်ရန် စကော့ဈေးသွားလည်း ဒီနေရာမှဖြတ်၏။ ညဆိုလျှင် မီးရောင်စုံနှင့် အလွန်လှသော နေရာဖြစ်သည်။ ယောကျ်ားများသည် မေ့ကို ကြည့်ကြ၏။ "တယ်နိုပ်တဲ့ မြာကလေးပါလား" ဟု မေ့ကို မကြားတကြား ပြောသွားသံကို မေကြား၏။ မေသည် ပထမ ရုပ်ရှင် ဝင်ကြည့်ရ ကောင်းမလားဟု စဉ်းစား၏။ "ဟာ ပျင်းစရာကြီးပါ" ဟု တွေးကာ မေသည် ဆဗ္ဗိုင်း မုံ့တိုက် ဘက်သို့ ဖြတ်၍ ကူးလေ၏။ ဂျီ–အီး–စီ ရေဒီယိုတိုက်မှ မီးနီရောင်သည် မေ၏ အလှကို တင့်တယ်စေ၏။ မေသည် ဆူးလေဘုရားဘက်ဆီသို့ လျှောက်သွား၏။ သူသည် ဗီကယ်ဒစ်လီ ဘက်သို့ လှည့်ကြည့်လိုက်၏။ ခပ်ရွယ်ရွယ် လင်မယားနှစ်ယောက်သည် တယောက်လက် တယောက်ကိုင်ကာ ပြုံး၍ဆင်းလာကြ၏။ ညားခါစ မောင်နှံနှင့်တူ၏။ သူတို့သည် လန်ချားပေါ် သို့တက်၏။ လန်ချားပေါ် ယှဉ်ထိုင်မိကြလျှင် ယောကျ်ားပျိုသည် မိန်းမပျိုကလေး၏ ခါးကို ဖက်လိုက်၏။ "အို၊ ကိုကိုကလဲ၊ လူတွေနဲ့" ဟု မိန်းမပျို၏ညည်းသံကို မေ သဲ့သဲ့မျှ ကြားလိုက်ရ၏။

"ဒါ ရန်ကုန်ဘဲ" ဟု မေက တွေးလေသည်။ မေ တွေးသည့် အတိုင်းပင် ဒါရန်ကုန် ဖြစ်လေသည်။ မေသည် ဖရေဇာလမ်းကို ဖြတ်လိုက်၏။ ညဈေးတန်းကား မီးတွေဖြင့် ထိန်လင်း ၏။ ကျူလရာ ကုလားများ၏ ခေါ်သံ အော်သံဖြင့် ဆူညံ၏။ ပလာတာဆိုင်များမှလည်း အငွေ့ဘ်နံ့ ပျံ့လွင့်လာ၏။ လူတွေ သူတွေ ပွဲတော်တမျှ စည်ကား၏။ မေသည် လျှောက်သွားရင်း ရှိဆီလင် နို့ဆိုင်ရှေ့သို့ ရောက်သွားလေသည်။ မေသည် နို့သောက်ချင်သဖြင့် နို့တခွက် ဝင်သောက်လေသည်။ ဆိုင်ထဲတွင် အင်္ဂလိပ်ကြီးနှစ်ယောက်နှင့် အင်္ဂလိပ်မတယောက် တွေ့ရ၏။ မြူနီစီပယ် မြို့တော်ခန်းမကြီးရှေ့သို့ ရောက်လာ၏။ မျက်နှာချင်းဆိုင် ဖိုက်စကွဲယားတွင် အငြိမ့်ကနေသည်ကို သူမြင်၏။ အတော်ဘဲ၊ အတော်ဘဲ၊ အငြိမ့်မကြည့်ရတာ အတော်ကြာပြီ။ လူပျက် ပျက်သဖြင့် ဝေါကနဲ ဝေါကနဲ ရယ်သံသည် မေ့ကို ပွဲကြည့်ချင်အောင် သွေးဆောင်လေ သည်။

မေသည် ဘာမျှ တွေးမနေတော့ဘဲ ဖိုက်စကွဲယားဘက်သို့ ကူးလိုက်လေသည်။ မေသည် ပျော်၏။ လူစု လူဝေးကို သဘောကျ၏။ သူသည် နေရာကောင်းကို ကြည့်လေသည်။

"မေ၊ မေ"

အနောက်မှခေါ်သံကြောင့် လှည့်ကြည့်လိုက်ရ၏။ သူ့ဆီသို့ မိန်းမပျိုတယောက် အပြေး ကလေးလာကာ သူ့လက်ကို ကိုင်လိုက်လေသည်။ မိန်းမပျိုမှာ ဒိုင်အို ကျောင်းတုံးက တတန်းထဲ နေခဲ့သော သူငယ်ချင်းဟောင်း မသန်းကြည်ဖြစ်၏။

"ဟေး၊ မေဘယ်"

မေဘယ်မှာ မသန်းကြည်၏ ကျောင်းတုံးက နာမည်ဖြစ်၏။ မသန်းကြည်မှာ သူနှင့်ရွယ်တူ ဖြစ်၏။ မသန်းကြည်သည် မေ့ကို အဆက်မပြတ် မေးခွန်းများကို မေးလေသည်။ မေကလည်း သူ့ကို မေးလေသည်။ မသန်းကြည်မှာ သူ့လင်နှင့် ကွဲနေကြောင်း သူသိရ၏။

Commercial use of this book will be at your OWN RISK.

"မေ တယောက်ထဲလား'

"ဟုတ်တယ်၊ ယူကော"

"ဟိုမှာ အဖော်တွေ ပါတယ်"

မေသည် မသန်းကြည် အဖေါ်တွေကို ကြည့်လိုက်၏။ သူ့အဖေါ်မှာ ယောကျ်ားနှစ်ယောက် ဖြစ်၏။ အသက် နှစ်ဆယ်နှင့် သုံးဆယ်ကြားဖြစ်၍ သက္ကလပ်အပေါ်ဖုံးအညိုကို ဝတ်ထားကြ၏။ သူတို့သည် စီးကရက်ကိုဖွာကာ တယောက်နှင့်တယောက် ပြုံးရယ် စကားပြောနေကြလေသည်။ မေသည် မသန်းကြည်နှင့် သူ့အဖေါ် ယောကျ်ားများကို ဆက်သွယ်၍ တွေးကြည့်၏။ မသန်းကြည်မှာ နှုတ်ခမ်း၊ ပါး၊ လက်သည်းများတွင် ဆေးနီတွေ ဆိုးထား၏။ ဆံပင်ကိုလည်း လိပ်တက်အောင် ကောက်ထား၏။ ပြောပုံဆိုပုံမှာ ကျောင်းနေစဉ်ကထက် သွက်လက်၏။ အမူအရာမှာ လယ်သည့်အသွင် ပေါက်၏။

မေသည် တွေးနေဆဲ "မေ အခု ဘယ်ရောက်နေလဲ" ဟု မသန်းကြည်က သူ့ကို မေးလိုက်လေသည်။

"ရန်ကုန်မှာဘဲ ဆိုပါတော့။ ပဲခူးမှာ အတော်ကြာနေသေးတယ်"

"အော်၊ အော်"

ဇာတ်ခုံပေါ်မှ အငြိမ့်မင်းသမီးသည် ရင်ကိုကော့ကာ ကလျက်ရှိ၏။ လူပျက်နှစ်ယောက်မှာ အကဆုံးလျှင် ပျက်လုံးကို စဉ်းစားနေကြ၏။ ပွဲကြည့်ပရိသတ် အတော်များ၏။ ကုလား၊ တရုပ်၊ ကလေး၊ ဘုန်းကြီး၊ မိန်းမ ယောကျ်ား အပျို အအို ရန်သူ မိတ်ဆွေ။ ညဦးဖြစ်သဖြင့် လေကလည်း အေးအေးကြုကြု တိုက်၍နေလေသည်။ ဟိုက်ကုတ်ရုံးကြီး၊ ရီဇာတ်ဘဏ်တိုက်၊ ဆူးလေရွှေစေတီ၊ မြို့တော်ခန်းမကြီး စသော အဆောက်အဦးများသည် ပန်းခြံကိုဝိုင်းကာ စောင့်ရှောက်နေသည်ဟု မှတ်ထင်ရလေသည်။ ဥဩသံ ချိုးသံတို့ဖြင့် ဂီတတေးကို သီသော တောခလေ့ မဟုတ်။ ပန်းပင် ပန်းပွင့်တို့၏ ရနံ့ဖြင့် မွှေးကြိုင်သော တောကျက်သရေ မဟုတ်။ ရထားသံ၊ လူသံတွေဖြင့် ကြွက်ကြွက်ဆူသောမြို့၊ လူနံ့သူနံ့ဖြင့် ပေါင်းစပ်သောမြို့။ ငယ်ငယ်တုံးက မေသည် ဖိုက်စကွဲယား ပန်းခြံသို့ ညနေအေး လေညှင်းခံရန် လာလေ့ရှိသည်။ မေသည် မသန်းကြည်နှင့် စကာပြောရင်း ဘေးပတ်လည်ကို မျက်စိကလေး စွေကြည့်၏။ မေ၏ မျက်လုံးပြာကို စွဲကြသော ယောကျ်ားတွေ အနန္တ။ သို့ရာတွင် သူ တယောက်ကိုမျှ သဘောမကျ။ မေက သူတို့ထက် သာတာမှ။

ထိုအခိုက် ယောကျ်ားပျိုတယောက်ကို သွားမြင်လေသည်။ ထိုယောကျ်ားပျိုသည် တန်းလျားပေါ်၌ထိုင်ကာ မေ့ကို စိုက်ကြည့်နေ၏။ အသက်အစိတ် ကျော်ကျော်မျှ ရှိပုံရ၏။ ရုပ်ချောသည် မဆိုသာသော်လည်း ကြည့်ကောင်း၏။ အနည်းဆုံး မေ့ကိုတော့ ဆွဲငင်စေ၏။ သူသည် ရင်အုပ်ကျယ်ကျယ် လက်မောင်းအိုး ကြီးကြီး၊ စပို့ကုတ်၊ မန္တလေး အစိမ်းရင် တပတ်နွမ်း ပိုးလုံချည် ဝတ်ထား၏။

မေသည် မသန်းကြည်၏ပုခုံးကို ဖက်ထားရင်း ပြုံးလိုက်၏။ ထိုလူကလည်း သူ့ကို ပြန်ပြုံး၏။

မေ၏ရင်သည် အခုန်မြန်လာ၏။ မေသည် မသန်းကြည်ကို တိုးတိုးကလေး မေး၏။

Commercial use of this book will be at your OWN RISK.

"ဒါ ဘယ်သူလဲ ဟေ့။ ကိုယ့်ကိုချည်း စိုက်ကြည့်နေတယ်"

မေသည် ယောက်ျားပျိုကို မေးငေါ့၍ ညွှန်ပြ၏။

"ဘယ်သူလဲ အယ်ပတ်ကား အင်္ကျီနဲ့ လူလား"

"မဟုတ်ဘူးလေ၊ စပို့ကုတ် အကွက်နဲ့ ငနဲဟာ"

"အော်၊ သူလား" မသန်းကြည်သည် အဟီဟု ရယ်လိုက်လေသည်။ မသန်းကြည်သည် ထိုယောက်ျားပျိုကို သိသည်။

"ဘသိန်းတဲ့။ အရင်တုံးက ရုပ်ရှင်ထဲ လိုက်ဖူးတယ်"

"အော်" ဟု မေကဆို၏။

မသန်းကြည်သည် ပြုံးပြန်လေသည်။ နောက် ယောက်ျားပျိုကို ခေါင်းညိတ် ခေါ်လိုက်လေသည်။ မေက " အိုကွယ်၊ ဘာလုပ် ခေါ်လိုက်ရတာလဲ" ဟု မသန်းကြည်၏ လက်ကို အသာဆိတ်လိုက်ဆဲပင် ယောက်ျားပျို သူ့အနား ရောက်လာလေသည်။

"ဘဲ့နဲ့ ကိုဘသိန်း တယောက်ထဲဘဲလားရှင့်" ဟု မသန်းကြည်က ရင်းနှီးသော လေသံဖြင့် မေး၏။

"ဟုတ်ကဲ့ဗျာ"

ဘသိန်းမှာ သူတို့နှင့် မျက်နှာချင်းဆိုင်ကျလေသည်။

"ဟောဒါက မေ တဲ့ရှင်၊ ဒါက ကိုဘသိန်း"

မသန်းကြည်သည် မေ့ကို ဘသိန်းနှင့် မိတ်ဖွဲ့ပေးလေသည်။ သူတို့သည် ပြုံးကြ၏။ မေသည် မသန်းကြည် ဘေးနားက ကပ်နေ၏။

"ပွဲရောက်နေတာ အတော်ကြာပြီထင်တယ်။ ခုနထဲက မြင်တယ်" ဟု ဘသိန်းက စ၍ စကားပြောလေသည်။ သူသည် ရဲတင်း၏။

"ဟုတ်ကဲ့၊ သိပ်တော့ မကြာသေးပါဘူး"

"မသန်းကြည်နဲ့ အတူတူဘဲ ထင်ပါရဲ့"

"ရှင်" မေသည် သူပြောသည်ကို နားမလည်သဖြင့် သူ့ကို အံ့သြစွာ ကြည့်နေ၏။ သူသည် ရယ်၏။

"အေးလေ၊ မေက ဘယ်မှာနေသလဲလို့ မေးတာပါ"

မေသည် ပြုံး၏။

"ရန်ကုန်မှာ နေတာပေါ့ရှင့်"

သူတို့သည် ရယ်ကြလေသည်။

"ကျွန်တော်လဲ ရန်ကုန်မှာ နေတာပေါ့ဗျ"

သူတို့သည် ရယ်ကြပြန်လေသည်။ သူတို့သည် ရှီရွှန်း ပါရွှန်း စကားတွေကို ပြောကြ၏။ မေနှင့် ဘသိန်းမှာ စကားပြောရင်း ခင်သွားကြ၏။ ဘသိန်းမှာ ပညာတတ် ဂုဏ်ရည်တန်ထဲက မဟုတ်သည်ကို မေ အကဲခတ်မိ၏။ သို့ရာတွင် စကားပြောလို့ကောင်း၏။ အနည်းဆုံး မေသည် သူ့ကိုယ်လုံးကိုယ်ထည်ကို သဘောကျ၏။ ထောင်ထောင်မောင်းမောင်း ဒေါင်ကောင်းကောင်း လက်မောင်း တုတ်တုတ်။

Commercial use of this book will be at your OWN RISK !

မေသည် သူနှင့်စကားပြတ်သွားခိုက်တွင် သူ့အဖြစ်ကို စဉ်းစားကြည့်လေသည်။ အခုနေများကိုကျော်မြင့် သူ့ကိုမြင်သွားလျှင် ဘယ်လိုထင်မည်နည်း။ ပဲခူး လူကုံထံပိုင်းက တွေ့လျှင် မေးငေါ့လိုက်ကြမည့်ဖြစ်ခြင်း။ သူ၏ စိတ်တန်ခိုးသည် ပတ်ဝန်းကျင် လွှမ်းမိုးမှုတွင် ပျော့ကျလေသည်။ သူ၏ သမာဓိသည် ပျက်ပြယ်၍ နေလေသည်။

သူသည် သက်မချ၏။ သူသည် ဘသိန်းကို ကြည့်မိ၏။ မေသည် သူ့ကို ရွေးချယ်သည်မှာ မှန်ကန်သည်ဟု သူထင်လေသည်။ ဘသိန်းမှာ ချစ်ဖွယ်ကောင်းသော ယောကျ်ားဖြစ်သည်။ အရှေ့မှ အနောက်မှ လူတွေ တိုးကြသဖြင့် တခါတခါ မေ၏အသားနှင့် သူ၏အသားတို့ ထိသွားကြ၏။ မေ၏နှုတ်ခမ်းသည် ခြောက်သွေ့လာသဖြင့် ခဏခဏ လျှာကိုကော့ကာ တံတွေးဆွတ်ရ၏။ မေသည် အရင်ကထက် စကားသွက်လာ၏။ ရယ်စရာတွေပြော၏။ လူပျက် ပျက်လိုက်သည့်အခါ မေသည် အရင်ကထက် အသံကျယ်စွာ ရယ်မော၏။

ရှစ်နာရီ ကျော်ကျော်လောက်တွင် အငြိမ့်ပြီးလေသည်။ လူတွေ ရုပ်ရုပ် ရက်ရက် ဖြစ်ကာ လူစုခွဲကြ၏။

မသန်းကြည်၏ အဖော်ယောကျ်ား နှစ်ယောက်သည် သူတို့နားလာကာ "ကဲ မကြည်၊ ပြန်ကြရအောင်" ဟု ခေါ်လေသည်။

"မေ၊ ကိုယ်သွားမယ်နော်"

မေက သူမြန်မြန် ပြန်စေချင်သည်။ မသန်းကြည်သည် သူ့ကို နှုတ်ဆက်ကာ သူ့အဖော် နှစ်ယောက်နှင့် လူထဲတွင် ပျောက်သွားလေသည်။

မေသည် ဘသိန်းနှင့် ကျန်ရစ်ခဲ့လေသည်။ ရွေးချယ်ပြီးပြီ။ မေသည် ပျော်၏။

"ကဲ၊ မေကော ဘယ်သွားမလဲ။ ပြန်မလား"

"မပြန်သေးပါဘူး"

"ဒါဖြင့် လမ်းလျှောက်ရအောင်ဗျာ။ နဲနဲ အိုက်တယ်"

မေသည် ခေါင်းငြိမ့်လေသည်။

ရန်ကုန်မြစ်ဖက်မှ လာသောလေမှာ သင်းပျံ့ ညှင်းညှံ့သလောက် မေ၏စိတ်သည် သာယာ၍နေ၏။ ဆူးလေစေတီရင်ပြင်တွင် ပေါက်နေသော အုံးပင်ထိပ်မှ စောင်းသဏ္ဍာန် လခြမ်းသည် သူ၏ ရောင်ခြည် မှုံမှုံလဲ့ဖြင့် မေတို့အတွဲကို ကောင်းချီးမင်္ဂလာ ပေးလေသည်။

သူတို့ကို ဖြတ်သွားသူများက တယ်ဆန်းတဲ့အတွဲဟု အောက်မေ့ကြ၏။ အဘယ့်ကြောင့်ဆိုသော် မိန်းကလေးမှာ သွယ်သွယ် နုနု ယဉ်နွဲ့နွဲ့။ ယောကျ်ားမှာ ထွားထွားကြီးကြီး အသွင်ကြမ်းကြမ်း။

ဖိုက်စကွဲယား ပန်းခြံ သစ်ပင်များ အကြားမှ မီးရောင်တွေ လမ်းမသို့ လျှံထွက်လာ၏။ မေသည် သူ့မျက်နှာကို ကြည့်လိုက်၏။ သူသည် မေ့ဘက်သို့လှည့်ကာ ပြန်ပြုံး၏။ သို့ရာတွင် စကားတခွန်းမှ မပြော။

မှောင်ရိပ်များကို ဖြတ်၍ သူတို့ လမ်းလျှောက်လာကြ လေသည်။ ရှေ့တွင် ကုလား လက်ဖက်ရည်ဆိုင်မှ မီးတွေ ထိန်ထိန်လင်းလျက် ရှိ၏။ သူသည် မေ၏လက်ကို ကိုင်ထားလေသည်။ သူတို့သည် လက်ဖက်ရည်ဆိုင်ကို ကျော်သွားကြလေသည်။ လမ်းကျဉ်းကလေးကို

Commercial use of this book will be at your OWN RISK !



မြန်မာ့မျှားနတ်မောင် ကွန်မြူနတီ

ကွေ့လိုက်ကြ၏။ လမ်းကျဉ်းသလောက် အိမ်ရာများမှာ ညစ်ပတ်ပေကျံ၏။အနံ့အသက်ကလည်း မကောင်း။ လမ်းမတွင် ကွမ်းသွေး၊ စက္ကူစုတ်၊ အမှိုက်သရိုက်များဖြင့် မသန့်ရှင်း။ အိမ်များမှ မီးရောင်တို့မှာလည်း အားနဲသဖြင့် နီကျင်ကျင် ဖြစ်နေကြ၏။ ထိုလမ်းမှာ ၃၇ လမ်း ဖြစ်လေသည်။ မေသည် သူ့လက်ဝါးကို ဆုပ်ကြည့်၏။ လက်ဝါးမှာ မီးကဲ့သို့ပူ၏။

"ဒါ ကိုယ်နေတဲ့အခန်းဘဲ"

မေသည် မော့် ကြည့်လိုက်၏။ ပြတင်းပေါက်များစွာ တံခါးများစွာဖြင့် တန်းလျားကြီး ဖြစ်လေသည်။ သူသည် မေ၏ခါးကိုဖက်ကာ အပေါ်ထပ်သို့ လှေကားမှ တက်ကြ၏။ လှေကားမှာ မှောင်နေသဖြင့် စမ်းတက်ကြရ၏။ အလယ်ထပ်ရောက်လျှင် သူသည် အိပ်ထဲမှ သော့ကိုထုတ်ကာ တံခါးဖွင့်လိုက်လေသည်။ အတွင်းမှာ မှောင်နေ၏။

"ကိစ္စမရှိပါဘူး။ လာပါ"

မေသည် ရပ်ဆိုင်းနေ၏။

သူသည် မေ၏လက်ကိုဆွဲကာ ခေါ်၏။ မေသည် သူ့နောက်မှ လိုက်လာလေသည်။ သူသည် အိမ်ရှေ့တံခါးကို ဖွင့်လိုက်သဖြင့် ခပ်လှမ်းလှမ်း ဓာတ်မီးတိုင်မှ မီးရောင်သည် အခန်းတွင်းသို့ ဝင်လာလေသည်။ အခန်းမှာ ညစ်ပတ်၏။ မသပ်ရပ်။

မကြာမီ သူ၏ လက်မောင်းများသည် မေ၏ပခုံးကို ရစ်ပတ်လျက်ရှိကာ သူ၏ ပူနွေးသော နှုတ်ခမ်းသည် မေ၏ နှုတ်ခမ်းပါးကလေးကို ဆာလောင်မွတ်သိပ်စွာ နမ်းလေသည်။

မေသည် လက်တဖက်ဖြင့် သူ၏ခါးကိုဖက်ကာ လက်တဖက်ဖြင့် သူ၏နဖူးမှ ဆံပင်များကို သပ်ပေးလျက် ရှိလေသည်။

"ကိုသိန်း၊ ကိုသိန်း။ မေ့ကို သနားပါအုံးကွယ်"

× × × × × × ×

(၇)

"လာတုန်းကတော့ ဟန်ကျ ပန်ကျဘဲ" ဟု ဝိုင်၊ဒဗလျူ၊စီ၊အေ၊ တဲခန်းဆောင်မှူး ဒေါ်တင်မေ က ပြောလေသည်။

"ဟန်ကောင်းတာကတော့ မခက်ပါဘူး အန်တီ။ အခုခေတ်မှာ ရန်ကုန်ကဆို ဟန်ကောင်း ကြတာ ချည့်ပါဘဲ" ဟု စာရေးမရီရီက ဝင်ထောက်၏။

"သိပ်အံ့ဩစရာ ကောင်းနေတယ်။ အကြောင်းကတော့ ရှိမှာဘဲကွယ့်"

Commercial use of this book will be at your OWN RISK!

အချိန်မှာ နောက်တနေ့ ညနေခင်းဖြစ်၍ တဲခန်းဆောင်မှနေသော မိန်းမတသိုက် မေ ညက ပြန်မလာသည့်ကိစ္စကို ဆွေးနွေးလျက်ရှိကြ၏။ မေသည် လူသစ်ဖြစ်၍ သူ့အကဲကို ခတ်နေကြဆဲ ဖြစ်လေသည်။

"နာမယ်က မေတဲ့။ ချစ်စရာလေးဘဲ" ဟု ကုန်တိုက်ကြီး တတိုက်တွင် လက်နှိပ်စက် စာရေးမ လုပ်သော မခင်ဝင်းက ပြော၏။

"နာမယ်က ချစ်စရာကောင်းသလို လူကလဲ ချစ်စရာပါဘဲ။ ဂိုက်လဲ အင်မတန်ဖြောင့်တယ်။ အင်္ဂလိပ်စကားပြောလဲ သိပ်ကို သွက်တာဘဲ။ သူ့ အပြောတော့ ထရိန်နင်ကောလိပ်က တီတီစီ အောင်ပြီးဆိုဘဲ။ အမူအရာ ဟန်ကတော့ ဂုဏ်သရေရှိတဲ့ ဟန်ဘဲ။ ဒါပေမဲ့ တညလုံး ပြန်မလာတာက အစဉ်းစားရ ခက်နေတယ်"

"သူ့လူများ ရှိနေသလားမှ မသိဘဲ" ဟု အင်္ဂလိပ် ကပြားမ လီလီက ဝင်ပြော၏။

"သူ့လူဆိုတာ ဘာကိုဆိုလိုတာလဲ" ဟု မရီက မေး၏။

"သူ့ရည်းစားတို့ ဘာတို့ကိုပြောတာ။ ရုပ်ကလေးက ချောချောဆိုတော့ကြိုက်တဲ့လူတွေ ပေါမှာဘဲ။ လင်နောက်များ လိုက်ပြေးပြီလားမှ မပြောတတ်ဖဲ"

"လင်နောက်လိုက်ပြေးရင် သူ့ဝန်စည်စလယ်တွေ လာယူအုံးမှာပေါ့ကွယ့်။ အခုတော့ အခန်းထဲမှာ ပစ္စည်းတွေ အကုန်ရှိတာဘဲ" ဟု ဒေါ်တင်မေက စဉ်းစားသည့်ဟန်ဖြင့် အကြောင်းပြ လေသည်။

"ကျမ တခုစဉ်းစားမိတယ်" ဟု သူတို့ဆွေးနွေးပွဲတွင် တခါမျှ စကားမပြောသေးသော အမြကဆို၏။

အားလုံး အမြစကားကို နားစွင့်နေကြ၏။

"ဆေးရုံများ သွားမေးကြည့်ကြပါအုံးလား။ ကားတိုက်ခံရချင် ခံရမှာ" အားလုံး ရယ်မောကြ လေသည်။ ရယ်စရာကောင်း၍ ရယ်ကြသော်လည်း အမြစကားမှာယုတ္တိရှိသည်။ ဖြစ်မယ်ဆိုလျှင် ဖြစ်နိုင်သည်။

"ဒီအသက်အရွယ်ကြီးမှာကွယ်၊ ကားတိုက်ခံနေရအုံးမှာလား။ မေ မျက်စိ မမှုန်ပါဘူး။ မနေ့ညနေက မေ မြို့ထဲသွားတော့ လီလီ တွေ့ပါတယ်။ မေ့မှာ မျက်မှန်မပါဘူး"

"ဒါပေမဲ့ ကားတိုက်ခံရတာက မျက်စိမှုန်တာနဲ့ တယ်မဆိုင်ဘူး။ မျက်စိမမှုန်ပေမဲ့ သတိလစ် တဲ့အခိုက်နဲ့ကြုံရင် ကားတိုက် ခံရနိုင်တာဘဲ"

သူတို့သည် မေ တညပျောက်သွားသည့်ကိစ္စကို အငြင်းပွားနေကြဆဲ လှေကားမှ ခြေသံကို ကြားရလေသည်။ သူတို့သည် စကားကို ရပ်လိုက်ကြလေသည်။ ခြေသံမှာ လှေကားမှ ကော်ရစ်ဒါသို့ လျှောက်သွားလေသည်။ နောက် ခြေသံရပ်ကာ တံခါးဖွင့်သံ ပိတ်သံကို ကြားရ၏။

"ဒါ မေ့ အခန်းဘဲ" ဟု ဒေါ်တင်မေက ဆို၏။ သူတို့သည် တယောက်မျက်နှာ တယောက် ကြည့်ကြလေသည်။

"ခြေသံက တမျိုးဘဲနော်၊ လေးလေး နေးနေးကြီး။ အလေးတခုခုကို မလာသလိုဘဲ" ဟု ရီရီက မှတ်ချက်ချ၏။



မြန်မာ့မျှားနတ်မောင် ကွန်မြူနတီ

Commercial use of this book will be at your OWN RISK.

"လူမမာ လမ်းရှောက်တာနဲ့လဲ သိပ်တူတာဘဲ" ဟု မခင်ဝင်းက သူ့ထင်မြင်ချက်ကို ပေးပြန်လေသည်။

အပေါ် ထပ်တွင်ကား မေသည် မှန်ရှေ့တွင် ရပ်နေလေသည်။

သူသည် ဘယ်တုံးကမျှ ဒီလောက် မမောပန်းခဲ့။ ဘယ်တုံးကမျှ ဒီလောက် မပျော်ခဲ့။ နွမ်းလျလျှက်ရှိသော အကြောအခြင်များမှာ ကုန်လွန်ခဲ့သောညကို သတိရစေ၏။ ဖန်စပ်နေသော မျက်လုံးများမှာ ခွဲခွာရစ်ခဲ့သော ချစ်သူကို သွားမြင်စေ၏။

အချစ်ဆိုတာ ဒါဘဲ။ နေမင်းကြီးအောက်မှာ နေကြတဲ့ မိန်းမ ယောကျ်ားတွေ၏ စိတ်ကို ပြောင်းလဲစေသော အရာဖြစ်သည်။

သို့ရာတွင် ထိုအရာသည် မေ့ကို မပြောင်းလဲစေခဲ့။ သူသည် ထူးကဲသော ကာမရမက်ကို အဖေါ် တယောက်ထံတွင် မြှုပ်နှံခဲ့လေပြီ။ သို့ရာတွင် မေသည် မပြောင်းလဲ။ သူ့ကိုယ်သူ အပ်ခဲ့၏။ သို့ရာတွင် သူ့စိတ်ကို သူသာပိုင်၏။ ညအတွေ့ကြောင့် အရောင်ပိုတောက်လာ၏။

ပေါင်းစပ်၍ မရသော ကာမရမက်သဘောနှင့် ပညာဉာဏ်သဘောကို ယှဉ်တွဲလိုသော ရည်ရွယ်ချက် မေ့တွင် ဘယ်တော့မျှမရှိပေ။ သူသည် ကာမရမက် ကြီးနေသောအခါ၌ အခြားလူသတ္တဝါတွေ ကာမရမက် ကြီးကြသလို ကာမရမက်ကြီးမည် ဖြစ်လေသည်။ ပညာနှင့် ကာမရမက်မှာ တခြားစီဖြစ်သည်။ ကာမရမက်တွင် အဆင့်အတန်း ခွဲခြားခြင်းမရှိ။ ငယ်ငယ်နှင့် ကြီးကြီးဟူ၍သာ ခွဲခြားနိုင်သည်။ ပြီးတော့လည်း ပြီးသွားသည့် အရာမျိုး ဖြစ်လေသည်။ ဘသိန်းကို နောက်ဘယ်တော့မှ တွေ့ရလိမ့်မည်မဟုတ်ဟု သူထင်သည်။

သူသည် ၃၇ လမ်းမှ ထွက်လာခဲ့သောအခါ၌ ရန်ကုန်မြို့ကြီးမှာ အရင်ကလိုဘဲ ခမ်းနားသိုက်မြိုက်ပေသည်။ သူသည် ပဲခူးမှ ထွက်လာသောအခါ သူ့စိတ်သည် လေလျှက်ရှိ၏။ ယခုမူ ဘာကြောင့် စိတ်လေသည်ကို သူနားလည်လေပြီ။ သူသည် တပ်မက်ခြင်းက သွေးဆောင်ခြင်းကို အရှုံးပေးခဲ့သည်။ နောက်ဆုံးမှာ သူ သင်ခန်းစာ ရလေပြီ။

တံခါးခေါက်သံသည် သူ့အတွေးကို နှောက်ရှက်၏။

"တွန်း ဝင်ခဲ့လေ"

တံခါးသည် ကျွီကနဲမြည်ကာ တလက်မလောက် ဟလာ၏။

"တွန်းဝင်ခဲ့ပါလေ"

တံခါးသည် နောက်တခါ တလက်မလောက် ဟလာပြန်၏။

မေသည် တံခါးဆီသို့သွားကာ ဖွင့်လိုက်လေသည်။ တဲဆောင်ခန်းမှူး ဒေါ်တင်မေကို တွေ့ရ၏။ မေသည် ပြုံးလေသည်။

"အော် မေ"

"ဟုတ်ကဲ့"

"ကျန်းမာပါရဲ့နော်"

မေသည် ရယ်မောကာ ကျန်းမာကြောင်း အဖြေပေးလေသည်။ သူသည် ဒေါ်တင်မေ၏ အပြုအမူကို အံ့သြနေ၏။ ဒေါ်တင်မေသည် တံတွေးကို တချက်မျိုကာ မေညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်လေသည်။

Commercial use of this book will be at your OWN RISK.

"အော် ဒါနဲ့၊ ပြောဘို့ရာ တခုမေ့နေတယ်။ ညက မေ ဒီမှာ မအိပ်ဖူး။ သူငယ်ချင်း တယောက်က အတင်းခေါ်တာနဲ့ သူ့ဆီမှာဘဲ အိပ်နေရတယ်။

ဒေါ်တင်မေသည် ရင်ကိုကော့လိုက်၏။

"ဒီကပြောဘို့ရာ တခုမေ့နေတယ်။ ဒီတဲခန်းဆောင်ဟာ ဂုဏ်သရေရှိ အမျိုးသမီးများ နေကြတဲ့ တဲခန်းဆောင်ဆိုတာ ပြောမလို့ပါဘဲ"

မေသည် သူ့ကိုငေး၍ ကြည့်နေ၏။

"မိန်းကလေး အပျိုရွယ် တညလုံးပြန်မအိပ်ဖဲ နောက်တနေ့ ညနေ ၆ နာရီမှ ပြန်လာတာ မျိုးဟာ"

"အခုမှ ငါးနာရီ ခွဲပါသေးတယ်"

"အချိန် ဒီလောက် သေခြာရတာက အရေးမကြီးပါဘူး"

"ဒါပေမယ့် မေမနက်ဖြန် ဒီကပြောင်းမယ်လို့ စိတ်ကူးပါတယ်။ မြို့ထဲက သူငယ်ချင်းကလဲ သူ့ဆီလာနေပါလို့ အတင်းခေါ်နေတယ်"

ဒေါ်တင်မေ မေ့ အခန်းမှ ပြန်လာသောအခါ၌ ရီရီ၊ အမြ၊ မခင်ဝင်း၊ လီလီတို့သည် မေ့ အကြောင်းကို ဝိုင်း၍ မေးကြ၏။

ဘယ်သူ ဘာပြောပြော ထိုည၌ တဲခန်းဆောင်တွင် နှစ်နှစ် ခြိုက်ခြိုက် အိပ်၍ အပျော်ဆုံးမှာ မေပင် ဖြစ်လေသည်။

× × × × × × ×

(၈)

နောက်တနေ့နံနက် အိပ်ရာက နိုးသောအခါ၌ မေသည် ခေါင်းနဲနဲအုံ၍ နေလေသည်။

ဖုံတွေပေနေသော ခန်းဆီးကြားမှ နေရောင်သည် အိပ်ရာပေါ်သို့ ထိုးလျက်ရှိ၏။ လမ်းမပေါ်မှ နွားနို့ကုလား အော်သံများကို ကြားရ၏။ ဘသိန်းကား ဝေးသောအတိတ်တွင် မှေးမှေးသာ ထင်ကျန်ရစ်ခဲ့လေပြီ။ ဘသိန်းကို နောက်ထပ်တွေ့ချင်သောစိတ် အလျှင်းမရှိတော့။ သူသည် တပ်မက်ခြင်း၏ သွေးဆောင်မှုကို လုပစွာ အရှုံးပေးခဲ့သဖြင့် ဝမ်းသာ၏။

သို့ရာတွင် ယခု ကရမည့်ဇာတ်မှာ သာ၍ခက်ခဲသေး၏။ မခင်စီတို့ အိမ်သူ အိမ်သားများနှင့် ဘယ်လို စခန်းသွားမည်၊ ကိုကျော်မြင့်က သူ့ကို ဘယ်လို နှုတ်ဆက်မည် စသည်တို့ကား လာမည့်အချိန်က ဖော်ပြလိမ့်မည်။ သူ့အကြံအစည်များသည် အောင်မြင်ရမည်ဟု သူယုံကြည်သည်။



မြန်မာ့မျှားနတ်မောင် ကွန်မြူနတီ
Commercial use of this book will be at your OWN RISK.

နံနက်စာ ထမင်းစားပြီးသောအခါတွင် မေသည် ပျော်နေလေသည်။ ပျော်လွန်း၍ ထမင်းစားခန်းမှ သူ့အခန်းသို့အသွား လမ်းလှေကားတွင် ရီရီနှင့်တွေ့ရာ ပြုံး၍ပင် နှုတ်ဆက်မိလေသည်။ ရီရီသည် သူ့ကို ပြန်၍ ပြုံးကာ နှုတ်ဆက်၏။

“ဒီနေ့ဘဲ ဒီကပြောင်းတော့မယ် ကြားပါတယ်”

“ဟုတ်ကဲ့ ဒီညနေဘဲ” ဟု မေကဖြေ၏။

“ခဏလေးဘဲ နေပါလား”

“ဟုတ်ကဲ့။ သုံးရက်ဆိုပါတော့”

“ရမ်ကုန်မှာ မပျော်လှဘူးထင်တယ်”

“မဟုတ်ပါဘူး။ မေ ရန်ကုန်က မသွားပါဘူး။ မေ့သူငယ်ချင်းက ပတ်လမ်းမှာ နေပါတယ်။ အဲဒီကို သွားမှာပါ”

ရီရီ၏ မျက်လုံးသည် ဝင်း၍ သွားလေသည်။ ပတ်လမ်း ကန်တော်ကြီးစောင်းမှာဖြစ်၍ အထက်တန်းစားများသာ နေထိုင်နိုင်သောရပ်ကွက် ဖြစ်လေသည်။ ရီရီသည် မေ့ကို အထင်ကြီး၍ သွားလေသည်။ မေသည် ဂုဏ်သရေရှိထဲကဟု အသိအမှတ် ပြုလိုက်လေသည်။

× × × × × × ×

မေသည် မြင်းရထားတစီးနှင့် ပတ်အဲဗင်းနယူးဘက်သို့ သွားသောအချိန်မှာ ညနေအေးကလေး ဖြစ်လေသည်။ မေသည် မြင်းရထားပေါ်မှ အိမ်နံပါတ်များကို ကြည့်သွားလေသည်။ ၁၂၊ ပတ်လမ်း၊ တွေ့ပြီ။ “ဘယ်လောက် ခံ့ညား ဂုဏ်ရှိသလဲ” မေသည် ပထမတော့ လန့်သွားလေသည်။ မသွားဝံ့ဝံ့၊ သွားဝံ့ဝံ့ ဖြစ်နေ၏။ ကိုကျော်မြင့်တို့ မခင်စီတို့ရှေ့မှာ ယဉ်ကျေး၍ အပြစ်ကင်းသည့်ဟန် ပြရမည်ကို လန့်နေ၏။

နောက်ဆုံး၌ သူသည် စိတ်ကိုဆုံးဖြတ်ကာ ခေါင်းလောင်းကို ဒင် ဒင် ဒင် ဒင် မြည်အောင် နှိပ်လေသည်။ လှေကားမှ ခြေသံကို ကြားရ၏။ ဟုတ်သည်။ မခင်စီ အိမ်မှာဘဲ ရှိသည်။ အစေခံသည် သူ့ကို ကျယ်ဝန်းသော ဧည့်ခန်းထဲသို့ ခေါ်သွားလေသည်။ အခန်းမှာ ဆိုဖာ၊ ကော်ဇော၊ စာပွဲ၊ ကုလားထိုင်၊ မီးပွင့်များ စသော အိမ်ထောင် ပရိဘောဂအရောင်ဖြင့် ဖိတ်ဖိတ် တောက်နေကြ၏။

ခမ်းနားတင့်တယ်သော ပတ်ဝန်းကျင်ကို မြင်သောအခါ၌ ဝီစိကိစ္စာများသည် ပျောက်ကွယ်သွားကြလေသည်။ ကာမရမ္မက်အတွေ့ သူကြုံခဲ့ရပြီ။ လောကတွင် ထိုထက် နေပျော်ဘွယ်ကောင်းသော အရာများအလယ်တွင် ထို ကာမရမက်သည် ဘာမျှ အသုံးမကျတော့ပြီ။ ထိုညက သူပီတိ ကြည်လျှမ်းခြင်းမှာလည်း စင်စစ် ဘသိန်းထက် မြင့်မြတ်သည် အထင်ရှိခြင်းကြောင့် တကြောင်းဖြစ်၏။ သူ့ထက် ယုတ်ညံ့သေးသိမ်သော သတို့သားကို လှည့်ဖြားသော မင်းသမီးလေးလို သူ သဘောထားသည်။ အကယ်၍သာ မသန်းကြည်နောက်လိုက်လျှင် သူလည်း



Commercial use of this book will be at your OWN RISK !

မသန်းကြည်တို့လိုပင် ပေါ့ပေါ့လေလေ အပျက်ဘဝသို့ ရောက်သွားမည်ဖြစ်လေသည်။ ယခုကား ကာမရမက်တို့မှ ကင်းလွတ်လျက် နောင်အဖို့ ကောင်းဘို့သာ ရှိတော့သည်။

"မေ"

မခင်စီသည် သူ့ကို လာဖက်လေသည်။ သူငယ်ချင်းနှစ်ယောက်သည် ဝမ်းသာလျက်ရှိကြ၏။

"မေ အခု ဘာလုပ်နေသလဲ"

မေသည် သက်မချ၏။

"အခုတော့ ရေစီးရာ မျောနေတာဘဲ" ဟု မေက ဖြေလေသည်။ သူပြောသည်မှာ အလွန်မှန်ကန်သည်။

"မေ၊ မေ့ကို ကြည့်ရတာ မမာသလိုဘဲ။ နောက်ကို မေ အိမ်ထဲမှာဘဲ ကျကျနန နေရတော့မှာဘဲ။ အို မေကတော့ စီ မေ့အတွက် ဘယ်လောက်ပူရသလဲဆိုတာ သိမှာမဟုတ်ဘူး။ ဒီက သိပ်စိုးရိမ်ကြတာ။ ဟိုလူကြီးကကော"

မခင်စီမှာ မျက်ရည်ကလေးပင် လည်လာ၏။ မေသည် ရင်ကို ထုလိုက်၏။

"အခုနေ ဒါတွေ မပြောကြနဲ့ပေါ့ ဟုတ်လား။ ဒိပြင်အကြောင်းတွေ ပြောကြမယ်။ အိမ်မှာ ဘယ်သူမှ မရှိကြဘူးမေရဲ့။ ကိုကိုလဲ တောသွားနေတယ်။ မနက်ဖန်မှ ပြန်ရောက်မှာ။ ကိုကိုပြန်လာလို့ မေ့တွေ့ရင် သိပ်ဝမ်းသာမှာဘဲနော်။ လာလာ မေ။ ကော်ဖီသောက်ရအောင်" လက်ဖက်ရည်ပွဲ ရောက်လာ၍ သူတို့သည် တွေ့ရာပြောကြ၏။ မခင်စီက သူ့ကိုကိုအကြောင်းရော သူ့အကြောင်းရော အဆက်မပြတ် ပြောလေသည်။ "ကဲမေ စီတော့ ပြီးပြီ။ မေ့အကြောင်းများလဲ ပြောစမ်းပါအုံး။ ကြားချင်လှပါပြီ" ဟု အဆုံးသတ်လိုက်၏။

မေသည် သူ၏ ပြီးမြောက်သော တတ်ပွန်လိမ်မာမှုဖြင့် သူ့ရာဇဝင်ကို အလင်္ကာဂုဏ်မြောက်စွာ ပြောပြလေသည်။ စင်စစ် သူပြောပြသော ရာဇဝင်မှာ နားထောင်ကောင်းအောင် တန်ဆာဆင်ထားသော ထိုးဇာတ်ဖြစ်လေသည်။ ပဲခူးလူကုံထံပိုင်းက သူ့ကို မနာလိုပုံ၊ နှင်းနှင့်ဝင်းတို့က ငြူစူပုံ၊ ဒေါ်ငြိမ်းခင်က တင်းမာပုံ၊ နောက်ဆုံး တည်တွင် ဦးဖေမောင်က သူ့ကိုနမ်းရန် အားထုတ်ပုံတို့ပါ ပါလေသည်။

ဤနေ့ရာသို့ ရောက်သောအခါ မေသည် သူ့မျက်နှာကို ငုံ့ကာ လက်နှင့် ကွယ်အုပ်ထားလေသည်။ ဝမ်းနည်းကြေကွဲလှသောကြောင့် မဟုတ်။ မခင်စီက တခွန်းတပါဒမျှ ပြန်မမေးဘဲ သူပြောသမျှကို အကြွင်းမဲ့ ယုံကြည်သည်ကို မခံနိုင်သောကြောင့် ဖြစ်လေသည်။

"မေ၊ မေ ၊ ဒီအကောင်ကြီးဟာ သိပ်ယုတ်မာတာဘဲ။ တရားစွဲဘို့ကောင်းတယ်။ မေရယ် ဝမ်းမနည်းပါနဲ့" မခင်စီသည် လက်ကိုင်ပုဝါ အဝါကလေးနှင့် မျက်လုံးကို ပွတ်၏။

"ကဲ၊ အခု မေ ဒီရောက်နေပြီ မဟုတ်လား" ဟု မေက ပြောကာ မခင်စီကို ဖက်လိုက်လေသည်။

"နောက်ကို ကိုယ်တို့တတွေ ပျော်ကြဘို့ဘဲ ရှိတော့တယ်။ မေလဲ ဒီမှာ မပျင်းမချင်း နေပေတော့"

"စီ၊ မေ့ အပေါ်ကို ဒီလောက် ကောင်းမနေပါနဲ့ကွယ်" မေသည် သက်ပြင်းချ၏။

Commercial use of this book will be at your OWN RISK.

"စီကသာလေ မေ့ကို ဒီလိုဆိုးတဲ့ အရပ်မျိုးလွှတ်တာ စိတ်မကောင်းဖြစ်နေတာ။ မေ့ကို သိပ်တားဘို့ ကောင်းတယ်။"

မေက ပြုံးလေသည်။

"အခု မေ သိပ်ပျော်တယ်" ဟုဆိုကာ မေသည် ပန်းဝတ်ရည်ကို စားသုံးရသော လိပ်ပြာကလေး၏ အမူအရာဖြင့် စာပွဲပေါ်မှ ပလိန်းကိတ်တလုံးကို ယူစားလိုက်လေသည်။

မခင်စီမှာ မေရောက်နေသည့်အတွက် ဝမ်းသာ၏။ မေနှင့်အတူ ပွဲတွေလမ်းတွေကို သွားလိုက်မည်၊ ဘယ်သွားလိုက်မည် စသည်ဖြင့် စိတ်ကူးယဉ်နေ၏။ သူ၏ ဂုဏ်သရေရှိ မိတ်ဆွေများနှင့် အသိဖွဲ့ပေးလိုက်မည်၊ မေ့အတွက်လည်း အဝတ်အစား ကောင်းကောင်းတွေ ဝယ်ပေးမည်။

"မေ အခု အရင်လိုဘဲ လက်ကောင်းသေးတယ် မဟုတ်လား။ မေကတော့ အမြဲ လက်သံကောင်းမှာပါဘဲ"

အမှန်မှာ မေသည် ကိုကျော်မြင့်ကလွဲ၍ မခင်စီတို့ အိမ်သူအိမ်သားများမှာ မည်မျှ အကျိုးကျေးဇူး ရလိုက်မည်ကို တွေးနေဆဲဖြစ်၏။ မေသည် ဂီတစိတ် ညွှတ်လာသဖြင့် သူ၏ မျက်လုံးပြာများသည် ကြည်လင်၍လာ၏။ စကားပြောရတာ ပျင်းသဖြင့် စန္ဒယား တီးချင်လေသည်။

"သူများ အတီးသင်နေရတာနဲ့ ကိုယ်တီးဘို့တောင် မေ့နေပါဘီ။ တီးလို့မှ ရပါ့မလား မပြောတတ်ဘူး" ဟု မေကပြောလေသည်။

"ရမှာပေါ့မေရဲ့။ စီ့ပီယာနိုကို စမ်းကြည့်စမ်းပါအုံးလား။ ဒါပေမဲ့ မေ ခရီးပန်းနေရင်တော့ မပြောချင်ပါဘူး။ အခုနေအခါမှာ မေ လုပ်ချင်တာကိုလုပ်။ မလုပ်ချင်တာ မလုပ်နဲ့"

"အို မေကတော့ ပီယာနိုတီးရမှာကို အမြဲ စိတ်ပါတယ်"

သူတို့သည် စန္ဒယားထားသော အခန်းကြီးထဲသို့ သွားကြလေသည်။ အခန်းမှာ ချောကလက်ရောင် ခန်းဆီးများဖြင့် လှပ၏။ ကုလားထိုင် စာပွဲများမှာ သားနား၏။ စန္ဒယားမှာ ဘေဘီကရင်း ဖြစ်လေသည်။

"ကဲ၊ ဘာသီချင်းတီးရမှာလဲ" ဟု မေက စန္ဒယားခုံပေါ်တွင် ထိုင်ရင်း မေး၏။

"မေ သဘောပေါ့"

မခင်စီသည် အိညက်သော ကုရှင်ကြားတွင် မြုပ်ကာ နားထောင်နေလေသည်။ မေသည် ဘာသီချင်းကို တီးရမှန်းမသိ။ လွန်ခဲ့သော တရက်နှစ်ရက်အတွင်းက သူ့အရောင်ကို ဆန်းကြယ်စွာ ဆေးချယ်ပေးထားသဖြင့် ဘယ်ဘက်သို့ စိတ်ညွှတ်သည်ကို မတွေးတတ်အောင် ဖြစ်လေသည်။ သို့ဖြစ်လေရာ မေသည် တွေ့ကရာ ရောက်စမ်းလေသည်။ နောက်ဆုံး၌ သီချင်းတပုဒ်ကို စတီးလေသည်။ နောက် တေးသံပြောင်းသွား၏။ အလိမ်အတွန့် အကွေ့အကောက်တွေ ပေါ်လာ၏။ နီရဲသော ချည်မျှင်တို့သည် အရောင်မျိုးစုံ မွန်းထားသော ပန်ပွင့် အခက်အလက် သဏ္ဌာန်များထဲတွင် ရက်ဖေါက်၍ သွားကြ၏။ သူ၏ ကျဉ်းမြောင်းသော ဘဝတွင် နှောင်ဖွဲ့ထားသော စိတ်အသွင်များကို တေးဂီတဝယ် ဖော်ကြူးနေလေသည်။ သူ၏ အတွင်းသဏ္ဌာန်မှ

Commercial use of this book will be at your OWN RISK !

ဝေဒနာ အမှတ်များသည် ဖြူနုသော လက်ချောင်းများမှတဆင့် စန္ဒယားခလုတ်များပေါ်သို့ ကူးရောက်သွားလေသည်။ သူသည် ရပ်ကာ မော့်ကြည့်လိုက်၏။

တံခါးဝတွင် ကိုကျော်မြင့်နှင့် သူမသိသော ယောက်ျားကြီးတယောက်တို့ ရပ်နေကြလေသည်။ မခင်စီသည် ကုရှင်ပေါ်မှ ထလိုက်လေသည်။

"ကိုကိုတို့က ဖြုန်းဆို ရောက်လာတာကို။ စီက ကိုကို တောမှာဘဲရှိအုံးမယ် ထင်နေတာ"

သူ၏ မျက်လုံးသည် မေ့ပေါ်ကိုသာ ရောက်နေသည်။ မခင်စီသည် မေ့ဖက်သို့လှည့်ကာ "ဖေဖေ၊ ဒါက မေ ဆိုတာ။ မေ၊ ဒါက စီတို့ဖေဖေ" ဟု မိတ်ဖွဲ့ပေးလေသည်။

"မိတ်ဖွဲ့ပေးဘို့ မလိုပါဘူး" ဟု ပြောရာမှ ရယ်မော၍ "စီက ခဏခဏ ပြောနေတော့ လူမမြင်ဘူးပေမယ့် မေ ဆိုတဲ့ နာမယ်ကတော့ ကြားနေတာကြာလှပါဘီ"

မေသည် ပြုံးကာ ယဉ်ကျေးသော ဣန္ဒြေဖြင့် ကော်ဇောကို စိုက်ကြည့်နေလေသည်။ အမှန်မှာ မေသည် အနေရခက်၍နေသည်။ သူယူမည်ဟု မှန်းထားသောသူနှင့် အဖေ၊ နှမ အလယ်တွင် ရင်ဆိုင်တွေ့နေရပြီ။

"စီကတော့ သူ့သူငယ်ချင်း သူ့ဆီလာနေမယ်လို့ ပြောနေတာ အခု မေရောက်လာတော့ သိပ်ပျော်မှာ။ မေလဲ ပျော်သလောက် နေပေတော့"

မခင်စီတို့အဖေ ဦးဘဟန်မှာ အလွန်သဘောကောင်း၏။ မေသည် သူ့ကို ကျေးဇူးတင်စွာဖြင့် ကြည့်လေသည်။ ကြင်နာစိတ် ကြွယ်ဝပုံမှာ ကိုကျော်မြင့်နှင့် တူသည်။ သူ့မျက်လုံးများမှာ ထက်မြက်သည်။

"မေ ဒီလာတာ သိပ်ဝမ်းသာတာဘဲ။ ဒီကတော့ မေ ဘယ်လိုများ နေမယ်ဆိုတာ တွေးနေကြတာ" ဟု ကိုကျော်မြင့်က ပြော၏။

"သူတို့များ သိသွားရင်"

"မေ တော့ အလုပ်ကလဲ ထွက်လိုက်ပြီ။ သူတိုဆီမှာ နေရတာ သည်းမခံနိုင်တော့ဘူး"

"ဟုတ်တယ်။ ကျွန်တော်လဲ သူတို့ ကို ကြည့်ရတာ ဘယ်လိုဟာတွေမှန်း မသိဘူး"

မေ သည် လက်အချင်းချင်း ပွတ်နေ၏။

"အေး၊ နေကြအုံး။ မနက်ဖန် ဆီးနိတ်တာ အစည်းအဝေးက ကိစ္စတွေရှိသေးတယ်"ဟု အကြောင်းပြကာ ဦးဘဟန် သည် နေရာမှ ထ၏။

"ကဲ မေ ၊ ခဏနေအုံးနော်။ စီ အောက်သွားလိုက်အုံး မလို့။ ကိုကို၊ ဧည့်သည်ကို စကားပြောနေရစ်အုံးနော်" ဟု ပြောကာ မခင်စီ သည် သူ့ အဖေနှင့် လိုက်သွားလေသည်။

မခင်စီ၏ အပြုအမူမှာ ချိုလွန်းလှ၏။ မေ သည် ကိုကျော်မြင့် အတွက် သူ့ ကိုယ်ကို ပြင်ဆင်လေသည်။ မျက်နှာမှာ ပေါင်ဒါ နဲနဲပျက်နေ၍ ဆံပင်တွေမှာ လည်းဖွာ၍ ရှေ့သို့ကျနေ၏။

"ဝင်လာခါစတုံးက မေ ဘာသီချင်းတီးနေတာလဲ" ဟု ကိုကျော်မြင့် က မေးလေသည်။

"အလကားပါ။ သီချင်းရယ် မဟုတ်ပါဘူး။ ထင်ရာရှောက်စမ်းနေတာပါ"

ကိုကျော်မြင့် မှာ မေ့ ကို နတ်သမီးလေးဟု အောက်မေ့နေလေသည်။ "ရှောက်စမ်းတာ၊ ဟုတ်လား။ သိပ်နားထောင်လို့ ကောင်းပါလား" သူသည် အတိအလင်း ပင်ပြော၏။

Commercial use of this book will be at your OWN RISK.

"နောက်ပြီး၊ လက်သံက စိတ်ညစ်နေတုံး တီးသလိုဘဲ"

မေသည် ရှေ့သို့ကျလာသော ဆံနွယ်ဆံညွှန့်များကို လက်ဖြင့် အသာဖယ်ပစ်၏။

"ဟုတ်တယ်။ တီးရတာတမျိုး။ ကိုကျော်မြင့်တို့ ပဲခူးလာလည်တုံးက တီးရတာလို ဟန်မကျဘူး။ ဒါထားလိုက်ပါအုံး။ ကိုကျော်မြင့်တို့ အကြောင်းများ ပြောစမ်းပါအုံး။ ကိုကျော်မြင့်တို့တော့ အစစအရာရာ ပြည့်စုံတဲ့လူဆိုတော့ စိတ်ချမ်းသာမှာဘဲ"

ကိုကျော်မြင့်မှာ ကျေးဇူးတင်စွာနှင့် ရန်ကုန်မှာ သူဘယ်လိုနေသည်ကို မေ့အား ပြောပြလေသည်။ မေသည် နားထောင်ရင်း ကိုကျော်မြင့်ကို ဘသိန်းနှင့် နှိုင်းယှဉ်ကြည့်မိလေသည်။ ယောကျ်ား အဖြစ်နှင့်ဆိုလျှင် ဘသိန်းက အပုံညံ့သည်။ မေက ယောကျ်ားများကို နှစ်မျိုးနှစ်စား ခွဲသည်။ ပထမအမျိုးမှာ ချစ်ရည်တူနှင့်ကြင်မည့် ချစ်သူဖြစ်၍ ဒုတိယအမျိုးမှာ နေရေး၊ ထိုင်ရေးကို ထောက်ပံ့မည့်သူဖြစ်၏။ ယောကျ်ားမှာ ပိုက်ဆံရှိလျှင်ရှိ မရှိလျှင် အဆင်းလှရမည် ဖြစ်လေသည်။ ကိုကျော်မြင့်မှာ ဘသိန်းထက်လှ၏။ ကြည့်ကောင်း၏။ သို့ရာတွင် တခုလိုနေသည်။

ကိုကျော်မြင့် မှာတဖြည်းဖြည်း မေ့အပါးသို့ တဖြည်းဖြည်း ကပ်ကပ်လာ၏။ သူ့ကိုများ ချစ်စကားပြောမလို့လား မပြောတတ်။ တံခါးမှ ခြေသံကြားသဖြင့် ကိုယ်ကို မတ်လိုက်၏။

မခင်စီ ရောက်လာလေသည်။

"ကိုကို နေအုံးနော်။ မေ့ကို သူ့အခန်း လိုက်ပြရအုံးမယ်။ သူ့ခမြာ ရောက်ကတဲ့က မနားရသေးဘူး။ ခရီးလဲ ပန်းနေမှာဘဲ"

မေသည် ကိုကျော်မြင့်ကို ပြုံး၍ လှမ်းကြည့်ကာ မခင်စီနှင့်အတူ အပေါ်ထပ်သို့ တက်သွားလေသည်။

တယောက်တည်း ကျန်ရစ်ခဲ့သောအခါ ကိုကျော်မြင့်သည် မေ့ကို ဘယ်လိုအောက်မေ့မလဲဟု တွေးလေသည်။ အကယ်၍ မခင်စီ ဝင်မလာရင် သူသည် ချစ်စကား ပြောမိမည်ဖြစ်၍ ပြောရင် မေက ဘယ်လိုဖြေမည်နည်း။

သူသည် စိတ်ကောင်းရှိ၍ ရိုးသားသူဖြစ်လေရာ မေက သူ့ကို လက်ခံပါ့မလားဟု သံသယဖြစ်လေသည်။ သူသည် ပိုက်ဆံလည်းရှိ၏။ သို့ရာတွင် မေလို မိန်းကလေးများက ငွေကို ဂရုစိုက်မည်မဟုတ်ဟု သူထင်၏။ သူ့ကို မကြိုက်စရာတော့ မရှိဟု သူအောက်မေ့၏။

သူသည် အပေါ်ထပ် သူ့အခန်းသို့ အဝတ်လဲရန် တက်သွားလေသည်။ မေမှာ သူနှင့် တအိမ်တည်း နေလေပြီ။ သူသည် မေ့ကိုသာတွေး၏။ မေ . . . မေ . . . မေ့ကိုသာ သူစဉ်းစား၏။

× × × × × × ×

Commercial use of this book will be at your OWN RISK.

(၉)

ကန်တော်ကြီး သစ်ပင်ကြို သစ်ပင်ကြား၊ ပန်းပင်ကြို ပန်းပင်ကြားမှ နံနက်လေသည် အခန်းဆီး ဇာပန်းပေါက်ကို ဖြတ်သန်းကာ ပန်းပင်ကြို ပန်းပင်ကြား မေ၏ ဆံပင်အတွန့်ကလေး များကို ဆော့ကစားနေကြ၏။ မေသည် မခင်စီနှင့် မြို့ထဲ ဈေးဝယ်သွားရန် အလှပြင်နေ၏။ မခင်စီ တို့ အိမ်သူအိမ်သားများက မေ့ ကို ချစ်ခင်သော မေတ္တာ မြတ်ရေစင် ကြောင့် မေ၏ မျက်နှာမှာ လန်းဆန်း၍ နေလေသည်။ မနက်ဖြန် သူတို့အဖေ ဦးဘဟန်က ဆီးနိတ်တာ များကို လက်ဖက်ရည်ပွဲ တည်ခင်းကျွေးမွေးမည်ဖြစ်၍ မေ့အတွက် အဝတ်အစားများကို မခင်စီက ဝယ်ပေးရန်ဖြစ်၏။

"ဟေး မေ။ ပြီးပြီလား"

"ရက်စ်"

မခင်စီသည် တံခါးဝမှ စောင့်နေ၏။မခင်စီသည် မနက်ခင်းနှင့် လိုက်လျောအောင် နှင်းပွင့်ရောင် ကုတ်အင်္ကျီကိုခြုံထား၏။ သူငယ်ချင်းနှစ်ယောက်သည် အောက်ထပ်သို့ ဆင်းသွား၏။ သူတို့သည် ကားပေါ်သို့ တက်ကြ၏။

"ကဲ၊ ဘယ်သွားမှာလဲ ဆရာ" ဟု မေကမေး၏။

"ပိုးထည်ဆိုင် ကိုပေ့ါ"

"စီ သိပ်ဖြုန်းနေပါလား"

"မဖြုန်းပါဘူးရှင့်။ မေ့ဘို့ အဝတ်အစားဝယ်ရမှာ"

"မေ စိုကို သိပ် အားမနာပါရစေနဲ့ကွယ်" ဟု ပြုံးရင်း မေကပြောလေသည်။ ကားသည် စကော့ဈေးဘက်သို့ မောင်းထွက်သွားလေသည်။

သူတို့သည် အဝတ်အထည်ရောင်းသော ဆိုင်အတွင်းခန်းကလေး၌ အင်္ကျီလုံချည်များကို ကြည့်ရှုလျက် ရှိကြလေသည်။ ဈေးရောင်းသူသည် အဆင်အသွေး အစားစားကို ပြသလေသည်။ မခင်စီက ဘယ်အရောင်က ဘယ်လို၊ ဘယ်အကွက်က ဘယ်လိုဟု အကြံပေး၏။

"မေလိုချင်တာက အဆင်နုနု ရိုးရိုး။ အပြာနဲ့ အစိမ်းတွဲစပ်ထားတဲ့ အသွေး"

"ခဏ နေအုံးနော်"

သူမသည် ဘေးတွင် တဝက်မြင်ရသော အခန်းငယ်ကလေးသို့ဝင်သွားပြီး အတန်ကြာလျင် အထည် တပွေ့တပိုက်ကြီး ယူလာကာ ပြလေသည်။ မခင်စီသည် အထည်များကို တခုပြီးတခု ယူကြည့်၏။

"ဒီအဆင်က အတွန့်ကလေးတွေ များလွန်းတယ်။ နောက်ပြီး အပြာက နဲနဲရင့်တယ်"

"မေ ကြည့်စမ်း။ ဒါလေးက လှချင်သားနော်။ အစက်တွေက ကြီးနေလို့"

မေသည် အဝတ်အထည်များကို အကဲဖြတ်သော မျက်လုံးဖြင့် ဆင်ခြင်ကြည့်၏။ သူတို့သည် တော်တော်နှင့် စိတ်တိုင်းကျ မတွေ့ကြ။ နောက်ဆုံး အစွန်းမှတထည်ကို တွေ့လေ သည်။ ပိတ်ထားသော ပြတင်းပေါက် တရပ်ကပ်အကြားမှ နေရောင်သည် အထည်ပေါ်သို့



Commercial use of this book will be at your OWN RISK !

ကျရောက်နေရာ အဆင်အသွေးသည် သူ့အလုပ်ဂုဏ်ကို ဖေါ်ကြွားနေ၏။ ထိုအဆင်မှာ ပြာသော တိမ်တိုက်ကို နောက်ကျောခံသော ပန်းခက်အစိမ်းများသဏ္ဍာန် ဖြစ်လေသည်။

"ဟော"

မေသည် ရှေ့သို့တိုးကာ အထည်ကို ကိုင်ကြည့်၏။

"စီ ရေ၊ ကြည့်စမ်းဟေ့"

"ဟာ သိပ်လှတာဘဲ"

မေသည် သူ့အထည်ကို အတော်သဘောကျနေလေသည်။ သို့နှင့်ပင် နောက်တရက်သို့ ကူးကာ လက်ဖက်ရည်ပွဲ ကျင်းပမည့်ညသို့ ရောက်လာလေသည်။ ထိုညနေ၌ မေသည် သူ့အခန်းတွင် ရှေ့မှန် နောက်မှန်နှင့် အလှပြင်၍နေ၏။ ဒီည လောကကြီးနှင့် တွေ့ရတော့မည်။ မနေ့ကဝယ်လာခဲ့သော လုံချည်မှာ ကျက်သရေရှိလှသည်။ မခင်စီမှာ ကျေနပ်၏။

"မေ ဒီတခါလောက် ကျက်သရေရှိတာ တခါမှ မတွေ့သေးဘူး" ဟုပြောကာ သူ့အခန်းတွင်းသို့ အလှပြင်ရန် ထွက်သွားလေသည်။

ထိုညတွင် မေ အတော်ပျော်လေသည်။ သူ မခင်စီတို့ အိမ်ရောက်သည်မှာ တလလောက် ရှိသွားပြီ။ ကိုကျော်မြင့်က သူ့ကိုချစ်သည်။ ဦးဘဟန်က သူ့ကို ကြည်ဖြူသည်။ မခင်စီကသူ့ကို သဒ္ဓါသည်။ ရုပ်ရှင်သို့ သူ့ငွေ တပြားမှမကုန်ရဘဲ သွားရသည်။ဦးဖေမောင်ထံမှ တပတ်ရိုက်၍ ရထားသော ငွေသုံးရာမှာ သူ့သေတ္တာဒေါင့်တွင် နေရာမပျက်ရှိသည်။ နီလာရင်ထိုးမှာလည်း တရိုတသေ သိမ်းထားသောနေရာတွင်ရှိသည်။

ဒီည ရင်ထိုးကလေးကို ရင်ပတ်တွင် တပ်ရမည်လော။ ကိုကျော်မြင့် သူ့ရင်ပတ်ကို မသိမသာ လှမ်းကြည့်တတ်၍ မမြင်သောအခါ စိတ်ပျက်သွားသည်ကို သူတွေ့သည်။ အခုနေ ရင်ထိုးကလေး ထိုးလိုက်လျှင် သူ ဘယ်လောက်ဝမ်းသာမလဲ။ အပြာနှင့် အစိမ်း၊ အစိမ်းနှင့် အပြာ တင့်တယ်သော အတွဲ။ တခုခက်သည်မှာ မခင်စီအတွက်ဖြစ်လေသည်။ မခင်စီက ဘယ်လိုပြောမလဲ။ သူ့ပစ္စည်းများကို မခင်စီ အကုန်သိသည်။ သို့ရာတွင် ရိုးသားသော မခင်စီကို ညာဘို့ရာ မခက်။ သူ့အမေကို သတိရသော အထိမ်းအမှတ် ရင်ထိုးကလေးဖြစ်၍ တရိုတသေ သိမ်းထားသည်ပြောလျှင် ပြီးမည်ဖြစ်၏။

မခင်စီမှာ ယုံကြည်ရုံတွင်မက သူ့အမေ လက်ဆောင်ပစ္စည်းကို အမြတ်တနိုးထားသည်ဟု အောက်မေ့လေသည်။ ယခုကဲ့သို့ပွဲတွင်မှ ထုတ်၍ ဝတ်ဆင်သည်မှာ သူ့အမေအား ဂုဏ်ပြုသည် မည်လေသည်။ ကိုကျော်မြင့်မှာ မေ့ရင်ပတ်တွင် နီလာရင်ထိုးကလေးကို မြင်သောအခါ ရှက်၍ နေလေသည်။ သို့ရာတွင် အတွင်းကမူ ပီတိလျှမ်းလျက်ရှိလေသည်။

အချိန်ကျလျှင် ဧည့်သည်များ ရောက်လာကြလေသည်။ ပထမရောက်သူမှာ ဒုတိယ အဓိပတိ ဦးဇော်ဝင်းနှင့် ဇနီးတို့ ဖြစ်လေသည်။ နောက်ဆက်၍ ဆီးနိတ်တာ မင်းဘားများ၊ အတွင်းဝန်ကလေးများ ရောက်လာကြလေသည်။ မေမှာ မခင်စီနှင့်အတူ ဧည့်သည်များကို ဖိတ်ခေါ် စကားပြော နေလေသည်။ နောက် မြန်မာအမျိုးသမီး အသင်းချုပ် ဥက္ကဋ္ဌ ဒေါ်သန်းအေး (ဘီ၊အေ) ရောက်လာလေသည်။ ဒေါ် သန်းအေးမှာ မကြာသေးမီကပင် စာအုပ် တအုပ် ရေးသဖြင့် နာမည်မွေးကာစ ဖြစ်လေသည်။ နောက်ဆုံးရောက်သူမှာ အောက်လွှတ်တော်

Commercial use of this book will be at your OWN RISK

အမတ် ဦးဘညွန့် ဖြစ်လေသည်။ သူသည် နယ်မှဖြစ်၍ လယ်မြေအမြောက်အများ၊ ဆန်စက်များ ပိုင်ဆိုင်၍ ကျိုကျိုတက် ချမ်းသာသော သူဌေးတဦးဖြစ်လေသည်။ သူသည် သတင်းစာတိုက်ကြီး တတိုက်၌လည်း အစုရှယ်ယာတွေ အများကြီး ဝယ်ထားလေသည်။ သူသည် လူကုံထံပိုင်း၌ ဩဇာရှိသူတယောက် ဖြစ်လေသည်။ ကိုကျော်မြင့်သည် သူ့ကို သဘောမကျပေ။ သို့ရာတွင် သူသည် အလုပ်အကိုင်ပေးရာဘက်၌ အရေးပါ အရာရောက်သဖြင့် အလိုက်သင့် နေရလေသည်။ မေသည် သူရောက်လာကတည်းက မျက်လွှာကို အသာလှန်၍ ကြည့်မိလေသည်။

"လက်ဖက်ရည်ပွဲ စပြီ" ကြွေးကြော်လိုက်သဖြင့် ကိုယ့်နေရာကိုယ် ထိုင်ကြလေသည်။ မေသည် သူ့အလိုကျအတိုင်း ဒေါ်သန်းအေးနှင့် ဦးဘညွန့်ကြားတွင် ရောက်နေလေသည်။ အားလုံး မေ့ကို တစေ့တစောင်း ကြည့်ကြ၏။ မေ၏ ပူနွေးသောရင်အုံမှာ ကခုန်၍ နေလေသည်။ ဒီအတိုင်းသာသွားလျှင် ရှေ့ကို ဟန်ကျဘို့သာ ရှိတော့သည်။ မေသည် ဒေါ်သန်းအေးအား စာအုပ်အကြောင်း မေးလေသည်။ နောက် သူတို့သည် စာပေအကြောင်းကို ဆွေးနွေးကြလေသည်။ ဒေါ်သန်းအေးမှာ စာပေပြိုင်ပွဲများ၌ အကဲဖြတ် သမာဓိလူကြီး လုပ်ရသူဖြစ်၏။ သူသည် မေ စကားပြောပုံကို သဘောကျလာကာ နောက်ရေးမည့်စာအုပ်တွင် မေ့နာမည်ကို ထည့်ရ ကောင်းမလားဟု စဉ်းစားလေသည်။ မေနှင့် သူတို့ လေပေးဖြောင့်နေကြ၏။

"အိမ်ကို ထမင်းစား လာလည်ကြပါအုံး" ဟု ဒေါ်သန်းအေးက ဖိတ်၏။ "မခင်စီလဲ သောကြာနေ့ လာမယ်တဲ့။ ဦးဘဟန်ခေါ်လို့တော့ အလကားပါဘဲ။ သူက ဘယ်တော့မှ အိမ်မလည်ဘူး။ ဒါပေမဲ့ မေလာနော်"

"ဟုတ်ကဲ့ ။ ဝမ်းသာပါတယ်ရှင်"

"အိမ်မှာ စာအုပ်တွေလဲ ဘီဒိုကြီးတခုနဲ့ အပြည့်"

နောက် သူသည် ဦးဘညွန့်ဘက်သို့ လှည့်ကာ" ဒါထက် ဦးဘညွန့်။ စာပုံနှိပ်စက် ဥပဒေကြမ်းဟာ ဘယ်လိုလဲ။ ပြောစမ်းပါ"

ဦးဘညွန့်သည် သူသိသမျှ ရှင်းပြလေသည်။ နောက် သူသည် မေ့ဘက်သို့လှည့်ကာ အခြားစကားများကို ပြောလေသည်။ သူတို့သည် စစ်မက်ရေးရာ အကြောင်းသို့ ရောက်သွားပြန်၏။ တဖက်တွင်ကား ဦးဘညွန့်နှင့် ဒုတိယ အဓိပတိတို့ စကားပြောနေကြ၏။

အပေါ်ထပ်သို့ ရောက်သောအခါ မခင်စီသည် မေ့ကို သီချင်းဆိုရန် ပြောလေသည်။ မေသည် မငြင်းသာဘဲ ဆိုရလေသည်။ မခင်စီ သီချင်းဆိုသည့်အလှဲ့တွင် မေက စန္ဒယားတီးလေသည်။ ယောကျ်ားများ ဝင်လာကြ၏။ ဒုတိယအဓိပတိ ဦးဇော်ဝင်းက မေ့ကို "အဆို တော်တော် ကောင်းတယ်" ဟု ချီးမွမ်းလေသည်။ ကိုကျော်မြင့်မှာ ဘာမျှမပြော။ ဦးဘညွန့်မှာ မေ့ကို အချီးမွမ်းဆုံး ဖြစ်လေသည်။

"ဟို မမလေးကို ကုန်ကုန်ချစ်လိုက်ပါဆိုတဲ့ အပိုဒ်ကို ပြန်ကျော့တာ သိပ်လှတာဘဲ" ဟု ဦးဘညွန့် ကစန္ဒယားကိုမှီရင်း ပြောလေသည်။

"ဦးဘညွန့်က သေသေချာချာ မှတ်မိတယ်၊ ဟင်" မေသည် အသံကိုခေါက်ရင်းမေး၏။

"မှတ်မိတာပေါ့။ ကျွန်တော်ငယ်ငယ်တုံးက ဂီတ အတော်ဝါသနာပါတော့ အမှတ်တမဲ့ နားထောင်တာ မဟုတ်ဘူး"



Commercial use of this book will be at your OWN RISK !

“ဟုတ်မှာဘဲ”

“ကဲ နောက်တပုဒ် ဆိုတီး လုပ်ပါအုံး” ဟု မခင်စီက ပြောလေသည်။

“ဟုတ်တယ်။ တပုဒ်လောက် စမ်းပါအုံး” ဟု ဦးဘညွန့် ကတောင်းပန်၏။

မေသည် သူ့ကိုမကြည့်။ သူသည် ဆန်းသော ဝေဒနာအတွေ့ကို ခံစားနေ၏။ သူ၏ စိတ်အာရုံထဲတွင်ကား ညအခါ မဲမှောင်သော မြစ်အပြင်ဝယ် သင်းဘောများသည် ဒဏ်ရာရသော ပင်လယ်ငှက်များပမာ ဆိပ်ကမ်းတွင် ကပ်နေကြ၏။ သူတီးသော ဂီတသံ၌ လေတိုက်သည့် အခါ တိုက်၍ မိုးရွာသည့်အခါ ရွာလေသည်။ သူသည် စိတ်ပျက်လက်ပျက်နှင့် တညလုံး ရောက်သွားနေသည်ဟု မှတ်ထင်ရလေသည်။

မေသည် တေးဆုံး၍ မျက်နှာကို မော့်လိုက်သောအခါ ကိုကျော်မြင့်သည် သူ့ကို အချစ်ရည် ဝင်းသော မျက်လုံးများဖြင့် ကြည့်နေသည်ကို တွေ့ရလေသည်။ မေသည် ဘယ်လို တုံ့ပြန်ရ မည်ကို နားလည်လေသည်။ သူသည် စန္ဒယားခုံမှထကာ ကိုကျော်မြင့်ဘေးတွင် ဝင်ထိုင်လျက် ရယ်ကာမောကာ စကားပြောနေလေသည်။

ဦးဘညွန့်၏ မျက်နှာကား အနည်းငယ် မဲနေသော်လည်း “သူလဲလောကီသားပါဘဲ” ဟူသော အသွင်ကို ဆောင်လျက်ရှိလေသည်။

၁၀ နာရီ ကျော်ပြီဖြစ်၍ ဧည့်သည်များ ပြန်သွားကြလေပြီ။ မခင်စီမှာ သူ့အကိုအလိုနှင့် ဆန့်ကျင်၍ ဦးဘညွန့်က လက်ဖက်ရည်သောက်ဖိတ်သည်ကို လက်ခံလိုက်သည်။

“ကိုကိုတော့ ဒီလူကို သိပ်သဘောမကျဘူး”

“ဘယ့်နဲ့လုပ်မလဲ ကိုကို။ သူကဖိတ်တာ မသွားလို့ ဘယ်ကောင်းမလဲ။ အဲဒီတုံးက ဖေဖေလဲ အနားမှာ ရှိတယ်”

“ဒါပေမဲ့”

“ဒါထက် ကိုကို။ မေ ကောဟင်”

“အောက်ထပ် ထမင်းစားခန်းထဲမှာ ဗိုက်နဲနဲနာနေလို့တဲ့။ ဆိုဒါ သောက်နေတယ်” ကိုကျော်မြင့် ပြောသည့်အတိုင်းပင် မေသည် အောက်ထပ်တွင် ဆော်ဒါသောက်လျက်ရှိ၏။ မခင်စီ ဝင်သွားသောအခါ၌ မေသည် သောက်နေတုံး ဖြစ်လေသည်။

“မေ ဗိုက်နာလို့ဆို”

“နဲနဲနာတာပါ။ အခုပျောက်သွားပါပြီ” ဟု ဖန်ခွက်ကို ချလေသည်။

“ဒါဖြင့် ပြီးတာဘဲ။ စီတော့ အိပ်ချင်တယ်ကွယ်။ တခါထဲ အိပ်ခန်းသွားတော့မယ်။ ဂွတ်နိုက်ဟေ့”

“ဂွတ်နိုက်” မခင်စီ အပေါ်တက်သွား၏။

အတော်ကြာလျှင် မေလည်း အပေါ်တက်လေသည်။ ဆင်ဝင်တွင် မီးဖွင့်ထားသဖြင့် မီးလင်းနေ၏။ မေသည် ဘယ်သူများလဲဟု တံခါးဝမှ လှမ်းကြည့်၏။

“အို ”

Commercial use of this book will be at your OWN RISK.

ကိုကျော်မြင့်မှာ ဆင်ဝင်ဘက် ဝရံတာတွင် သူ့ဘက်ကို ကျောပေးကာ ထိုင်လျက်ရှိလေသည်။ သူသည် ကျောက်ပွတ်လုံးပေါ်တွင် လက်တင်ကာ ကန်တော်ကြီးဘက်သို့ ငေးနေလေသည်။

မေသည် ကိုယ်ကိုတုံ့ကာ လှည့်ပြန်၏။

"အော်၊ မေ ပါလား။ ကိုကျော်မြင့်က မေ အိပ်ပြီမှတ်နေတာ" ကိုကျော်မြင့်သည် သူ့ဆီသို့လာ၏။

မေသည် သူ့ မျက်လွှာကို လှန်ကြည့်၏။ သူ့အဖို့ အခွင့်ကောင်းရပြီ။ သူ့ကို ချစ်စကားပြောတော့မည်။

"မေ၊ မအိပ်သေးခင် ဒီမှာထိုင်ပါအုံးလား။ စကားစမြည် ပြောရအောင်" ဟု ကိုကျော်မြင့်က ခေါ်လေသည်။

"အို ညဉ့်လဲ နက်လှပါပြီ"

မခင်စီမှာ ရုပ်တရက် ဝင်လာမည်လားဟု စိုးရိမ်ကာ တံခါးဝသို့ လှမ်းကြည့်လေ၏။

"လာပါ၊ နဲနဲလဲ အေးတာပေါ့'

သူမယိမ်းခင်က ယိမ်းနေသော မေသည် ကိုကျော်မြင့်နောက်မှ လိုက်လာကာ ဝရံတာတွင် ခင်းထားသော ကုလားထိုင်တွင် ဝင်ထိုင်၏။ ကန်တော်ကြီး တောရိပ်မှ လာသောလေသည် သင်း၏။

"တောရနံ့လေ သင်းလာတော့ မေ ဘယ်များ အမှတ်ရလဲ"

မေသည် ဝရံတာ ကျောက်ပွတ်လုံး လက်ရမ်းပေါ်တွင် အလှဆင်ထားသော သံပုံးပန်လှပင်ကို စိုက်ကြည့်နေလေသည်။

"ပဲခူးကို သွားအမှတ်ရတာပေါ့"

"ဟိုညကော။ သွားအမှတ်မရဘူးလား"

ကိုကျော်မြင့်သည် ကုလားထိုင်ကို သူ့နားသို့တိုး၏။

"မေ့ကို ကိုကျော်မြင့်က တခု ပြောစရာရှိတယ်။ စိတ်မဆိုးနဲ့နော်"

"မေ စိတ်မဆိုးတတ်ပါဘူး"

မေသည် ရှက်သဖြင့် ခေါင်းငုံ့နေ၏။

"ကိုကျော်မြင့်ကို မေ အထင်မသေးနဲ့နော်။ စိတ်လဲ မဆိုးပါနဲ့။ မေ အခုဝတ်ထားတဲ့ ရင်ထိုးကလေးဟာ ကိုကျော်မြင့် ပို့လိုက်တာ"

ကိုကျော်မြင့်က သူ့ကို ရင်ထိုး ပေးသည်။ ရင်ထိုး ပေးတာ စိတ်ဆိုးစရာလား၊ ကျေးဇူးတင်စရာဘဲ ပြောရမှာလား။ မေသည် တွေးနေဆဲ။

"ကိုကျော်မြင့် မေ့ကိုချစ်တယ်၊ ဒါကြောင့်ပေးတာဘဲ"

သူသည် စကားဆုံးလျှင် မေ့ကို စိုက်ကြည့်နေလေသည်။ မေကမူ သူသည် အသဲနှလုံးကို စာဖတ်နေသည်ဟု မှတ်ထင်လေသည်။

"မတတ်နိုင်ဘူးမေ။ ချစ်လာတာကို ဘယ်လိုလုပ်ပြီး တားလို့ရမလဲ။ အသဲနှလုံးကြားထဲက ပွင့်လာတဲ့ မေတ္တာပန်းကို မပွင့်နဲ့ မဖူးနဲ့လို့ ပြောလို့ရမလား မေရယ်။ မေ့ကို တွေ့ပြီးကထဲ

Commercial use of this book will be at your OWN RISK!

နေလို့မရဘူး။ မေ့ကို ကိုကျော်မြင့်ချစ်သလို ဘယ်သူမှ ချစ်ကြမှာ မဟုတ်ဘူး မေရယ်။ ကိုကျော်မြင့် ဝမ်းထဲမှာ ထားလို့ကို မရလို့ပါ မေ . . . မေ”

သူသည် အချစ်ဇော်မွန်နေသဖြင့် အသံတုန်နေလေသည်။ ကိုကျော်မြင့်၏ မေတ္တာစကားလုံးသည် မေ၏ စိတ်တွင်းသို့ဝင်ကာ ပဲ့ထင်ရိုက်လေသည်။

“ကိုကျော်မြင့်”

သူသည် မေ့ကို မော့်ကြည့်၏။ အချစ်သက်သေသည် မျက်လုံးတို့၌ တည်ကုန်၏။ သူသည် မေ့မျက်လုံးပြာကလေးများ၏ အရောင်ကို ချက်ချင်းမြင်လိုက်သည်။

အချစ်စေတသိက်က စေခိုင်းလိုက်သော သူ၏ လက်နှစ်ဖက်သည် မေ့ကို ပွေ့ဖက်လိုက်လေသည်။ မေသည် “အို” ဟုဆိုကာ ခေါင်းငုံ့လိုက်ရမည့်အစား ရင်ကိုကော့ကာ ပါးကို မော့်လိုက်လေသည်။ ကိုကျော်မြင့်သည် ဝမ်းသာလွန်းသဖြင့် မေ၏ နှုတ်ခမ်းရော ပါးရော နဖူးရော လည်ပင်းရော နမ်းလေသည်။ မေသည် သူ့အိပ်မက်ထဲကအတိုင်း သစ်ရွက်အကြား ရောက်နေသော ပန်းပွင့်ကလေးပမာ ဖြစ်နေလေသည်။ မေသည် သူ၏ ကျယ်ပြန့်သော ရင်ခွင်ကြား၌ ကော့နေလေသည်။

“လောကကြီးသာ ဒီလိုနေရင် သိပ်ကောင်းမှာဘဲနော်”

ကိုကျော်မြင့်သည် မေ့ကို ဖက်ကာ နမ်းပြန်လေသည်။

× × × × × × ×

(၁၀)

မေသည် ကိုကျော်မြင့်နှင့် ချစ်သည့်အကြောင်းကို မည်သူ့အသိမျှမပေးဘဲ ထားလေသည်။ မည်သူမျှလည်း မသိကြ။ မခင်စီကိုပင် အသိမပေး။ အကယ်၍ ထို့ထက်သာသော အခွင့်အရေးအကြောင်းတို့ ပေါ်လာက ကိုကျော်မြင့်ကို ငြင်းတန်ငြင်းရအောင် စဉ်းစားဘို့ အချိန်ရရန် ဖြစ်လေသည်။ ဤသတင်းကိုကြားက ဦးဘညွန့်ကလည်း ဘယ်လိုပြောမည် မပြောတတ်ပေ။ သို့ဖြစ်လေရာ ကိုကျော်မြင့်ကိုတားကာ ဖွင့်မပြောသေးဘဲ ဆိုင်းထားလေသည်။ ကိုကျော်မြင့်ကလည်း မေ့သဘောအတိုင်းပင်။ မေမှာ မောင်နှစ်မနှစ်ယောက် ရှုစိမ့်သည့်ကြားတွင် ပျော်နေလေသည်။ မည်သူမျှမမြင်လျှင် မေသည် ကိုကျော်မြင့် အနမ်းအပွေ့ကို ခံနေလျက် အားလုံးရှေ့တွင် မခင်စီနှင့်လက်တွဲကာ ကစားနေလေသည်။

တနင်္ဂနွေနေ့၌ သူတို့သည် ရွှေတိဂုံဘုရားသို့ ဘုရားဖူးသွားကြလေသည်။ ဘုရားမှအပြန် ဦးဘညွန့်တို့အိမ်ဝင်ရန် မခင်စီက အကြံပေးလေသည်။ ဦးဘညွန့်တို့အိမ်မသွားခင် အင်းယားကန်


မြန်မာ့မျှားနတ်မောင် ကွန်မြူနတီ
Commercial use of this book will be at your OWN RISK !

ကေဘင်ကျွန်းသို့ သွားလည်ကြ၏။ ကေဘင်ကျွန်းတွင် ပျော်ပွဲစားထွက်ကြသူများကို တွေ့ရလေသည်။

"ကဲ ကိုကို။ ဦးဘညွန့်တိုအိမ် သွားကြမယ်။ တနာရီကျော်ပြီ" ဟု မခင်စီက လက်ပတ်နာရီကိုကြည့်ရင်း ပြော၏။

"အေး၊ သွားကြတာပေါ့"

သူတို့စီးသောကားသည် ပြည်လမ်းသို့ မောင်းလေသည်။ ကားသည် ခြံနံပတ် ၃၈ သို့ ဝင်သွားသောအခါ မေ၏ရင်သည် ခုန်နေလေသည်။ ဦးဘညွန့်အိမ်မှာ ဗိုလ်ဆံဆံ ဆောက်ထား၏။ ပန်းပင်များကို အကန့်အကန့် တသန့်စီ စိုက်ထား၏။ ခန်းဆီးများမှာ အနီရောင်ဖြစ်လေသည်။ ဧည့်ခန်းမှာ ဂျပန်လုပ် ပန်းပွင့်ကလေးတွေဖြင့် ပိုးမီးအုပ်ဆောင်းများဖြင့် လွင်၏။ ကြက်သွေး ပန်းခက်၊ ပန်းနွယ်များ အကွက်ဖော် ထားသော ပါးရှားဖြစ် မှိုင်းလုံးကော်ဇောပေါ်တွင် ဆိုဖာများသည် ခန့်ညားစွာ ရှိနေကြလေသည်။

"စီဖြင့် တမျိုးဘဲ။ ဒီထဲရောက်လာတာ ဖျားချင်သလိုလိုကြီးဘဲ" ဟု မခင်စီက တိုးတိုးကလေးပြော၏။

"ဟုတ်တယ်။ မလာရင်ကောင်းမှာဘဲ" ကိုကျော်မြင့်က အစကထဲက သဘောမကျ။

မေသည် ဘယ်လိုမှ မပြော။ သူ့အဖို့မှာ အတော်ခက်သည်။ သူ့ကိုချစ်သော ကိုကျော်မြင့်ကို ဝမ်းမနည်းစေချင်။ သို့ရာတွင် ယခုကဲ့သို့သော အခွင့်ကိုလည်း လက်မလွှတ်လို။ ဦးဘညွန့်က သူ့အပေါ် ညွှတ်နေသည်မှာ အသေအချာပင်။ မေ့အဖို့ အချစ်အတွက်နှင့် ပတ်သက်၍ သူနှင့်တွေ့စရာမလို။ အချစ်မှာ သူ၏ တစိမ်းတရံစာသာ ဖြစ်နေလေသည်။

ဦးဘညွန့် အခန်းထဲသို့ ဝင်လာလေသည်။

"အပေါ်ထပ်မှာ ရောက်နေတာကို သည်းခံပါနော်။ အသိတယောက်နဲ့ တယ်လီဖုန်းစကားပြောနေတာနဲ့"

မခင်စီသည် ပြုံး၏။

"ထိုင်ကြပါ။ ထိုင်ကြပါ"

အားလုံး ဆိုဖာပေါ်တွင် ထိုင်ကြ၏။ မခင်စီသည် အနည်းငယ်မျှ ရှက်အန်းအန်း မဖြစ်ဘဲ အိစက်သော ကူရှင်ကြားတွင် မြုပ်နေလေသည်။

"မခင်စီက မေ့ကိုပါ အပါခေါ်လာတယ်ထင်တယ်" ဟု ဦးဘညွန့်က ပြုံး၍ ပြောလေသည်။

"ဟုတ်တယ်။ သိပ်မခဲယဉ်းလှပါဘူး" ကိုကျော်မြင့်က မခင်စီအစား ဖြေလေသည်။

မခင်စီသည် မျက်မှောင်ကုတ်လိုက်၏။ ကိုကျော်မြင့်မှာ ဦးဘညွန့်ကို မည်မျှပင် သဘောမကျသော်လည်း အထိုက်အလိုက်တော့ နေရမည်ဟု သူသဘောရသည်။

"ကျမတို့လဲ ဦးဘညွန့်ဆီ လာလယ်ဘို့ရာ စိတ်ကူးနေကြတာပါဘဲ။ ကဲဘာကျွေးမှာလဲ" ဟု မခင်စီက ပြောလေသည်။

"ဧည့်သည်တွေက အကုန် အစားကြီးတွေထင်ပါရဲ့။ ဟဲဟဲ"

"မေ ဒီအထဲ မပါဘူးနော်" မေသည် ကိုယ်ကိုတုံ့၏။

Commercial use of this book will be at your OWN RISK

"မေ့ကိုလဲ ကျုပ်က အစားကြီးတယ်လို့ မပြောရသေးပါလားဗျာ။ အိုးမလုံ အုံပွင့်တာနဲ့ တူတယ်" ဟု ဦးဘညွန့်က နောက်၏။

အားလုံး ဝိုင်းရယ်ကြလေသည်။

ရေခဲမုန့်၊ ချယ်ရီသီး၊ ကိတ်မုန့်၊ လိမ်မော်ရည်တို့ကို ငွေလင်ဗန်းတွင်ထည့်၍ အစေခံ ယူလာကာ သူတို့ရှေ့တွင် ချလေသည်။

"ကဲကဲ သုံးဆောင်ကြပါ။ ချယ်ရီသီးကို မေက ထည့်ပေးလိမ့်မယ်" ဟု ဦးဘညွန့်ကဆို၏။

မေသည် ရေခဲမုန့်ပန်းကန်ထဲသို့ ချယ်ရီသီး ၂ လုံးစီ ထည့်ပေး၏။

"ကိုကျော်မြင့် စားပါ" ဦးဘညွန့်သည် သူ့ပန်းကန်ကို တွန်းပေး၏။

"ကိုကျော်မြင့်မစားရင် မေလဲမစားဘူး"

မေသည် ကိုကျော်မြင့်ဘက်သို့လှည့်၏။ မခင်စီသည် မေ့ကို ကျေးဇူးတင်လေသည်။

"ဟုတ်သားဘဲ ကိုကိုမြင့်က"

သူသည် ငွေဇွန်းကလေးနှင့် ရေခဲမုန့်ကို ကော်လိုက်လေသည်။ သူတို့သည် နေ့လည်စာ စား နေကြစဉ် ထွေရာလေးပါး ပြောနေကြလေသည်။ ဦးဘညွန့်မှာ ရယ်စရာမောစရာ ပြောတတ်သူ ဖြစ်လေရာ အရယ်သန်သော မခင်စီနှင့် မေတို့မှာ ရယ်၍သာ နေကြလေသည်။ ကိုကျော်မြင့်မှာ ပြုံးရုံသာ ပြုံးလေသည်။ သူတို့သည် ကျောက်သံပတ္တမြားများအကြောင်း ရောက်သွားကြ၏။ ဦးဘညွန့်က သူ့တွင်ရှိသော ရတနာများအကြောင်းကို ပြောလေသည်။ မခင်စီက ကြည့်ချင်သည် ဆိုသဖြင့် ဦးဘညွန့်သည် သူတို့ကို အပေါ်ထပ်သို့ ခေါ်သွားလေသည်။

"မေက အလှအပကို ကြိုက်ပုံရတယ်" ဟု သူက လှေခါးပေါ်တက်ရင်း ပြောလေသည်။

သူတို့သည် လသာခန်းနှင့် ကပ်လျက်ရှိသော အခန်းထဲတွင် ရောက်နေကြလေသည်။ ကြမ်းပြင်မှာ အရောင်တင်ဆီ သုတ်ထားသဖြင့် ပြောင်လက်ချောမွတ်၏။ သူသည် အခန်းဆီးကို ဘေးသို့ဆွဲလိုက်သဖြင့် မှန်တံခါးမှ အလင်းရောင် ဝင်လာလေသည်။ သူတို့သည် ဦးဘညွန့် ညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်ကြသည်။ ဦးဘညွန့်သည် ကပ်လျက်ရှိသော အခန်းငယ် ကလေးမှ ငွေသေတ္တာကိုပိုက်ကာ ယူလာ၍ စာပွဲပေါ်တွင်တင်၏။

"ကျွန်တော်က ကျောက်တွေဘာတွေ အင်မတန် ဝါသနာပါတယ်။ ကြိုက်တာတွေ့ရင် ဝယ်ပြီးထားတာဘဲ"

သူသည် သေတ္တာအဖုံးကို ဖွင့်လိုက်လေသည်။ ရတနာများမှာ ကတ္တီပါ အနက်ပေါ်တွင် တင်ထားလေသည်။ တိမ်တိုက်များ ကင်းစင်သွားသဖြင့် ကြယ်ကလေးတွေ ထွက်ပြူလာသည်ဟု မှတ်ထင်ရသည်။

"အို"

သူတို့သည် ကိုယ်ကို ရှေ့သို့ ညွတ်လိုက်ကြ၏။ အလင်းရောင်တွေ ရှက်သန်းနေကြ၏။ ကိုကျော်မြင့်ပင် သူ့ကို သဘောမကျစိတ်မေ့ကာ ရတနာများကို ငေးကြည့်မိလေသည်။

"မနေ့ကတောင် တခါ ထုတ်ကြည့်မိသေးတယ်။ ဒီစိန်လည်ဆွဲကလဲ တောက်လွန်းအားကြီး တယ်။ ပုလဲကုံးက နတော့ နုပါရဲ့။ ဒါပေမဲ့ ဟောဒီ မြဘယက်ကိုတော့ ကျွန်တော် သိပ်ချစ် တာဘဲ" သူသည် မြဘယက်ကို သေတ္တာထဲမှ ယူပြလေသည်။

Commercial use of this book will be at your OWN RISK!

"အနားကပ် ကြည့်စမ်းပါရစေ။ အရည်က အတော်ရွှမ်းတယ်" မေသည် လက်လှမ်းလိုက်၏။

သူသည် မြဘယက်ကို မေ့လက်ထဲသို့ ထည့်လေသည်။

"လာ၊ လာ။ ပြတင်းပေါက်နား လာကြည့်လှည့်ပါ။ မခင်စီပါလာ"

သူသည် အပျိုနှစ်ယောက်ကို ပြတင်းဝနားသို့ ခေါ်သွားလေသည်။ အပြင်တွင်ကား ပြည်လမ်းမကြီးသည် နေပူရောင်အောက်၌ အလျားကြီး အိပ်နေ၏။ မြဘယက်သည် အလင်းရောင်ဝယ် စိမ်းစိမ်းလဲ့ နေကြ၏။ မေသည် လက်ခုပ်ထဲတွင် ထည့်ကြည့်ပြန် လေသည်။ မြရောင်သည် အစိမ်းရင့် အဖြစ်သို့ ပြောင်းသွား၏။

"နေ့ခင်းဆိုရင် အစိမ်းနု။ ညဆိုရင် အစိမ်းရင့်ပေါ့။ မြဟာ စိတ်ကို အလွန်ကြည်စေတယ်။ သူ့ကို မြင်လိုက်ရရင် အသဲကို အေးသွားတာဘဲ"

မေ၏ မျက်လုံးပြာမှ အရောင်နှင့် မြအစိမ်းရောင်တို့သည် ပြိုင်နေကြ၏။

"နေ့ခင်းဆို အစိမ်းနု။ ညဆို အစိမ်းရင့်" ဟု ကိုကျော်မြင့်သည် တိုးတိုးကလေး ရွတ်နေ၏။

ဦးဘညွန့်သည် မြဘယက်ကို သေတ္တာထဲသို့ ပြန်ထဲ့ကာ ပတ္တမြားလက်စွပ်တကွင်းကို ထုတ်လေသည်။

"ဒီလက်စွပ်က၊ ပခန်းမင်းသားကြီး ဝတ်ဆင်တော်မူတဲ့ လက်စွပ်ဘဲ။ ညီလာခံဝင်တဲ့အခါမှာ ဝတ်ဆင်တော်မူသတဲ့"

သူသည် လက်စွပ်ရာဇဝင်ကို ပြောပြလေသည်။ မခင်စီသည် လက်စွပ်ကို ဝတ်ကြည့်၏။

"မိန်းကလေးတွေနဲ့ မတော်ဘူး။ ယောကျ်ားကြီး ထောင်ထောင်မောင်းမောင်းနဲ့မှ လိုက်မယ်။ သူက အခန့်ကို"

သူတို့သည် ရွှေပန်းခိုင်၊ စိန်ကြိုး၊ နီလာလည်ကုံး၊ မြရင်ထိုး၊ ပုလဲဒါယူများကို ကြည့်ကြလေသည်။

ဦးဘညွန့်သည် စကားပြောရင်းက မေ့ကိုသာ ခိုး၍ကြည့်လေသည်။

"မြဟာ လူကို အင်မတန် ကောင်းကျိုးပေးတယ်။ မြဆောင်ထားရင် အကြံအစည် အောင်မြင်တတ်တာဘဲ"

သူသည် ရတနာများကို အဘယ်ပုံရသည်ကို စိတ်ရှည်လက်ရှည် ပြောပြလေသည်။ သူတို့၏ ရာဇဝင်မှာ နားထောင်၍ကောင်းသည်။ ဦးဘညွန့်မှာ ကျောက်မျက်ရတနာများကို အတော်ဝါသနာပါသည်။ ၄ နာရီထိုး၍ မခင်စီက ပြန်ရန်တော်ပြီဖြစ်ကြောင်း ပြောလေသည်။ သူတို့သည် အခန်းထဲမှ ထွက်သောအခါ ဦးဘညွန့်သည် နောက်ကျန်သော မေကို အနားကပ်၍ "မေ လိုချင်လို့ရှိရင် လာပါ" ဟု တိုးတိုးပြောလေသည်။ မင်္ဂလာပွဲထိုင်များသွားရင် ဝတ်ချင်က ငှားရမ်းပါမည်ဟူသော အဓိပ္ပာယ်ပေါက်သလားဟု မေစဉ်းစား၏။

မေသည် မခင်စီများ ကြားသွားမည်လားဟု လန့်သွား၏။ သို့ရာတွင် မခင်စီမှာ လှေခါးတဝက်တွင် ရောက်နေလေသည်။ မေသည် အသာ ခေါင်းညိတ်လိုက်လေသည်။

ဦးဘညွန့်အိမ်မှ ပြန်လာကတည်းက မေသည် စိတ်ဝင်စားနေသည်။ သူ၏ ပြိုးပြိုးပျက်သော ကျောက်မျက်ရတနာများကို မျက်စိကျိန်းသည်ထက် ရှေ့ကို အများကြီး အမြတ်အစွန်း



Commercial use of this book will be at your OWN RISK!

ရတော့မည်ကို တွေးနေသည်။ ဦးဘညွန့်က သူ့ကို ကြိုက်သည်မှာ အမှန်။ ဘယ်လောက် ကြိုက်သလဲကိုမူ လောလောဆယ် မပြောတတ်။ အချိန်က ပြလိမ့်မည်။ သူသည် အခန်းထဲတွင် ဝင်ကာ တွေးနေလေသည်။ သို့ဖြင့် အချိန်တွေ ကုန်လာလေသည်။

"မေ နေများ ကောင်းရဲ့လား" ဟု မခင်စီက စိုးရိမ်သဖြင့် မေး၏။

"ဟင့်အင်း၊ နေကောင်းပါတယ်။ မေ အခုတလော သိပ်ပျင်းတာဘဲ၊ အပြင်သွားရရင် ကောင်းမှာ"

တဖက် ကန်တော်ကြီးလမ်းတွင် ဘုရင်ခံနှုတ်ဆက်ပွဲ ကျင်းပသောအခါ ဖြစ်လေသည်။

ညနေစာ စားပြီးလျှင် သူတို့သည် အပေါ်ထပ် လသာဆောင်မှ ကန်တော်ကြီးပွဲတော်ဘက်သို့ မျှော်ကြည့်ကြလေသည်။ မီးရောင်စုံများသည် ရေပြင်ဝယ် အလှရှုနေကြ၏။ ဈေးဆိုင်ကနားများမှ ထိန်လင်းသော မီးတန်းကြီးသည် အလံတိုင်ဘုရားလမ်းမှ သိမ်ဖြူကွင်းဘက်အထိ ရှည်လျား၏။ လူသံသူသံ၊ ကားသံ၊ တူရိယာသံများသည် သူတို့ဆီသို့ ပျံ့လွင့်လာ၏။ မီးရှူးမီးပန်း ပစ်ဖေါက်သည့် အသံများကို ကြားရ၏။ ပတ်လမ်းဘက်ဆီမှ အိမ်များမှာ ရေဒီယိုသံမှတပါး တိတ်ဆိတ်နေ၏။ ရန်ကုန်မြို့ကြီးကား ပင်လယ်လှိုင်းသံတွေဟု ထင်မှတ်၏။ မေမှာ သူ့နကိုသဘောအတိုင်း ယောကျ်ားတွေကြားတွင် တိုးဝှေ့၍ သွားချင်သောစိတ် ပေါ်လာ၏။

မခင်စီသည် ကိုကျော်မြင့်ကို ကြည့်လိုက်၏။

"မီးပန်းတွေလဲ ဖေါက်နေတယ်နော် ကိုကို"

"အေးဟေ့"

မေသည် သူတို့ဘက်သို့လှည့်ကာ" မေတော့ ကန်တော်ကြီးပွဲ သွားမယ်"

"တယောက်ထဲ ဘယ်ဖြစ်မလဲ" သူ့အသံမှာ ပိုင်ဆိုင်သောအသံပါ၏။

ကိုကျော်မြင့်တို့ အိမ်သူအိမ်သားများမှာ လူသူသောင်းပြောင်းနှင့် ပွဲတော် လူထုများကို သွားလေ့မရှိကြ။ သွားလျှင်လည်း ကားနှင့်သွားကြ၏။ ကန်တော်ကြီးပွဲမှာ လူတွေ ကြိတ်ကြိတ်တိုးလျက် ရှိကြသည်။ မိန်းကလေးများနှင့် မတော်။ ဂျပိုးတွေ လူနောက်တွေက ရှုပ်လှသည်။ သို့ရာတွင် မေက သွားချင်သည်တဲ့။

"လာ ကိုကို၊ သွားကြရအောင်။ ဒီပွဲမျိုးကို မသွားရဘဲရှိမယ်" မခင်စီသည် မေ့အတွက် ဆိုလျှင် အလိုက်သိသည်။

ကိုကျော်မြင့်သည် သက်ပြင်းချကာ မေ့ကို ကြည့်လိုက်၏။ မေမှာ နေရာမှထပြီး ဖြစ်နေလေပြီ။

"လူတွေက သိပ်များတာ၊ ကိုယ့်ခါးကို ဆွဲလိုက်ခဲ့ကြ။ လူစုမကွဲစေနဲ့"

မေသည် ကွတ်အင်္ကျီကို အပေါ်က ထပ်ဝတ်သည်။ သူ့စိတ်ထဲတွင် မခင်စီနှင့် ကိုကျော်မြင့်တို့ကို အဘယ်ပုံ ခွဲထုတ်ရမည်ကိုသာ တွေးနေသည်။ သူသည် တယောက်တည်း လွပ်လပ်စွာ ပျော်ချင်သည်။ မေ၏ နကိုသဘောမှာ ဒီတိုင်းပင်ဖြစ်သည်။

သူတို့သည် အရှေ့ဘက် ပတ်လမ်းမှ ကွေ့၍ သွားကြသည်။ လူတွေမှာ ဒင်းကြမ်းပြည့်နေသည်။ ကန်တော်ကြီး လမ်းမတလျောက် ပွဲဈေးတန်းကြီးမှာ စည်ကားလှသည်။

Commercial use of this book will be at your OWN RISK !

"ခါးကို မြဲမြဲ ကိုင်ထားနော်"

မခင်စီနှင့် မေတို့သည် ကိုကျော်မြင့်၏ ခါးကိုဆွဲကာ ကြည့်ရှုကြသော လူထုအလယ်တွင် ရောက်နေကြလေသည်။ သိမ်ဖြူကွင်းတွင် ကစားဝိုင်းများရှိသည်။ သူတို့သည် လှေကလပ်ကို ကျော်လာကြ၏။ လူတွေမှာ ပို၍ ကြပ်လာကြ၏။ မေသည် မော့်ကာ ကောင်းကင်မှ ငွေကြယ်ကလေးများကို ကြည့်၏။ မေသည် ကိုကျော်မြင့်၏ ခါးကို ကိုင်ထားရင်းက အနောက်မှ လူစုက တိုးလိုက်သဖြင့် ဘေးသို့ ဝင်သွားလေသည်။ ကိုကျော်မြင့်နှင့် သူ့ကြားတွင် လူတွေ ရောက်လာသည်။ တစက္ကန့်အတွင်မှာပင် မေသည် ဘေးသို့ရောက်သွား၏။ မေသည် လူကြားထဲက ကိုကျော်မြင့်နာမည်ကို အော်ခေါ်ရင်းက သူနှင့် ဝေးသွားလေသည်။ အမှန်အတိုင်း အရှေ့သို့ တိုးလိုက်လျှင် သူ့ကိုမှီမည်ဖြစ်၏။ နာမည်ကို အော်ခေါ်ခြင်းမှာ ဟန်ဆောင်မှုသာ ဖြစ်လေသည်။ ကိုကျော်မြင့်တို့မှာလည်း မေ့ကို ရှာမတွေ့တော့။ မေသည် တိုးကြ ဖေ့ကြသော လူပရိတ်သတ် မျောရာ ပါသွားလေသည်။ ယောကျ်ားများမှာ တယောက်တည်းလာသော မေ့ကို ဖုတ်လေသည့် ငပိ ရှိလေသည်ဟု မထင်ကြ။ တချို့က မေ့ခါးကို ဖက်ကြ၏။ ရင်ကို ထိကြ၏။ မေ၏ ခပ်ပေါ့ပေါ့စိတ်နှင့် ပရိသတ်၏ ခပ်ကြော့ကြော့စိတ်မှာ ညီညွတ်စွာ တွေ့ကြလေသည်။ သို့နှင့် မေသည် တိရစ္ဆာန်ရုံနားသို့ ရောက်လာ၏။

နောက်ပြီး။

နောက်ပြီး မေသည် ဘသိန်းကို သွားတွေ့လေသည်။ ဘသိန်းမှ ဟုတ်ကဲ့လား။ မေ့မျက်လုံးများမှာ မီးရောင်ထိန်ထိန်တွေကို ကြည့်ရလွန်းသဖြင့် မှုန်ပြာနေ၏။ မေသည် လူတွေကြားမှ အတင်းတိုးကာ သူ့ဆီသို့ သွားလေသည်။ တိုးရသည်မှာ မလွယ်လှ။

"ကိုသိန်း၊ ကိုသိန်း"

ဘသိန်းမှာ မေ့ကိုမြင်သဖြင့် မေ့ဆီသို့ တိုးလာလေသည်။

"ဟေး၊ ကောင်မကလေး"

ဒါဘဲ ဘသိန်းကပြော၏။ သူသည် မေ့လက်ကို ကိုင်လိုက်လေသည်။ သူတို့သည် လက်တွဲကာ ရောက်သွားကြလေသည်။ မေသည် ပျော်၏။ သူတို့သည် လူပြတ်သော ကန်တော်ကြီးဘေး အမှောင်ရိပ်များအောက်သို့ ရောက်သွားကြ၏။ သူသည် မေ့ကို နမ်းလေသည်။

တသက်လုံး ဤမျှလောက် အရသာမရှိခဲ့။ လမ်းမဘက်မှ ရယ်သံမောသံ၊ ကားသံတွေကို ကြားနေရ၏။ ကောင်းကင်မှာ အစိမ်း၊အနီ၊ အပြာ၊ အဝါ၊ မီးပန်းရောင်တို့ဖြင့် ယှက်သန်းနေ၏။ သို့ရာတွင် သူသိသည်မှာ ဘသိန်း၏ လက်မောင်းကြားတွင် ရောက်နေသည်ဆိုတာသာ ဖြစ်လေသည်။ သူ့တကိုယ်လုံးမှာ အရည်ပျော်ကျသွားပြီလားဟု မှတ်ထင်ရလေသည်။ မေသည် မျက်လုံးကို မှိတ်ထား၏။ တည်ရှိသော အရာဟူသမျှတို့မှာ တခုတည်းသော ပီတိဟုန်၌ ရောက်နေကြ၏။

ဘသိန်း၏မျက်နှာသည် မေ့မျက်နှာပေါ်သို့ ရောက်နေလေသည်။ သူ၏ ပူနွေးသော လက်များဖြင့် မေ့ကို ဖက်ထား၏။ သူသည် အသက်ရှူ မြန်လာ၏။ သူ၏ နှုတ်ခမ်းသည် မေ့နှုတ်ခမ်းမှ မခွာ။ တင်းကြပ်စွာ ဖက်ထားသော လက်ကိုလည်းမလွှတ်။ လေတိုက်သော ညတွင် မီးလျှံတက်သလို သူ၏ ရာဂမီးသည် ပြင်းထန်စွာ တောက်လောင်၏။ မေသည် မျက်စိကိုသာ အတွင်မှိတ်ထား၏။ မေသည် သူ၏ စိတ်အာရုံကို တဒင်္ဂတွင် တည်ငြိမ်ထား၏။

Commercial use of this book will be at your OWN RISK !

"အွန်း"

မေ့ဘေးတွင် ကိုယ်လုံးကိုယ်ထယ် ထွားထွားသဏ္ဍာန်။ မေသည် ပါးစပ်က စကားတွေ ပြော၏။ သို့ရာတွင် သူဘာပြောလိုက်သည်ကို သူကိုယ်တိုင်ပင်မသိ။

နောက် အနည်းငယ် အေးလာ၏။ တိတ်ဆိတ်နေ၏။ ဘယ်လောက်များ ကြာသွားပါလိမ့်။ တဒင်္ဂ။ အဖိုးမဖြတ်နိုင်သော၊ အဆုံးအစမရှိသော တဒင်္ဂ။ မေသည် သတိရ၍ မျက်လုံးကို ဖွင့်လိုက်သောအခါ သူ့ဘေးတွင် ဘသိန်းကို မတွေ့ရတော့။ သူတယောက်တည်း ကျန်ရစ်ခဲ့ သည်ကို သိရလေသည်။

သူ့အဖို့ ယခုလို ချက်ချင်းစွန့်ခွာခြင်း ခံရသည်မှာ မထူးဆန်း။ သူလာပြီး ပြန်သွားသည်။ ဒါဘဲဖြစ်၏။ တစက္ကန့်လောက် သူ ကောင်းကင်ရောက်သွား၏။ ယခု မြေပေါ်ပြန်ရောက် လာလေပြီ။ မေသည် တွန့်နေသော လုံချည်ကို ဆွဲဆန့်ကာ နေရာမှ ထလိုက်လေသည်။ မလှမ်း မကမ်းမှ လေတိုက်သဖြင့် လိုင်းလုံးကလေးများနှင့် ကမ်းစပ်ရိုက်သံသည် ငွေစည်းကို ပိုးစအုပ်၍ တီးသံလို နူးညံ့၏။ မေသည် လက်နှစ်ဖက်ကို ပတ္တာဆက်သလိုဆက်ကာ ကောင်းကင်ကို မော့်ကြည့်လိုက်၏။ သစ်ကိုင်းသစ်ရွက်များအကြားမှ လသည် မှုန်မှုန်မှိုင်းနေလေသည်။ မေသည် မျက်နှာကို အိပ်ထဲမှ တို့ပတ်နှင့်တို့၏။ မေသည် ကိုယ်ကို တုံ့လိုက်၏။ မေသည် စိတ်ကူးယဉ် လျှက်ရှိလေသည်။ မေသည် သူ့နောက် လိုက်ရမလား။ သို့ရာတွင် ပြီးပြီ။ သူသည် စိတ်လိုက် မာန်ပါ မဖြစ်တော့။ သူသည် စိတ်ပြေခဲ့လေပြီ။ သူသည် အလိုပြည့်ခဲ့လေပြီ။

မေသည် ဖြေးညှင်းစွာ အမှောင်ကြားမှ အလင်းရောင်ဘက်သို့ သွားလေသည်။ သူသည် ဓါတ်မီးတိုင်များ၊ ဆိုင်မီးများအနီးသို့ ရောက်သွားလေသည်။ ပထမ လူပရိသတ်ထဲသို့ ရောက် လာစဉ်အခါ သူသည် စိတ်ကို လွှင့်စေ၊ လေစေ လွှတ်ထား၏။ သံပြိုင်လိုက်သော တူရိယာ အဖွဲ့ဝင် ကချေသည်လို သူသည် အများအသံအတိုင်း လိုက်၏။ ပရိသတ်ရူးသလို သူရူး၏။ ပရိသတ်ပျော်သလို သူပျော်၏။

ယခုမူ အရင်ကနှင့် ကွာခြားခဲ့လေပြီ။ သူသည် အရင်ကလို ပွဲကြည့်သမား မဟုတ်တော့။ ပရိသတ်၏ တစိတ်တဒေသ မဟုတ်တော့။ သူသည် အကဲဖြတ်သမားကြီး ဖြစ်လာလေပြီ။ ပညာရပ်တခုကို ဝေဖန်ပိုင်းခြားသလို ပရိသတ်ကိုလည်း သူသည် ကဲ့ရဲ့ချင် ကဲ့ရဲ့မည်။ ချီးမွမ်းချင် ချီးမွမ်းမည်။ သူသည် အပြစ်အနာအဆာများကို အသေးစိတ်၍ မြင်လာလေပြီ။ ဒီယောကျ်ားတွေ ဘယ်လောက်များ သရမ်းကြသလဲ။ အမေချင်းမစာ၊ နှမချင်းမစာ။ မိန်းမများကို တိုးကြဝှေ့ကြ၏။ မိန်းမတွေမှာလည်း အတိုးအကြိတ် ခံကြ၏။ အပျော်ကြူးကြ၏။ ဒီလောက် လူကြပ်ရသည့်အထဲ လာကြ၏။ ပွဲလမ်းသဘင်ဆိုလျှင် ကျော့ကျော့မော့မော့ သွားချင်ကြ၏။ ကြည့်ပါလား။ သူ့ရှေ့က မိန်းမဦးမှာ စိန်ဆွဲကြိုး ဆွဲလာ၏။ ဘယ်လောက် ဂုဏ်ပကာသန များသလဲ။ အလဟဿစိတ် များသလဲ။ လူလုသွားလျှင် ဘယ့်နှယ့်လုပ်မလဲ။

မေသည် သူ့နောက်မှ ပါသွားလေသည်။ စိန်ဆွဲကြိုးဆွဲသော မိန်းမမှာ အဖေါ်ကွဲလာ၍ အဖေါ်ကို ရှာနေဟန်တူ၏။

သူ့နောက်မှ ပရိသတ်ကြီး၏ အသံသည် သြဘာသံဟု မှတ်ထင်ရ၏။ မေသည် အနောက်မှ လူအရှိန်ကြောင့် အရှေ့သို့ ရောက်သွား၏။ လျှပ်တပြက်အတွင်း မေ၏လက်သည် ဆွဲကြိုးကုံးကို

Commercial use of this book will be at your OWN RISK !

ဆုတ်မိရက်သားဖြစ်နေ၏။ "ဟေး" ဟုဆို၍ နောက်တချက် အတိုးလိုက်တွင် မေ့လက်ထဲ၌ စိန်ဆွဲကြိုး ပါလာသည်။ သူသည် အော်သံကြားရကာ ယောကျ်ားကြီးတယောက်က သူ့အင်္ကျီကို ဆွဲလိုက်၏။ သို့ရာတွင် လူတွေက များသဖြင့် တချက်ဆောင့်၍ ရုံးလိုက်ရာ လွတ်ထွက်သွား လေသည်။ "လုတယ်ဗျို့ လု လုတယ်ဗျို့" ဟူသော အသံတွေဖြင့် ရှန်းရှန်း ရှန်းရှန်း ဖြစ်သွား ၏။ မေကား ပရိသတ်အစွန်သို့ ရောက်သွားလေသည်။ မေသည် လူတွေကို တိုးဝှေ့၍ သွားလေ သည်။ မေသည် ဗဟန်းဘက်သို့ ရောက်သွားလေသည်။ သူသည် စိတ်မလုံသဖြင့် နောက်သို့ လှည့်ကြည့်၏။ မည်သူမျှ သူ့နောက်ကို မလိုက်ကြ။ မေသည် ဓါတ်မီးတိုင်အောက်တွင် ခဏ ရပ်လေသည်။ လက်ထဲတွင် ဆုပ်ထားသော စိန်ကြိုးကို အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေ သည်။ မေသည် ပြုံး၏။ အနည်းဆုံး တထောင်လောက်တော့ တန်မည်။

မေသည် လက်ပတ်နာရီကို မြှောက်၍ကြည့်လိုက်၏။ ကိုးနာရီ ဆယ်မိနစ်။ ကိုကျော်မြင့်မှာ သူ့ကိုရှာ၍ မောလှတော့မည်။ မခင်စီမှာ မျက်ရည်ကလေး လယ်နေလိမ့်မည်။ သူသည် ပတ်လမ်းမှ ထွက်ခဲ့သည်မှာ နှစ်နာရီမျှကြာပြီ။ ထို နှစ်နာရီမျှ အချိန်အတွင်း သူသည် ရာဂအစာ ဖြစ်ခဲ့ရ၏။ သူခိုးဖြစ်ခဲ့ရ၏။ နောက် ဘာများ လုပ်ရအုံးမလဲ။

"ဦးဘညွန့်" မေသည် တိုးတိုးရွတ်ဆိုမိ၏။ သူသည် အကြံရရချင်း တဂူးဂူးလိမ့်လာသော နဂါးဘတ်စကားပေါ်သို့ တက်လိုက်၏။ သူသည် ရုပ်ရှင်ရုံရှေ့တွင် ဆင်း၏။ မေသည် နည်းဆုံး တယ်လီဖုန်းစကား ပြောရမည့်နေရာကိုရှာ၏။ မေသည် မုံ့တိုက်တတိုက်မှ ကိတ်မုံ့ ပေါင်ဝက် လောက်ဝယ်ရင် စကားပြောနိုင်မည်ကို သတိရလေသည်။ မေသည် မုံ့တိုက်ထဲသို့ဝင်ကာ နံပါတ် ကိုရှာ၍ စကားပြောလေသည်။

"ဒါဗယ်လ် တူးအို ဖိုက်"

တယ်လီဖုန်းဆက်သူမှာ အလုပ်နားမလည်သူဟု ထင်ရသည်။ နားထဲတွင် တဝေါဝေါအသံ တွေသာ ၃ မိနစ်ခန့်ကြားရ၏။ နောက်မှ ယောကျ်ားသံ တသံကြားရ၏။

"ဟုတ်ကဲ့"

"ဦးဘညွန့်နဲ့ တွေ့ချင်ပါတယ်"

ခဏမျှ ရပ်သွား၏။

"ဦးဘညွန့် မန္တလေးကို ညနေရထားနဲ့ လိုက်သွားပါဘီ"

မေသည် တယ်လီဖုန်းကို အသာချလိုက်၏။ သူသည် မုံ့ထုပ်ကိုပိုက်ကာ ထွက်လာလေ သည်။ လမ်းမသို့ရောက်လျှင် မုံ့ထုပ်ကို လွှင့်ပစ်လိုက်၏။ သူ့ဝမ်းထဲတွင် ဗူဘောင်းကလေး ပေါက်ကွဲသွားသည်။ မေသည် ပလက်ဖေါင်းပေါ်ရပ်၏။ ကန်တော်ကြီးပွဲသို့ သွားကြသော ဘတ်စကားတွေ သူ့အနားမှ ဖြတ်မောင်းသွားကြ၏။ မေသည် အခုမှ စိတ်ရောလူရော ပန်းကျသွားသည်ဟု ထင်လေသည်။ ကိုကျော်မြင့်၊ ကိုကျော်မြင့်။ မေ့ကို မျှော်နေမှာဘဲ။ မေသည် ကိုကျော်မြင့်တို့ဆီ အမြန်ဆုံးပြန်ရန် ဖြစ်လေသည်။

နောက်တနာရီခန့် ကြာသောအခါ မေသည် ကိုကျော်မြင့်၏ ရင်ခွင်တွင်မှီကာ တဟင့်ဟင့် ရှိုက်လျက်ရှိလေသည်။

Commercial use of this book will be at your OWN RISK.

"ကိုကိုမြင့်၊ မေဖြင့်လေ သိပ်ကြောက်တာဘဲ။ နောက်ကို မေ့နားက ကိုကိုမြင့် ဘယ်တော့မှ မခွာပါနဲ့နော်"

ကိုကျော်မြင့်သည် မေ့ကို ဖက်ပွေ့၍ နမ်းနေစဉ် မေသည် စိန်ဆွဲကြိုးကို တင်းကြပ်စွာ ဆုပ်ထားလေသည်။

× × × × × × ×

(၁၁)

"မြင့်နှင့်မေတို့ ပွင့်ရွှေလျှံမှာ
တင့်ဂဟေရန် မြပန်းခိုင်သို့"

မေနှင့် ကိုကျော်မြင့်တို့သည် သူ့မိတ်ဆွေ လက်ာဆရာတယောက်ထံမှ စာကို ခေါင်းချင်းဆိုင်ကာ ဖတ်နေကြလေသည်။ မေသည် အပျိုမဟုတ်တော့။ ကိုကျော်မြင့်ဇနီး ဖြစ်နေလေပြီ။ သူတို့သည် တလောကလက်ထပ်ကြ၏။ မခင်စီမှာ ယောင်းမချစ်ကို ရသည့်အတွက် ဝမ်းသာ၏။ ဦးဘဟန်သည် သူတို့ကို ငွေတသောင်းတန် ချက်လက်မှတ်တစောင် လက်ဖွဲ့၏။ ကိုကျော်မြင့်မှာ ညားခါစ ချစ်မယားလေးကို မြတ်နိုးနေ၏။

သူတို့သည် မန္တလေးသို့ မင်္ဂလာခရီး ထွက်ကြ၏။ မန္တလေးတွင် တနင်္ဂနွေနှစ်ပတ်ခန့်ကြာ၏။ မေမှာ လိမ္မာယဉ်ကျေးသူတဦး ဖြစ်လေရာ၊ သူတို့ခဏနေသည့် အချိန်တွင် လူကုံထံများနှင့် အသိအကျွမ်း ဖြစ်လေသည်။ လူကုံထံများမှာ သူဌေးများ၊ မဟာသွေး ဆွေတော်မျိုးတော်များနှင့် အစိုးရအရာရှိများ ဖြစ်သည်။

"ကိုကိုမြင့်ရေ၊ မေတို့ ရန်ကုန်ရောက်ရင် ဟန်ကျပန်ကျ နေရအောင်နော်။ ရန်ကုန်မှာ တကယ့်ထိပ်ထိပ်ကြဲဆိုတဲ့ လူကုံထံပိုင်းနဲ့ အပေါင်းအသင်းတွေဖြစ်ပြီး သိပ်ကောင်းမှာ။ ဒါမှ ကိုကိုမြင့်လဲ အလုပ်အကိုင်ရ၊ ဒါမှ လောကမှာ တကယ်တင့်တယ်မှာနော်"

ကိုကျော်မြင့်သည် မေ၏ ပြုံးနေသော နှုတ်ခမ်းမှ စမ်းရေယဉ်လို တသွင်သွင်ကျလာသော စကားလုံးများကို သဘောကျလေသည်။ "ဟုတ်တယ် ဖေဖေ။ မေက သိပ်လိမ်မာတာ။ မေ့လို လိမ္မာပုံမျိုးနဲ့ဆို ဖေ့ဖေ့သားကို နန်းရင်းဝန်ဖြစ်အောင် လုပ်ပေးနိုင်မှာ" ဟု သူ့အဖေကိုပါ ဖေါက်သည်ချလေသည်။ သူတို့သည် မန္တလေးမှ ပြန်လာသောအခါ ရန်ကုန်ပတ်လမ်းတွင်ပင် နေကြလေသည်။ ညားခါစ မောင်မယ်မှာ ပျော်မဆုံးကြ။ ရုပ်ရှင်တွဲ၍ ကြည့်ကြ၏။ ပွဲလမ်းသဘင်တွေ တွဲတက်ကြ၏။ ညနေခင်း တွဲလမ်းလျှောက်ကြ၏။ ဘုရားတွဲသွားကြ၏။

Commercial use of this book will be at your OWN RISK !

မေမှာ ရန်ကုန် လူကုံထံပိုင်းတွင် အထက်တန်းက လုလုကြီးနေရန်ကိုသာ စိတ်စော၍ နေလေသည်။ အတည်ကျဘို့မှာ အိမ်တဆောင် မီးတပြောင်နေမှ ဖြစ်လေသည်။

"ကိုကိုရယ်၊ ဒီမှာနေရတာ မေ ပျော်ပါတယ်။ ဖေဖေကြီးတို့ စီတို့နဲ့ စည်စည်ကားကား။ ဒါပေမဲ့ မေတို့လဲ တအိမ်နေရရင် ဘယ့်နှယ်လဲ"

"ဘာဖြစ်လို့လဲ မေရဲ့"

"ဘာဖြစ်လို့တော့ ဘယ်ဟုတ်မလဲ ကိုကိုမြင့်ရယ်။ မေကတော့ ကိုကိုမြင့်နဲ့နေရရင် ဘယ်မှာ မဆို ပျော်တာပါဘဲ" မေသည် ကိုကျော်မြင့်ကို လည်ပင်းမှ သိုင်း၍ ဖက်ထားလေသည်။

"ကိုကိုမြင့်တို့ချည်း သပ်သပ် အောက်မှာ နေနိုင်တာဘဲ မဟုတ်လား မေ"

"နေတော့ နေနိုင်တာပေါ့။ ဒါပေမဲ့ ဧည့်သည်တွေ ဘာတွေလာတော့"

"ဧည့်သည်လာကော ဘာဖြစ်သလဲ။ လာနိုင်တာဘဲ မေရဲ့"

မေ့သဘောမှာ လွပ်လွပ်လပ်လပ် နေချင်သည်။ ပတ်လမ်းမှာနေလျှင် သူနေချင်သလို နေ၍ မဖြစ်။ ဦးဘဟန်ကို ရိုသေရမည်။ မခင်စီရှေ့တွင် သိက္ခာရှိရမည်။ သူလို ပေါ့ပေါ့ကြော့ကြော့ နေချင်သောသဘောမှာ ဂုဏ်ရှိစွာနေသော ဦးဘဟန်တို့မျက်စိတွင် ကလက် နေလိမ့်မည်။ ဂုဏ်သရေအတုနှင့် ဂုဏ်သရေအစစ်မှာ ရေရှည်ဆိုလျှင် ခံနိုင်မည်မဟုတ်။ တကယ်ဆိုတော့ မေ့မှာ ဂုဏ်သရေအတုသာ ရှိလေသည်။

"ရန်ကုန်အရှေ့ပိုင်းမှာ အိမ်ကောင်းကောင်းတွေရှိတာဘဲ။ ဒီမှာလို အကျယ်ကြီး ဝင်းနဲ့ခြံနဲ့ တော့ ဘယ်ဟုတ်မလဲ။ ဒါပေမဲ့ မေတို့လင်မယားနှစ်ယောက်အတွက်တော့ အတော်ကလေး သပ်သပ်ရပ်ရပ်ဆိုရင် ရတာပေါ့ ကိုကိုမြင့်ရဲ့။ ဖေဖေကြီးတို့ကိုလဲ အားနာစရာကောင်းတယ်။ အိမ်ရှာရအောင်နော်၊ ကိုကိုမြင့် နော်"

ကိုကျော်မြင့်မှာ သူ့မယား တချက်အချော့တွင် ပျော့ကျလေသည်။ မေ့ရည်ရွယ်ချက်မှာ တလတရာတန် အိမ်ကောင်းကောင်းတွေ ငှားနေမည်။ သူ့ယောက္ခမလက်ဖွဲ့သော ငွေထဲမှ သုံးထောင်တန်ကားတစီး ဝယ်ထားမည်ဖြစ်လေသည်။

သူတို့သည် ရန်ကုန်အရှေ့ပိုင်းတွင် အိမ်ရှာကြလေသည်။ နောက်ဆုံးသော်မဆင်ရိပ်သာတွင် မေကြိုက်သောအိမ်ကို တွေ့လေသည်။ ကိုကျော်မြင့်သဘောမှာ သူ့အလုပ်မရသေးခင် ဒီလောက် ခန်းခန်းနားနား မနေစေချင်။ သို့ရာတွင် သူ့မယားလေး အကြိုက်ကိုတော့ လိုက်ရမည်ဖြစ်လေ သည်။ သူသည် ဝင်ငွေနှင့်မမျှသည်ကို သိသော်လည်း မျက်စိမှိတ်၍ မေ့ကို သဘောတူလိုက် လေသည်။ မေရွေးချယ်သောအိမ်မှာ ဆင်ဝင်နှင့်။ ဧည့်ခန်း ကျယ်ကျယ်နှင့် သပ်ရပ်ပါ၏။ လခမှာ တရာဖြစ်၏။

"အလုပ်ရှိရင်တော့ ကောင်းတယ် မေရဲ့။ အခုတော့ လယ်ခရတဲ့ တလတရာ့ငါးဆယ်ဘဲ ဝင်ငွေဆိုလို့ ရှိတာ"

"ဒီအတောအတွင်းလဲ အလုပ်ရအုံးမှာပေါ့ ကိုကိုမြင့်ရဲ့။ နောက်ပြီး ဖေဖေကြီးလက်ဖွဲ့တဲ့ ငွေကလဲ ကားဝယ်တာတောင် ငွေခြောက်ထောင် ခုနစ်ထောင်လောက်တော့ ပိုအုံးမှာပါ"

မေမှာ 'ထဘီဘိုး ဘော်လီဘိုးနဲ့ မွဲမှာ' ဟူသော အစားထဲကဖြစ်လေသည်။ မေသည် လုလုကြော့ကြော့ နေဘို့သာသိသည်။ ကိုကျော်မြင့်မှာ သဘောကောင်း မယားကိုချစ်တတ်သူ

Commercial use of this book will be at your OWN RISK!

ဖြစ်ရာ“ သူလဲ ဂုဏ်ရှိရှိ နေချင်ရှာမှာပေါ့။ ငါကသာ အလုပ်အကိုင် ရအောင်ကြိုးစားပြီး သူပျော်အောင် ထားဘို့လိုတာ” ဟု တွေးလေသည်။ ပတ်လမ်းမှ သူတို့ပြောင်းလာကြသောအခါ မခင်စီမှာ မျက်ရည်ကလေး ကလယ်ကလယ်နှင့် ကျန်ရစ်ရှာလေသည်။ ဦးဘဟန်မှာ နှုတ်ခမ်းကို ကိုက်ထားလေသည်။

“အရေးကြီးတာက ခေတ်ဆံဖို့ဘဲ။ သိပ်ပြီး အခန့်ကြီးတွေ သုံးနိုင်ဘို့မလိုပါဘူး။ မန္တလေး နန်းတော်မှ မဟုတ်ဖဲ၊ ခေတ်ဆံရင်လှတာဘဲ”

ကိုကျော်မြင့်မှာ အိမ်ကိုဆင်ပြင်နေသော မေ့ကို သဘောကျနေလေသည်။ မေက ဘာများ သဘောကျလောက်အောင် လုပ်နေလို့လဲ။ မေသည် စီးကရက်ကို တလိပ်ပြီးတလိပ် ညှိသောက်ကာ ကူလီများအား အိမ်ထောင်ပရိဘောဂ အနေအထားကို အမိန့်ပေးနေလေသည်။ ဆိုဖာဆက်တီရှေ့တွင် အပြာကွက်ကော်ဇောကို ခင်း၏။ အပေါ်မှ အပြာရောင်အုပ်ဆောင်းနှင့် မီးပွင့်ကိုတပ်၏။ ခန်းဆီးများမှာအပြာဖြစ်၏။ မေသည် ဧည့်ခန်းကို အလှဆုံးပြင်ဆင်လေသည်။ ပတ်လမ်းမှာနေစဉ်ကတည်းက အိပ်ခန်းတွင်ထားသော ကိုကျော်မြင့်ရေဒီယိုကို ယူထား၏။ စန္ဒယားကိုကား ကိုကျော်မြင့်အလုပ်ရမှ ဝယ်မည်ဟု မှန်းထားလေသည်။ စန္ဒယားကြီးသာ ထားလိုက်လျှင် တင်းပြည့် လူကုံထံ အိမ်ခန်းဆောင်ဖြစ်နေပေမည်။ စန္ဒယား၊ ရေဒီယိုမှာ လူကုံထံအိမ်များအတွက် မရှိမဖြစ်သောပစ္စည်းများ ဖြစ်ကြလေသည်။ ဂီတ၏ အနုပညာကို ခံစားလို၍မဟုတ်။ ကမ္ဘာ့သတင်းကို ကြားနာလို၍ မဟုတ်ရာပေ။ ဒါရှိမှ လူနှင့်တူသည်ဆိုသော ကိစ္စတွေ အများကြီးရှိသည်။ ထမင်းစားခန်းမှာ ပန်ကာနှင့်၊ မီးပွင့်နှင့်။ ဂုဏ်သရေရှိ ဧည့်သည်များကို ဖိတ်ခေါ်တည်ခင်း ကျွေးမွေးဘို့ကောင်းလှသည်။ ကိုကျော်မြင့်မှာ မေ့ကို သူ့စိတ်တိုင်းကျ ဖြစ်စေလေသည်။

မိုးကုတ်စက်ဝိုင်းတွင် အုံ့မှိုင်းသော တိမ်တိုက်တတိုက်မှာ ငွေပြဿနာ ဖြစ်လေသည်။ ကိုကျော်မြင့်၏ဝင်ငွေမှာ အိမ်တာဝန်ကို အနိုင်နိုင်ထမ်းနိုင်သည်။ လယ်ငွေနှင့် မလောက်၍ လက်ဖွဲ့ငွေထဲမှ တတိတိ သုံးရလေသည်။ ကားကိုမူ ကိုကျော်မြင့်မောင်းရာ ဒရိုင်ဘာလခ မပေးရ၍ တော်သေး၏။ မေ့အဝတ်အစားဘိုးမှာ အရေးကြီး၏။ လုံချည် အဆင်ဆန်းပေါ်တိုင်း ဦးစွာဝတ်ချင်သောမေမှာ အခက်ကျ၏။ သို့ဖြစ်လေရာ မေသည် သူ့စိန်ဆွဲကြိုးမှ တချို့တဝက်ကို မဂိုလမ်းတွင် ထုခွဲရာ ငွေလေးရာလောက်ရ၏။ ထိုငွေနှင့် အဝတ်အစား ဝယ်လေသည်။ ကိုကျော်မြင့်မှာ ဖာသိဖာသာနေသူဖြစ်ရာ မေ အဝတ်အစားဝယ်သည်ကို သူမသိပေ။ မေကလည်း အစကတတည်းက ရှိသည့်ဟန်မျိုး လုပ်ထားလေသည်။ နောက်ကို ပွဲထိုင်တွေ သွားအုံးမည်။ ငွေလည်း လိုလာအုံးမည်။ ဖြုံးစရာတွေ တပြုံကြီးရှိသေးသည်။ ဦးဘညွန့်ကို ဘယ်သွားထားမလဲ။ မေသည် ငွေရေးကိုတွေးတိုင်း သူ့မျက်နှာကို မြင်လေသည်။ သူ့မျက်နှာတွင် စိန်ကျောက် ရတနာတွေဖြင့် ဖုံးကွယ်လုမတတ် ရှိလေသည်။

လူကုံထံပိုင်းမှာ အထက်တန်းကနေနိုင်ဘို့ ငွေလိုသည်။ ငွေ၊ ငွေ၊ ငွေ။ ငွေ ဘယ်ကရမလဲ။ မေသည် ငွေပြဿနာကို ပြေအောင် ဖြေရမည်ဖြစ်လေသည်။

× × × × × × ×

Commercial use of this book will be at your OWN RISK.

(၁၂)

ကိုကျော်မြင့်မှာ အလုပ်မရသေး။

တကယ့်အချက်မှာ အလုပ်အမြန်ဆုံးရဘို့ ဖြစ်လေသည်။ ဝင်ငွေ ဘယ်ကမှ မရသည်ထက် မေ လှုလှုပပနေဘို့က ခက်သေးသည်။ မေမှာ ဦးဘညွန့်ဆီသွားဘို့လည်း ဘယ်တော့မှ အခွင့် မပေါ်။ ၃၇ လမ်းဘက်သို့လည်း ဘယ်တော့မှ ခြေဦးမတည့်မိ။ ရေဒီယိုကလာသော သီချင်း အသစ်တွေကိုတောင် အရင်ကလို မကျက်မိ။ စိတ်ရသည့်အခါမှသာ သီချင်းစာအုပ်ကို ကိုင်လေ သည်။

"ကိုကိုမြင့် ဖေဖေလို ဝတ်လုံဘက်လိုက်ပါလား ကိုကိုမြင့်ရဲ့" ဟု မေကအကြံပေး၏။

"ဘီအယ်လ်တက်ရမှာ နှစ်နှစ် ဆရာမရဲ့"

"ဒါလဲ ဟုတ်သားဘဲနော်"

ဝတ်လုံစာမေးပွဲဝင်မည့်ကိစ္စမှာ ဤတွင်ပြီးလေပြီ။ မေမှာ သူ့ယောကျ်ားအတွက် အလုပ်ကို သာ ကြည့်နေလေသည်။ ဘီ အို စီ ကုမ္ပဏီမှ အလုပ်တနေရာ လစ်ဟင်းကြောင်း ကြားရ၏။ မန်နေဂျာမှာ ကိုကျော်မြင့်တို့အဖေနှင့် သိသည်။ သူတို့နှင့် အဆက်ရှိ၍ ရကောင်းရမည်ဟု မေက တွက်၏။ မေသည် သူ့ကို မန်နေဂျာနှင့် ကိုယ်တိုင်သွားတွေ့ဘို့ တိုက်တွန်းလေသည်။

သူသည် ညနေ၌ စိတ်ပျက်၍ ပြန်လာ၏။

"ဒီငနဲက တောင်ကြီးရောက်နေတယ်" သူကပြောလေသည်။

မေသည် သီချင်းစာအုပ်ကို လှန်နေရာမှ လှမ်းကြည့်၏။

"မနက်ဖြန် တောင်ကြီးသွားပါလား ကိုကိုမြင့်ရဲ့"

သူသည် မေ့ကို အံ့သြနေသည်။

"ဘာလုပ်မလို့လဲ"

"အလုပ်ရအောင်ပေါ့။ ဒါပါဘဲ"

မေသည် ဆိုဖာပေါ်တွင်ထိုင်ကာ နက်ပြာရောင် ကူရှင်မှီအုံးကို မှီနေလေသည်။ သူ၏ သွယ်တွန့်သောဆံပင်မှာ ကူရှင်နှင့် ရောနေလေသည်။

ကိုကျော်မြင့်သည် သူ့အနားသို့ ထလာကာ သူ့လက်များကို ဆုပ်ကိုင်လိုက်၏။

"မေ့အတွက်ဆိုရင် ဘယ်ဖြစ်ဖြစ် သွားမှာဘဲ"

"ကိုကိုမြင့်ကို ဘယ်ဖြစ်ဖြစ် သွားဘို့မဟုတ်ဖူး။ တောင်ကြီးကိုသွားဘို့သာ ပြောတာ"

သူသည် သက်မချ၏။ "မေ၊ ကိုကိုမြင့်သွားလို့ သိပ်မထူးဘူးထင်တယ်။ ကိုကိုမြင့်တော့ ရလိမ့်မယ်လို့ သိပ်မထင်ဘူး။ သူတို့က လုပ်သက်ရှိတဲ့လူမှ လိုချင်မှာ မေရဲ့။ နောက်ပြီးတော့လဲ"

"ဘာမှ နောက်ပြီးတော့တွေ ဘာတွေ လုပ်မနေနဲ့။ ကိုကိုမြင့် သွားရမှာဘဲ" မေသည် တဖက်သို့လှည့်၏။ "မေတော့စိတ်ဆိုးမှာ။ ဒါဘဲ။ ဒီလိုသာ ငြီးများနေရင် ကိုကိုမြင့် တသက်လုံး အလုပ်ရမှာ မဟုတ်ပါဘူး"

Commercial use of this book will be at your OWN RISK!

သူသည် ကူရှင်ကို ပွတ်နေလေသည်။ “ကိုကိုမြင့်နဲ့ အတူတူမနေချင်တော့ဘူးလား”

မေသည် ဆိုဖာပေါ်မှထကာ ပြတင်းပေါက်အနားသို့သွား၍ တံခါးဘောင်ကို လက်ထောက်လျက် အပြင်ဘက်ကို ကြည့်နေလေသည်။ မေမှာ ကိုကျော်မြင့်ကို ဒေါသထွက်နေသည်။ ကြာရှည်ပြောရလျှင် ဒီထက် စိတ်တိုလာမည်ကို သူသိသည်။

အတော်ကြာ ငြိမ်သက်နေ၏။ နောက် ခြေသံကြားရကာ ကိုကျော်မြင့်သည် သူ့လယ်ပင်းကို ဖက်လိုက်၏။

“သွားပါ့မယ်ကွယ်၊ မေကလဲ”

မေသည် ပြုံးလာလေသည်။

“မေက ကိုကိုမြင့် ကောင်းဘို့ပြောတာ”

ခါတိုင်းကဲ့သို့ပင် လင်မယားနှစ်ယောက် ကတောက်ကဆ စကားများကြပြီး နောက်ဆုံး နမ်း ရှုတ်ခြင်းဖြင့် အပြီးသတ်လေသည်။

နောက်တနေ့တွင် ကိုကျော်မြင့် တောင်ကြီးသွား၍ မေတယောက်တည်း အိမ်တွင် ကျန်ရစ်ခဲ့လေသည်။ လင်မယား ညားကတည်းက ဤအကြိမ်သည် ပထမအကြိမ် သူတယောက်တည်း နေသောအခါ ဖြစ်လေသည်။ ကိုကျော်မြင့်မှာ သဘက်ခါ ပြန်လာမည် ဖြစ်လေသည်။ ကိုကျော်မြင့် အိမ်မှာမရှိသည်ကို မည်သူ့မျှပြော။ မခင်စီကိုပင် မပြောပေ။ အကယ်၍ မခင်စီ သိလျှင်လည်း ညလာ၍ အိပ်လိမ့်မည်ဖြစ်၏။

သို့ရာတွင် မေ့အဖို့မှာ အဖော်မလို။ သူသည် ပြတင်းပေါက်ကို ဖွင့်လိုက်၍ ရန်ကုန်မြစ် ဖက်မှလာသော လေကို ရှူနေလေသည်။ ရန်ကုန်မှာ နွေဦးပေါက်သော်လည်း တောမှာလို ပန်းရနံ့တွေ မကြိုင်လှိုင်။ မမွှေးပျံ့။ မေသည် မွေ့ရာပေါ်သို့ ပစ်လှဲကာ သူ့ယောက်ျား ခေါင်းအုံးကို ရင်တွင်ပိုက်၍ သီချင်းဆိုနေလေသည်။ အပေါ်က ခြင်ထောင်လေတိုက်သဖြင့် ဖေါင်းလိုက် ပိန်လိုက်နှင့် လှိုင်းအိနေသည်။ စာ၊ ဇရက်တွေမှာလည်း ခါတိုင်းလို တေးမသီကြ။ မေသည် အခုမှ လင်နှင့်ခွဲရသည်မှာ ပျင်းစရာကောင်းမှန်း သိလေသည်။ သူသည် ထမင်းစားခန်းသို့သွားကာ နှင်းသီးနှင့်နို့ ဖျော်သောက်ပြန်သည်။ မေသည် တခုခုလုပ်ရန် တွေးနေလေသည်။ နောက်အကြံရ၍ တယ်လီဖုန်းရှိသော မျက်နှာချင်းဆိုင် ကုလားဝတ်လုံတဦး အိမ်သို့ တက်သွားလေသည်။

မေသည် မျက်လုံးကို မျက်နှာကြက်ဆီသို့လှန်ကြည့်ကာ ဦးဘညွန့်တယ်လီဖုန်းနံပတ် ‘ဒဗယ်လ် တူးအိုဖိုက်’ ကို ဆက်လေသည်။ သူ့အသံမှာ အနည်းငယ်တုန်နေသဖြင့် တယ်လီဖုန်း ဆက်သူက နှစ်ခါထပ်၍ မေးရလေသည်။ ဦးဘညွန့်၏ အသံသြကြီးကိုကြားမှ သူသည် နကိုသံ ရလာ၏။

“အခု စကားပြောနေတာ မေ မဟုတ်လား။ ကျန်းမာရဲ့နော်”

မေသည် သူ့သဏ္ဍာန်ကို မြင်လာလေသည်။ မှုန်မှိုင်းသော အခန်းထဲတွင် ပင့်ကူကြီး ထိုင်နေသော သူ့ပုံ ပေါ်လာ၏။ မေသည် ကိုကျော်မြင့် တောင်ကြီးသို့ သွားသည့်အကြောင်းကို ပြောပြလေသည်။ မေသည် တယောက်တည်း ဖြစ်လေသည်။

“တယောက်တည်း ဟုတ်လား”

Commercial use of this book will be at your OWN RISK.

"ဟုတ်ပါတယ်ရှင် . . ." သူပြုံးနေသော အသွင်ကို မြင်လာ၏။ သူ့အသံမှာ ဘယ်လောက် ချွဲပျစ်ပျစ်နိုင်သလဲ။ အစက စကားမပြောလိုက်လျှင် ကောင်းမှာ။ ကိုကျော်မြင့်များ သိသွားလျှင် သို့ရာတွင် နောက်ကျခဲ့လေပြီ။

"အခု အားတယ်မဟုတ်လား"

မေသည် ဂရုစိုက်၍ နားထောင်၏။

"ဟုတ်ကဲ့"

"လာမယ် မဟုတ်လား"

"ဘာပြောတယ်။ ထပ်ပြောပါအုံး။ ကောင်းကောင်း မကြားရဘူး"

သူသည် မေမကြားသောစကားကို ထပ်၍ ပြောပြလေသည်။

"ညနေစာ စား လာပါလားလို့ ပြောတာပါ။ မေ လာမှ လာပ့ါမလား"

မေသည် ရယ်၏။ "ကျေးဇူးတင်ပါတယ်ရှင်။ ဒီလိုဖိတ်တာ ဝမ်းသာပါတယ်။ ဒါပေမဲ့ တဆိတ်တော့"

သို့ရာတွင် သူသည် စကားကို ဖြတ်လိုက်လေပြီ။

ဘယ်လောက် ပါးနပ်သလဲ။ လယ်သလဲ။ ကိုယ်တို့ ဖိုးကျော်မြင့်တို့နဲ့တော့ ကွာလိုက်တာ။ ဘယ်လောက် ဝိနည်း အရှောင်ကောင်းသလဲ။ ဘာပြုလို့များ ကိုကျော်မြင့်ကို လက်ထပ်လိုက်ပါလိမ့်။ နဲနဲလောက် စောင့်လိုက်ရောပေါ့။ ဦးဘညွန့်ကို ဘာပြုလို့ မစောင့်မိပါလိမ့်။ မေသည် မျက်မှောင်ကုတ်လိုက်လေသည်။

သူသည် အိမ်ပြန်ရောက်သောအခါ အိမ်ခန်းထဲ ခုတင်တိုင်ကိုမှီကာ တွေးနေလေသည်။ ကြာရှည်စွာ လေးနက်စွာ တွေးသည်။ တနာရီထိုးလျှင် သူသည် မှန်တင်ခုံရှေ့တွင် အလှပြင်လျက် ရှိလေသည်။

× × × × × × ×

ဦးဘညွန့်မှာ မေ တယ်လီဖုန်းမှနေ၍ စကားပြောသည်ကို အနည်းငယ်မျှ မအံ့သြမိချေ။ ကိုကျော်မြင့်၊ မခင်စီတို့နှင့်အတူ နေ့လည်စာ စားပြီးနောက် အနေးနှင့်အမြန် ဆိုသလို မေ သူ့ဆီ လာရမည်ဟု တွက်ထားလေသည်။ သူသည် အတွက်အချက်နှင့် သူ့အချိန်ကို စောင့်နေလေသည်။

မေ့ကို သူတကယ်စွဲသည်။ သူဝန်ခံ၏။ တကယ်ဆိုတော့ သူသည် ကာမကျူးသည့်ဘဝကို သူပျော်သည်။ သူသည် မေ့ကို စိတ်ကူးယဉ် နုနေသည်မဟုတ်။ လရောင်ကိုကြည့်၍ မေ့ အကြောင်းတွေးကာ လွမ်းနေသူမဟုတ်။ ပန်းကိုတွေ့လျှင် ဆွတ်၍ မွှေးလိုက်ချင်သလိုသာ သူ မေ့ကို စွဲလန်းသည်။ သူသည် မေ၏ အလှရူပါရုံ ညှို့ဓာတ်တွင် ငြိမ့်ကနဲ မိနေသည်။

သူသည် မေနှင့် နှစ်ကိုယ်ကြား စကားတအေးအေးနှင့် စားသောက်မည့် နေ့လည်စာ စားပွဲကို သူကိုယ်တိုင် စီမံ၍နေလေသည်။ သူသည် မှန်ပြတင်းမှာ ခန်းဆီးထူထူကိုကာ၍ ပန်းနုရောင် မီးအုပ်ဆောင်းနှင့် မီးပွင့်ကို ဖွင့်ထား၏။ သူသည် လိမ္မော်ရည်ထဲတွင် ဝီစကီနဲနဲ

Commercial use of this book will be at your OWN RISK.

ရောထားသည်။ အနားမှ သူ့ဆရာခိုင်းမည်ကို ရပ်စောင့်နေသော အစေခံကို အော်ငေါက်၍ အဝေးသို့ နှင်လိုက်၏။ သူသည် လေကလေးချွန်၍ သူကိုယ်တိုင် စီမံနေလေသည်။

အပြင်မှ ခြေသံကြားရ၏။ " အား . . . ၊ မေ လာပြီလေ"

တံခါးဝတွင် မေ့ကိုမြင်သောအခါ သူသည် ခနရပ်မိလေသည်။ သူသည် မေ့ကို သုခုမ အနုပညာ အကဲခတ်လူကြီးလို ကြည့်လေသည်။ မေမှာ တော်တော်ချောနေသည်။ မေ့ အမူအရာမှာ ကျက်သရေရှိသည်။ မေ့အသွင်မှာ အလှဂုဏ်လျှမ်းသည်။ မေမှာ အပျို နုနုဖတ်ဖတ်ကလေး ထက် စိုလွင်သည်။

သူသည် သက်ပြင်းချ၏။

"ခွင့်လွှတ်ပါနော်။ အခုလို သိပ်ပြီး ချစ်စရာကောင်းတဲ့ ပဒါသအာရုံကို မြင်ရတော့ ကျုပ်ကိုယ် ကျုပ်တောင် မေ့နေပါတယ်"

မေသည် ဒီလောက်တောင်ဘဲလား ဟူသောဟန်ဖြင့် ပြုံးလေသည်။

"ဦးဘညွန့်ဆီ တယ်လီဖုန်းနဲ့ စကားပြောပြီး နောက်ရက်လို့သာ မေ့ကို ခွင့်လွှတ်ရမှာပါ။ ကိုကိုမြင့်သိမှာ လန့်နေတာ။ ဒါပေမဲ့လေ"

"အို၊ ခွင့်လွှတ်တာ မလွှတ်တာ ပြောမနေပါနဲ့။ လာလည်တာကိုဘဲ သိပ်ကောင်းနေပါပြီ"

မေသည် ဆိုဖာပေါ်တွင် ဝင်ထိုင်လေသည်။

"အခုလို မေက လွပ်လွပ်လပ်လပ် မဟုတ်တော့ဘူးဆိုတော့ ကျုပ်တို့လဲ နောက်တွေ့ရမှာ မဟုတ်ဘူးဆိုပြီး နေတာဘဲ"

"မိတ်ဆွေဟောင်းတွေကို မေ ဘယ်တော့မှ မမေ့တတ်ပါဘူး" မေသည် ရယ်လေသည်။

"ကျုပ်တို့ဟာ မိတ်ဆွေဟောင်းတွေမှ မဟုတ်ဖဲ။ နော်၊ မေ"

မေသည် ဘာမှ ပြန်မပြောဘဲ ကော်ဇောကိုသာ ငေး၍ ကြည့်နေလေသည်။

"ဦးဘညွန့် အကြောင်းလဲ ပြောစမ်းပါအုံး"

"ဘာမှ ပြောစရာမရှိပါဘူး။ ဒီအိမ်ကြီးနဲ့၊ စာအုပ်နဲ့၊ စိန်၊ ကျောက်ရတနာတွေနဲ့။ ဒါဘဲပေါ့"

"ဟုတ်ကဲ့လားရှင်"

သူသည် မေ့ကိုကြည့်၏။" ဒါပေါ့ဗျ။ မေတို့လို ပျော်စရာတွေနဲ့မှ မတွေ့ရဘဲ"

"ပျော်စရာ ရွှင်စရာဆိုတာ ဘာလဲ၊ မေ နားမလည်ပေါင်" မေသည် သူ့ကိုယ်သူ အပျိုပေါက်ကလေး မှတ်နေလေသည်။

"မေတို့ လက်ထပ်ကာစ ပြောတာ မေ ရဲ့"

မေသည် ခေါင်းကိုခါလေသည်။ မေသည် လက်သဲများကို အချင်းချင်း ပွတ်နေလေသည်။ မေ့အပြုအမူတို့မှာ တကယ့် စိတ်အခံကလာသော အပြုအမူမဟုတ်။ ယဉ်ကျေးသိမ်မွေ့ခြင်း မျက်နှာဖုံးကို တပ်ဆင်ထားသည်။ ချွတ်လိုက်လျှင် ဘာဖြစ်သွားမလဲ။ ယခု သူလုပ်သည့် အတတ်ပညာမှာ ဘာသိန်း၊ ကိုကျော်မြင့်တို့နှင့် ကဲ့သို့မဟုတ်။ ဘာသိန်းနှင့်ဆိုလျှင် တမျိုး ကိုကျော်မြင့်နှင့်ဆိုလျှင် ပြုံးပြုံးကလေး နွဲ့မှုကာ သူ့အမွေးကို ပြန်၍ မွေးရမည်ဖြစ်၏။ သို့ရာတွင် ဦးဘညွန့်နှင့်ဆိုလျှင် အသာပါးနပ်စွာ ကိုင်ရမည်။ သူက မေ့ကို မက်လာရမည်။

"လက်ထပ်တယ်ဆိုပေမဲ့လဲ ဒီလောက်တောင် ပျော်စရာရွှင်စရာကြီး မဟုတ်ပါဘူးရှင်"

Commercial use of this book will be at your OWN RISK !

အတန်ကြာ တိတ်ဆိတ်နေကြ၏။

"ဘာဖြစ်လို့ မေ တို့ဆီ လာမလည်သလဲ"

"မန္တလေးရောက်နေတာ။ မနေ့ကမှ ဒီပြန်ရောက်တာ"

"အော်၊ ဟုတ်လား။ မေတို့လဲ မန္တလေးသွားကြသေးတယ်။ ဟန်နီးမွန်းတုန်းကဆိုပါတော့"

"ကြားပါတယ်ဗျာ။ ကြားပါတယ်"

သူသည် မေ့ကို အစားအသောက်များ ကျွေးမွေးရင်း မန္တလေးတွင် အဘယ်ပုံ လယ်သည်ကို ပြောပြလေသည်။ ဦးဘညွန့်သည် ဧည့်ဝတ်ကျေပွန်သော အိမ်ရှင်ကောင်းတယောက်ဖြစ်သည်။ အစားအသောက်များမှာ အရသာရှိပါသည်။ မွေးပါသည်။

"မေ ဟောဒီ လိမ္မော်ရည်ကလေး သောက်လိုက်ပါအုံး။ ရင်ချောင်ပါတယ်"

မေသည် သောက်လေသည်။ သူ့ရှေ့တွင် ထိုင်နေသော ဦးဘညွန့်ရုပ်သည် ပြောင်းလာ၏။ သူသည် ခန့်လာ၏။ ဆံပင်မှာ ရွှေရောင်တောက်လာ၏။ အခန်းကြီးသည် ပန်းရောင် မြူမင်းလွင်တို့ဖြင့် ရစ်သန်း၏။ ပန်းရောင်ကြယ်တွေ လက်နေကြ၏။

လိမ္မော်ရည်နှင့် ရောစပ်ထားသော အရက်သည် မေ၏ အသိဝေဒနာတွင်းသို့ ဝင်ရောက်လေပြီ။ သူသည် စကားပြော သွက်လာ၏။ သော်မဆင်ရိပ်သာက သူတို့အိမ်အကြောင်းကို ပြောပြလေသည်။

"အိမ်က သိပ်နေလို့ကောင်းမှာဘဲနော်"

"ဟုတ်တယ်။ သိပ်နေလို့ကောင်းတာဘဲ"

မေသည် ပျော်လာသည်။ ပတ်ဝန်းကျင် အရာအားလုံးတို့မှာ ချစ်စဖွယ်ကောင်းနေသည်။

နောက်တနာရီမှာ အိပ်မက်ထဲမှာကဲ့သို့ ကုန်သွားသည်။ ရေခဲစိမ်စပျစ်သီး၊ သစ်တော်သီး များစားသည်ကို ရေးရေးသာ အမှတ်ရ၏။ နောက် အပေါ်သို့တက်ကာ ကျောက်မျက်ရတနာ များကို ကြည့်ချင်သည်ဟု ဦးဘညွန့်ကို ပူဆာ၏။ သူကိုယ်တိုင် မြဲဘယက်ကို မေ့ရင်ပတ်မှာ ဆွဲပေးသည်ကို မှုန်မှိုင်းစွာ သိလိုက်၏။ မေသည် သူ သမာဓိပျက်ပြယ်သည်ကို သိပါသည်။ သို့ရာတွင် မပျက်ပြယ်အောင် ဘယ်လိုမှ လုပ်၍မရ။ အာရုံကိုကား ပျက်ပြယ်ချင်စရာ။ သူသည် အေးအေးဆေးဆေးပင် ငွေကိုတောင်းသည်။ အေးအေးဆေးဆေးပင် စွန့်စားမှုကို ရင်မဆိုင်ဝံ့။

မေ ဘယ်ရောက်နေသလဲ။ ရတနာခန်းထဲမှာ။ သူ့ကို ဘာပြောနေသလဲ။

"မေ ငွေလိုချင်သလား" ဟု ဦးဘညွန့်က ပြောလေသည်။

"မေ့ကို ငွေပေးမှာပေါ့"

သူ၏ စူးရှသော မျက်လုံးအောက်တွင် မေ၏ပါးသည် နီမြန်း၍သွား၏။ မေသည် အဖြေကို မပေး။

"လာ၊ လာ ဒီကိုလိုက်ခဲ့ပါအုံး"

မေသည် သူ့နောက်ကို လိုက်သွားသည်။ သူသည် အခန်းမှ တံခါးကို တွန်းဖွင့်လိုက်၏။ မေသည် အတွင်းသို့ကြည့်၏။ သူနေသောအခန်း ဖြစ်လေသည်။ တရုပ်ကပ်အကြားမှ နေရောင်ခြည်သည် ရွှေရည်လဲ့လဲ့ဝင်းကို ပက်ဖျန်း၏။ ရက်စက်သောအရောင်။ သူ့အရောင် အောက်တွင် အားလုံးသောအရာတို့သည် အရှက်မရှိကြ။ ဣန္ဒြေမရှိကြ။

Commercial use of this book will be at your OWN RISK !

မေသည် နောက်သို့ဆုတ်၏။ "ဟင့်အင်း၊ ဟင့်အင်း။ မေ မလိုက်ချင်ဘူး"
"လာပါမေရဲ့ ။ ကိစ္စမရှိပါဘူး"

သူသည် မေအထဲရောက်လျှင် တံခါးကို ပိတ်လိုက်လေသည်။ အနည်းငယ်မှောင်၏။ သူသည် မီးခလုပ်ကိုဖွင့်၏။ မျက်နှာကြက်မှ မီးပွင့်မှ ပြာလဲ့လဲ့အရောင် လင်းလာ၏။ မေသည် အခန်းပတ်လည်ကို ကြည့်၏။ ဒေါင့်တဒေါင့်တွင် စန္ဒယားတလုံးရှိသည် တဖက်တွင် ကုတင်တလုံး၊ မွေ့ရာအိစက်စက်နှင့်။

"ပျင်းရင် ဒီမှာလာပြီး သီချင်းကလေးဘာကလေးတီးတာဘဲ။ ကဲ မေ သီချင်းတပုဒ်လောက် ဆိုစမ်းပါ" ဟု ဦးဘညွန့်သည် သိမ်မွေ့စွာ ပြောလေသည်။

မေသည် ကိုယ်ကို တုံ့လိုက်၏။

ဘီဒိုတခုပေါ်တွင်ကား နာရီတလုံး တင်ထား၏။ အချိန်မှာ သုံးနာရီကိုပြ၏။ အပြင်တွင်ကား ပြည်လမ်းမကြီးပေါ်မှ ဝေါကနဲဝေါကနဲ ဖြတ်သွားကြသော ကားသံ၊ လော်ရီသံများကို သဲ့သဲ့မျှကြားရ၏။

"ကြင်နာပါကွယ် မောင်ရယ်
ပျို အားကိုးတော့မယ်၊
စိမ်းကားနဲ့ကွယ်၊
ချစ်မှာလား ခင့်အပေါ်ဝယ်"

ဂီတသံ ငြိမ့်ရွှန်းစွာ ပျံ့လွင့်လာလေသည်။ နောက် ငြိမ်သက်သွားသည်။ နာရီမှ ချက်ချက် ဟူသော စက်သံမှတပါး တိတ်ဆိတ်နေလေသည်။

မေ လှေခါးတွင်ရပ်၍ သူ့ကို နှုတ်ဆက်သောအခါ ငါးနာရီ ထိုးပြီးပြီဖြစ်လေသည်။ ယခုလောက် စိတ်လိုက်မာန်ပါပြုရာ၌ စိတ်အားမကုန်ခဲ့။ သူသည် ဦးဘညွန့်အပါးမှ ခွာသော အခါ ရွှင်လန်းစွာပြုံးလေသည်။ သူငှားပေးသော အငှားမော်တော်ကားဆီသို့ ရောက်သွားရာ၌ မေ့ ခြေလှမ်းသည် ပေါ့၏။ ရွှင်ပြ၏။ သို့ရာတွင် ကားပေါ်တက်၍ ဒရိုင်ဗာအား သော်မဆင် ရိပ်သာသို့မောင်းရန် အမိန့်ပေးပြီးသောအခါတွင်ကား မေ၏ ခန္ဓာကိုယ်တခုလုံးမှာ စက်ဆုပ်ရွံရှာ ခြင်းဖြင့် တုန်လှုပ်လျက်ရှိလေသည်။ သူသည် ကူရှင်ကိုမှီကာ စက်ပျက်သွားသည့် ကလေး ကစားစရာ အရုပ်ကဲ့သို့ အားကုန်၍နေလေသည်။

ယခုလက်ငင်းမူ ဘာကိုမျှမတွေးရဲ။ မေ မစဉ်းစားရဲ။ မေသည် ကားနောက်တွင် ရိပ်ကနဲ ရိပ်ကနဲ ကျန်ရစ်ခဲ့ကြသော အိမ်ယာတိုက်တာများကို မှေးသောမျက်လုံးဖြင့် ကြည့်၏။ လဟာမှ လာသောလေကိုရှူ၏။ သို့ရာတွင် သူ၏ စိတ်ကရိယာကား အလုပ်မလုပ်။ ကြောက်စိတ် အပွင့်တွေ များများပါသော ပန်းစကြာမှန်ပြောင်းကို ကြည့်ရသကဲ့သို့ ရှိလေသည်။

အဘယ့်ကြောင့်ဆိုသော် မေသည် ရတ်တရက်ချက်ချင်းမှ သူကျူးလွန်လာခဲ့သော အပြစ်ကို အကြောက်ကြီးကြောက်လျက် ရှိသောကြောင့်ဖြစ်လေသည်။ တလောကလုံး သူ့အကြောင်းကို

Commercial use of this book will be at your OWN RISK!

သိကုန်ပြီဟု မှတ်ထင်ရ၏။ ပေတရာပေါ်၊ ပလက်ဖေါင်းပေါ်မှ ယောက်ျားများ၊ မိန်းမများ ရွှင်လန်းပျော်မြူးနေကြသည်ကို စိတ်မလုံသောမေက သူ့ကို ရယ်ကြသည်၊ ကဲ့ရဲ့ကြသည်ဟု ထင်လေသည်။ လမ်းဘေးတွင် ကစားနေကြသော ကလေးသူငယ်များသည် ကားလာသောအခါ ရှောင်လိုက်ကြ၏။ မသန့်ရှင်းသော မေမှာ သူ့ကို ရှောင်ကွင်းကြသည်ဟု တွေးလေသည်။

ဟော သော်မဆင်ရိပ်သာကို ရောက်ပြီ။ ဘုရားမပေလို့။ သူ့စိတ်ထဲတွင် တသက်မက ကြာသည်ဟု အောက်မေ့၏။ အမှန်မှာ ငါးနာရီလောက်သာ ကြာသည်။

မေသည် ကားပေါ်မှဆင်းကာ အိမ်တွင်းသို့ဝင်လေသည်။ သူသည် အစေခံ တံခါးလာဖွင့် သည်ကိုစောင့်ရင်း ပြန်မောင်းထွက်သွားသော ကားသံကို ကြားရလေသည်။ အိမ်ကလေးမှာ တိတ်ဆိတ်နေသည်။ လူသူလေးပါးနှင့် ကွာဝေးနေသလားဟု မှတ်ထင်ရ၏။ အိမ်ပြန်ရောက် သည်မှာ အလွန်ကောင်းသည်။ အိမ်ဆိုသည်မှာ ဘယ်လိုနေသည်ဆိုတာ သူ တသက်နှင့်တကိုယ် ပထမအကြိမ် တွေးမိခြင်းဖြစ်လေသည်။

သူသည် ထမင်းစားခန်းကိုသွားကာ ရေတခွက်ကိုသောက်လေသည်။ ရေမှာ အေး၍ ချိုနေကာ သောက်၍ အရသာရှိလှသည်။ သူသည် နဲနဲ နေသာထိုင်သာရှိသွား၏။ သူသည် သူ့မျက်နှာကို ရေဖန်ခွက်တွင် သွားမြင်လေသည်။ သူသည် လန့်၍ အော်မိ၏။ အခုလောက် တခါမှ မနွမ်းလျခဲ့။ သူ့ပါးမှာ ဖြူနေ၍ ဆံပင်တွေမှ ပွနေ၏။ သူသည် သူ့ကိုယ်သူ ရယ်၏။ သူ ဘာစဉ်းစားနေသလဲ။ သူသည် လူသတ်မှု ကျူးလွန်သူကဲ့သို့ ဖြစ်နေ၏။ သူ၏ အာရုံကြောများ သည် အားနည်းလျက် ရှိလေသည်။ သူ့အမေကို သူတွေး၏။ မိန်းမတွေ ထောင်သောင်းကို သူစဉ်းစား၏။ သူတယောက်ထဲသာ ဥမ္မတ္တကောလား။

မေသည် ကြိုးစား၍ ပြုံးကာ သူ့အခန်းသို့ တက်သွားလေသည်။ နောက်ဆုံးမှာ ဘာဘဲ လုပ်နေလုပ်နေ၊ အမြတ်အစွန်းရှိလျှင်၊ အကျိုးရှိလျှင် ပြီးတာဘဲဟု သူ့စိတ်ကို ဖြေလေသည်။ သူသည် တံခါးကို လုံအောင်ပိတ်ကာ လက်ပွေ့အိပ်ထဲမှငွေ ရှိမှရှိသေးရဲ့လားဟု ဖွင့်ကြည့်၏။ ငွေတထောင်တန် ချက်လက်မှတ်မှာ ခေါက်ရာမပျက် ရှိနေသည်။ သူသည် မှန်တင်ခုံစာပွဲမှ အံဆွဲကိုဖွင့်ကာ အတွင်းရှိ သေတ္တာကလေးထဲသို့ထည့်ကာ သော့ခတ်လေသည်။ စိတ်ဝင်စားစရာ ကောင်းလှသော သေတ္တာဖြစ်ပါသည်။ ကိုကိုမြင့်များ တွေ့သွားလိုက်လျှင် ဘယ်လောက်များ အံ့ဩလိုက်မလဲ။ အတွင်းတွင် စိန်ကြိုးမှာ အရောင်တဖိတ်ဖိတ် တောက်နေပေသည်။ ဦးဖေမောင် ထံမှ ငွေသုံးရာမှာလည်း ဒီအတိုင်း။ နောက် ဘသိန်း၏ဓာတ်ပုံ ဖြစ်လေသည်။ ဓာတ်ပုံကျော ဘက်တွင် 'ဘသိန်းထံမှ အချစ် မေသို့' ဟု ရေးထား၏။ နောက် အားလုံးနှင့် မဆီလျော်သော အရာမှာ သူ့အမေ၏ ရုပ်ပုံလွှာ ဖြစ်လေသည်။ သူ့အမေပုံကို မည်သူမျှမပြ။ ကိုကျော်မြင့်ကိုပင် မပြ။

မေသည် သူ့ပစ္စည်းများကိုကြည့်ကာ ပြုံးလေသည်။ အကုန်လုံး ခြုံကြည့်လိုက်လျှင် သိပ်မဆိုးလှဟု သူအောက်မေ့၏။ ငွေတထောင်မှာ အပိုငွေဖြစ်၍ ဒီအထဲမှ အဝတ်အစားတွေ များများဝယ်နိုင်မည်။ ယခုအခါမှု ဦးဘညွန့်အကြောင်းကို သိပ်မတွေးချင်။ ယခုနေသာ သူသည် အခန်းထဲသို့ဝင်လာက ရွံ့ရှာ မုန်းတီးသောစိတ်ဖြင့် အော်မိမည်မှာ အမှန်ပင်။

မေသည် အံဆွဲကို သော့ပိတ်ကာ သော့ကို အိပ်ထဲသို့ထဲ့၏။

Commercial use of this book will be at your OWN RISK.

သူသည် အိပ်ရာဆီသို့ လမ်းလျှောက်သွားစဉ် ထူးဆန်းသောဝေဒနာ အတွေ့အကြုံကို ခံစားရလေသည်။ မိုက်ကနဲ မိုက်ကနဲ ဖြစ်သွားသဖြင့် ကုတင်တိုင်ကို ကိုင်ဆွဲလိုက်ရ၏။

အရင်က ခုလို တခါမှမဖြစ်ဘူး။ မေသည် လေကောင်းလေသန့်ရအောင် ပြတင်းပေါက်နားသို့သွား၏။ ပင်လယ်လေသည် အေးအေးကလေး တိုက်ခတ်နေ၏။ ကုန်သည်လမ်းတလျှောက်မှ ထရော်လီကားသံကို သဲ့သဲ့မျှ ကြားရ၏။ စာကလေး၊ ဇရက်ကလေးများသည် သီချင်းဆိုနေကြ၏။ ကိုကိုမြင့်၊ ကိုကိုမြင့်။ ဘာများလုပ်နေပါလိမ့်။ မေသည် သူ့လင်ကို တွေ့ချင်စိတ် ပေါ်လာ၏။

အန်ချင်သလိုဖြစ်ကာ ဝေ့ကနဲ ဝေ့ကနဲ ပျို့တက်၏။ မေသည် အိပ်ရာဆီသို့ ပြန်လာကာ ကုတင်တိုင်ကို မှီနေပြန်၏။ သူသည် ဖျားလာ၏။ တချက်ပျို့ပြန်၏။ သူ့ရှေ့ရှိ အခန်းနံရံများသည် ယိမ်းထိုးနေကြ၏။

ချက်ချင်း မေသည် သူဘာဖြစ်သည်ဆိုတာ ရိပ်မိလေပြီ။ ပဋိသန္ဓေတည်သည့် အရိပ်လက္ခဏာဖြစ်သည်ကို မေသိလေပြီ။ ကလေးအမေဖြစ်ရတော့မည်။ ညနေက သူကျူးလွန်ခဲ့သော အပြစ်ကို မြင်လာ၏။ မေ မှားပါပြီ ကိုကိုမြင့်ရယ်၊ မေမှားပါပြီ၊

မေသည် အိပ်ရာပေါ်သို့ လဲကျသွားလေသည်။

× × × × × × ×

(၁၃)

မီးရထားနောက်တွင် လယ်ကွင်းများ ရိပ်ကနဲ ရိပ်ကနဲ ကျန်ရစ်ခဲ့ကြလေသည်။ တန်ခူးလဆန်းစဖြစ်လေရာ ပိတောက်ပင်မှာ ရွှေပန်းများဖြင့် ဝါဝါဝင်းလျက်ရှိ၏။ လေမှာ ရိုးပြတ်များ၊ တလင်းများပေါ်၌ ဆော့ကစားနေကြ၏။ တိမ်တိုက်အဖြူတို့သည် မီးရထားနှင့်အတူ လိုက်ပြေးနေကြသည်။ သံကြိုးတိုင်များသည် သူတို့ရှေ့ရှိ ရေမြောင်းတွင် မှန်ကြည့်နေကြသည်။ မေသည် မျက်စိကို တဝက်ဖွင့်ကာ တံခါးဘောင်တွင် လက်တင်ရင်း လယ်ကွင်းထဲမှ ဆေးချယ်ထားသော ပန်းချီကားကို ကြည့်နေလေသည်။ စိမ်းစိမ်းအစက်တွေ၊ နီနီအခက်တွေ၊ ဝါဝါအနွယ်တွေ၊ ရွှေရွှေဘိန်းတွေဖြင့် သုတ်လိမ်းထားသော တောကျက်သရေကားကြီး ဖြစ်လေသည်။ နွေအပြာမှာ နောက်ခံ ဖြစ်လေသည်။

မေသည် ရန်ကုန်ကိုရွံလာသဖြင့် အရောင်လက်လက်တွေကို မျက်စိကျိန်းလာသည်။ ရထားသံ၊ ကားသံတွေကို နားငြီးလာသည်။ သူသည် တောကိုသာ သွားချင်လာသည်။ အဘယ့်ကြောင့် တောကိုသွားချင်သည်ကို သူကိုယ်တိုင်မသိ။ စိတ်ကိုက တောကို တောင့်တလာသည်။ တောဆိုသည်မှာ ပဲခူးဖြစ်သည်။ ရာဇဝတ်မှု ကျူးလွန်သူများ သူလုပ်ခဲ့သောနေရာကို

Commercial use of this book will be at your OWN RISK!

ပြန်ကြည့်ချင်သောစိတ်ကဲ့သို့ ဖြစ်လေသည်။ ပကတိစိတ်ကကို ပဲခူးသွားချင်နေသည်။ အမှန်မှာ မေ၏ ချဉ်ခြင်း ဖြစ်လေသည်။ သူထွက်ခဲ့ကထဲက ပဲခူးတွင် ဘာဖြစ်ကျန်ရစ်ခဲ့သလဲဆိုတာ သူသိချင်သည်။ ကိုကျော်မြင့်ကိုမူ "ကိုကိုမြင့်ရယ်၊ ကိုကိုမြင့်နဲ့မေ စတွေ့တဲ့နေရာ သွားလယ်ရအောင်" ဟု ပြောလေသည်။ ကိုကျော်မြင့်မှာ မေ့အကြံကို သဘောတူလေသည်။

ရှိသမျှအရာတို့မှာ ပြာနေကြ၏။ ကောင်းကင်သာမဟုတ်။ သစ်ပင်ပန်းပင် အားလုံးအပင်။ တောအလှကို တွေ့ရအုံးတော့မည်။ သန့်ရှင်းစင်ကြယ်သောလေကို ရှူရအုံးတော့မည်။

"မေ နေလို့ကောင်းတယ်နော်"

မေသည် ခေါင်းကို အသာညိတ်လေသည်။

"နောက် ဆယ့်ငါးမိနစ်လောက်ဆို ရောက်မှာ"

ကိုကျော်မြင့်သည် နေရာမှထကာ ကိုယ်ကိုအညောင်းဆန့်၏။ စင်ပေါ်မှ သားရေသေတ္တာကို အောက်သို့ချ၏။ သူသည် အိပ်ရာလိပ်ကို သေတ္တာပေါ်တင်၏။

ငါးနာရီ လေးဆယ့်ငါးမိနစ်တွင် ပဲခူးဘူတာရုံသို့ ဆိုက်ကပ်လေသည်။

မေသည် ပလက်ဖေါင်းကို မြင်သောအခါ ကိုယ့်အရပ်ကို ကိုယ်လွမ်းမိလေသည်။ သူသည် အသိမိတ်ဆွေများ တွေ့မည်လားဟု စိုးရိမ်စွာ ဟိုဟိုဒီဒီ ကြည့်၏။ သို့ရာတွင် သူ့အသိ တယောက်မျှမတွေ့။

"လာ မေ။ တက္ကစီ တစင်းရှိတယ်"

မေသည် ကိုကျော်မြင့်နောက်မှ လိုက်သွား၏။ သူတို့သည် အငှားမော်တော်ကားတစီးပေါ်သို့ တက်လိုက်ကြသည်။

"ဗိုလ်တဲနဲ့ ဘယ်လောက်ဝေးသလဲဟင်"

"သိပ်မဝေးလှပါဘူး"

"လိပ်ပြာကန်နဲ့ ဗိုလ်တဲနဲ့တော့ အတော်ဝေးတယ်မဟုတ်လား"

ကိုကျော်မြင့်သည် ရယ်ကာ မေ့လက်ကို ဆုတ်ကိုင်လိုက်လေသည်။

အားလုံး အရင်ကလိုပင် ရိုးပြတ်နံ့တွေ သင်းနေသည်။ တောပန်းတွေ မွှေးကြိုင်နေသည်။ လမ်းဘေးမှ စကားဝါပွင့် လဲ့လဲ့ဝင်းနေကြသည်။ လမ်းမှာ ဖုံ့ပျုံ့နေသည်။ နှင်းနှင့် ဝင်းတို့နှင့် အတူ လမ်းလျှောက်ကြသည်ကို အမှတ်ရ၏။ ဦးဖေမောင်တို့အိမ်မှာ ဟိုဘက်တွင် ကျန်ရစ်ခဲ့လေပြီ။ ကားသည် ကွေ့ကာပတ်ကာ သွား၏။ နောက်ဆုံးတွင် သစ်ပင်များကြားရှိ ဗိုလ်တဲသို့ ရောက်လေသည်။

သူတို့သည် ကားပေါ်မှ ဆင်းကြလေသည်။ ဝန်စည်စလယ်များကို အခန်းထဲတွင်ချထား၏။ အိမ်ရှေ့တွင် အလေ့ကျ ပန်းပင်များ လွပ်လပ်စွာ ပေါက်နေကြ၏။

"သိပ်သာယာတာဘဲနော် ကိုကို"

သူသည် ခေါင်းကို ညိတ်လေသည်။

မေသည် အိမ်ကို ကြည့်မိလေသည်။ သူထင်သည်ထက် ကျယ်ဝန်း၏။စိမ်းညိုသော နွယ်ပင်များ နံရံတွင် ရှက်လိမ်နေကြ၏။ ရေညှိများမှာ အုပ်ပေါ်တွင် ကတ္တီပါ အုပ်ထားသလို

Commercial use of this book will be at your OWN RISK !

နေ၏။ အဆောက်အဦးမှာ အိုမင်းပြီဖြစ်၍ ရင့်ကျက်သော အိန္ဒြေကို ဆောင်လေသည်။ ယခု ဗိုလ်တဲပိုင်ရှင်မှာ သင်ခါစ ပန်းချီဆရာတယောက် ဖြစ်လေသည်။ အတွင်းမှာ အပြင်ခန်းထက် သပ်ရပ်ပါ၏။ ထမင်းစားခန်းမှာ ဧည့်ခန်းထက် သပ်ရပ်ပါ၏။ ထမင်းစားခန်းမှာ ဧည့်ခန်းထက် ဖြူစင်၏။ အိမ်ဘေးမှာ ဝရံတာနှစ်ဆောင် ရှိလေသည်။ ပြတင်းပေါက်များကို ဖွင့်လိုက်လျှင် နွယ်ပန်း ခရမ်းရောင်များကို တွေ့ရ၏။ အိပ်ခန်းမှာ ဝါးရုံတောဘက်သို့ မျက်နှာပြုထားသဖြင့် အေး၏။

ကြောင်နက်ကလေးတကောင်သည် စာပွဲခုံတခုပေါ်တွင် ဗေဒင်တွက်လျက်ရှိသည်။ မေသည် ကြောင်ကလေးကိုမြင်လျှင် စိတ်ကြည်လင်သွား၏။

“အိမ်ကလေးက နေချင့်စဖွယ်နော် ကိုကိုမြင့်။ သိပ်ကောင်းတာဘဲ”

”ဒါပေ့ါမေရဲ့။ တပတ်ကို ဆယ့်ငါးကျပ် ပေးရတာကို”

မေသည် ကြောင်ကလေးကို ပွေ့ပိုက်ကာ ရင်ခွင်တွင်ပိုက်၍ ပခက်လို လှုပ်သိပ်နေစဉ် ကြောင်ကလေးမှာ အိပ်ပျော်သွားလေသည်။

× × × × × × ×

Commercial use of this book will be at your OWN RISK !

မေသည် အိမ်ကလေးအတွင်း လှည့်လည်ခြင်း၊ စိတ်ကူးယဉ်ခြင်းဖြင့် ပျော်နေလေသည်။ ဘယ်ကိုမျှလည်း သွားချင်၊ လာချင်သောစိတ်မရှိ။ သူ့ဆီကိုလည်း မည်သူမျှမလာစေချင်။ နေရာလေးမှာ စိတ်ကြည်နူးစရာကောင်းသော နေရာဖြစ်သည်။

ဧည့်ခန်းတွင် အံဆွဲတွေအများကြီးနှင့် စာပွဲတခုရှိသည်။ မေသည် ပျင်းပျင်းရိရှိသည်နှင့် အံဆွဲကိုဖွင့်ကာ ဟိုလှန်ကြည့် ဒီလှန်ကြည့် ကြည့်လေသည်။ အတွင်း၌ ဖုံတွေပေနေသော စာရွက်တွေကို တွေ့ရလေသည်။ စာများမှာ ရည်းစားစာဖြစ်လေသည်။ မေသည် စိတ်ဝင်စားလာ၏။ သူသည် စာတွေကို ဖတ်၏။ ဝမ်းနည်းစရာ၊ ကြေကွဲစရာဖြင့် အဆုံးသတ်သော အချစ်ဇာတ်လမ်းဖြစ်သည်။ စာရှင်၏ ချစ်သူမှာ ယခုအိမ်ပိုင်ရှင် ပန်းချီဆရာ ဖြစ်ဟန်တူသည်။ မိန်းမဆံစုတခု၊ ဟောင်းနေသော အစိမ်းရောင် ဖဲပြားကလေးတပွင့်နှင့် ရှယ်လီ၏ လင်္ကာစာစု တွေ့ရ၏။ စာစုတွင် 'ကြည်' ဟု နာမည်ထိုးထား၏။ နောက် သူဆွဲသော ရုပ်ပုံကားများကို တွေ့ရ၏။ ပထမ တောတောင်ရေမြေ ရှုမျှော်ခင်းများ၊ ကန်တော်ကြီးမှ ရွှေတိဂုံဘုရားကို မြင်ရပုံ၊ ရန်ကုန်မြစ် နေဝင်ချိန်တို့ဖြစ်၏။ ပန်းချီကားများသည် တိုးတက်၍လာ၏။ မိန်းမ ဝတ်လစ်စလစ် ပုံများပါ၏။ သူ၏ လက်ရာများ တဖြည်းဖြည်း ပညာခန်းပါလာ၏။ ခလေးကလေးများ ဗူပေါင်းမှုတ်နေပုံ၊ အပျိုတသိုက် ရေချိုးနေပုံ၊ အဖိုးအို စောင်းကြိုးညှိနေပုံ။ မေသည် ပုံကားတချပ်ကို လှတ်ချလိုက်၏။ ထိုပုံမှာ ဘသိန်းပုံ ဖြစ်သည်။

မေသည် ပထမတော့ အားပျော့သွားလေသည်။ ဒီလောက် စိတ်အားငယ်ရမလားဟု သူ့ကိုယ်သူ ကျိန်ဆဲ၏။ မေသည် အားကိုတင်း၏။ သူသည် ကြမ်းပြင်ပေါ်မှ ပုံကားကို

ကုန်းကောက်ကာ ကြည့်ပြန်လေသည်။ အဟုတ်ပါဘဲ။ ကိုသိန်းပုံပါဘဲ။ လွန်ခဲ့သော နှစ်နှစ်ခန့်က ဘသိန်းပုံ ဖြစ်သည်။ သူ အရင်ရုပ်ရှင်ထဲလိုက်တုံးက ဆွဲခဲ့သောပုံ ဖြစ်ဟန်တူသည်။ ဘသိန်းသည် ဟောင်းညစ်သော စက္ကူမှ ပြုံး၍ မေ့ကိုကြည့်နေသည်ဟု မှတ်ထင်ရ၏။

မေသည် လျင်မြန်စွာ ပုံကားကို မှောက်လိုက်လေသည်။ ဘသိန်း။ ဘသိန်းကို သူ မေ့လိုက်ချင်ပြီ။ နောက်ကိုလည်း သူ့ကို မတွေ့ချင်တော့။ မေသည် ခလေးအမေ ဖြစ်တော့မည်။ ကိုကျော်မြင့်ခလေး၏ မိခင်ဖြစ်တော့မည်။

သူသည် ပုံကားကို အံဆွဲထဲသို့ အတင်းထိုးလိုက်လေသည်။ မေသည် ပြတင်းပေါက်အနားသို့ရပ်ကာ အပြင်ကို ကြည့်နေလေသည်။ ကောင်းကင်မှာ မိုးသားကျူးသဖြင့် အုံ့မှိုင်း၏။ တိမ်များသည် နေကိုကွယ်ထား၏။ သူသည် တုံလှုပ်လျက်ရှိ၏။ သူသည် အကုန်လုံးကို မေ့တော့မည်။ ဘယ်တော့မှ မစဉ်းစားတော့။ မတွေးတော့။ သူသည် စိတ်ကို ဒုံးဒုံးချ ပြီးလျှင် ဘဝသစ် ပြောင်းတော့မည်ဟု ဆုံးဖြတ်၏။

မေသည် ရင်ကိုကော့ကာ အခန်းထဲမှ ထွက်သွားလေသည်။

× × × × × × ×

(၁၄)

ပဲခူး လူကုံထံ အပိုင်းက မေ ရောက်လာသည်ကို သိကြလေပြီ။

သူ ဦးဖေမောင်တင်တို့အိမ်က ထွက်သွားကတည်းက သူ့အတင်းကို အာပေါက်လုခမန်း ပြောကျန်ရစ်ခဲ့လေသည်။ ဘယ်ကဘယ်လိုဟူ၍ကား အတိအကျ မပြောနိုင်ကြ။ သူ ယောကျ်ားသနားရ၍ ရန်ကုန်တွင်နေသည်ကိုတော့ သူတို့သိကြ၏။

သူ့နာမည်မှာ လိပ်ပြာကန်တွင် မပြောစကောင်းသောစကား ဖြစ်လေသည်။ ဦးဖေမောင်က သူ့ကို ခါးပိုက်ထဲက ထွက်သွားသော မြွေပွေးဟု သဘောထား၏။ ဒေါ် ငြိမ်းခင်က 'ပျံလွှားမ' ဟု ခေါ်သည်။ နှင်းနှင့် ဝင်းတို့မှာ သူ့အမေ၏အသံအတိုင်း ပဲ့ထင်လိုက်၍ စိတ်ထဲကမူ မေ့ကို ချီးမွမ်းသည်။ ချစ်ခင်သည်။ သူတို့သည် မေ့အကြောင်းကို ဘာမျှမသိကြသဖြင့် တွေးဆခြင်းကို မဟန့်တားနိုင်ပေ။ သိခြင်းမှာ စိတ်ဝင်စားဖွယ်ကို ဖြစ်စေလေသည်။

မေ ပဲခူးကို ရောက်သည့်သတင်းကို ပထမဆုံး ပေးပို့သူမှာ အထည်သည် မကန်သာ ဖြစ်လေသည်။ မကန်သာတို့ အစက မေ့ကို သိလည်းမသိ။ မြင်လည်းမမြင်ဘူး။ မေတို့ရောက်သည့် ညနေ၌ ရန်ကုန်က သူ့ဘိုတင်ပို့လိုက်သော ကုန်ပစ္စည်းများကို ဘူတာရုံသို့ ဆင်းယူရင်း ပလက်ဖေါင်းပေါ်တွင် စတိုင်ကျကျ လင်မယားပျိုကို တွေ့မြင်လေသည်။ သူသည် ရုံပိုင်နှင့် တန်ဆာခပေးစဉ် မေတို့ဘက်သို့ မေးငေါ့၍ "ဘယ်ကပါလိမ့်။ ဒီမြို့ကတော့ မဟုတ်ဖူး" ဟု

Commercial use of this book will be at your OWN RISK !

မေး၏။ "ဟာ၊ မေ ဆိုတာပေါ့။ အရင် လိပ်ပြာကန်က ဦးဖေမောင်အိမ်မှာ သမီးနှစ်ယောက်ကို စာသင်ပေးတဲ့ ဆရာမပေါ့။ ဟိုဟာက သူ့ယောက်ျားနဲ့တူတယ်" ဟူသော ရုံပိုင်၏ စကားကို မကန်သာသည် အရကျက်မှတ်လျက် နောက်ဆုံး စက်ရပ်၍ထည့်ရသော သတင်းကို လွှင့်ရန် လိပ်ပြာကန်သို့ ရင်ကော့၍ သွားလေသည်။

"မကန်သာတော့ တခုခုပြောချင်လို့ လာတာနဲ့တူတယ်" ဟု ဝတ်လုံကတော် ဒေါ်သန်းရင်က မကန်သာ၏ အမူအရာကိုကြည့်၍ ပြောလေသည်။

"လာ လာ မကန်သာ" ဟု အငြိမ်းစား စစ်ကဲကတော် ဒေါ်ချစ်က ဖိတ်ခေါ်၏။

သူတို့သည် အားလပ်သောအချိန်ကို အတင်းပြောခြင်းဖြင့် ဖြုံးကြလေရာ အတင်းလာပြောမည့်သူကို မြွေမြွေခြင်း ခြေမြင်လေသည်။ ဝန်ထောက်ကတော် မုဆိုးမ ဒေါ်မြင့်မြင့်မှာ ပြုံး၍ နေသည်။

မကန်သာသည် သူတို့တိုက်သော လက်ဖက်ရည်ကိုသောက်ရင်း သူကြားရသည့် သတင်းကို ဖေါက်သည်ချလေသည်။ သူတို့ ကဲ့ရဲ့ သင်္ဂြိုဟ်ကြတဲ့အရပ်ကို ပြန်လာပါ့မလာ။ မကန်သာ ပြောတာ ဟုတ်ချင်မှ ဟုတ်မည်။ ရုံပိုင်များလည်း မျက်စိရှုန်းတတ်သည်။

"ကျုမကတော့ သူတို့ လင်မယားနှစ်ယောက်လို့ဘဲ ထင်တာဘဲ" ဟု မကန်သာက အဆုံးသတ်လိုက်၏။

"မေ ယောကျ်ားရတာတော့ အမှန်ဘဲ။ တလောလေးက ရန်ကုန်ဂေဇက်ထဲမှာ လက်ထပ်သတင်း ပါလာတာ ဖတ်လိုက်ရတယ်" ဒေါ်မြင့်မြင့်က သူ အင်္ဂလိပ်သတင်းစာဖတ်ကြောင်း ကြွား၏။ အားလုံး သူ့မျက်နှာကို ကြည့်ကြ၏။ သူတို့သည် ထင်မြင်ချက် ပေးကြ၏။

"သူ ဘယ်လိုနေသလဲ"

"ကျုမပြောခဲ့တဲ့ အတိုင်းပေါ့" ဟု မကန်သာက ဖြန်း၏။

"အဝတ်အစား ဘယ်လို ဝတ်ထားသလဲလို့မေးတာ"

မကန်သာသည် ခဏမျှ နားလေသည်။ အမှန်မှာ သူသည် အသေးစိတ်၍ မသိပေ။ မေ့ကို မြင်ရသည် ဆိုရာမှာလည်း ခပ်လှမ်းလှမ်းမှ မြင်ခြင်း ဖြစ်လေသည်။ သူသည် မေ၏ပုံပန်းကို မှန်းဆကြည့်၏။

"အင်္ကျီပါးပါး တိုတိုကလေးပေါ်မှာ မီးခိုးရောင် ကွတ်အင်္ကျီ ခြုံထားတယ်။ လုံချည်က ကြည်ပြာရောင် အကွက်နဲ့"

"ဆံပင် ကကော"

"နောက်ပတ်ပေါ့ ။ ဘီးဖြူနောက်က စိုက်လို့"

"လက်ဝတ်လက်စားကကော" ဒေါ်ချစ်မေသည် မျက်လုံးကျယ်လာ၏။

"ဒါကို ပြောမလို့ဘဲ။ စိန်တွေကို ညွှတ်နေတာဘဲ။ စိန်ကြယ်သီး၊ စိန်လက်ပတ်နာရီကြိုး၊ စိန်လက်စွပ်၊ အို စိန်တွေ မိုးမွှန်နေတာပေါ့"

ဤအချက်ကို အားလုံး ကန့်ကွက်ကြလေသည်။

Commercial use of this book will be at your OWN RISK.

"ဒါတော့ ကျုပ် မပြောတတ်ဘူး။ ဓာတုဗေဒ စိန်တွေလဲ ဖြစ်ချင်ဖြစ်မှာပေါ့" ဟု နောက်ဆုံး မကန်သာ က လျှောချလိုက်လေသည်။

ဘာဘဲ ဘလူကပြောကြပြောကြ နောက် ၂ ရက်ခန့်ကြာလျှင် မင်းတိုင်ပင် အမတ်ကတော် ဒေါ်အေးရှင်သည် ကိုကျော်မြင့် ဇနီးမေက သူနေထိုင်သော ဗိုလ်တဲသို့ လဖက်ရည်သောက် ကြွပါရန် ဖိတ်ကြားစာကို ဖတ်ရလေသည်။ ပထမတော့ သူ့မျက်လုံးကိုပင် သူမယုံ။ မေ့ လက်ရေးကို သေခြာစွာ ကြည့်ကာမှ ခေါင်းကို ညိတ်မိလေသည်။

သူသည် လူကုံထံပိုင်းက ပွဲထိုင်များသတင်းကို သတင်းစာတွင် အမြဲဂရုစိုက်၍ ဖတ်လေ့ ရှိရာ မေ့နာမည်ကို နှစ်ခါသုံးခါ တွေ့မိသည်။ တခါက ပြပွဲကော်မီတီများထဲတွင် မေပါ၏။ မန္တလေးမှ သတ္တမသမီးတော် စုဖုရားလေးနှင့်အတူ ရေဒီယိုမှ အသံလွှင့်ရင်း တွဲရိုက်ထားသော ဓါတ်ပုံကို သူတွေ့လိုက်မိ၏။ မြို့တော်ဝန် လက်ဖက်ရည်ပွဲကို မေတက်ရောက်သည်ကို ဖတ် လိုက်ရ၏။ သတင်းစာထဲမှာပါလျှင် နာမည်ကြီးဟု အထင်ကြီးတတ်သော ဒေါ်အေးရှင်သည် "ကျေးဇူးတင်စွာဖြင့် ငြင်းပယ်သည်ကို ဝမ်းနဲရမည့်အစား" မေ့ ဖိတ်ကြားစာကို " ဝမ်းမြောက်စွာ လက်ခံ" လိုက်လေသည်။

သူ့သဘောထားကို လူကုံထံပိုင်းအား သိစေရန်မှာ လွယ်ကူလှသောအရာမဟုတ်။ သူသည် ပထမ ဦးဖေမောင်တို့အိမ်သို့ သွားလေသည်။ ဒေါ်ငြိမ်းခင်မှာ မျက်နှာကို မဲ့လိုက်လေသည်။ ဦးဖေမောင်မှာ သူ့နှင့်ခြံဝင်းတံခါးဝထိအောင် လိုက်လာ၍ မေ့ကို မြွေပွေးနှင့်ရော မြေခွေးနှင့်ရော နှိုင်းယှဉ်၍ ကဲ့ရဲ့စကား ပြောလေသည်။ သို့ရာတွင် သူသည် ဗိုလ်တဲဘက်ဆီသို့ မျှော်ကြည့်ရင်း ပြုံးနေသည်ကို ဒေါ်အေးရှင်က မြင်းရထားထွက်ဆဲတွင် မြင်ရလေသည်။

သူသည် ဒေါ်သန်းရင်အိမ်သို့ တန်းသွားလေသည်။ ဒေါ်သန်းရင်အိမ်တွင် လူစုံတွေ့ရလေ သည်။ အားလုံး ဒေါ်အေးရှင်ကို ဖေါ်ရွေစွာ နှုတ်ဆက်ကြလေသည်။ ဒေါ်အေးရှင်သည် အတိအလင်းပင် သူ့ကိစ္စကို ဖွင့်လိုက်လေသည်။

"မေ့ဆီက ဖိတ်စာရတယ်။ ဗိုလ်တဲကို လက်ဖက်ရည်လာသောက်ဖို့"

သူတို့သည် စကားကို နားစွင့်နေကြ၏။

"ဖိတ်စာကို လက်မခံခင်" ဤနေရာတွင် ဒေါ်အေးရှင်သည် ခဏရပ်လိုက်လေသည်။ အားလုံး အံ့ဩသွားကြ၏။ ဘယ်နည်းနဲ့မဆို သူတော့ ငြင်းပယ်မည်ဟု သူတို့ထင်ကြ၏။ သူတို့ မေ့ဖိတ်စာကို ရကြ၏။ သို့ရာတွင် မေ့ဆီသို့မသွားရန် သဘောတူ ညှိပြီးသားဖြစ်ကြ၏။ အမှန်မှာ သူတို့သွားချင်ကြသည်မှာ ငန်းငန်းတက်။ တယောက်အကဲ တယောက်ကြည့်နေကြ၏။

"ဖိတ်စာကို လက်မခံခင်မှာ ကိုယ်တယောက်ထဲတော့ မသွားဘူးဆိုတာ အသေအချာဘဲ။ ရှင်တို့လဲ ဖိတ်စာရကြမှာပေါ့" သူသည် ဒေါ်သန်းရင်ဘက်သို့လှည့်၏။

"ဟုတ်ကဲ့။ ရပါတယ်"

"ကောင်းတယ်။ မမြင့်မြင့်ကော"

သူလည်း ခေါင်းညိတ်၏။

Commercial use of this book will be at your OWN RISK

"အကုန်လုံး ဖိတ်စာရကြပါတယ်။ ဟောဒီက မကန်သာ တယောက်သာ။ သူက လူသစ်ဖြစ်နေတာကို" ဟု ဒေါ်ချစ်က ပြောလေသည်။

"မကန်သာအတွက် ကိစ္စမရှိပါဘူး။ကျုပ်တို့နဲ့အတူ လိုက်နိုင်တာဘဲ"

"ကဲ ဒါဖြင့်ပြီးတာဘဲ။ အတူတူ သွားတာပေါ့။ ကျုပ်သွားအုံးမယ်"

ဒေါ်အေးရှင် မြင်းရထား ခပ်ဝေးဝေးသို့ ရောက်သွားသောအခါ သူတို့သည်" ကျုပ်တို့တော့ ဒီလောက် မသွားချင်လှပါဘူး။ မအေးရှင်က ခေါ်လို့သာပါ။ တကယ်ဆိုတော့လဲလေ ငြင်းလို့မကောင်းဘူးပေါ့လေ" ဟု ပြော၍ ကျန်ရစ်ခဲ့ကြလေသည်။

မေမှာ ပဲခူးလူကုံထံပိုင်းက မိန်းမတွေ အလည်လာမည်ကို မျှော်လျှက်ရှိလေသည်။ ပထမတော့ လာမှလာပါ့မလားဟု စိုးရိမ်မိ၏။ သို့ရာတွင် လာမှာပါဘဲလေဟု တွက်လေသည်။

"ကိုကိုမြင့် အသာကြည့်နေနော်"

"အန်း ဟန်"

"မေကတော့ ဟို ဦးဖေမောင်ကြီးမလာတာ သိပ်ဝမ်းသာတာ"

မေသည် တကယ်လည်း ဦးဖေမောင်တို့အိမ်က မလာသဖြင့် ဝမ်းသာနေလေသည်။ သူသည် လက်ဖက်ရည်ပွဲကို လှအောင် ပြင်ဆင်ထားသည်။ ရန်ကုန်မှ မုံ့များကို မှာဝယ်ထားသည်။ အချိန်မှန်စွာပင် ညနေ လေးနာရီလောက်တွင် ဗိုလ်တဲရှေ့သို့ မြင်းရထားတစီး ဆိုက်လေသည်။ မေသည် သူ့အဝတ်အစားများကို နောက်ဆုံးကြည့်လိုက်၏။ သူသည် နှံ့သာရောင်ဘန်ကောက်လုံချည်ကို ဝတ်ထား၏။ မန်ဆံဆံ ချောကလက်သွေးပုံတော်ကို စီး၏။ သူသည် တံခါးဝသို့ ထသွား၏။

"အော် ဒေါ်မြင့်မြင့်၊ ဒေါ်သန်းရင်"

မေသည် သူတို့ကို ကြိုဆို၏။

"တွေ့ရတာ သိပ်ဝမ်းသာတာဘဲ။ မေက အားမှ အားကြပါ့မလားလို့။ တွေ့ရတာ သိပ်ဝမ်းသာတာဘဲ"

"အားပါတယ်" ဟု ဒေါ်သန်းရင်ကဖြေ၏။

"ကဲ ထိုင်ကြပါ၊ ထိုင်ကြပါ။ ဟောဒါက မေ့ဟိုဒင်းလေ၊ ကိုကျော်မြင့်တဲ့။ လာလေ ကိုကျော်မြင့်၊ ဒီလာပါ"

မေသည် သူ့ယောကျ်ားနှင့် မိတ်ဖွဲ့ပေးလေသည်။ မေသည် စကားပြောနေရင်း နောက်ထပ် မြင်းရထားတစီး ဆိုင်သည်ကို ကြည့်နေ၏။

တံခါးပွင့်လာ၏။

"ဟော၊ မချစ်နဲ့မကန်သာ"

မေသည် နေရာမှထကာ နှုတ်ဆက်လေသည်။

"လာပါ။ မေဖြင့် မျှော်လိုက်ရတာ"

"ညှော်သည်လဲ ပါလာတယ်။ မကန်သာဆိုတာ"

သူတို့သည် ဝိုင်း၍ ထိုင်ကြလေသည်။ သူထင်သည်ထက်ပင် လွယ်သည်ကို မေ သိရလေသည်။ မေသည် ရန်ကုန်အကြောင်းကို သူတို့အားပြောပြလေသည်။ သူတို့ကလည်း မေ့ကို ပဲခူးမှ

Commercial use of this book will be at your OWN RISK!

ပြန်သွားကတည်းက ဘယ်လိုဆိုသည်ကို ပြောပြလေသည်။ ဒေါ်သန်းရင်တယောက်သာ ကိတ်မုန့် စားနေ၍ စကားဖေါင်လောက်အောင် မပြောအား။

"ဦးဖေမောင်တို့အိမ် ရောက်သေးသလား" ဟု ဒေါ် မြင့်မြင့်ကမေး၏။

"ဟင့်အင်း၊ မရောက်ဖူး။ သူတို့ မေ့ကို သဘောမှ မကျကြဘဲ"

"ဒီလိုရယ်လို့လဲ မဟုတ်ပါဘူးမေရယ်" ဟု ဒေါ်ချစ်ကပြော၏။

"သမီးလေး နှစ်ယောက်ကတော့ မေထွက်သွားတာ အောက်မေ့ ကျန်ရစ်ကြပါတယ်" ဟု ဒေါ်သန်းရင်က ပြောလေသည်။

"ဟုတ်လား။ သူတို့ကို မေ ချစ်ပါတယ်။ မေ့ကိုလဲ သူတို့က ခင်ကြပါတယ်"

"မေ ဒီမှာ ဘယ်လောက် ကြာကြာ နေအုံးမလဲ" ဒေါ် မြင့်မြင့်ကမေး၏။

မေ မှာ ဒီလိုမေးခွန်းမျိုးကို ဖြေရတာ မောလှလေပြီ။

"မပြောနိုင်သေးဘူး" သူသည် ပြုံး၏။

"ဒါထက် မေ့မှာလေ လေးလရှိပြီ။ မေတော့ ယောကျ်ားလေးရပါစေလို့ အောက်မေ့နေတာ ဘဲ။ ကိုကိုမြင့်ကလဲ ယောကျ်ားလေးဘဲ လိုချင်တယ်။ မိန်းကလေးတော့ မကြိုက်ပေါင်ရှင်၊ နော။ မေတော့ မချစ်ပါဘူး။ မိန်းကလေးရမှာထက်တော့ ကြောင်ကလေးတွေ ချစ်သေးတယ်။ မီမီ မီမီနဲ့ချွဲတာ၊ မေ့ခလေးလဲ ချွဲတတ်ရင် ကောင်းမှာဘဲနော်။ ဟော့ ကိုကိုမြင့်ရေ၊ ဒေါ်မြင့်မြင့် ပန်းကန်ထဲ လက်ဖက်ရည် ထပ်ထည့်ပါအုံး"

ဒေါ်သန်းရင်မှာ ပြန်ချင်လှပြီ။ သို့ရာတွင် ဒေါ်မြင့်မြင့်အထကို စောင့်နေ၏။ ဒေါ်မြင့်မြင့်မှာ ကိုကျော်မြင့်ကိုယ်တိုင် ငှဲ့ပေးသော လက်ဖက်ရည်ကို ထပ်သောက်နေရသဖြင့် အထရခက်နေသည်။

ဒေါ်သန်းရင်သည် လက်တို့၍ သတိပေးလိုက်မည်ဟု တွေးနေစဉ် ဒေါ်အေးရှင် ရောက်လာလေသည်။ သူသည် မေ့ဘေးတွင်ဝင်ထိုင်လေသည်။ သူသည် မေတို့လက်ထပ်သည့်အကြောင်းကို မေးလေသည်။ နောက် ခလေးအကြောင်း ရောက်သွားလေသည်။

"သိပ်အရေးကြီးတယ် မေရဲ့။ အိမ်ထောင်မှုမှာ ဒါဟာ အတော်အရေးကြီးတာဘဲ" ဟု အစချီ၍ ဒေါ်အေးရှင်သည် မိခင်လောင်းတို့ နားလည်အပ်သော တာဝန်ဝတ္တရားကို ရှည်လျားစွာ ပြောပြလေသည်။ မေသည် စီးကရက်ကိုဖွာရင်း နားထောင်နေ၏။ စကားဆုံးလျှင် အားလုံး တိတ်ဆိတ်နေကြ၏။ နောက် ဒေါ်အေးရှင် နေရာမှ ထလိုက်လေသည်။

"ကဲ ပြန်ကြမှ တော်မယ်"

သူတို့လည်း ထလေသည်။ မေသည် သူတို့ကို တံခါးဝထိအောင် လိုက်ပို့လေသည်။ ဒေါ်သန်းရင်သည် နောက်ချန်ကာ မေ့နားသို့ကပ်၍ "မေ ယောကျ်ားရတာ သိပ်ကံကောင်းတာဘဲ။ မေ့လူက ချောတယ်။ သူတို့ရှေ့မှာတော့ မပြောရဲဘူး။ ခလေးကျလဲ လှမှာဘဲ" တိုးတိုးပြောလေသည်။ သူတို့ပြန်သွားသောအခါ၌ မေသည် အနည်းငယ် ပင်ပန်းနေလေသည်။ တနာရီခွဲ ကျော် ကျော်ထိုင်၍ စကားပြောနေရသည်။ အရင်ကလို မာမာချာချာမဟုတ်။ မောလည်း အင်မတန် မောတတ်သည်။

Commercial use of this book will be at your OWN RISK.

ကိုကိုမြင့် ဘယ်သွားနေပါလိမ့်။ မေသည် သူ့ကိုရှာရန် ခန်းမကြီးထဲသို့ သွားလေသည်။ သူတို့ မိန်းမအချင်းချင်း ပြောချင်တာ ပြောပါစေဟု ရှောင်ထွက်သွားဟန်တူ၏။ သိပ်သဘောကောင်းတဲ့ ကိုကိုမြင့်။ ခန်းမကြီးထဲမှာ သူ့ကိုမတွေ့။

မေသည် ပန်းခြံထဲသို့ ဆင်းလေသည်။ လှေကားအဆင်း စာပို့ကုလားက စာတစောင် ပေးသွားသည်။ မေသည် စာကိုကိုင်၍ ပန်းခြံလမ်းငယ်ကလေးဘက်သို့ ကွေ့သွား၏။

အပြင်မှာ လွင်လွင်သစ်လျက်ရှိ၏။ ဝါးပင်ကြားထဲမှ ရွှေရောင်ခြည်များသည် မြေပေါ်သို့ ပြစ်လိုက်လေသည်။ ရေမွှေးပင်မှ သစ်ရွက်များ၏ အရိပ်သည် အခြားအရိပ်ရှည်များနှင့် ရောကာ အိုမင်းလာသည့်အသွင်ကို ဆောင်နေကြ၏။ သစ်ရွက်ခြောက်များသည် အကိုင်းတို့မှ ကြွေကာ မေ၏ခြေရင်းသို့ ကျလာကြလေသည်။ လေနတ်သား၏ ကျီစားခြင်းကြောင့်မဟုတ်။ သူ့အလို အလျောက် ကြွေချင်၍ ကြွေလာဟန်တူ၏။ မိုးဦးသို့ ကူးမည့်လက္ခဏာများ ဖြစ်ကြသည်။ မေ ခလေးအမေ ဖြစ်တော့မည်ကြောင့်လား မပြောတတ်။ ဟုတ်ချင်လည်း ဟုတ်မည်။ မေ၏ သဘောတွင်ကား အသစ်သို့ ပြောင်းလဲမည့်နိမိတ်ဟု တွက်၏။ ခလေးရလျှင်လည်း သူ့ဘဝကို အရောင်တမျိုး ချယ်ချင် ချယ်မည်မှာ အမှန်။ လောကအမြင်ကို ပြောင်းလဲစေမည်မှာ အမှန်။ မေသည် ပြောင်းလဲရမည့်အရေးကို တိုက်ခိုက်လေသည်။ သို့ရာတွင် ထိုအထဲတွင် ကြည်အေးစရာ အဖိုးတန် ပါလေသည်။

မေသည် သက်မချကာ လက်ထဲမှစာကို ဖွင့်ဖေါက်၏။ သူ၏လက်သည် တုန်၍ သူ့မျက်နှာသည် ဖြူဖပ်ဖြူယော် ဖြစ်သွားလေသည်။ ဦးဘညွန့်၊ ဦးဘညွန့်၊ သူပျော်နေသည့်အခါ၊ လူကောင်းဖြစ်နေသည့်အခါ စာရေးလိုက်၏။ ကောင်းကင်တွင် နေသည် တိမ်တိုက်ကွယ်ထားသဖြင့် အုံ့မှိုင်း၏။ မေသည် စာကိုတခေါက် ဖတ်ပြန်၏။ သူကမေ့ကို တွေ့ချင်သည်။ တွေ့ဘို့ရာ သူ့အခွင့်အရေးဟု ဆို၏။ ကိုကျော်မြင့်ကို ထိခိုက်သော အကြောင်းတွေလည်းပါ၏။

ဒေါသထွက်၍ မေသည် စာကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆုတ်ပြစ်လိုက်လေသည်။ မေနဲ့တွေ့ဘို့ သူ့မှာ ဘာများ အခွင့်အရေးရှိလို့လဲ။ နောက်ကို ဘယ်တော့မှ သူ့အိမ်ရိပ်ကို မနင်းနဲ့တော့။ သူ့ကို ကြည့်လည်း မကြည့်ချင်။ စကားလည်း မပြောချင်။ အို သူပြောတာ ကိုလည်း နားမထောင်ချင်။ နောက်ပြီး ကိုကိုမြင့်ကို ရေးသေးတယ်။

မေသည် စက္ကူစုတ် အစအနများကို အဝေးသို့ လွှင့်ပစ်လိုက်လေသည်။ လေသည် ဇွေ့၍ တိုက်ခတ်လေရာ စက္ကူအပိုင်းအစများသည် မြေပေါ်တွင် လွင့်သွားကြလေသည်။

မေသည် အိမ်ထဲသို့ဝင်ရန် ခြေလှမ်းပြင်လေသည်။ မေသည် အဝင်ဝဘက်သို့ သွားစဉ် ခြေသံလိုလို ကြားသဖြင့် ရပ်နားထောင်၏။ သို့ရာတွင် ဘာသံမှ မဟုတ်။ လေတိုက်သည့်အသံ ဖြစ်လေသည်။ သူသည် ခန်းမကြီးထဲသို့ ဝင်သွား၏။ ကိုကိုမြင့် ဘယ်ရောက်သွားပါလိမ့်။ ဧည့်ခန်းထဲများ ဝင်သွားသလား မပြောတတ်။ မေသည် တံခါးကို တွန်းလိုက်၏။

“ကိုကိုမြင့်။ မေ ရှာလိုက်ရတာကွယ်”

မေသည် လန့်၍ အော်မိလေသည်။ အဘယ့်ကြောင့်ဆိုသော် အခန်းဝတွင် ဦးဖေမောင် ရပ်လျက်ရှိလေသည်။ သူသည်ပြုံးကာ မေ့ကိုကြည့်၏။

“မာရဲ့နော်၊ မေ”

Commercial use of this book will be at your own risk !

မေသည် တုံ့၏။ “ ရှင်၊ ရှင် ဘာလို့ ဒီလာတာလဲ”

“ဆရာမရယ်”

“ကျမ ဆရာမ မဟုတ်ဖူးရှင့်”

သူသည် ခေါင်းကိုညွှတ်၏။ “သိပါတယ်။ ကိုကျော်မြင့် မယားဆိုတာ။ မေ အခု ဘာဖြစ်နေရတာလဲကွယ့်”

“ဘာဖြစ်ဖြစ်။ ရှင့်အပူမဟုတ်ဖူး။ ဘာဖြစ်လို့ ရှင်ဒီကိုလာရတာလဲ။ ရှင် ပြန်သွားပါရှင်”

“နေစမ်းပါအုံးကွယ့်။ မင်းနဲ့မတွေ့ရတာ အတော်ကြာပါပကော”

“ဘုရားရေ”

မေသည် နံရံကို မှီထားရလေသည်။ မမှီလျှင် လဲသွားမှာ စိုးရသည်။ ဘာပြုလို့များ ပဲခူးကို လာမိပါလိမ့်။ သက်သက်ရှုးတာ။ အရှုးထတာ။ သူသည် မေ့ အနားသို့ တိုးလာ၏။

“မေ့မှာ ပြောစရာတွေ အများကြီးရှိမှာဘဲ။ မေတို့ လက်ထပ်တဲ့အကြောင်း ပြောစမ်းပါအုံး”

“ဘာမှပြောစရာ မရှိဘူး”

သူ၏မျက်လုံးများသည် ကျယ်လာ၏။ “မေဟာ အရင်တုံးကတော့ တယ်ဖေါ်ရွေပါကလား”

“သွားပါတော့ ရှင်”

“မင်းလင်ရသွားတာ ဝမ်းသာစကားလေး ဘာလေး ပြောပါရစေအုံး” သူသည် မေ့ကိုပြုံး၍ ကြည့်၏။

မေသည် လန့်သွား၏။ ဘာလုပ်ရမှန်း၊ ဘာပြောရမှန်းမသိ။ ကြမ်းပြင်သည် သူ့ခြေအောက်တွင် ယိမ်းထိုးနေ၏။

“မင်း အခု ခလေးအမေ ဖြစ်တော့မယ်ဆို” သူသည် မေ၏ အင်္ကျီစကို ကိုင်လိုက်လေသည်။

မေ၏ တကိုယ်လုံးမှာ ရှန်းကန်သောစိတ်ဖြင့် အဖျားတက်၏။ မေသည် ကြောက်ကြောက်လန့်လန့်နှင့် အော်လိုက်၏။

သူသည် မေ့ပါးစပ်ကို လက်နှင့် အတင်းပိတ်လေသည်။

“ဘာဖြစ်လို့ အော်ရတာလဲကွယ့်။ မင်းကို ဘာမှမလုပ်ပါဘူး။ မင်းကိုတွေ့ချင်လို့ ဒီကိုလာလည်တာ။ ဒါပါဘဲ။”

သူ၏ ပူနွေးသော အသက်ရှူငွေ့သည် မေ့မျက်နှာပေါ်ကို ရောက်နေလေသည်။ သူသည် အရက်သောက်ထားဟန်တူ၏။ မေသည် ရှန်းကန်၏။ နောက်တခါ ထပ်အော်နိုင်လျှင် . . .

ထိုအခိုက် ဦးဖေမောင်သည် လူတယောက်၏ လက်သီးချက်ဖြင့် ဘေးသို့ စင်သွားလေသည်။

“ဟေ့လူ၊ ထွက်သွား”

မေသည် ရှိုက်လိုက်၏။ ကိုကျော်မြင့်သည် မေ့ကို ဖက်ထား၏။ သူသည် ဒေါသထွက်သဖြင့် ရှူးရှူးရှဲရှဲ ဖြစ်နေ၏။

“မေ ဘာမှမဖြစ်ဘူးနော်”

မေသည် ခေါင်းညိတ်၏။ “မေ ဒီမှာအသာထိုင်နေ”

Commercial use of this book will be at your OWN RISK.

သူသည် မေ့ကို ကုလားထိုင်တွင် အသာ မှီနေစေလေသည်။ မေသည် မဲ့နေ၏။

ကိုကျော်မြင့်သည် ဦးဖေမောင်ဘက်သို့ လှည့်၏။

“ခင်ဗျား ပါးမကျိုးချင်ရင် မြန်မြန် ဒီက ထွက်သွား”

ဦးဖေမောင်သည် နေရာမှထ၏။ သူ၏ မျက်နှာသည် သုံမှုန်၏။

“မင်းကိုတော့ ကျုပ် အပြစ်လွှတ်ပါတယ်။ ဒါပေမဲ့ ကျုပ်ပြောချင်တာပြောပြီးမှ သွားရမယ်”

“ခင်ဗျား၊ အခုသွားဗျာ။ တော်တော်ကြာ ကျုပ် သတ်မိလိမ့်မယ်” ကိုကျော်မြင့်သည် သူ့အနားသို့ ကပ်သွား၏။

“မင်းမယား လိမ်မာကလေးကို လူသတ်မှုထဲ မပါပါစေနဲ့”

ဦးဖေမောင်သည် ရှေ့တိုးလာကာ မေ့ဘက်သို့ လက်ညှိုးညွှန်ပြလေသည်။

“ကျုပ် မင်းမိန်းမကို မေးချင်တယ်။ ကျုပ်ဆီက တပတ်ရိုက်ယူသွားတဲ့ ငွေသုံးရာ ဘယ်ရောက်သွားလဲလို့။ နောက်ပြီး မင်းဆီမလာခင် သူ ဘယ်သွားသလဲလို့ မေးကြည့်ပါ”

သူ့အသံသည် အော်ပြောသဖြင့် ကျယ်လောင်လာ၏။ “နောက်ပြီး သူ့ရည်းစား၊ သူ့ရည်းစား ဘသိန်းဆိုတဲ့ အကောင်အကြောင်း မေးကြည့်စမ်း။ နောက် ”

ကိုကျော်မြင့်သည် သူ့အင်္ကျီစကိုဆွဲ၍ အပြင်သို့ တွန်းထုတ်လေသည်။ သူသည် တံခါးကို ဝုန်းကနဲဆွဲပိတ်ကာ မောပန်းသဖြင့် တံခါးရွက်ကို ခဏမှီနေ၏။ ဘာပြုလို့ ဒီလူ ဒီရောက်လာသလဲ။ သူပြောတာတွေ အကုန်ညာတာလား။ ငွေတပတ်ရိုက်ယူတာတို့၊ ဘာတို့။ ဘသိန်းဆိုတဲ့ အကောင်ကကော။ သူသည် နောက်ဆုံး သံသယစိတ်ကို ပယ်ဖျောက်ကာ မေရှိရာသို့ သွားလေသည်။

မေသည် သူ့ကိုကျောပေးကာ ရပ်လျက်ရှိ၏။ မေ့ မျက်နှာမှာ မျက်ရည်တွေဖြင့် ရွှဲရွှဲစိုနေ၏။

“ကိုကိုမြင့်၊ ကိုကိုမြင့်။ မေ့အလှဲ့ ရောက်ပြီ”

× × × × × × ×

(၁၅)

သန်ခေါင်ကျော်သည်မှာ ကြာပြီဖြစ်သည့်ပြင် အပြင်တွင် လေမုန်တိုင်းသည် အေးအေးထ၏။ မိုးနှင့်လေမှာ ရောနေ၏။ မိုးရေတို့သည် ပြတင်းပေါက်မှန်တံခါးကို တဖျန်းဖျန်းရိုက်၏။ အခန်းဆီးကြာမှ မှန်ဝါးဝါးမြင်ရသော သစ်ပင် အကိုင်းအလက်များသည် မိုးသက်လေတွင် ယိမ်းထိုးကာ အတွင်းသို့ဝင်ရန် ကြိုးစားရာမှ မရသဖြင့်ဝမ်းနည်းစွာ အပြင်သို့ ယိုင်သွားကြပြန်၏။

Commercial use of this book will be at your OWN RISK !

ကိုကျော်မြင့် အဖို့မှာ ဤမျှလောက် လေတိုက်သည်ကို ယခင်က မတွေ့ရခဲ့။ သူသည် တရပ်ကပ်အကြားမှ ချောင်းကြည့်၏။ နံရံကို လိမ်တက်နေကြသော နွယ်ရွက်နွယ်ခက်များမှာ နံရံမှ ပြုတ်ထွက်ကုန်ပြီ။ လေအတိုက်တွင် ဒါန်းစီးနေကြသည်ကို သူမြင်လေသည်။ သူသည် အပြင်ခန်းတွင် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်လျက်ရှိ၏။ လေတိုက်သဖြင့် အိမ်သည် သိမ့်ကနဲ တုန်လေရာ နံရံတွင်ချိတ်ထားသော ပုံကားများ တတပ်တပ်အသံများ မြည်၏။ ဆရာဝန်နှင့် ဆရာမများက သူ့ကို မေ့အခန်းထဲတွင် မနေရန်ပြောသဖြင့် အပြင်ခန်းတွင် နေရလေသည်။ သူသည် စာကြည့်ခန်းထဲသို့သွားကာ ထိုင်နေပြန်လေသည်။

မေ၊ မေ။ သနားစရာ။ ဘယ်လောက်ကြာအောင်များ ဒုက္ခခံရမလဲမသိ။ သူကလည်း ဘယ်လိုမှ မကူညီတတ်။ ဝေဒနာကို အစုခွဲခံလို့ရရင်လည်း အကောင်းသား။ ဆရာဝန်ကမူ နောက်တနေ့မနက် မကူးခင် ကိစ္စပြီးငြိမ်းမည်ဟု ပြော၏။ ကိုကျော်မြင့်မှာ ကျောင်းသားကလေး လိုသာ မေ့ဒုက္ခကိုမှန်း၍ မုန်းနေလေသည်။ ဘုရားကိုလည်း ဆုမတောင်းမိ။ နတ်တွေကိုလည်း မတိုင်တယ်မိ။

သူသည် ထိုင်ရာမှထကာ အခန်းကိုပတ်၍ လမ်းရှောက်နေပြန်လေသည်။ သူ၏ ရင်တွင်း၌ ကား ဗလောင်ဆူနေ၏။ သူသည် ဟိုတွေး ဒီတွေး တွေး၏။ သူ့စိတ်ထဲတွင် လိပ်ပြာကန်က စုန်းမတွေ သီချင်းသံပြိုင်လိုက်နေသည်ဟု မှတ်ထင်လေသည်။သူ့မျက်စိထဲတွင် ဦးဖေမောင်၏ တွန့်တက်ပြောင်လက်နေသော မျက်နှာကိုမြင်၏။ ပါးစပ်မှ မေ့အကြောင်းတွေကို လှုပ်လှုပ် လှုပ်လှုပ်နှင့် ပြောနေ၏။ အလကားလိမ်တာ။ တခုမှမဟုတ်ဘူး အားလုံးလိမ်တာ။

အပြင်ဘက်က မိုးကလည်း ပြတင်းပေါက် တံခါးရွက်ရိုက်ကာ မေ့အကြောင်း မကောင်း စကားများမှာ လိမ်တာမဟုတ်ဖူး၊ လိမ်တာမဟုတ်ဖူးဟု သူ့အတွေးကို ကန့်ကွက်နေလေသည်။ သူသည် တံခါးဝသို့ ရောက်သွား၏။ သူသည် သူ့ထက် တန်ခိုးကြီး ဓာတ်ကြီးလေပါးကို ကျိန်ဆဲ နေလေသည်။

မေ၏ ရင်တွင်းမှာလည်း လေမုန်တိုင်းကြီး ဆင်နေလေသည်။ သူသည် ကုတင်ပေါ်တွင် လျောင်းရင်း တချက်တချက် ညည်းတွားကာ အသက်ကို လုနေလေသည်။ သူ့ဝိညာဉ်ကို တိုက်ခိုက်နေသည်ဟု မှတ်ထင်ရလေသည်။ ခုတင်ပေါ်တွင် တင်ထားကတည်းက သူ့စိတ် သဏ္ဌာန်တွင် ဆေးရောင်စုံ ပန်းချီကားများသည် တချပ်ပြီးတချပ် ပေါ်လာကာ အချင်းချင်း ရန်းရင်းဆန်ခတ် ဖြစ်ကုန်လျက် သစ်ရွက်များ ကြွေလွင့်သွားသလို ပျောက်ကွယ်သွားကြလေ သည်။

သူကိုယ်တိုင်မှာ အရပ်အမျိုးမျိုးတွင် ရောက်နေကာ အဝတ်အစား အမျိုးမျိုးကို ဝတ်ထား လေသည်။ တဖန် သူငယ်ငယ်လေးတုန်းက သူ့အဖေစိတ်ဆိုး၍ ရိုက်ထားသော ကြောင်ကလေး ကို ပါးတွင်အပ်ကာ ချော့သိပ်သည်ကို ရေးရေးမြင်ရ၏။ ရန်ကုန်မြို့ ရုပ်ရှင်ရုံ၊ ကျောင်းကပွဲ များတွင် သူသည် လှည့်လည်နေပြန်လေသည်။ မေမှာ အစိမ်း၊ လိမ်မော်ရောင်၊ အပြာတို့ကို ဆင်ယင်လျက် ပြုံးနေလေသည်။ အမြဲတမ်း ပြုံးပြုံး၊ မခင်စီ၏ မျက်နှာ၊ မျက်လုံးကော့ကော့၊ ပါးအို့နီနီ၊ မခင်စီ၏ မျက်နှာသာ နလုံးကို ကြည်ပြုံးစေသည်။

Commercial use of this book will be at your own RISK!

အတ္တ။ အမြဲပင် သူ့အတ္တ။ ဘာဖြစ်လို့များ သူ့စိတ်ထဲတွင် အတ္တရုပ်ပုံကားများကို ဖျောက်၍ မရပါလိမ့်။ မေသည် မျက်စိကိုမှိတ်ကာ လက်ကိုတင်းကြပ်စွာ ဆုပ်ထားလေသည်။ သို့ရာတွင် သူ့မျက်နှာကိုသာ သူပြန်မြင်နေ၏။ သူ့မျက်နှာ မှုန်ဝါးဝါးထင်နေသော ကြေးမုံပြင်ကို ကြည့်နေ၏။ သို့ရာတွင် မှန်ထဲမှပုံမှာ သူ့ပုံ မဟုတ်။ ပုံထဲက ပြုံးလေသည်။ သူသည် မပြုံးပေ။ ထိုပုံသည် သူ့ကို လက်ရပ်ခေါ်၏။ မေသည် ရွှေးပြန်လာကာ "ကိုသိန်း၊ ကိုသိန်း" ဟု အော်လိုက်လေသည်။ ထိုပုံမှာ ဘသိန်း၏ပုံ ဖြစ်လေသည်။ ဘသိန်းသည် မှုန်မှိုင်းသော ထိုမှန်ထဲမှ ရယ်မောနေလေသည်။

မေသည် အားကိုတင်းကာ မျက်လုံးကိုဖွင့်လိုက်၏။ သဏ္ဌာန်များလည်း ပျောက်ကွယ်သွားလေသည်။ သူ၏ အေးသောလက်များမှာ သူ့ခေါင်းပေါ်တွင် ရောက်နေလျက် သူသည် ကုတင်ဘေးတွင် ရပ်နေသော သူနာပြုဆရာမကို မော့်ကြည့်လေသည်။

"ဒါလေးသောက်လိုက်နော်။ သက်သာသွားလိမ့်မယ်"

ကျေးဇူးတင်စွာနှင့် မေသည် ဆေးကိုသောက်ကာ ပန်းလျစွာ ခေါင်းအအုံးပေါ် ခေါင်းချလေသည်။ မေသည် မြေပြင်ပေါ်သို့ ပြန်ရောက်လာလေပြီ။

"ဘယ်အချိန် ရှိပြီလဲဟင်"

"လေးနာရီ ထိုးပြီ"

"ဒါဖြင့် မိုးလင်းတော့ မှာပေါ့နော်"

ဆရာမသည် ခေါင်းညိတ်လေသည်။

မိုးလင်းတော့မယ်။ မိုးလင်းတော့မယ်။ မေသည် ကလေးချော့ တေးချင်းကို ညည်းသလို တိုးတိုးကလေး ညည်းနေလေသည်။ မှန်သည်။ မိုးလင်းတော့မည်။ မကြာခင် တရုတ်ကပ် သစ်သားရွက်များအကြားမှ နေရောင်ထိုးလာတော့မည်။ အမှောင်ရိပ်များဖြင့် ပြောက်ကြားကွက်နေသော နံရံမျက်နှာကြက်များမှာ လင်းလာတော့မည်။ မေသည် မျက်စိကိုမှေးကာ အမှောင်ရိပ်များကို ကြည့်လေသည်။ ဒေါင့်တဒေါင့်တွင် ကြောင်နက်တကောင်သည် အမြီးကို အပေါ်ကောက်ကာ ကနေသည်။ မျက်နှာကြက်တွင် လေ့တစင်း ရွက်တိုက်ကာ လွှင့်သွား၏။ အမှောင်ရိပ်များသည် ပြောင်းနေကြ၏။ အခန်းတခုလုံး မှောင်လာ၏။ မေသည် မှောင်၍ မှုန်မှုန်မှိုင်း၍နေသော မှန်ကိုကြည့်နေသကဲ့သို့ မျက်နှာပုံပန်းများကို မြင်လေသည်။ သူသည် မျက်လုံးကို ကြိုးစား၍ ဖွင့်ကြည့်၏။ သို့ရာတွင် ဖွင့်၍မရ။

သူမြင်နေရသော မျက်နှာကို သူသိလာလေသည်။ ဦးဘညွန့်၏ နှုတ်ခမ်းထူထူ၊ မျက်လုံးဝင်းဝင်းသည် တဖြည်းဖြည်း အနားရောက်လာ၏။ ဦးဘညွန့် ပြုံး၍ အနားကပ်လာ၏။

"ဟင့်အင်း"

သူ့နှုတ်ခမ်းမှ နာကျင်သောအသံ ပေါ်လာ၏။ ထို့နောက် မှန်သည် အစိတ်စိတ် အမွှာမွှာ ဖြစ်သွားအောင်ကွဲကာ မှောင်အတိ ကျသွားလေသည်။

Commercial use of this book will be at your OWN RISK !

ကြည်လင်ဝင်းပစွာ နံနက်ရောက်လာလေပြီ။ နံရံတွင် အမှောင်ရိပ်များ ကွယ်သွားလေပြီ။ အပြင်မှ လေမုန်တိုင်းမှာလည်း ငြိမ်သက်သွားလေပြီ။

ထိုအတွင်း အိမ်အတွင်းမှ အူဝဲ ၊ အူဝဲ ဟူသော ကလေးငိုသံသည် ပဲ့ထင်လာလေသည်။

ပန်းလျပျောင်းရဲ့စွာ မေသည် ခေါင်းအုံးကို မှီလျက်ရှိ၏။ သူသည် တိုက်ပွဲကို အောင်မြင်ပြီးလေပြီ။ ချောက်အိပ်မက်လည်း ကွယ်လေပြီ။ သူသိသည်မှာ သစ်ပင်ကို လှုပ်ဆော့နေသော လေနှင့် သူ့မျက်နှာပေါ်တွင် မိုးနေသော ကိုကျော်မြင့်၏ မျက်နှာဖြစ်လေသည်။

× × × × × × ×

(၁၆)

စိတ်ပညာ ဆရာကြီးများသည် နောင်တရနေသော အပြစ်ကျူးလွန်သူတို့ အခြားစိတ်ဝင်စားစရာကို တွေ့မည်မဟုတ်ပေ။ သူတော်စင်နှင့်အပြစ်ရှိသူကို ခြားနားချက်မှာ အပြစ်ကျူးလွန်သူမှာ အနာဂတ်ရှိ၍၊ သူတော်စင်မှာ အတိတ်ရှိလေသည်။ သူတော်စင်များမှာ စင်စစ် အကုသိုလ် နည်းပါးလာ၍ သူစရိုက်သို့ ရောက်လာခြင်း ဖြစ်လေသည်။ ဝတ်ပြတ်လာလျှင် ဘုန်းကြီးကျောင်း သွား၍ အေးရိပ်ခို၏။ ထိုသူများကိုသာ တကယ်ချီးမွမ်းသင့်သည်။ လောကတွင် ဒုစရိုက်နှင့် သုစရိုက် ၂ လမ်းရှိသည့်အနက် ဘာမျှသတိမရှိ၊ ရည်ရွယ်ချက်မရှိ ရောက်ရာပေါက်ရာ လမ်းတလမ်းကို ရောက်နေခြင်းမှာ ချီးမွမ်းဖွယ် မဟုတ်ပေ။

မေက ဤသို့ထင်လေသည်။ မေသည် အရင်က မေမျိုး မဟုတ်တော့။ ပြောင်းလဲခဲ့လေပြီ။ အရင်ကအတိုင်းသွားရန် စိတ်မကူးတော့။ လွန်ခဲ့သော တနှစ်ခန့်ကသာ လင်ကိုမြတ်နိုး၍ သားကို ယုယပါဟု ပြောမည့်သူရှိလျှင် ဟက်ဟက်ပက်ပက် ရယ်မောမိမည်ဖြစ်လေသည်။ သူသည် နလံထစကတည်းက ဘဝသစ်၊ မေတ္တာသစ်၊ ပညာသစ်ကို ရနေသည်။ ဦးဘညွန့်ကိုလည်း မုန်းတီးလာ၏။ သူနှင့် အဆက်အသွယ်ကို တခါတည်း ဖြတ်တောက်ပစ်လိုက်မည်။ တံမြက်စီး လှည်းပစ်လိုက်မည်။ ဘသိန်းကို တွေးမိပြန်၏။ ဘသိန်းကိုမူ သူမမုန်း။ ပန်းနုရောင် တိမ်တိုက်များ လွင့်ပါးနေသည့်အခါ၊ ညည့်ဦးကြယ်များ လက်ကနဲလက်ကနဲ မျက်တောင်ခတ် နေသည့်အခါ ဘသိန်းကို ချစ်စိတ်သည် ပေါ်လာတတ်လေသည်။

နောက်တခုမှာ သူ့သားဦးကလေးကို ချစ်ခြင်းမေတ္တာ ဖြစ်လေသည်။ မေသည် သူ့သားကို အလွန်ချစ်၏။ ခလေးကို အဘယ်ပုံ ပြုစုရမည်ကို သူမသိ။ ဘယ်လိုအစာမျိုး ကျွေးရမည်၊ ဘယ်နှစ်နာရီကြာအောင် အိပ်ရမည် စသည်တို့ကို သူနားမလည်။ သို့ဖြစ်လေရာ အာယားမကို ငှားထားလေသည်။

Commercial use of this book will be at your OWN RISK.

သူ့မှာမူ သူ့ခလေးကို ရင်ခွင်တွင်ပိုက်ကာ လမ်းရှောက်ရင်း ကိုကျော်မြင့်နှင့် စကားပြောလျက် ရှိလေသည်။

"ကိုကိုမြင့်၊ မေ့သားကလေးက မလှဘူးလားဟင်။ မျက်လုံးပြာပုံက မေနဲ့တူတယ်၊ နှာတံကလေး သွယ်ဆင်းပုံကတော့ ကိုကိုမြင့်နဲ့ တူတာနော်။ မဟာနဖူး ကျလာပုံများလေ ကိုကိုမြင့်နဲ့ သိပ်တူတာဘဲ။ ကြည်စမ်း။ ဦးရေလေးများ စိမ်းနေတာဘဲ။ ကြီးလာရင်လေ လှလဲလှမယ်။ ဉာဏ်လဲ ကောင်းမှာဘဲနော်"

ကိုကျော်မြင့်မှာ ပြုံး၍သာ နားထောင်လေသည်။

"သူ့ကို ဘယ်ကျောင်းမှာ ထားမလဲဟင်။ ပထမ အင်္ဂလိပ်ကျောင်းမှာ ထားမယ်။ နောက် ယူနီဗာစီတီကို ပို့မယ်။ နော်၊ ကိုကိုမြင့်။ ကြီးလာရင် မေတို့ သူ့ကို တကယ်အားကိုးရမှာ။ သူ နဲ့နဲ ထွားလာရင် သိုးမွှေးအင်္ကျီလေး ထိုးပေးရမယ်။ ဘယ်အရောင် များများထည့်ရမလဲ မသိဘူး။ အပြာခံမှာ အစိမ်းအနွယ်ကလေးတွေဆို ကောင်းမှာ။ နော်၊ ကိုကိုမြင့်ရယ်"

မေသည် ကလေးကို ရင်ခွင်က မချရက်အောင် ချစ်လေသည်။ သူသည် ကိုကျော်မြင့် အတွက်လည်း စဉ်းစားလေသည်။ သူ့လင်ကို အမြဲ သစ္စာစောင့်တော့မည်။ အရင်ကလို သူ့ကို ပိုချစ်လာအောင်၊ မသင်္ကာစိတ် နဲနဲမျှမရှိအောင် မထားတော့၊ မနွဲ့တော့၊ မချော့တော့။ သူ့စိတ်မှာ ပွင့်ခါစ စပယ်ဖြူနုနုလို သန့်ရှင်းဖြူစင်လျက် ရှိလေသည်။

သူတို့သည် ရန်ကုန်ပြန်ရောက်လာကတည်းက ခလေးကို ဂရုစိုက်နေခြင်းဖြင့်သာ အချိန်ကုန်လေသည်။ အိပ်ခန်းမှာ ခလေးပုခက်လွှဲသံဖြင့် ဆူညံနေတတ်၏။ ပုခက်ဘေးတွင် ကစားစရာများဖြင့် ပြည့်နေ၏။ မေသည် ရုပ်ပုံကားတွေ၊ ကစားစရာတွေကို ဈေးဘက် ရောက်တိုင်း လိုလိုဝယ်၏။ ဖဲကြိုးအဝါ စည်းထားသော ကြောင်နက် ကတ္တီပါရုပ်ကလေးများကို ပုခက်တွင် ဆွဲထား၏။ သူသည် ခလေးပတ်ဝန်းကျင်ကို လှပအောင် ပြင်ဆင်လေသည်။ ခလေး ပတ်ဝန်းကျင်မှာ အရောင်အသွေးတို့ဖြင့် တလွင်လွင် မွှန်းနေသည်။

"ဟုတ်တယ် ကိုကိုမြင့်ရဲ့။ မေ့ သားလေးကိုလေ ငယ်ငယ်ကထဲက အရောင်အသွေးကို ကြည့်တတ်မှ၊ အလှအပကို ချစ်တတ်မှ။ ဒါမှ အနုပညာဉာဏ် ရင့်သန်မှာနော်။ သူကြီးလာရင် ပိတ်ပေါ်မှာ စုတ်တံနဲ့ရေးတဲ့ ပန်းချီဆရာဘဲဖြစ်ဖြစ်၊ ပရိယတ္တိကို အရောင်ချယ်မယ့် စာပေ ပန်းချီ ဆရာဘဲ ဖြစ်ဖြစ်ပေါ့။ နော်၊ ကိုကိုမြင့်ရာ"

မေ သည် ပျော်နေလေသည်။

× × × × × × ×

Commercial use of this book will be at your OWN RISK !

(၁၇)

ရန်ကုန်ပြန်ရောက်ကတည်းက မေသည် ဦးဘညွန့်နှင့် ကင်းကင်းရှင်းရှင်း အဆက်အသွယ် ဖြတ်ရန် အခွင့်ကို စောင့်လေသည်။ လင်မယားနှစ်ယောက်မှာ ခလေးကို မြှူနေရ၍ ဘယ်တော့မှ မအား။ ကိုကျော်မြင့်မှာလည်း အမြဲ သူ့အနားမှာ ရှိလေသည်။ စာပေးရန်ကိုမူ လုံးလုံး စိတ်ကူးထဲမထည့်။

တည ကိုကျော်မြင့်က သူ့ကို အလုပ်တခုအတွက် မန္တလေးသွားမည်ဟု ပြောဘူးသည်။ မေမှာ အလုပ်အကိုင်ကို မျှော်လင့်နေဆဲဖြစ်၍ အေးအေးနားထောင်နေလေသည်။ ကိုကျော်မြင့်မှာ အရင်ကနှင့်မတူ။ အမူအရာ နဲနဲဆန်းလာ၏။ အရင်လို သူ့ကို ခဏခဏ မမွေးတော့။

မေသည် ညက ခလေးငိုသည်ကို ချော့သိပ်ရသဖြင့် မနက် ၉ နာရီလောက်မှ အိပ်ရာက ထလေသည်။ သူထသောအခါ ကိုကျော်မြင့်ကို မတွေ့။ ခါတိုင်း သူထလျှင် သူ့ကိုပါ နှိုးတတ်သည်။ ခါတိုင်းဆိုလျှင် ခဏလေး အပြင်ထွက်တာတောင် မွေးပြီးမှ ထွက်သွားတတ်သည်။ ယခု ခရီးသွားတာတောင် သူ့ကို ဘာမျှပြောမသွား။ မေသည် အေးစက်သော ကော်ဖီကို သောက်ပြီးလျှင် ကိုကျော်မြင့် စာကြည့်ခန်းထဲသို့သွား၏။

သူ့စာပွဲပေါ်မှာလဲ ဘာစာမှ ထားမပစ်ခဲ့။ မေသည် ဧည့်ခန်းကိုဖြတ်ကာ မီးဖိုချောင်ဘက်သို့ သွားလေသည်။ ညက မိုးရွာထားသဖြင့် အေးနေရာ မီးအရှိန်ကြောင့် နွေးလာ၏။ အစေခံမှာ ထမင်းချက်၍ နေသည်။

“ကိုကိုမြင့် ဘယ်တုံးက ထွက်သွားသလဲ” ဟု မေသည် အစေခံအားမေး၏။

“ခြောက်နာရီလောက်ကဘဲ မမရဲ့”

“သူ ဘာမှ ပြောမသွားဘူးလား”

“ပြောမသွားဘူး မမ”

မေသည် အံ့သြနေလေသည်

“အေး၊ ဒါဘဲ။ သူ သုံးလေးရက်တော့ ကြာအုံးမယ်။ မန္တလေးသွားတာ”

မေသည် အိပ်ခန်းသို့ပြန်သွားကာ ရေချိုးရန် အဝတ်လဲလေသည်။ ဘာများ အရေးကြီးလို့ သူ့ကိုမပြောဘဲ ထွက်သွားပါလိမ့်ဟုတွေး၏။ သူ့ကိုတော့ ဘယ်တော့မှ သင်္ကာမကင်းသည် မဟုတ်။ ကိုကျော်မြင့်မှာ ဒီလိုယောက်ျားမျိုးထဲက မဟုတ်။ သူသည် ရယ်ကာ သူ့အံဆွဲကို ဖွင့်ကြည့်မိပြန်သည်။

“ငါတော်တော် အသုံးကြီးပါကလား” ဟူ၍ပင် ရွတ်ဆိုမိ၏။ သူ၏ ပလ္လားမူမှာ ငွေအတော် ကုန်စေခဲ့ပြီ။ ဦးဖေမောင်ထံမှ ညှစ်၍ရသောငွေမှာ ကုန်သည်မှာကြာပြီ။ ဦးဘညွန့်ဆီက ငွေ၊ စိန်တချို့ရောင်းရငွေများပင် အတော်သုံးပြီးပြီ။

ရှေ့ရောက် ဘယ်လိုလုပ်ရမလဲ။ နောက် ငွေရေးကြေးရေး ကြပ်တည်းလာမှာကို မြင်ယောင် သေး၏။ ခလေးတွေ ရလာအုံးမည်။ ခလေးတွေ ပညာသင်ဘို့ငွေ ဘယ်မှာရမလဲ။ လူကုံထံ ပိုင်းတွင် ကြွားနိုင် ဝါနိုင်ရန် အဝတ်အစားတွေ ဘယ်ကရမလဲ။ ကိုကျော်မြင့်မှာလည်း ခုထက်တိုင် အလုပ်မရသေး။ ဒါမှမဟုတ် ဦးဘဟန်သေ၍ အမွေရလျှင်တော့။

Commercial use of this book will be at your OWN RISK.

ထိုအတွေးများသည် မေ့စိတ်ထဲတွင် တခုပြီးတခု ပေါ်လာလေသည်။ သူသည် အရင်ကလို တော့ မလုပ်ချင်တော့။

မေသည် နေရာမှထကာ ရေချိုးခန်းသို့သွား၏။ ရေချိုးလိုက်ရသဖြင့် သူ၏စိတ်သည် တည်ငြိမ်၍လာပြန်ကာ လောကကြီးနှင့် သင့်မြတ်သွားပြန်လေသည်။

× × × × × × ×

မေသည် မနက်စာထမင်းကို တယောက်တည်း စားရလေသည်။ ထမင်းစားပြီးလျှင်ပြီးချင်း ဦးဘညွန့်ထံ တယ်လီဖုန်းဆက် စကားပြောရန် သတိရ၏။ သို့ရာတွင် မရဲမဝံ့။ သူသည် ဧည့်ခန်းထဲသို့သွားကာ သူ့သားကလေးနှင့် မြူးဆော့ ကစားနေပြန်လေသည်။ ဒီကနေ့မနက် သူ့သားကလေးနှင့် ကစားရသည်မှာ မပျော်လှ။ ခါတိုင်း အင်မတန်ပျော်သည်။

နှစ်နာရီခွဲ။ မေသည် ဆိုဖာပေါ်တွင်မှီကာ မှန်ဘီဒိုပေါ်တွင် တင်ထားသော နာရီမှ မိနစ် လက်တံကို စိုက်ကြည့်နေ၏။ တဆယ်၊ နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ်၊ ခြောက်ဆယ်။ တဆယ်၊ နှစ်ဆယ်။

ဒီကနေ့ အေးမြ၏။ မိုးတစက်မှမရွာ။ ဒီလိုအေးပုံမျိုးနဲ့ဆိုလျှင် အိမ်တွင်းမှာသာ နေချင် သည်။ လေတဝူးဝူး တိုက်နေသော လမ်းကို မထွက်ချင်။

မေသည် တုန်လှုပ်၏။ မေ၏ စိတ်သည် လှိုင်းကြက်ခွပ်ကလေးတွေလို နိမ့်ချည် မြင့်ချည် ဖြစ်နေ၏။ မေသည် ရုတ်တရက် နေရာမှထကာ အိမ်ရှေ့ ကုလားဝတ်လုံအိမ်သို့ သွားကာ 'ဒဗယ်လ်အို တူးဖိုက်' ကို တယ်လီဖုန်း ဆက်နေ၏။ နောက် မေသည် အဝတ်လဲလျှက်ရှိ၏။

× × × × × × ×

နောက်တနာရီခန့် ကြာသောအခါ မေသည် ပြည်လမ်းမကြီး အောက်လွှတ်တော်အမတ် သူဌေး ဦးဘညွန့်အိမ် ဧည့်ခန်းတွင် ရောက်နေလေသည်။

သူ့ကို ဘယ်လိုပြန်ပြောရမည်ကို အသေအခြာမသိသေး။

အခန်းထဲကိုရောက်လျှင် ဦးဘညွန့်၏ ပတ်ဝန်းကျင်မှာ ပေါ်လွင်၍လာလေသည်။ ပန်းနုရောင် ခတ်မီးပွင့်များသည် အထက်မျက်နှာကြက်မှ တောက်ပသောအရောင်ကို ပေးကာ

Commercial use of this book will be at your OWN RISK!

မေ့မျက်နှာကို ဟပ်လေသည် ပန်းစိုက်အိုးမှ ပန်းရနံ့မှာ ခါတိုင်းလိုမမွှေးကြူဘဲ ဆေးနံ့လို ခေါင်းကို ရီဝေစေသည်။

"အော်၊ ရောက်နေပလား"

မေသည် မော့်ကြည့်လိုက်၏။

သူ ခလေးမွေးတုန်းက အိပ်မက်ထဲတွင်မြင်ရသော ပုံပန်းအတိုင်း ဦးဘညွန့်သည် ရပ်နေ၏။ မုန်းတီးခြင်းလှိုင်းလုံးသည် မေ့အပေါ်သို့ ရပ်လေ၏။ သူသည် စိတ်ကိုပြောင်းကာ အတင်းပြုံးလေသည်။

"လာရတာ ဘာမှ နှောင့်နှေးစရာ မရှိပါဘူး" သူသည် ပြုံး၏။

ဒါပေါ့။ နှောင့်နှေးစရာ မရှိဘူးပေါ့။ အပေါ်ထပ် တက်ပါလား။ စကားလေးဘာလေး ပြောရတာပေါ့"

မေသည် ခဏရပ်ကာ သူ့နောက်သို့ လိုက်လေသည်။ လှေကားထိပ်တွင် ဦးဘညွန့်သည် နောက်သို့လှည့်၏။

"ကျုပ်အခန်းမှာ ကောင်းပါတယ်နော်"

ထိုအထဲတွင် မေ့ကို တမျိုးဖြစ်စေသော အသံပါ၏ သူသည် ချိုသာပြေပြစ်ပါ၏။ သို့ရာတွင် ညစ်ညမ်း၏။ သူ သည်သိမ်မွေ့ပါ၏။ သို့ရာတွင် ပေ၏။

သူ့အခန်းကို ရောက်သဖြင့် သူတို့သည် အတွင်းသို့ဝင်ကြလေသည်။ မေသည် အစိမ်းရောင် အဝတ်အုပ်ထားသော ဆိုဖာပေါ်တွင်ထိုင်၏။

"စီးကရက် သောက်ပါအုံးလား"

မေသည် ခေါင်းခါကာ သူ ဆေးလိပ်မီးညှိသည်ကို ကြည့်နေ၏။ သူ့ချစ်သူမဟုတ်။ သူနှင့် ဘာမျှမပတ်သက်။ မီးချစ်မှ မီးရောင်သည် သူ့မျက်နှာကို ဟပ်လေသည်။ ပါးစပ်မှာထူထူ၊ နှာခေါင်းမှာ ပွယောင်းယောင်း၊ မျက်လုံးမှ မီးအလျှံသည် မီးခြစ်ရောင်ဝယ် အထင်းသား ပေါ်လာ၏။

တိတ်ဆိတ်ခြင်းကို စ၍ဖျက်သူမှာ ဦးဘညွန့် ဖြစ်လေသည်။

"ဘယ့်နဲ့မေ၊ ဘာပြုလို့ မလာရတာလဲ"

မေသည် လက်အချင်းချင်း ပွတ်၍နေလေသည်။ သူ့အသံမှာ ပိုင်ဆိုင်သောအနက် ပါလေသည်။ တခါက သူသည် မေ့ကို လွှမ်းမိုးခဲ့ဘူးပြီ။

မေသည် အဖြေမထွက်။ ခေါင်းကို ခါလေသည်။

"ဘာပြုလို့လဲ"

မေသည် တံခါးဝကိုသာ ငေးကြည့်နေ၏။

"မေ သည်လို မနေတော့ဘူး။ ရှင့်ဆီလဲ မလာတော့ဘူး"

"ဘာဖြစ်လို့"

မေသည် သူ့ကို သနားကြင်နာစွာကြည့်၏။

"အိုရှင် ဘာဖြစ်လို့လဲဆိုတာ မမေးပါနဲ့။ ကျမ မဖြေနိုင်ဘူး။ မမေးပါနဲ့ရှင်"

Commercial use of this book will be at your OWN RISK !

သူ့မှာ အေးစက်စက်ကြီး ဖြစ်နေသဖြင့် မေသည် ပို၍ ကြောက်လေသည်။ အတန်ကြာ တိတ်ဆိတ်နေ၏။ မေသည် တဖက်သို့လှည့်ရင်း သူ့အပြောကို စောင့်နေ၏။

"ဒီလိုရှိတယ် မေကျုပ်ဆီကို မလာတော့ဘူး လာတော့မယ် ဆိုတာတွေဟာ ပြောလို့မဖြစ်ဖူး ထင်တယ် မေ" ဟု သူသည် ညင်သာစွာ ပြောလေသည်။

မေသည် သူ့ကို အံ့သြစွာ မော့ကြည့်၏။

"ရှင်ပြောတာ ကျမ နားမလည်ဘူး"

"ကျုပ်ပြောတာ အရှင်းကြီးဘဲ မေရဲ့။ မေတ္တာနှောင်ကြိုး ဆိုတာမျိုးဟာ ရစ်ပတ်မိရင် အင်မတန်ဖြတ်ဖို့ ခဲယဉ်းတယ်မေ။ ကျုပ်နဲ့မေနဲ့ ခင်မင်ကြတဲ့ မိတ်ဆွေချင်းဆိုပါတော့။ ခင်မင်ဘို့ ရာကတော့ သိပ်ခက်လှတာ မဟုတ်ဖူး။ အငိုလွယ်လို့ အရိုက်ခက်တာမျိုးပေါ့ မေရဲ့"

သူသည် မေ၏လက်ကို ကိုင်လိုက်လေသည်။ မေသည် ရုန်း၏။ သို့ရာတွင် တင်းကြပ်စွာ ဆုပ်ထားသဖြင့် မလွတ်။ မေသည် စကားပြောရန် ပါးစပ်ကိုပြင်၏။ သူ၏ ကြမ်းသောလက်ဖြင့် မေ့ပါးစပ်ကို ပိတ်ထား၏။

"ခဏနေအုံး။ တော်ကြာ မေ ပြောရမှာပါ။ အခုတော့ ကျုပ်ပြောပါရစေအုံး"

သူသည် မေ့ကို စိုက်ကြည့်နေလေသည်။

"မေ ကျုပ်ဆီလာတုံးက မေဟာ ကျုပ်ကို ဘာမှမစွဲလမ်းဘူးဆိုတာ သိပါတယ်။ ကျုပ်ကလဲ မေဟာ ကျုပ်ကို ကြိုက်ပါတယ်ဗျာလို့ ဘယ်တော့မှ မကြွားပါဘူး။ မေကြိုက်တာက လူကိုမှ မဟုတ်ဖဲ၊ ငွေကိုကြိုက်တာဘဲ။ မေက ငွေယူပြီးရင် ပြီးတာဘဲလို့ ထင်တာ။ နောက်တခါ ငွေမလိုချင်သေးခင် အတွင်းပေါ့လေ။ အဲဒီမှာ မေမှားတာဘဲ။ ဒါမှ မေ့ အမှားတော်ပုံ။ မေဟာ အခု ကိုကျော်မြင့် မယား၊ ခလေးတယောက်အမေ။ အခုနေ ကျုပ်က မေ့ကို တထောင်တန် ချက်လက်မှတ် ပေးတယ်ဆိုရင် မေ့ယောကျ်ားက ဘာပြောမလဲ။ သိလား"

မေသည် လက်ကိုရုန်း၏။ မလွတ်။

"ရှင် မပြောရဲပါဘူး"

"ဘာဖြစ်လို့ မပြောရဲမှာလဲ။ ကျုပ်နဲ့အဆက်အသွယ်ကို မေ ဘယ်တော့မှ ငြင်းချက် မထုတ်နိုင်ဘူး။ မေက သူ့ယောကျ်ားဟာ သူ့ကို မယုံဘူး၊ မကြင်နာဘူး၊ ဂရုမစိုက်ဖူးလို့ ပြောလို့ ကျုပ်က သနားရတာ၊ ကျုပ်ကိုချစ်ပါဆိုလို့ ချစ်ရတာ၊ ငွေပေးရတာလို့ ပြောရင် သူ့မယားကို ယုံတော့မတဲ့လား"

"ရှင်လိမ်တာ၊ ရှင်လိမ်တာ" မေသည် ဒေါသံပါလာ၏။

"ဟုတ်တယ်၊ လိမ်တာ။ မေ ဘာမှ မပြောနိုင်ဘူး။ ကျုပ်ကသာ လိမ်တာမဟုတ်ဖူးလို့ ပြောနိုင်တယ်။ ဒီအိမ်က အစေခံတွေအားလုံးက မေ့အကြောင်း အကုန်သိတယ်။ ကျုပ်နဲ့ အဆက် အသွယ်ကို အကုန်မြင်တယ်။ သူတို့က မေနဲ့ကျုပ်နဲ့ ညားနေတာပါလို့ ကျိန်တွယ်ပြောကြမှာ။ မေ ဘယ့်နှဲ့ငြင်းမလဲ။ ငြင်းစမ်းပါအုံး"

သူပြောလျက်ရှိစဉ် မေ၏ရင်သည် အခုန်ရပ်သွားမလားဟု မှတ်ထင်ရ၏။

"ရှင်၊ ရှင် ဘာလိုချင်သလဲ"

Commercial use of this book will be at your OWN RISK!

သူသည် ဆုတ်ထားသောလက်ကို လျှော့လိုက်၏။

“ဗျာ။ အစက ဘာလို့ ဒီစကား မပြောသလဲ။ အခုမှ တယ်လိမ်မာနေပါကလား ဟင်”

“ရှင် ဘာလိုချင်သလဲ” မေသည် ဒုတိတယမွှ ငေါက်မေးပြန်၏။

“မေ့ကို လိုချင်တာပေါ့”

သူသည် ရှေ့သို့ကုန်းကာ မေ့ကို ဖက်လိုက်လေသည်။ မေသည် မွန်ထူနေသဖြင့် ဘာပြောလိုက်မိသည်ကို မမှတ်မိ။ သူသည် ဦးဘညွှန့်မျက်နှာကိုကျော်၍ လိုက်ကာမှ ရွှေရောင်အနွယ်နှင့် ပန်းရောင်အပွင့်ကို မြင်လေသည်။ သူသည် စိတ်ထဲက အပွင့်ကို ရေတွက်၏။ တစ်၊ နှစ်၊ သုံး၊ လေး။ အခက်တခက် ခံနေသဖြင့် ရပ်သွား၏။

ဟင့်အင်း၊ ဟင့်အင်း လွှတ်ဆို လွှတ်နော်၊ လွှတ်”

မေသည် ရုန်းပြန်လေသည်။ သူ့မျက်စိထဲတွင် အိမ်၌ ကျန်ရစ်ခဲ့သော သူ့သားမျက်နှာကို မြင်နေ၏။

“လွှတ်၊ လွှတ်”

မေသည် အော်၏။

“ရှင် လူယုတ်မာ။ ကျမကို မထိနဲ့။ ကျမ အရင်လို မဟုတ်ဖူး။ ကျမ ရှင့်ဆီလာတုန်းက ကျမဟာ မကောင်းခဲ့ဘူး။ မသန့်ရှင်းခဲ့ဘူး။ အခု ကျမ အကုန်ပြင်လိုက်ပြီ။ အကုန် ပြောင်းလဲပြစ်လိုက်ပြီ”

သူသည် တံတွေးကို မျိုချ၏။

“ရှင် ကျမကို မသနားတော့ဘူးလား။ ကျမ လူကောင်းဖြစ်လာပြီ။ ကျမ အရင်လို မမိုက်တော့ဘူး။ မလော်လီတော့ဘူး။ ကျမ အခု ခလေးအမေ ဖြစ်လာပြီ။ ကျမသား အဖိုးတန်အောင် ကျမလုပ်ရမယ်။ ကျမသား ဂုဏ်ရှိအောင် ကျမနေရမယ်။ ဒါ လိမ်တာမဟုတ်ဖူး။ ဒါဟာ မေတ္တာ။ မေတ္တာဟာ ဘယ်အရာမျိုးမဆို ပြောင်းလဲပြစ်တယ်။ ရှင့်ဆီ ကျမလာတုန်းက ကျမမှာ မေတ္တာမရှိဘူး။ ကျမ ရှင့်ကို မချစ်ပါဘူး။ ဟိုတုန်းက ကျမမှာ ကာမရမက်သာရှိတာ။ အခု ဒါတွေ အကုန်ပျောက်ပြီ။ ကျမရွှံ့ထဲကို ပြန်မသွားတော့ဘူး။ ကျမ အလင်းရောင်ကို မြင်လာပြီ။ ကျမကို ဘာမှမမေးနဲ့၊ မမေးနဲ့”

မေသည် မျက်နှာကို လက်ဖြင့်အုပ်ကာ ရှိုက်၏။ ဦးဘညွှန့်သည် သူ့ကို အေးအေးပင် ကြည့်နေ၏။

“မေ့ကို အစက ကျုပ်ပြောဘူးတယ် မဟုတ်လား။ မေဟာ ဇာတ်လိုက်မင်းသမီးလုပ်ရင် ကောင်းမယ်လို့”

မေသည် အရူးလို ရယ်၏။

ကျမအခု အမူအရာလုပ်နေတာ မဟုတ်ဖူး။ ကျမဟာ ရှင့်ကိုဖျော်ဖြေဖို့ မင်းသမီးမဟုတ်ဖူး။ ရှင် လမ်းကမိန်းမတွေသွားပြီး ဖျော်ဖြေခိုင်းပါလား။ ကျမဟာ အပေါစားမဟုတ်ဖူး။ ကျမသွားမယ်။ ကျမကို လွှတ်ပါ၊ လွှတ်ပါ”

မေသည် အော်ကာ တအားရုန်းကန်လေသည်။ သို့ရာတွင် အကြောင်းမထူး။ သူ၏ လက်များသည် မေ၏ကိုယ်ကို ရစ်ပတ်ကာ သူ၏နှုတ်ခမ်းသည် မေ၏နှုတ်ခမ်းပေါ်သို့ ရောက်

Commercial use of this book will be at your OWN RISK!

သွား၏။
သူ့ရှေ့ရှိ ကြမ်းပြင်သည် ခွက်ဝင်သွာ၏။ နောက် . . . .။

× × × × × × ×

နှစ်နာရီခန့် ကြာသွားလေပြီ။

မေသည် အောက်ထပ်ဆိုဖာပေါ်၌ လဲ၍နေ၏။ ဦးဘညွန့်၏ ကုလားအစေခံသည် သူ့ဘေးတွင်ရပ်ကာ သူ့ကို ပြုံးစိစိလုပ်၍ ကြည့်နေ၏။

"ဆပ် က မှာထားပါတယ်။ ဒီဟာလေး သောက်လိုက်ပါလို့"

မေသည် ဖန်ခွက်ကိုယူကာ သောက်လေသည်။

"ဘယ်အချိန်ရှိပြီလဲ"

"ခြောက်နာရီ ထိုးပါပြီ"

မေသည် ဆိုဖာမှ ထလိုက်၏။ သူသည် ခေါင်းမူး၏။ အကြောအခြင်များ လေးနေ၏။ ဘာဘဲဖြစ်ဖြစ် သူသွားရတော့မည်။

"ဦးဘညွန့်ကော"

အစေခံက ဦးဘညွန့် အပြင်ထွက်သွားကြောင်း ပြောပြလေသည်။ မေသည် မှန်ရှေ့သို့ လေးကန်စွာသွား၏။ ဆံပင်များမှာ ဖွာရရာ ကြဲနေ၏။ သူသည် တုန်ရီသောလက်ဖြင့် ဆံပင်ကို ထုံး၏။ တွန့်နေသောအင်္ကျီကို ဆွဲဆန့်၏။ မှန်ရှေ့မှ တဖက်သို့ လှည့်လိုက်လျှင် အစေခံသည် ဦးညွတ်ကာ သူ့ကိုကြည့်နေ၏။

"တက္ကစီတစီး ခေါ်ပေးစမ်းပါ"

"ဆပ် က သူ့ကား ထားပစ်ခဲ့ပါတယ်"

"တက္ကစီကိုသာ လိုချင်တယ်"

"ဆပ် က သူ့ကားနဲ့ပို့ဘို့ မှာထားခဲ့ပါတယ်"

မေသည် ပန်းလျစွာ သက်မချ၏။ ထပ်ပြောနေ၍ အလကား။ သူသည် ဒရိုင်ဗာနောက်သို့ လိုက်လေသည်။ သူသည် အိပ်မက်ထဲမှာကဲ့သို့ လမ်းရောက်၏။

ကားပေါ်တွင် မေသည် မျက်စိကို မှိတ်ထား၏။ ညနေက အခင်းကို ပြန်၍ စဉ်းစားမိ၏။ မေသည် ထောင်ချောက်တွင် အမိခံခဲ့ရလေပြီ။

သို့ရာတွင် တိုက်ပွဲမှာ မကျရှုံးခဲ့သေး။ ကားမှန်ပေါက်မှ လေသည် ညှင်းညှင်းညံ့ညံ့ တိုက်ခတ်၏။

သော်မဆင်ရိပ်သာ အိမ်ပြန်ရောက်ပြီ။ ဘယ်လောက် ကြည်နူးစရာ ကောင်းသလဲ။ သူချစ်သောအိမ်၊ သူနေသောအိမ်၊ ကိုကျော်မြင့်အိမ်၊ သူ့သားကလေးအိမ်။ ဒီနေရာတွင်သာ ရင်ခွင်တွင် ပိုက်ထွေး၍ တွေ့ရန်ဖြစ်လေသည်။

Commercial use of this book will be at your OWN RISK!

(၁၈)

မေသည် ဧည့်ခန်းတွင် ခဏရပ်လေသည်။

ယခုလောလောဆယ်မှု ဘာလုပ်ရမှန်းမသိသေး။ အစေခံနှင့် အာယားမမှာ အတွင်းခန်းတွင် ရောက်နေဟန်တူ၏။ သူ့ကို မည်သူမျှ မမြင်သေး။ ဒီအထိတော့ ဟန်ကျပြီ။ သူ့ကိုယ်သူ သပ်သပ်ရပ်ရပ် ပြင်ဆင်ပြီးမှ အပေါ်တက်သွားမည်။

သူသည် ထမင်းစားခန်းသို့ သွားလေသည်။ ကုလားထိုင်တွင်ထိုင်ရင်း ဆံပင်ကို ပြန်ထုံး၏။ ရေငတ်သဖြင့် တခုခုသောက်ရန် ကြောင်အိမ်ပေါ်သို့ လှမ်းကြည့်၏။ တော်နစ်ပုလင်းကို တွေ့ရသည်။ မေသည် တော်နစ်ကိုဖေါက်ကာ ဖန်ခွက်ထဲသို့ ငှဲ့လောင်းလေသည်။ သူ့လက်မှာ တုန်နေသဖြင့် တော်နစ်ရေသည် လုံချည်ပေါ်သို့ ကျလေသည်။ မေသည် လုံချည်ကို လက်နှင့်တောက်၏။ အဝတ်အစား ချက်ချင်း သွားလဲလိုက်ဦးမည်။

အခန်းထဲမှ ထွက်လာကာ လှေကားရင်းတွင် ခဏရပ်မိပြန်သည်။ အပေါ်ထပ်မှ ခြေသံကြားရ၏။ မီးရောင်ကိုလည်း မြင်၏။ အစေခံ ကောင်မလေးနှင့်တူသည်။ မေ၏ ကျေတွန့်နေသော အဝတ်အစားကိုမြင်လျှင် ဘယ်လိုထင်မလဲ။

မေသည် ပုခုံးကိုတွန့်လိုက်၏။ သူတို့ ဘာထင်ထင်လေ။ မတတ်နိုင်ဘူး။ အဝတ်အစားလဲကာ အိပ်ရာပေါ် လှဲနေလိုက်မည်။ သူသည် အပေါ်သို တက်သွား၏။ သူ့အခန်းတံခါးမှာ အနည်းငယ်ဟနေ၏။ မေသည် တွန်းဖွင့်လိုက်လေသည်။

"ကိုကိုမြင့်"

ဟုတ်သည်။ ကိုကျော်မြင့်သည် သူ့မှန်တင်ခုံရှေ့တွင် လက်ပိုက်ကာ ရပ်နေသည်။ သူ့မျက်နှာမှာ ညှိုးကျနေသည်။

စိတ်အားတင်းကာ သူများသိသွားပြီလား။ သူဘယ်လို သိပါလိမ့်ဟု တွေးရန် အချိန်မအား။

"ကိုကိုမြင့်၊ မေက နှစ်ရက် သုံးရက် ကြာလိမ့်မယ်လို့ ထင်တာ"

သူသည် အဖြေမပေး။ မေ့ကိုသာ စိုက်ကြည့်၏။ သူ့မျက်လုံးသည် ဆံပင်ပေါ်သို့ ရောက်သွား၏။ နွမ်းလျသော မျက်နှာပေါ်သို့ ရောက်၏။ လုံချည်က အကွက်စွန်းများပေါ်သို့ ရောက်၏။ နောက်ဆုံး သူ့မျက်လုံးသည် တောက်ပြောင်လာကာ မေ့ဝမ်းတွင်းစိတ်ကို စာဖတ်နေလေသည်။

မေသည် ကြိုးစား၍ ပြုံး၏။ သို့ရာတွင် နှုတ်ခမ်းကို လှုပ်၍မရ။ သူ့နှုတ်ခမ်းများသည် ခြောက်သွေ့ကာ အေးစက်၏။ သူသည် နှုတ်ခမ်းကို စိုလာအောင်လုပ်၏။ သို့ရာတွင် အားမရှိ။ သူ့ကိုသာ ပြန်၍ ကြည့်နိုင်တော့သည်။

မေသည် သူ့မျက်နှာကို ကြည့်လိုက်သောအခါ သူ့မျက်နှာမှာ အရင်ကကဲ့သို့မဟုတ်။ မေ့လက်ထဲတွင် သူ့မှာ ကစားစရာလေးသာ ဖြစ်လေသည်။ သူ့ကို စွဲစွဲလန်းလန်း ချစ်ရုံသာ ချစ်တတ်သော အရူးဖြစ်သည်။ မိန်းမက အရူးလုပ်ထားသော လင်။

Commercial use of this book will be at your OWN RISK.

သို့ရာတွင် မေမှားခဲ့လေပြီ။ ယခုမြင်ရသောသူမှာ အရူးမဟုတ်တော့ပြီ။ မှန်းစိတ်ဖြင့် ချွန်ချွန်မြနေသော လူ။ သူ့မျက်လုံးများမှာ မုန်းရောင်တောက်နေသည်။ လူကောင်း၏ မုန်းစိတ်ဖြစ်၏။ အသက်ပေးချစ်ခဲ့ရ၍ နောက်ဆုံး သဲထဲရောက်သွားသော ချစ်သူ၏ အမုန်း။ ဖြောင့်မှန်သောတရား၏ အမုန်း။ မဖြောင့်မှန်ခြင်းထက် ကြောက်စရာကောင်းသော အမုန်း။

"ဘယ်သွားနေသလဲ"

စကားလုံးများသည် မေ့ အသဲထဲသို့ မြှားကို ပစ်သွင်းလိုက်၏။

မေသည် ဘယ်လိုမှ အဖြေမပေး။ ငြင်းလို့လည်း ရမည်မဟုတ်။ သူ အကုန်သိပြီ။ သူပြောင်းလဲပြီကို ပြောလျှင်လည်း ယုံမည်မဟုတ်။ သူမကောင်းစဉ်က ကိုကျော်မြင့်သည် သူ့ကို အသေအလဲ ချစ်ခဲ့၏။ ယခု မေ ကောင်းလာပြီ။ သူက မချစ်တော့။ မေသည် ဘာလုပ်ရမှန်းကို မသိတော့။ ရယ်လိုက်မိလေသည်။

ရယ်လိုက်သဖြင့် ကိုကျော်မြင့်သည် ချုပ်တည်းထားရာမှ ပွင့်ထွက်လာ၏။

"အေး၊ ရီ။ နာနာ ရီကွ"

သူသည် ရှေ့သို့တိုးလာကာ မေ့လက်မောင်းကို ကိုင်လိုက်၏။

"ပဲခူးမှာထဲက မင်းကို မသင်္ကာခဲ့တာ၊ နားလည်လား။ မနေ့ကထဲက မင်းအကြောင်း အကုန်သိပြီ" သူ့အသံသည် ဒေါသကြောင့် ကျယ်လာ၏။ "စင်စစ်တော့ ငါ့အပြစ်ပါဘဲ။ ငါ မင်းကို ဘယ်လောက် ပျော်အောင်ထားခဲ့သလဲ။ ကြည့်စမ်း။ ညနေက မင်း လင်ငယ်နဲ့ လော်လီလာခဲ့တယ်မဟုတ်လား" သူသည် မေ၏လုံချည်ကို ညွှန်ပြ၏။ သူသည် ဘယ်တုံးကမှ မင်းနှင့် ငါနှင့် မပြောခဲ့။ ယခု ရင့်သီးစွာ ပြောလေပြီ။

"မဟုတ်ဖူး၊ မဟုတ်ဖူး"

ကိုကျော်မြင့်သည် မခန့်လေးစား ရယ်၏။

"မဟုတ်ဖူး၊ ဟုတ်လား။ ငြင်းတာ နောက်ကျနေပြီ။ မင်းအဝတ်အစားတွေကို ဘယ်လူ ဝယ်ပေးသလဲ။ ဦးဘညွန့်အိမ်က ဘယ်လူ့ကားနဲ့ ဒီလာသလဲ။ အခု လက်ထဲက လက်စွပ်က ဘယ်လူပေးတာလဲ"

မေသည် အံ့ဩသွားကာ လက်ကို ငုံ့ကြည့်၏။ လက်သူကြွယ်မှ လက်စွပ်အရောင်သည် တဖိတ်ဖိတ် လက်နေ၏။ ဦးဘညွန့်လက်စွပ် ဖြစ်၏။ သူသတိလစ်နေစဉ် ဝတ်ပေးခဲ့ဟန်တူ၏။ သူ အစတုံးက သတိမထားမိ။ မေသည် ပြန်ပြောရန် ကြိုးစား၏။ သို့ရာတွင် စကားတလုံးမျှ မထွက်။

"မေ့မိတ်ဆွေကြီး ဦးဖေမောင်ကော။ သူ့ဆီက အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့ စာတစောင်ရတယ်။ ဦးဖေမောင်ဟာ လူကောင်းဘဲ။ ငါဟာ မင်းကို ဘယ်လောက် ချစ်သလဲ ကွယ်။ ဒါပေမဲ့ ငါဟာ ဖွာသယ်ကို လက်ထပ်ခဲ့ပြီ"

မေသည် ခေါင်းခါ၏။ သူတတ်နိုင်သည်မှာ ဒါဘဲဖြစ်၏။

"ဘာများငြင်းအုံးမလို့လဲ ဟင်။ ငြင်းချင်သေးသလား။ ဟောဒီမှာကြည့်စမ်း။ ဒါဘာလဲလို့"

Commercial use of this book will be at your OWN RISK !

သူသည် အံဆွဲထဲမှ သေတ္တာငယ်ကလေးကို ထုတ်ကာ မေ့လက်ထဲသို့ထည့်၏။

"မနေ့က မင်းမွန်ပြီး ဖွင့်ထားခဲ့တဲ့ဟာဘဲ။ ဒီ တထောင်တန်ချက်လက်မှတ်က ဘလူက ပေးတာလဲ။ ဒီဓာတ်ပုံက ဘာလဲ။ ဘသိန်းထံမှ အချစ်မေ ဆိုတာ။ ဒီ စိန်ဆွဲကြိုးကို ဘလူက ပေးတာလဲ"

သူသည် ဒေါသကြီးစွာဖြင့် မေခိုးခဲ့သော စိန်ဆွဲကြိုးကို ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်လိုက်လေသည်။

"ဒီမိန်းမကြီးကကော ဟင် ဘလူလဲ" မေသည် မာနထောင်၍ ရင်ကိုကော့လိုက်၏။ ထိုပုံမှာ သူ့အမေ၏ ရုပ်ပုံလွှာဖြစ်သည်။

"ဒါ ဘယ်က မိန်းမထိန်းလဲ။ မင်းကို အသိကောင်း အဆွေကောင်းတွေနဲ့ မိတ်ဖွဲ့ပေးတဲ့ မိန်းမလား"

သူသည် ဓာတ်ပုံကားကို ကြမ်းပြင်ပေါ်သို့ ပေါက်လိုက်ရာ ဂျမ် ကနဲမြည်၍ မှန်များမှာ အစိတ်စိတ် အမွှာမွှာ ဖြစ်အောင် ကွဲသွားလေသည်။

မေသည် ခေါင်းကို ငုံ့လိုက်၏။

သူသည် မေ့ဘက်သို့လှည့်ကာ စကားပြော၏။ သူ့အသံသည် ငိုသံပါ၏။

"မင်းကို ငါဘယ်လောက် မြတ်နိုးခဲ့သလဲ။ ဘုရားစင်ပေါ်တင်ပြီး မကိုးကွယ်တာ တမယ်ရယ်။ မင်းပျော်အောင် ငါ ထားခဲ့တယ်။ မင်းပျော်ရင် ပြီးရော။ ငါဘာလုပ်ရ လုပ်ရ။ အခု ဒါတွေအကုန် ကုန်ပြီ။ မင်းကိုများ ငါမမုန်းတော့ဘူး မှတ်သလား။ မင်းသားကိုရော မင်းနဲ့ တွေ့ရမယ် မှတ်သလား။ ဝေးလိုက်တာ။ ထိတောင် မထိရဘူး"

မေသည် မျက်နှာကို လက်ဝါးနှင့်အုပ်ထား၏။ ထိုစကားသည် သူ့စိတ်ကို အထိခိုက်ဆုံး ဖြစ်၏။

"မင်းဟာ မာယာများနေတာဘဲ။ တသက်လုံး အမူအရာလုပ်မှာဘဲ။ ငါနဲ့တွေ့ခါစက ချစ်ချင်ယောင်ဆောင်တယ်။ အခု ငါနဲ့ကွဲတော့ လွမ်းယောင်ဆောင်အုံး။ အခုတော့ ငါ့ကို အရူးလုပ်လို့ မရတော့ဘူး၊ မှတ်ထား။ မခင်စီကပြောမယ်၊ ငါမှားတယ်လို့။ ဖေဖေကပြောမယ်၊ ငါရက်စက်တယ်လို့။ ဟုတ်တယ်။ ငါရက်စက်တယ်။ မင်းဟာ ငါ့အသဲကို ခွဲပစ်တာ"

စကားလုံးများသည် မေ့နားထဲသို့ သံပူနှင့်လောင်းသလို ဝင်သွားကြလေသည်။

"မင်းဟာ ငါ့အသဲကို ခွဲပစ်တယ်" ဟုတ်သလား။ မေမသိ။ မေသိသည်မှာ သူမရှိတော့သည်ကိုသာ ဖြစ်လေသည်။

× × × × × × ×

Commercial use of this book will be at your OWN RISK.

တိတ်ဆိတ်၍ နေသည်။

သူအရင်က ဘယ်လိုနေမယ်၊ ဘယ်လိုထိုင်မယ်ဟု စိတ်ကူးနှင့် လေထဲ တိုက်အိမ် ဆောက်ခဲ့သော အိပ်မက်များသည် တမိနစ်အတွင်း ပြိုပျက်၍ သွားလေပြီ။ ကိုကိုမြင့်၊ ကိုကိုမြင့်။ သူ့ကို သိသလား။ မေသည် ခေါင်းခါလေသည်။ သူ ဒီနေရာမှာ နေဘို့အခွင့် မရှိတော့။ သူကား မသန့်ရှင်း။ သူကား လမ်းမနှင့်သာ တော်သည်။ သူကလည်း ဒီအတိုင်း ပြောခဲ့သည်။ သူသည် စိတ်ဆိုးရမှန်းလည်း မသိ။ ဝမ်းနည်းရမှန်းလည်း မသိ။

သူ့ဝမ်းတွင်းရှိ အစိုင်အခဲ အားလုံးတို့သည် အရည်ပျော်ကျကာ မျက်ရည်အဖြစ်သို့ ပြောင်းလဲလေသည်။ မျက်ရည်များသည် မီးလျှံတောက်နေသော အသဲနှလုံးကြားမှ ထွက်လာသဖြင့် ချော်ရည်ကဲ့သို့ ပူ၏။ သူ့တကိုယ်လုံး နာကျင်သော ဝေဒနာကို ခံစားနေ၏။ ကိုယ်ကား မဟုတ်။ စိတ်နာကျင်မှုသာ ဖြစ်လေသည်။ မေသည် သူ့အမေ၏ ဓာတ်ပုံမှန်ကွဲ အစအနများကို သွားမြင်၏။ မေသည် ဒူးထောက်ကာ ဓာတ်ပုံကို ကုန်းကောက်လေသည်။ မေမေ၊ မေမေ။ မျက်ရည်ကြောင့် မှုန်ဝါးဝါးသာမြင်၏။ သည်တခုသာ သူ့အဖို့ သဲကန္တာရမှ စမ်းရေအိုင်တကွက်ဖြစ်၏။ မေသည် မျက်ရည်ကိုသုတ်ကာ ဓာတ်ပုံကို ကြိုးစား၍ မြင်အောင်ကြည့်၏။ မေမေရယ်၊ မေ့မေ့သမီး လူကောင်းဖြစ်ပါပြီ။

× × × × × × ×

Commercial use of this book will be at your OWN RISK !

(၁၉)

ပြန်ရောက်သွားပြီ။

သူနောင်တရ၍ စိတ်ကောင်း စေတနာကောင်းဖြင့် လွတ်မြောက်ရန် ကြိုးစားခဲ့သောဘဝကို ပြန်ရောက်သွားပြီ။

သို့ရာတွင် လွတ်မြောက်ရန်လမ်းကား မရှိတော့။

မေသည် လေးတွဲ့သောခြေလှမ်းဖြင့် ၃၇ လမ်းဘက်သို့ ကွေ့လိုက်လေသည်။ လမ်းမီးတိုင်များသည် လမ်းဘေးတွင် မားမားကြီးရပ်ကာ သူ့ကို အကဲခတ်နေသည်ဟု မှတ်ထင်ရ၏။ လွန်ခဲ့သော ဆယ်ရက်ခန့်က မီးပွင့်များကို ပန်းပွင့်သဏ္ဍာန် ပြုလုပ်၍ သူ့သားကလေးကို ကစားခိုင်းမည်ဟု ပြောသည်ကို အမှတ်ရ၏။ "နော် ခလေး၊ ဝတ်ဆံကလေးတွေကို ယူပြီး ပန်းပွင့် လုလုကြီးတွေ ရူးခိုင်းမှာပေါ့နော်" ဟု သူကပြောခဲ့၏။

မီးပွင့်သည် သူ့စိတ်ကူးထဲကအတိုင်း ပန်းပွင့်များ မဟုတ်ကြတော့။ လောကအမှောင်ကို အလင်းရောင်ပေးသော အရာများသာ ဖြစ်ကုန်၏။

၂၁၃

သူသည် မေ့ကိုတွေ့ရာ၌ အနည်းငယ်မျှ မအံ့သြ။ မေကလည်း ဘသိန်းကို သူဘာကြောင့်လာရသည်ကို ပြောမပြ။ သူ့ကို ချစ်သေးသည်ကို မေတွေ့ရသည်။ သူချစ်သည့် အချစ်မှာလည်း တမျိုးဖြစ်၏။ ဒီလိုအချစ်မျိုးနှင့်သာ မေနှင့်ထိုက်တန်သည်။

အစိမ်းအနားကွပ်နှင့် အပြာခံရေခဲချည်စောင်သည် မေ၏ရင်မှ လျှောကျသွားလေပြီ။ မေ၏ ပိုးတွန့်လုံချည်ပေါ်တွင် ဘသိန်း၏လက် တင်ထား၏။ မေ၏ပါးနှင့် သူ၏ပါးတို့သည် အပ်ထားကြ၏။ ဒီလို အောက်တန်းစားဘဝတွင် ဒီအရာများသာ မေ့ကို ကြည်နူးစေသည်။ အကုန်လုံးကို မေ့စေသည်။ ဒီလို လူတကာနှင့် ပလူးရသည့် ဖာသယ်ဘဝသာ သူ့နကိုစရိုက်နှင့် ကိုက်ညီလှသည်။

အကောင်းကိုရှာ၏။ အကောင်းကား မရှိတော့။

ဒဂုန်တာရာ

ပြီးပါပြီ။




www.myanmarcupid.net